# From Dictatorship To Democracy

by

**Gene Sharp**

ခေတ်ပြိုင် ဂျာနယ်မှ တာဝန်ယူ၍ ထုတ်ဝေဖြန့်ချိသည်။

FROM DICTATORSHIP TO DEMOCRACY

© copyright by Gene Sharp, 1993. All rights reserved including translation rights. All requests should be addressed in writing to Gene Sharp, Albert Einstein Institution, 1430 Massachusetts Avenue, Cambridge, Massachusetts 02138, USA, FAX USA + 617-876-7954. They will be sympathetically considered. Reproductions of the individual articles, as by photocopying, by Burmese democrats are permitted provided the author is notified. In order to avoid duplication of work and to ensure the quality of translations, these chapters should not be translated without written permission.

PUBLISHED AND DISTRIBUTED BY

Khit Pyaing (The New Era Journal)
First Edition
January, 1995.

COVER ART

Hann Win

ILLUSTRATED BY

Kyaw Si Thu

PROOFREADERS

Ye Gaung (Myawadee)
Maung Maung Tun
Moe Aung
Tay Za Thura

# မာတိကာ


စကားချီး ..... ၅

အခန်း (၁)

အာဏာရှင်စနစ်ကို တကယ်တမ်း ရင်ဆိုင်ခြင်း ..... ၉
ဆက်လက်ရှိနေဆဲ ပြဿနာ ..... ၁၀
အကြမ်းနည်းနှင့် လွတ်လပ်မှု ရမည်လား ..... ၁၂
အာဏာသိမ်းမည်လော၊ ရွေးကောက်ပွဲ လုပ်မည်လော၊ ပြည်ပမှ ကယ်တင်ရှင်ကို ရှာမည်လော ..... ၁၃
အမှန်ကို ရင်ဆိုင်ခြင်း ..... ၁၅

အခန်း (၂)

စေ့စပ်ဆွေးနွေးခြင်း၏ အန္တရာယ်များ ..... ၁၇
စေ့စပ်ဆွေးနွေးခြင်း၏ အကျိုးကျေးဇူးနှင့် ကျဉ်းမြောင်းချက်များ ..... ၁၇
စေ့စပ်ဆွေးနွေးပြီး လက်နက်ချ အရှုံးပေးမည်လော ..... ၁၈
စေ့စပ်ဆွေးနွေးရာတွင် ဩဇာအာဏာနှင့် တရားမျှတမှုများ ..... ၁၉
လိုက်လျောတတ်သည့် အာဏာရှင်များ ..... ၂၀
ဘယ်လိုငြိမ်းချမ်းရေးမျိုးလဲ ..... ၂၁
မျှော်လင့်ချက်ရှိဖွယ်ရာ အကြောင်းများ ..... ၂၂

အခန်း (၃)

အာဏာကို ဘယ်ကရသနည်း ..... ၂၄
မျောက်ဆရာပုံပြင် ..... ၂၄
နိုင်ငံရေးအာဏာရရှိရန် အခြေခံလိုအပ်ချက်များ ..... ၂၅
ဒီမိုကရေစီအင်အား၏ ဗဟိုချက်မများ ..... ၂၈

အခန်း (၄)

အာဏာရှင်တို့၏ အားနည်းချက်များ ..... ၃၀
အာချီလီး (Achilles)၏ ဖနောင့်ကိုရှာ ..... ၃၀
အာဏာရှင်တို့၏ အားနည်းချက်များ ..... ၃၀
အာဏာရှင်စနစ်၏ အားနည်းချက်များကို တိုက်ခိုက် ..... ၃၂

အခန်း (၅)

အာဏာကို အသုံးပြုခြင်း ..... ၃၃
အကြမ်းမဖက်တိုက်ပွဲ၏ နည်းလမ်းများ ..... ၃၃
အကြမ်းမဖက်သည့် 'လက်နက်'များ ..... ၃၄
ဒီမိုကရေစီအင်အားစုများ၏ မူပိုင်လက်နက်ကိုသာ စွဲကိုင်ခြင်း ..... ၃၆
ပွင့်ပွင့်လင်းလင်း လုပ်သင့်ကလုပ်၊ လျှို့ဝှက်သည့်အခါ လျှို့ဝှက်၊ အဆင့်အတန်း မြင့်ပါစေ ..... ၃၇
အာဏာချိန်ခွင်လျှာ အပြောင်းအလဲများ ..... ၃၇
ပြောင်းလဲမှုလေးမျိုး ..... ၃၈
နိုင်ငံရေးအန်တုတိုက်ခြင်းအားဖြင့် ရရှိနိုင်သော ဒီမိုကရေစီရလဒ်များ ..... ၄၀
အကြမ်းမဖက်သည့်တိုက်ပွဲ၏ ခေါင်းရှုပ်ဖွယ်ရာ အချက်များ ..... ၄၁

အခန်း (၆)

ဗျူဟာမြောက် စီစဉ်မှုများ ကြိုတင် ရေးဆွဲရန်လိုသည် ..... ၄၂
ယုတ္တိရှိသည့်အစီအစဉ် ..... ၄၂
အစီအစဉ်ရေးဆွဲရာတွင် တွေ့ရမည့်အခက်အခဲများ ..... ၄၃
ဗျူဟာမြောက်စီမံမှုအား ကြိုတင်စီစဉ်သည့်အခါ အရေးကြီးသည့် စည်းကမ်းသတ်မှတ်ချက်လေးချက် ..... ၄၆

အခန်း (၇)
တော်လှန်စစ်ဆင်ရေးအတွက် အစီအစဉ်လုပ် ..... ၄၉
စစ်ဆင်ရေးစီမံမှုအတွက် အခြေခံစဉ်းစားကြံစည်မှုများ ..... ၄၉
မည်သို့အာဏာဖီဆန်တိုက်ကြမည်နည်း၊ တိုက်နည်းများကို ရွေးချယ်ကြစို့ ..... ၅၀
ဒီမိုကရေစီစနစ်အတွက် ကြိုတင်ပြင်ဆင်ခြင်း ..... ၅၁
ပြင်ပမှအကူအညီ ..... ၅၁
အဂ္ဂဗျူဟာစစ်ဆင်ပုံကို မည်သို့စီစဉ်ကြမည်နည်း ..... ၅၂
တိုက်ပွဲတခုချင်းစီအတွက်ဗျူဟာများရေးဆွဲခြင်း ..... ၅၄
အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုရန်ဆိုသည့်ဝါဒကို ပြန့်ပွားစေခြင်း ..... ၅၅
ဖိနှိပ်ချုပ်ချယ်ခြင်းများနှင့် တန်ပြန်အရေးယူခြင်း ..... ၅၆
ချမှတ်ထားသော တိုက်ကွင်းတိုက်ကွက်များအတိုင်း ဦးလည်မသုန် လုပ်ဆောင်ခြင်း ..... ၅၇

အခန်း (၈)
နိုင်ငံရေးအန်တုမှုကို အသုံးချခြင်း ..... ၅၉
ခုခံနည်းများကို ရွေး ..... ၅၉
အာဏာရှင်တို့အပေါ် စိမ်ခေါ်သည့် လက္ခဏာပြသခြင်း ..... ၆၀
တာဝန်ဝတ္တရားများကို ခွဲဝေပေး ..... ၆၁
အာဏာ၏ ဩဇာအာဏာကို ထိအောင်တိုက် ..... ၆၂
စစ်ဆင်နည်းအပြောင်းအလွဲများ လုပ်ခြင်း ..... ၆၄

အခန်း (၉)
အာဏာရှင်စနစ်ကို ဖျက်သိမ်းခြင်း ..... ၆၅
အာဏာရှင်တို့လက်တွင်းမှ အာဏာကို ဖယ်ရှားခြင်း ..... ၆၅
လွတ်လပ်မှုများ တိုးတက်လာရမည် ..... ၆၆
အာဏာရှင်စနစ်ကို ဖြိုခွဲခြင်း ..... ၆၈
အောင်မြင်မှုရပြီး တာဝန်လည်းယူရမည် ..... ၆၉

အခန်း (၁၀)
အခွန့်ရှည်စွာတည်မြဲနေနိုင်မည့် ..... ၇၁
ဒီမိုကရေစီစနစ်အတွက် အုတ်မြစ်ချလုပ်ငန်း ..... ၇၁
အာဏာရှင်အသစ်တယောက် ပေါ်လာနိုင်သောအန္တရာယ် ..... ၇၁
အာဏာသိမ်းမှုကို တားဆီးခြင်း ..... ၇၂
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို ရေးဆွဲခြင်း ..... ၇၃
ဒီမိုကရေစီအစိုးရ၏ ကာကွယ်ရေးမူဝါဒ ..... ၇၄
ဆက်လက်ရှိနေဆဲ ပြဿနာများ ..... ၇၄
အကျိုးသက်ရောက်စေမည့် တာဝန်ဝတ္တရားများ ..... ၇၅

နောက်ဆက်တွဲ
အကြမ်းမဲ့တိုက်နည်းများ ..... ၇၆

# စကားချီး

စာရေးသူသည် အာဏာရှင်စနစ်ကို လူသားတို့ မည်သို့ကာကွယ်တွန်းလှန်နိုင်မည်နည်းဆိုသည့် ပြဿနာကို နှစ်ပေါင်းအတော်ကြာကပင် လေ့လာစဉ်းစားခဲ့ပါသည်။ အဘယ်ကြောင့် စနစ်ဆိုးကြီး ပြိုကွဲပျက်စီးသွားအောင်လုပ်ချင်သည့်စိတ်ပြင်းပြရပါသနည်း။ လူသားများကို ဤကဲ့သို့ ဆိုးသွမ်းလှသော အစိုးရများက မဖိနှိပ်၊ မချုပ်ချယ်သင့်ဟု ယုံကြည်ခြင်းကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်ဖတ်ရှုခဲ့သော စာအုပ်များတွင် လူမှန်လျှင် လွတ်လပ်စွာနေနိုင်ရန် အရေးကြီးကြောင်း ထပ်တလဲလဲ ရေးသားထားသည်ကို တွေ့မြင်ခဲ့ရသည့်အတွက်ကြောင့်လည်း ကျွန်ုပ်၏ ယုံကြည်ယူဆမှုများ ပိုမိုခိုင်မြဲလာခဲ့ပါသည်။ အာဏာရှင်စနစ်၏ သဘောသဘာဝကိုသော်၎င်း၊ (အရစ္စတိုတယ် Aristotle မှသည် အာဏာရှင်စနစ်ကို ခွဲခြားဝေဖန်ကြသူများ)၊ အာဏာရှင်များ၏ သမိုင်းကြောင်းကို သော်၎င်း (အထူးသဖြင့် နာဇီနှင့်စတာလင်) လေ့လာကြည့်ခြင်းအားဖြင့် ထိုစနစ်ဆိုးများကို တိုက်ဖျက်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာပါတော့သည်။

စာရေးသူသည် နေရာအနှံ့အပြားသို့ရောက်ခဲ့သည်။ အတွေ့အကြုံများလည်း စုံလင်စွာရရှိခဲ့သည်။ နာဇီလက်အောက်တွင် နင်းပြားဖြစ်ပြီး အဆင်းရဲခံခဲ့ရသည့်သူများ၊ အကျဉ်းစခန်းများမှ အသက်မသေဘဲ ကျန်ရစ်သူများ၊ နော်ဝေးနိုင်ငံတွင် ဖက်ဆစ်အစိုးရကို ဆန့်ကျင်ခဲ့ပြီး ယခုတိုင် အသက်ရှင်ကျန်နေခဲ့သူများ၊ ထိုနည်းတူပင် သေသွားကြသူများ၊ နာဇီလက်တွင်းမှ သက်စွန့်ဆံဖျား ရုန်းကန်ထွက်ပြေးခဲ့ရသည့် ဂျူးလူမျိုးများ၊ ယင်းဒုက္ခသည်များကို ကယ်တင်ခဲ့ဘူးသည့်သူများ စသည်ဖြင့် လူအမျိုးမျိုးနှင့် တွေ့ဆုံခဲ့ဖူးပါသည်။ သူတို့နှင့်လည်း ဆွေးနွေးခဲ့ဖူးပါသည်။

နိုင်ငံအသီးသီးတွင် လူများက ကွန်မြူနစ်အစိုးရကို ကြောက်ရွံ့ထိတ်လန့်နေကြကြောင်းကို နားနှင့်ကြားရသည်ထက် စာအုပ်များဖတ်ကြည့်မှ ပိုမို၍ ရှင်းလင်း အထင်းသားပေါ်လာပါတော့သည်။ ထိုမျှမက ရုံဖန်ရံခါ ထိုအာဏာရှင်များသည် "လူအများ ညှဉ်းပန်းခံနေရသည့် ဒုက္ခ၊ လူတွေကို အမြတ်ထုတ်နေခြင်းများကို မကြည့်ရက်လို့" ဟူ၍၎င်း၊ "သူတို့တွေ လွတ်ရာလွတ်ကြောင်းအတွက် ကယ်တင်ချင်လို့ အစိုးရဖွဲ့လိုက်ရပါတယ်" ဟူ၍၎င်း အကြောင်းပြတတ်ကြသည်။ ထိုအစိုးရမျိုးက ပိုမို၍ကြောက်ဖွယ်ကောင်းသည်။ ဒေါသဖြစ်စရာလည်း ကောင်းပါသည်။

များမကြာမီနှစ်များက စာရေးသူသည် အာဏာရှင်စနစ် ဆက်လက်ရှင်သန်နေဆဲ ရှိနေသေးသည့် ပနားမား၊ ပိုလန်၊ ချီလီ၊ တိဘက်နှင့် မြန်မာနိုင်ငံတို့ကို အလည်အပတ်ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် ယနေ့လက်ရှိ အာဏာရှင်စနစ်ကို ကိုယ်တိုင်မျက်မြင်တွေ့ကြုံခဲ့ရပါသည်။ အာဏာရှင်စနစ် တကယ်ပင်ရှိသေးပါလားဟု တွေးမိသည်။ ကွန်မြူနစ်တရုတ်အစိုးရ၏ ကျူးကျော်ဝင်ရောက်မှုကို တွန်းလှန်ခဲ့သည့် တိဘက်လူမျိုးများ၊ ၁၉၉၁ ခုနှစ် ဩဂုတ်လက ရုရှားနိုင်ငံအာဏာသိမ်းမှုကို ဆန့်ကျင်ပြီး အနိုင်ယူလိုက်သည့် ရုရှားလူမျိုးများ၊ ထိုင်းနိုင်ငံတွင် စစ်အစိုးရ ပြန်လည်တက်မလာအောင် အကြမ်းမဲ့နည်းများကိုသုံးပြီး ကာကွယ်တားဆီးလိုက်သည့် ထိုင်းပြည်သူများ စသည်ဖြင့် အတွေ့အကြုံအမျိုးမျိုး စုံခဲ့ပါသည်။ ထိုအဖြစ်အပျက်များကိုကြည့်မြင်ပြီး လူများကို အယုံသွင်းပြီး ကြိတ်ကြဲစည်တတ်သည့် အာဏာရှင်တို့၏သဘောများကို သိလာသည်။ ခံစားနေရသူများအတွက်လည်း တွေးပြီး စိတ်ပူမိပါသည်။

ဤကဲ့သို့ ရက်စက်ကြမ်းကြုတ်မှုများကို တွေ့ကြုံခဲ့ရသည့်အခါ ခံစားရသူများကို ဂရုဏာသက်မိသလို အာဏာရှင်စနစ်ကို တည်တည်ငြိမ်ငြိမ် သတ္တိရှိရှိနှင့် ဆန့်ကျင်တိုက်ဖျက်ခဲ့ကြသည့် သူရဲကောင်းများကိုလည်း ချီးကျူးမိပါသည်။ အချို့ဒေသများတွင် ဘေးအန္တရာယ် အသွယ်သွယ်ကြားထဲမှာပင် အာဏာရှင်စနစ်ကို ဖွဲ့သတ္တိအပြည့်နှင့် တိုက်ပွဲဝင်နေသည့် အမျိုးသား၊ အမျိုးသမီးများကို တွေ့မြင်ခဲ့ရသည်။ သနားဖွယ်ကောင်းသည့် သူများ ဖြစ်ပါသည်။ ချီးမွမ်းရမည်မှာ မလွဲပင်။ ယခုတိုင်အောင် အာဏာရှင်များ လက်ဝါးကြီးအုပ်နေသည့်နိုင်ငံများ

ရှိနေသေးသည်။ ပနားမားတွင် နော်ရီရေးဂါးနှင့် လစ်သူရေးနီးယား၊ ဗီလ်နီယားတို့တွင် ဆိုဗီယက်များ ချုပ်ကိုင်ထားလျက်ပင်ရှိသေးသည်။ ထိုနည်းတူ တရုတ်နိုင်ငံ ဘီဂျင်း တီယန်မန်ရင်ပြင်တွင် လွတ်လပ်မှုအတွက် စုဝေးတိုက်ပွဲဝင်ကြသော တရုတ်ကျောင်းသားကျောင်းသူများကို တရုတ်စစ်တပ်က သံချပ်ကာ,ကားများဖြင့် ပထမအကြိမ် လာရောက်နှိမ်နင်းလိုက်သည့်ည၊ မြန်မာနိုင်ငံလွတ်မြောက်နယ်မြေ မာနယ်ပလောရှိ ဒီမိုကရေစီအင်အားစုများ၏ဌာနချုပ် စသည်တို့ကို မြင်တွေ့ခဲ့ပါသည်။

တခါတရံ စာရေးသူသည် ဒီမိုကရေစီအင်အားစုတို့ ကျဆုံးရာနယ်မြေများကိုလည်း လှည့်လည်ကြည့်ရှုခဲ့ဖူးပါသည်။ ဗီလ်နီးယားက ရုပ်မြင်သံကြားမျှော်စင်ကြီးမှသည် လူများကို သေနတ်ဖြင့် အသေပစ်သတ်ခဲ့သည့် ရီးဂါးပန်းခြံ၊ ဖက်ဆစ်များက ၎င်းတို့ကို ဆန့်ကျင်သူများအား တန်းစီပြီး ပစ်သတ်ခဲ့သည့် အီတလီနိုင်ငံမြောက်ပိုင်းက ဖရဲယားမြို့လယ်တနေရာ၊ ထိုမှသည် ဒီမိုကရေစီတိုက်ပွဲအတွင်း ငယ်ငယ်ရွယ်ရွယ်နှင့် ကျဆုံးသွားခဲ့ရသူများ၏ အလောင်းများကိုမြှုပ်နှံရာ မာနယ်ပလောသုသာန်တို့ ဖြစ်ပါသည်။ အာဏာရှင်တို့ ကြီးစိုးလေရာတလျှောက် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံး ကျန်ခဲ့ရပါလားဟူ၍ ယူကြုံးမရဖြစ်မိပါသည်။

ထိုသို့သော အတွေ့အကြုံများနှင့် စိုးရိမ်ပူပန်မှုများကြောင့် အာဏာရှင်စနစ်ကို ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများ ရှိရမည်ဟု မျှော်လင့်မိသည်။ သွေးချောင်းစီးသတ်ဖြတ်မှုများမဖြစ်စေဘဲ အာဏာရှင်စနစ်ကို အောင်မြင်စွာဆန့်ကျင်မှုများ၊ အာဏာရှင်တို့ကို အပြီးသတ်ချေမှုန်းပြီး နောက်ထပ် အာဏာရှင်အသစ်များ သေရွာမှ ပြန်လည်ထမလာနိုင်အောင် တားဆီးနိုင်မှုများကိုလည်း မျှော်လင့်မိပါသည်။

အသေအပျောက် နည်းနိုင်သမျှနည်းသော နည်းဖြင့် အာဏာရှင်အစိုးရများ ချုပ်ငြိမ်းသွားအောင် ကျွန်ုပ်လေးလေးနက်နက် စဉ်းစားကြည့်မိပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး စာရေးသူသည် နှစ် ပေါင်းများစွာကပင် အာဏာရှင်စနစ်ကို လေ့လာသုံးသပ်ခဲ့၍ အတွေ့အကြုံများလည်း အတော်ရှိလာခဲ့ပြီးဖြစ်သည်။ အာဏာဖီဆန်အန်တုတိုက်ခိုက်နည်းများကိုလည်း မှတ်သားထားနိုင်ခဲ့သည်။ တော်လှန်ရေး၊ နိုင်ငံရေး အတွေးအခေါ်၊ အစိုးရ အမျိုးမျိုးတို့ကို စူးစမ်းလေ့လာခဲ့သည်။ အထူးသဖြင့် လက်တွေ့အမှန် အကောင်အထည်ဖော်နိုင်မည့် အကြမ်းမဲ့ တော်လှန်ရေးနည်းများကို စဉ်းစားသုံးသပ်မိပါသည်။

အထက်ပါအတွေးအခေါ်နှင့် ထင်မြင်ယူဆချက်များကြောင့် ဤစာအုပ်ကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။ ပြည့်စုံပြီဟု တထစ်ချတော့ မပြောနိုင်ပါ။ သို့သော် လမ်းကြောင်းလမ်းပြကလေးတော့ ဖြစ်နိုင်စရာ ရှိပါသည်။ ဤစာအုပ်တွင်ဖော်ပြထားသည့် နည်းလမ်းများကို လိုက်နာလျှင် လွတ်လပ်မှုအတွက် လှုပ်ရှားမှုများ လုပ်နိုင်ကြပေလိမ့်မည်ဟု ယူဆပါသည်။ အကြံဉာဏ်ကောင်းများ ပေးနိုင်လိမ့်မည်။ အစီအစဉ်များကို စနစ်တကျနှင့် လုပ်နိုင်ကောင်း လုပ်နိုင်ကြပေလိမ့်မည်။ အခြားနည်းလမ်းများထက် ရှေ့လာမည့်အခန်းများတွင် ဖော်ပြထားသည့် နည်းလမ်းများက ပိုမို၍ထိရောက်နိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

ဤစာအုပ်တွင် အာဏာရှင်စနစ်ကို ဖြိုဖျက်နိုင်ရန်နှင့် အာဏာရှင် နောက်ထပ်တယောက် ထပ်ပေါ်မလာအောင် တားမြစ်ရန်ကိုသာ အဓိကထားပြီး ရေးသားထားပါသည်။ မည်သည့်နေရာ၊ မည်သည့်ဒေသတွင် မည်သို့ဆောင်ရွက်ကြရမည်ဟူ၍ အတိအကျပြောမထားပါ။ မည်သည့်တိုင်းပြည်တွင် မည်သို့လှုပ်ရှားမှုများ လုပ်ဆောင်ရမည်ဟုငင်း၊ မည်သို့လုပ်ကိုင်လျှင် မည်သို့ဖြစ်မည်ဟူ၍ငင်း၊ အသေးစိတ် ဝေဖန်ပြဋ္ဌာန်းချက်များ ပေးနိုင်လောက်သည့် အရည်အချင်းများ ကျွန်ုပ်တွင်မရှိပါ၊ သို့သော်လည်း ဤစာအုပ်တွင် ကျွန်ုပ်ချမှတ်ပေးထားသော စူးစမ်းလေ့လာချက်များကို အသုံးချနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။ အထူးသဖြင့် တိုင်းပြည်အများအပြားတွင် အာဏာရှင်တို့၏ ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကို လက်တွေ့ခံစားနေရသူအဖို့ အသုံးဝင်မည်ဟု ယူဆပါသည်။ ထိုသူများအဖို့ ဤသုံးသပ်ချက်များမှာ မိမိတို့၏ အခြေအနေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးရမည်။ ထို့ပြင် မည်သည့်ညွှန်ကြားချက်မျိုးကို မိမိတို့ တိုက်ပွဲတွင် အံဝင်ခွင်ကျဖြစ်အောင် အသုံးပြုနိုင်မည်ကိုလည်း ဆန်းစစ်ရန်လိုပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကူအညီပေးကြသူများအား အထူးကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်

၏ အထူးအရာရှိ Bruce Jenkins က အထူးကူညီပေးပါသည်။ ပြဿနာအရပ်ရပ်ကို ညွှန်ပြပြီး ရှင်းရှင်းလင်းလင်း သဘောပေါက်လာအောင် တင်ပြပါသည်။ ခက်ခဲနက်နဲသည့် အတွေးအခေါ်များ (စစ်ဆင်ရေး မဟာဗျူဟာ)အား တင်ပြရာတွင် တိကျသေချာ ရှင်းလင်းအောင် မည်သို့ရေးသား တင်ပြရမည်ကို နည်းလမ်းကောင်းများဖြင့် အကြံဉာဏ်ပေးပါသည်။ စာအုပ်၏အစီအစဉ် အထားအသိုကိုလည်း ပြုပြင်ပေးပါသည်။ တည်းဖြတ်ပြီး ပိုမိုကောင်းမွန်လာအောင် ကူညီပေးပါသည်။ စာတည်းဖြတ်ရာတွင် ကူညီသော Stephen Caody ကိုလည်း ကျေးဇူးတင်ရှိပါသည်။ အဖိုးတန်အကြံဉာဏ်များနှင့် ဝေဖန်ချက်များပေးသော Dr. Christopher Kruegler, Robert Helvey တို့ကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။ Dr. Hazel McFerson, Dr. Patricia Parkman တို့ကလည်း အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများ၏ တိုက်ပွဲများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကူညီပြောပြပါသည်။ ထိုသို့ မိတ်ဆွေများ၏ အားပါးတရကူညီမှုများကြောင့် ဖြစ်မြောက်စွာ ရေးသားနိုင်သော စာအုပ်ဖြစ်သော်လည်း ဤစာအုပ်ပါ ဝေဖန်ချက်များ၊ အယူအဆများ၊ မှတ်ချက်များသည် ကျွန်ုပ်၏အမြင်၊ ကျွန်ုပ်၏ အတွေးအခေါ်သက်သက်များသာဖြစ်သည့်အတွက် ကျွန်ုပ်တွင်သာ တာဝန်ရှိပါသည်။

ဤစာအုပ်တွင်ပါဝင်သည့် မည်သည့်အခန်းတွင်မှ အာဏာရှင်တို့ကို တိုက်ဖျက်တွန်းလှန်ရန် ကိစ္စသည် လွယ်ကူပါသည်၊ အေးအေးဆေးဆေးနှင့် ရရှိနိုင်သည်ဟု မဆိုထားပါ။ မည်သည့်တိုက်ပွဲမဆို အန္တရာယ်အမျိုးမျိုး၊ ပြဿနာအထွေထွေ ရှိတတ်သည်၊ အာဏာရှင်တို့ကို ဆန့်ကျင်တိုက်ပွဲဝင်လျှင် ကျဆုံးသူများရှိမည်။ သို့သော် ဤစာအုပ်ပါ လေ့လာသုံးသပ်ချက်များကို ဖတ်ရှုခြင်းအားဖြင့် တော်လှန်သော ခေါင်းဆောင်များသည် ၎င်းတို့၏ ဩဇာအာဏာ တိုးပွားစေနိုင်သောနည်းလမ်းများကို တွေ့လာလိမ့်မည်။ ထို့ပြင် မိမိတို့ဖက်မှ အကျအဆုံး နည်းနိုင်သမျှ နည်းပါးအောင် လျှော့ချနိုင်လိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်မိပါသည်။

စစ်အာဏာရှင်စနစ်တရပ် အဆုံးသပ်သွားသည်နှင့် အခြားသော ပြဿနာအလုံးစုံတို့ ချုပ်ငြိမ်းသွားမည်ဟု ဤသုံးသပ်ချက်က မဆိုလိုပါ။ အစိုးရတခုပြုတ်ကျသွားရုံနှင့် လောကနိဗ္ဗာန် ပေါ်ပေါက်လာမည် မဟုတ်။ ဤစာအုပ်ပါ လေ့လာသုံးသပ်ချက်များသည် ပိုမို၍ တရားမျှတသောနိုင်ငံဖြစ်လာအောင် စီးပွားရေး၊ နိုင်ငံရေး အဆင်ပြေသည့် အခြေအနေဖြစ်လာအောင် အားကြိုးမာန်တက် လုပ်ကိုင်ချင်သည့်စိတ်ဓာတ်များ အစွန့်ရှည်နေအောင် လမ်းဖွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။ အခြား တနည်းတဖုံနှင့်ပေါ်လာနိုင်သည့် မတရားမှုနှင့် ဖိနှိပ်ရက်စက်မှုများကို ပယ်ဖျောက်နိုင်မည့်လမ်းကြောင်းများကို ဖွင့်ပေးလိုက်ခြင်းလည်းဖြစ်ပါသည်။ မည်သည့်လူမျိုးမဆို၊ မည်သည့်တိုင်းပြည်တွင်မဆို အာဏာရှင်တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကို ခံနေရသည့်သူများသည် လွတ်လပ်မှုကို လိုလားပါက ဤစာအုပ်ပါအချက်များကို လိုက်နာပြီး အာဏာရှင်စနစ် ပြိုကွဲချုပ်ငြိမ်းအောင် လုပ်ဆောင်နိုင်ကြလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်မျှော်လင့်ပါသည်။

**ဂျင်းရှပ်**
**အောက်တိုဘာလ ၆ ရက်၊ ၁၉၉၃ ခုနှစ်**
**အယ်လ်ဘတ် အိုင်စတိုင်း တက္ကသိုလ်**
**၁၄၃၀ မန်ဆီချူးဆက် ရိပ်သာ**
**ကင်းဘရစ်၊ မန်ဆီချူးဆက် ၀၂၁၃၈**
**အမေရိကန်ပြည်ထောင်စု။**

# အခန်း – ၁

# အာဏာရှင်စနစ်ကို တကယ်တမ်း ရင်ဆိုင်ခြင်း

မကြာသေးမီအတွင်း လူထုက လှုပ်ရှားအာခံ ရင်ဆိုင်တိုက်ခိုက်ကြသဖြင့် အာဏာရှင်စနစ် အများ အပြား ပြိုလဲသွားခဲ့သည်။ ထိုကဲ့သို့ ပြိုလဲသွားခဲ့ကြသည့် အာဏာရှင်များထဲတွင် အချို့မှာ ပြည်တွင်းခြံပေါက်များဖြစ်ပြီး အချို့မှာ နိုင်ငံခြားမှမွေးထုတ်လိုက်သော အာဏာရှင်များ စသည်ဖြင့် အမျိုးမျိုးရှိပါသည်။ 'ခြေကုပ်မြဲနေကြပြီး၊ ဖြုတ်ချလို့ မရနိုင်တော့'ဟု လူအများက ယူဆနေခဲ့ကြသည့် အာဏာရှင်များအနက် အချို့သော အာဏာရှင်များမှာ လူထုက နိုင်ငံရေးအရ တက်ညီလက်ညီ အာခံလာရုံမက စီးပွားရေး၊ လူမှုရေး အဖက်ဖက်က ကာပြန်လာသည့်ဒဏ်ကို မခံနိုင်သဖြင့် ပြုတ်ကျသွားကြကြောင်းကို သက်သေအဖြစ် မြင်နိုင်ပါသည်။

၁၉၈၀ ခုနှစ်မှစပြီး အက်စတိုရီးယား၊ လက်ဗီးယား၊ လစ်သူနီးယား၊ ပိုလန်၊ အရှေ့ဂျာမနီ၊ ချက်ကိုစလိုဗေးကီးယား၊ စလိုဗီးနီးယား၊ မဒဂါစကာ၊ မာလီ၊ ဘိုလီးဗီးယား၊ ဖိလစ်ပိုင် စသည့်နိုင်ငံများတွင် လူထုက အကြမ်းမဖက်သည့်နည်းများကို အများဆုံးသုံးပြီး အာခံခဲ့ကြ၍ အာဏာရှင်စနစ်များ ပြိုကွဲပျက်စီးသွားခဲ့ရလေပြီ။ အကြမ်းမဖက်ဘဲ ခုခံတိုက်ခိုက်လိုက်ကြသဖြင့် ဒီမိုကရေစီလှုပ်ရှားမှုလမ်းကြောင်းကြီး ပွင့်လာသည့်တိုင်းပြည်များလည်း ရှိပါသေးသည်။ ၎င်းတို့မှာ နီပေါ၊ ဇန်ဘီယား၊ တောင်ကိုရီးယား၊ ချီလီ၊ အာဂျင်တီးနား၊ ဟေတီ၊ ဘရာဇီး၊ ဥရုဂွေး၊ မာလဝီ၊ ထိုင်းနိုင်ငံ၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီ၊ ဇိုင်ယာ၊ နိုင်ဂျီးရီးယား၊ ယခင်ဆိုဗီယက်ယူနီယံအတွင်းမှ ပြည်နယ်တို့ဖြစ်သည်။ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လက ဆိုဗီယက်နိုင်ငံတွင် အယူဝါဒ ပြင်းထန်သူများ၏ အာဏာသိမ်းမှု မအောင်မြင်ခဲ့ရသည့်အချက်တွင် အကြမ်းမဖက်သည့် နည်းလမ်းများက အဓိကအခန်းမှ ပါဝင်ခဲ့သည်။

ထို့ပြင် များမကြာမီကပင် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် တိဘက်နိုင်ငံများ၌ ပြည်သူများပါဝင်သည့် နိုင်ငံရေးအန်တုမှု[1]များကို တွေ့ရသည်။ ဆန္ဒပြဆန့်ကျင်ကြသော်လည်း ထိုတိုင်းပြည်များမှ ပြည်သူတို့သည်

---

၁။ နိုင်ငံရေးအန်တုမှု (Political Defiance) ဆိုသည့် စကားအသုံးအနှုန်းကို Mr. Robert Halvey က စတင်တီထွင်လိုက်ခြင်းဖြစ်သည်။ နိုင်ငံရေးအန်တုမှုဆိုသည်မှာ အကြမ်းမဖက်ဘဲ တိုက်ခိုက်သည့်နည်းကို ဆိုလိုသည်။ နိုင်ငံရေးနှင့်ပတ်သက်သော ရည်ရွယ်ချက်များအတွက် (ကန့်ကွက်၊ ဆန္ဒပြ၊ ပူးပေါင်း ကူညီဆောင်ရွက်ခြင်း မလုပ်၊ နိုင်ငံရေးစွက်ဖက်စသည့်) အကြမ်းမဖက်သည့်နည်းများကို အသုံးပြုမှုပင်ဖြစ်သည်။ ယင်းစကားအသုံးအနှုန်း ဘယ်ကစတင်ပေါ်ပေါက်လာသနည်း။ အချို့က အကြမ်းမဖက်သည့်နည်း ဆိုသည်မှာ စစ်တားဆီးရေးအတွက် အကြမ်းမဖက်သောနည်းဟူ၍ရင်း၊ ဘာသာရေးအရ အကြမ်းမဖက်သည့်နည်းဟူ၍ရင်း အဓိပ္ပာယ်လွဲချော်အောင် ရောထွေးပြောလာကြသောကြောင့်ဖြစ်သည်။ နိုင်ငံရေးအန်တုမှုဆိုသည်မှာ အစိုးရ၏ဩဇာအာဏာကို တမင်သက်သက်ဖီဆန်အန်တုသည်ကို ဆိုလိုပါသည်။ ခိုင်းတာမလုပ်၊ မကျိုးနွံဘဲနေခြင်းဖြစ်သည်။ ရည်မှန်းချက်များဖြစ်သော နိုင်ငံရေးအာဏာဆုပ်ကိုင်နိုင်ရေးအတွက် အာဏာဖီဆန်အန်တုသည့် လှုပ်ရှားမှုများဖြစ်လာမည့် ပတ်ဝန်းကျင်ကို ဆိုလိုသည်။ အာဏာရှင်တို့လက်တွင်းရောက်နေသော အုပ်ချုပ်ရေးများကို မိမိတို့လက်တွင်းရောက်လာအောင် ပြည်သူတို့က မဆုတ်မနစ်ဘဲ အာဏာရှင်တို့၏ အာဏာအရင်းအမြစ်များကို ဖျက်ဆီးပစ်ခြင်း၊ နည်းဗျူဟာမြောက် ကြံစည်ဆောင်ရွက်မှုများနှင့်စီမံချက်များအသုံးပြုခြင်းများဖြင့် အာဏာဖီဆန်မှုကို ပိုင်ပိုင်နိုင်နိုင်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံရေးအန်တုသည်ဟုခေါ်သည်။ ဤစာအုပ်တွင် 'နိုင်ငံရေးအန်တုမှု'၊ 'အကြမ်းမဖက်ခုခံမှု'၊ 'အကြမ်းမဲ့တိုက်ပွဲ'စသည့်စကားလုံးများကို နေရာအမျိုးမျိုးတွင် ပြောင်းလဲသုံးစွဲထားသည်။ အမှန်တကယ်တွင် နောက်ဆုံးစကားလုံးနှစ်ခုဖြစ်သည့် 'အကြမ်းမဖက်ခုခံမှုနှင့် 'အကြမ်းမဲ့တိုက်ပွဲ'တို့သည် အကြမ်းအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် စိတ်ဓာတ်ရေးရာတိုက်ပွဲများအား ရည်ရွယ်ခြင်းဖြစ်ပါသည်။

၎င်းတို့အပေါ် အုပ်ချုပ်မင်းလုပ်နေကြသော အာဏာရှင်တို့လက်အောက်မှ မလွတ်လပ်ကြသေးပါ။ သို့သော် အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ် ဖိနှိပ်မှုများကို ကမ္ဘာ့အရပ်ရပ်က ဘွင်းဘွင်းကြီး သိသွားကြသည်။ နိုင်ငံရေးအနက်တုရှ်ဉ် တိုက်ပွဲဝင်ပုံနည်းစနစ်၏ တန်ဖိုးရှိလှသော အတွေ့အကြုံကိုလည်း လူထုက ရရှိလိုက်ပြီ မဟုတ်ပါလော။ အထက်တွင် ဖော်ပြခဲ့သော အက်စတိုနီးယား၊ လတ်ဗီးယား စသည့်နိုင်ငံများတွင် အာဏာရှင်စနစ်ပြိုကွဲသွားလင့်ကစား ထိုတိုင်းပြည်များရှိ ပြည်သူတို့၏ အခြားသော ပြဿနာအားလုံးတို့မှာ ပြေလည်မသွားသေးပါ။ ပြည်သူများ ဆင်းရဲနေတုန်းပင်။ ရာဇဝတ်မှုများ ပေါ်လာသည်။ အုပ်ချုပ်ရေးညံ့ဖျင်းသဖြင့် ထိထိရောက်ရောက် ဘာမျှ မလုပ်နိုင်သေးပါ။ သဘာဝ သယံဇာတပစ္စည်းများ ပြုန်းတီးသွားသည်။ အဆိုပါ အမဲကွက်များသည် ရက်စက်ကြမ်းကြုတ်လှသည့် အာဏာရှင်အစိုးရတို့၏ အမွေအနှစ်များ မဟုတ်ပါလား။ သို့သော် ဖိနှိပ်ချုပ်ချယ်မှုကို ခံစားနေရသူများအဖို့တော့ အနည်းငယ် သက်တောင့်သက်သာရှိသွားပါသည်။ ပိုမိုကောင်းမွန်သော နိုင်ငံရေးဘဝ၊ ဒီမိုကရေစီအခွင့်အရေး၊ ပုဂ္ဂလိကလွတ်လပ်မှုနှင့် လူမှုတရားမျှတမှုများ ပြည့်စုံသည့် လူ့ဘောင်အဖွဲ့အစည်းများ ပြန်လည် တည်ထောင်ရန် လမ်းကြောင်းများ ပွင့်သွားသည်။

**ဆက်လက်ရှိနေဆဲ ပြဿနာ၊**

ကမ္ဘာ့အရပ်ရပ်တွင် ဒီမိုကရေစီဝါဒနှင့် လွတ်လပ်မှုဘက်သို့ ဦးတည်နေသည့် လက္ခဏာများကို လွန်ခဲ့သည့်နှစ်များစွာကပင် တွေ့ခဲ့ရပြီ။ ကမ္ဘာတဝန်းတွင် နိုင်ငံရေးလွတ်လပ်မှုများ၏ အခြေအနေ၊ လူ့အခွင့်အရေး အခြေအနေများ မည်သို့ရှိနေသည်ကို ခန့်မှန်းကြည့်ရှုပြီး ထုတ်ပြန်သည့် Freedom House ၏ နှစ်စဉ် အစီရင်ခံစာအရ လွန်ခဲ့သော ဆယ်နှစ်အတွင်း လွတ်လပ်ပြီဟု ခေါ်ဆိုနိုင်သော တိုင်းပြည်များ ကမ္ဘာတဝန်းလုံးတွင် သိသိသာသာ များလာပြီဖြစ်ကြောင်း သိရသည်။[၂]

| | လွတ်လပ်သောနိုင်ငံ | တစိတ်တဒေသ | မလွတ်လပ် |
|---|---|---|---|
| ၁၉၈၃ | ၅၅ | ၇၆ | ၆၄ |
| ၁၉၉၃ | ၇၅ | ၇၃ | ၃၈ |

သို့သော်လည်း မတရားအုပ်ချုပ်စိုးမိုးသူတို့၏ လက်အောက်တွင် ကျရောက်လျက်ရှိသော တိုင်းပြည်အမြောက်အမြား ရှိနေသေးလျက်ပင်ဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလအထိ ကမ္ဘာ့လူဦးရေ သန်းပေါင်း ငါးထောင်လေးရာကျော်အနက်မှ ၃၁ ရာခိုင်နှုန်းသည် မလွတ်လပ်ဟု သတ်မှတ်ခေါ်ယူထားသော တိုင်းပြည်၊ နယ်မြေများတွင် နေထိုင်လျက်ရှိဆဲပင်။[၃] ထိုနေရာများတွင် နိုင်ငံရေးလွတ်လပ်မှုကို အထူး ကန့်သတ်ချုပ်ချယ်ထားသည်။ လူ့အခွင့်အရေးများမှာလည်း ထိုနည်း၎င်းပင်။ မလွတ်လပ် စာရင်းဝင်နိုင်ငံ ၃၈ နိုင်ငံနှင့် နိုင်ငံခြားပိုင်နယ်မြေ ၁၂ နေရာတွင် စစ်အာဏာရှင်များကင်း (ဥပမာ၊ မြန်မာနိုင်ငံနှင့် ဆူဒန်နိုင်ငံ)၊ အစဉ်အလာအရ ဖိနှိပ်ချုပ်ချယ်လာသည့် ဘုရင်များကင်း (ဥပမာ၊ ဆော်ဒီအာရေးဗီးယား၊ ဘူတန်)၊ တပါတီစနစ်နှင့် ထိန်းသိမ်းအုပ်ချုပ်သည့် အစိုးရများကင်း(တရုတ်နိုင်ငံ၊ အီရန်၊ မြောက်ကိုရီးယား)၊ နိုင်ငံခြားက ကျူးကျော်ဝင်ရောက် သိမ်းပိုက်ထားသော အစိုးရများကင်း (တိဘက်၊ အရှေ့တီမော) စိုးမိုးအုပ်ချုပ်လျက်ရှိသည်။ အချို့နေရာများတွင်လည်း

---

၂။ Freedom House, *Freedom in the World: The Annual Survey of Political Rights and Civil Liberties*, 1992-1993 (New York: Freedom House, 1993), p.66 (1993 figures are as of January 1993). See pp.79-80 for a description of Freedom House's categories of "free," "partly free," and "not free."

၃။ Freedom House, *Freedom in the World*, p.4.

အခြေအနေ ပြောင်းလှဆဲဆဲ ဖြစ်နေပါသည်။

တိုင်းပြည်အများအပြား၌ ယခုအချိန်တွင် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးရာများ အလျင်အမြန် ပြောင်းလဲနေကြပါသည်။ လွန်ခဲ့သော ဆယ်နှစ်အတွင်းက လွတ်လပ်ပြီဟုဆိုနိုင်သော တိုင်းပြည်များ ပို၍များပြား လာခဲ့သော်လည်း အဆိုပါ အခြေခံပြောင်းလဲမှုများ တမုဟုတ်ချင်း ပြောင်းလဲသွားသည့်အတွက် အချို့တိုင်းပြည် များတွင် လမ်းကြောင်းလွဲပြီး အာဏာရှင်သစ်တမျိုး ပေါ်လာနိုင်သည့် အခြေအနေမျိုး ဆိုက်ရောက်သွားနိုင်သည်။ စစ်တပ်အသိုင်းအဝိုင်းများ၊ အကြံကြီးသူများ၊ ရွေးကောက်တင်မြှောက်ခံရသည့် အရာရှိများနှင့် တယူသန် နိုင်ငံ ရေးပါတီများက သူတို့လိုရာ ဆွဲနိုင်အောင် အကြိမ်ကြိမ် ကြိုးစားကြပေလိမ့်မည်။ အာဏာသိမ်းပွဲများ ဖြစ်ခဲ့ဖူးပြီ။ ရှေ့အနာဂတ်တွင်လည်း ဖြစ်လာနိုင်သေးသည်။ အခြေခံလူ့အခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများကို လူထုထံမပေးဘဲ ဆက်လက် ငြင်းဆိုထားနိုင်သည်။

စိတ်မချမ်းသာစရာကောင်းလှသည့် အတိတ်သည် ကျွန်ုပ်တို့နှင့် ရှိနေဆဲပင်။ အာဏာရှင် စနစ်သည် ပုံစံအမျိုးမျိုးဖြင့် အမြစ်တွယ်လျက်ပင်ရှိသေးသည်။ တိုင်းပြည်အနှံ့အပြား၌ပင် ပြည်သူပြည်သားများသည် ပြည် တွင်းအစိုးရကသော်၎င်း၊ နိုင်ငံခြား လူမျိုးခြားအစိုးရကသော်၎င်း နှစ်ရှည်လများ ဖိနှိပ်ချုပ်ချယ် ညှဉ်းဆဲနေသည် ကို ခံစားနေကြရရှာတုန်းပင်။ တခါတရံ ရာစုနှစ်နှင့်ချီပြီး ခံရသည်။ ရံဖန်ရံခါဆိုသလို အာဏာပိုင်တို့ကို စောဒက တက်မနေဘဲ ကျိုးနွံသွားတတ်ကြသည်။ အုပ်ချုပ်သူများကလည်း သူတို့၏ဝါဒများကို အတင်းအဓမ္မ နားသွင်း သည်။ အလွန်ဆိုးဝါးလှသည့်ဖြစ်ရပ်များမှာ အစိုးရလက်အောက်ခံ မဟုတ်သည့် လူမှုရေး သဟာယအသင်းများ၊ နိုင်ငံရေးအစည်းအရုံးများ၊ စီးပွားရေးအဖွဲ့စသည်တို့ကို အစိုးရက အားနည်းသွားအောင်ဖြစ်စေ၊ ကျိုးနွံလာအောင် ဖြစ်စေ ရည်ရွယ်၍လုပ်ခြင်းဖြစ်သည်။ ဘာသာရေးအသင်းများကိုပင် ချမ်းသာမပေး။ သို့တည်းမဟုတ် အစိုးရက တင်းမာကျပ်တည်းစွာ အုပ်ချုပ်ထားပြီး ၎င်းတို့ လုပ်ချင်သလို လုပ်၍ရသည့် အသင်းအဖွဲ့သစ်များနှင့် အစားထိုး တတ်သည်။ သူတို့ အလိုတော်ရိ အသင်းအဖွဲ့များနှင့် လူထုကို ချုပ်ချယ်ထားနိုင်အောင် ပြုလုပ်ခြင်းဖြစ်သည်။ လူ ထုအင်အားကို အစိတ်စိတ် အမွှာမွှာပြိုကွဲသွားအောင် ပြုလုပ်သည်။ လွတ်မြောက်မှုရရန်အတွက် ပူးပေါင်းဆောင် ရွက်မှု မပြုနိုင်အောင် နှိပ်ကွပ်လိုက်သည်။ တယောက်ကိုတယောက် မယုံကြည်အောင် ဥာဏ်ဆင်လိုက်သည်။ မည်သည့်အရာကိုမျှ လုပ်ချင်စိတ်မရှိအောင် လုပ်လိုက်သည်။

ဤကဲ့သို့ ဥာဏ်နီဥာဏ်နက်ဆင်လာလျှင် ဘယ်ကမ်းကိုဆိုက်မည်ဆိုတာ ကြိုတင်ပြောနိုင်ပါသည်။ လူထုအားပျော့သွားသည်။ မိမိကိုယ်ကိုပင် မိမိ အယုံအကြည်မရှိတော့။ အတိုက်အခံလုပ်ဖို့ဆိုသည်မှာ ဝေလာ ဝေး။ ကိုယ့်မိသားစုအတွင်း မိတ်ဆွေအချင်းချင်းအတွင်းမှာပင် အာဏာရှင်စနစ်ကို မုန်းတီးကြောင်း၊ လွတ်လပ်မှု ကို မွတ်သိပ်လှကြောင်း မပြောဝံ့ကြ။ ကြောက်နေကြတော့သည်။ ကြောက်အားလွန်ပြီး လူစုလူဝေးနှင့် အာဏာ ဖီဆန်ရန်ကို နက်နက်နဲနဲ တွေးပင်မတွေးဝံ့ကြပေ။ ဘာပဲဖြစ်ဖြစ် လုပ်လျှင်လည်း ဘာအကြောင်းထူးတော့မှာလဲဟု ထင်မြင်လာသည်။ သို့နှင့် ဘာလုပ်ရမှန်းမသိ၊ ဒုက္ခဆင်းရဲခံကြရသည်၊ မျှော်လင့်ချက်ကင်းမဲ့သည့် အနာဂတ် ကာလကို ရင်ဆိုင်ကြရသည်။

လက်ရှိအာဏာရှင်စနစ်အောက်တွင် ဖြစ်ပျက်နေသည့် မျက်မှောက်အခြေအနေများသည် ရှေးက ထက် ပိုမိုဆိုးဝါးနေပါသေးသည်။ ယခင်အခါများကမူ လူထု၏တစိတ်တဒေသက တော်လှန်ရန် ကြိုးစားခဲ့ကြ သေးသည်။ ကာလတိုတောင်းသော လူထုဆန့်ကျင်အုံကြွမှုများ၊ ဆန္ဒပြမှုများဖြစ်ပွားခဲ့ကြသည်။ လူတွေက ရုတ် ချင်းခဏတဖြုတ် စိတ်ဓာတ်တက်ကြွလာကြခြင်း ဖြစ်ကောင်းဖြစ်လိမ့်မည်။ တခါတရံ တယောက်တလေက သော် ၎င်း၊ လူနည်းစု အုပ်စုကလေးများကသော်၎င်း၊ အရဲစွန့်ပြီး အစိုးရကို မကြိုက်သည့်ဟန်အမူအရာ၊ လက္ခဏာများ ပြတတ်ကြသည်။ အတိတ်က မည်သို့ပင် ရည်ရွယ်ချက်ကောင်းကောင်းဖြင့် ဤကဲ့သို့ ဆန္ဒပြကြသော်ငြားလည်း ဤဆန္ဒပြပုံမျိုးဖြင့်လူတို့၏ ကြောက်တတ်သည့်စိတ်ကို ဖျောက်ဖျက်ပစ်၍ မရသေးပါ။ အထက်လူကို ကျိုးနွံတတ် သည့် အကျင့်တို့ကို ဖျောက်ဖျက်နိုင်ပါမှ အာဏာရှင်စနစ်ကို တွန်းလှန်နိုင်မည်။ ဤသည်မှာ အထူးလိုအပ်လှသည့်

အလွန်အရေးကြီးလှသည့် လိုအပ်ချက်ဖြစ်ပါသည်။ ဤသို့သော လူနည်းစုသာပါဝင်သော၊ အင်အားသေးငယ်သော ဆန္ဒပြမှုမျိုးများကြောင့် ပိုမို၍ ဒုက္ခရောက်သွားနိုင်သည်။ မျှော်လင့်ချက်နှင့် အောင်မြင်မှုများရမည့်အစား အာဏာရှင်တို့က အသက်ကိုပင် ရန်ရှာလာနိုင်ပါသည်။

**အကြမ်းနည်းနှင့် လွတ်လပ်မှု ရမည်လား၊**

အထက်ပါစာပိုဒ်တွင် ဖော်ပြထားသည့်အခြေသို့ ရောက်လာခဲ့သည်ရှိသော် ဘာလုပ်ကြမည်နည်း။ "ဘာလုပ်ကြမည်ကို သိတာပေါ့။ ရှင်းနေတာဘဲ"ဟု ဖြေကြပေလိမ့်မည်။ သို့သော် ၎င်းအဖြေက အသုံးမကျ။ အာဏာရှင်တို့မည်သည်မှာ ဖွဲ့စည်းပုံစည်းမျဉ်း၊ ဥပဒေ၊ တရားစီရင်ချက်မှု၊ လူထု၏ စိတ်သဘောထားစသည်တို့ကို အရေးမစိုက်၊ လျစ်လျူရှုတတ်ကြမြဲဖြစ်သည်။ အာဏာရှင်တို့၏ ရက်စက်ကြမ်းကြုတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ လူသတ်မှုများ၊ လူပျောက်ဆုံးမှုများ ကျူးလွန်မှုကြောင့် လူထုကလည်း အကြမ်းဖက်နည်းဖြင့် အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေနိုင်သည်ဟု ကောက်ချက်ချတတ်ကြသည်။ ထိုကောက်ချက်ချတတ်မှုကိုလည်း နားလည်ပေးနိုင်ပါသည်။ အနှိပ်စက်ခံနေရသူအဖို့ ဒေါသဖြစ်လာကြပြီး တခါတရံ မိမိတို့ဘက်က အရေးနိမ့်နေသည်ကို သိသိနှင့်ပင် တတ်နိုင်သမျှ စစ်လက်နက်အင်အားတို့ကို စုဆောင်းပြီး အကြမ်းနည်းဖြင့် ရက်စက်လှသော အာဏာရှင်ကို တုံ့ပြန်တိုက်ဖို့ အားထုတ်ကြသည်။ မကြာခဏဆိုသလို ထိုသူများသည် ရဲရဲစွာတိုက်ပွဲဝင်ခဲ့ကြပြီး ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားခဲ့ကြရုံမျှမက အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြဖူးသည်။ တခါတရံ ထိုသူများ၏ စွမ်းဆောင်မှုများသည် အထူးမှတ်တမ်းတင် ချီးကျူးဖို့ကောင်းလှပါသည်။ သို့သော် ထိုနည်းနှင့်တိုက်ပြီး လွတ်မြောက်မှုရရန်မှာတော့ ဖြစ်နိုင်ခဲလှပါသည်။ လက်နက်ကိုသုံး၍ အကြမ်းဖက်တိုက်ခိုက်သည့် ပုန်ကန်မှုများကြောင့် ပိုမိုရက်စက်သည့် ဖိနှိပ်ချုပ်ချယ်မှုများကို အစိုးရကသုံးလာနိုင်သည်။ ထိုနည်းဖြင့် ပြည်သူလူထုမှာ မျှော်လင့်ချက်သုဉ်း၊ ကူညီမည့်သူမရှိ အားကိုးရာမဲ့ဖြစ်ပြီး ယခင်ကထက်ဆိုးသည့် အခြေအနေသို့ ရောက်သွားတတ်သည်။

အကြမ်းဖက်နည်းဖြင့် တိုက်သည့်ကိစ္စတွင် အကျိုးကျေးဇူးများ ရှိသင့်သလောက် ရှိစေကာမူ ရှင်းရှင်းလင်းလင်း သိထားရမည့် အချက်တစ်ချက်ရှိသည်။ ထိုအချက်မှာ လူထုက ဤကဲ့သို့ လက်နက်အားကိုးပြီး တိုက်မည်ဟု ဆိုလိုက်သည်နှင့် မိမိတို့ကို ဖိနှိပ်ထားသည့် ရန်သူအုပ်စု၏ နည်းနိဿယနှင့် တထေရာထည်း အတုယူလိုက်သုံးလိုက်ဘိသကဲ့သို့ပင်ဖြစ်၍ အဆိုပါနည်းနှင့်တိုက်လျှင် ရန်သူက မိမိတို့ဘက်ထက် သာသည့်ဘက်က အမြဲတမ်းရှိသည်။ အာဏာရှင်များတွင် အကြမ်းနည်းကိုသုံးပြီး နှိမ်နင်းရန်အတွက် လက်နက်အပြည့်အစုံရှိသည်။ ဒီမိုကရေစီအုပ်စုက ရက်တိုတိုဘဲ တိုက်တိုက်၊ ရေရှည်ဆွဲပြီးတိုက်တိုက် နောက်ဆုံးတွင် ရက်စက်လှသော စစ်တပ်ဒဏ်ကို မခံနိုင်။ ပြေး၍ မလွတ်သာ ဖြစ်ရတော့သည်။ အာဏာရှင်တို့ဘက်မှ လက်နက်အင်အား အမြဲသာသည်။ ခဲယမ်းမီးကျောက်၊ သေနတ်လက်နက် အားလုံးတောင့်တင်းသည်။ သယ်ယူပို့ဆောင်ရေးမှာလည်း သူတို့နှင့် လိုက်မတုနိုင်။ စစ်တပ်အင်အားကိုလည်း အထင်သေး၍မရ။ ဒီမိုကရေစီတပ်သားများသည် မည်မျှပင် သတ္တိရှိစေကာမူ အာဏာရှင်တို့နှင့် ထိုအချက်တွင် ပြိုင်၍ မရနိုင်ပေ။

သမားရိုးကျ စစ်တပ်များအခိုင်အမာဖွဲ့စည်း၍ ပုန်ကန်ခြင်းသည် အဓိပ္ပာယ်မရှိ၊ လက်တွေ့မဆန်ပါလားဟု သိမြင်လာသည့်အခါ အာဏာရှင်ကို တိုက်နေကြသည့်သူများသည် ပြောက်ကျားစစ်တိုက်နည်းဘက်ကိုတဖန် စိတ်ဝင်စားလာကြပြန်သည်။ သို့သော် ပြောက်ကျားစစ်ကြောင့် ဖိနှိပ်ခံလူထုသည် အကျိုးကျေးဇူး ခံစားရနိုင်မည်မဟုတ်၊ ဒီမိုကရေစီရအောင်လည်း မလုပ်နိုင်ပါ။ ထို့ကြောင့် ပြောက်ကျားစစ်သည် အဖြေမှန်မဟုတ်။ အထူးသဖြင့် ပြောက်ကျားစစ်ကြောင့် မိမိလူအမြောက်အမြား အသက်ဆုံးရှုံးသွားတတ်သည်။ ဤနည်းကြောင့် မရှုံးနိုင်ပါဘူးဟုလည်း အာမမခံနိုင်ပါ။ ပြောက်ကျားစစ်ဆင်ရေးကို ထောက်ခံသည့် သီအိုရီများလည်း ရှိသည်။ ၎င်းစစ်ဆင်ရေးကို ဝေဖန် ထောက်ခံအားပေး သုံးသပ်ထားသည်များကိုလည်း ဖတ်ရသည်။ ပြောက်ကျားတပ်များကို နိုင်ငံတကာက နောက်ကွယ်မှ အကူအညီပေးနေသည် စသည်ဖြင့် အမျိုးမျိုးကြားဖူးပါသည်။ သို့လင့်ကစား ပြောက်ကျား

နည်းဖြင့်တိုက်လျှင် အောင်ရမည်ဟု အာမ,မခံနိုင်ပါ။ ပြောက်ကျားတိုက်ပွဲများသည် ကြာကြာလည်းမခံပါ။ အပြစ်မဲ့ ပြည်သူတို့မှာ ဆင်းရဲဒုက္ခပေါင်း မြောက်မြားစွာနှင့် ရင်ဆိုင်ခံစားရပြီး နေရာအတည်တကျနှင့် မနေနိုင်လောက်အောင် အာဏာရှင်အစိုးရက ပြုမူဆောင်ရွက်မှုများနှင့် မကြာခဏ ကြုံတွေ့ရတတ်သည်။

ပြောက်ကျားနည်းနှင့်တိုက်၍ အောင်မြင်သွားသော အဖြစ်များတွင်ပင် ရေရှည်ကာလအတွက် မကောင်းသည့် အကျိုးဆက်များ ရင်ဆိုင်တတ်ကြသည်။ တိုက်ခိုက်ခံရသည့် အစိုးရကလည်း ပြောက်ကျားများကို တန်ပြန်တိုက်နေရသည့်အတွက် ချက်ချင်းပင် ပိုမို၍ အာဏာရှင်ဆန်လာပါတော့သည်။ ပြောက်ကျားများဘက်က နောက်ဆုံးတွင် အနိုင်ရလိုက်ပြီဟု ဆိုကြပါစို့။ ၎င်းတို့ဘက်မှ တက်လာသည့် အစိုးရက "နောက်လာသည့် မောင်ပုလဲ၊ ဒိုင်းဝန်ထက်ကဲ"ဆိုသည့်စကားလို ပိုပြီး အာဏာရှင်ဆန်လာတတ်သည်။ အဘယ်ကြောင့် သည်လိုဖြစ်ရသနည်း။ စစ်တပ်အပေါ်သာ ဦးစားပေးခြင်း၊ ပြောက်ကျားစစ်ပွဲအတွင်း ပါတီစွဲမရှိ၊ လွတ်လပ်သည့် ရပ်ရွာအဖွဲ့အစည်းများ ပျက်စီး၍ အကွဲကွဲအပြားပြား ဖြစ်သွားခြင်းများကြောင့်ဖြစ်သည်။ ဒီမိုကရေစီတည်တံ့ခိုင်မြဲပြီး အခွန့်ရှည်စေလိုသော် ထိုသို့သော လွတ်လပ်သည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့စသည်တို့ရှိရန် အထူးလိုအပ်လှပေသည်။ ထို့ကြောင့် အာဏာရှင်ကို ဆန့်ကျင်ကြသော အတိုက်အခံသမားများသည် အခြားသောနည်းသစ်လမ်းသစ်များကို ရှာဖွေကြံစည်ကြရန် လိုလာပါတော့သည်။

**အာဏာသိမ်းမည်လော၊ ရွေးကောက်ပွဲ လုပ်မည်လော၊ ပြည်ပမှ ကယ်တင်ရှင်ကို ရှာမည်လော၊**

အမှန်တကယ် အော့နှလုံးနာစရာကောင်းလှသည့် အစိုးရတရပ်ကို ဖြုတ်ချရာတွင် စစ်တပ်နှင့် အာဏာသိမ်းခြင်းသည် အမြန်ဆုံးနှင့်အလွယ်ဆုံးနည်းဟု ထင်ရသည်။ သို့သော် အဆိုပါနည်းတွင်လည်း ကြီးမားလှသော ပြဿနာများရှိသည်။ အရေးအကြီးဆုံးပြဿနာမှာ အစိုးရ သို့မဟုတ် စစ်တပ်အတွင်း၌ရှိ အာဏာဖိုင်၊ အခွင့်ထူးခံလူတန်းစားနှင့် ပြည်သူလူထုတို့အကြား အာဏာခွဲဝေမှု အဝေမတည့်ခြင်းပင် ဖြစ်သည်။ အစိုးရသည် လက်ရွေးစင်လူတန်းစားပင် မဟုတ်ပါလား။ စစ်တပ်ထဲမှာလည်း ထိုလူစုပင် ကြီးစိုးလျက်ရှိသည်။ ထိုအခွင့်ထူးခံလူတစုကို အုပ်ချုပ်ရေးရာထူးမှ ထုတ်ပစ်လိုက်လျှင်လည်း အခြား အလားတူ 'ဒီပုတ်ထဲက ဒီပဲ' လူစုကပင် နေရာဝင်ယူလိုက်နိုင်သည်။ အပြောအားဖြင့် ထိုလူသစ်များက လုပ်ရည်ကိုင်ရည် အနည်းငယ်ပို၍ နူးညံ့ညင်သာပုံ ပေါက်လျှင် ပေါက်မည်။ သို့သော် အထင်နှင့်အမြင် ကွာခြားသည်ကို တွေ့ရတတ်သည်။

အသစ်တက်လာသည့် အစိုးရက ခြေကုပ်ရသွားပြီဆိုလျှင် 'ကျားကြောက်လို့ ရှင်ကြီးကိုး၊ ကျားထက် ရှင်ကြီးဆိုး' အခြေအနေမျိုး ဖြစ်တတ်သည်။ သူတို့က ပိုပြီး ကြမ်းကြုတ်ရက်စက်လာနိုင်သည်။ အာဏာရူးများ ဖြစ်လာတတ်ကြသည်။ အားကိုးလောက်သည်ဟု လူထုက မျှော်လင့်ထားခဲ့သူများသည် သူတို့လုပ်ချင်ရာလုပ်သွားတတ်ကြသည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး စသည်တို့ကို မေ့သွားတတ်ကြသည်။ ထို့ကြောင့် အာဏာရှင် ပြဿနာကို ဖြေရှင်းလိုလျှင် ဤနည်းသည်လည်း လက်ခံနိုင်စရာ နည်းမဟုတ်။

နိုင်ငံရေးအခြေအနေများ သိသိသာသာပြောင်းသွားစေရန် ရွေးကောက်ပွဲလုပ်မည် ဆိုပြန်လျှင်လည်း အာဏာရှင်လက်အောက်တွင် ရွေးကောက်ပွဲလုပ်ရန်မှာ မဖြစ်နိုင်ပါ။ ဥပမာပြရလျှင် ဆိုဗီယက်လွှမ်းမိုးထားသည့် အရှေ့ဥရောပနိုင်ငံအုပ်စုကလေးများ၌ အာဏာရှင်အစိုးရက ဒီမိုကရေစီ ရှိသယောင်ယောင် ဗန်းပြသည်။ ရွေးကောက်ပွဲလုပ်သည်။ သို့သော် ထိုရွေးကောက်ပွဲများမှာ အခြားမဟုတ်။ အာဏာရှင်တို့က စိတ်တိုင်းကျရွေးချယ်ထားသည့် အလိုတော်ရိသမားများ၏ ရွေးကောက်ပွဲသာဖြစ်သည်။ လူထုကို အာဏာရှင်အစိုးရ၏ ပုတ်သင်ညိုခေါင်းညိတ်သမားများအား မဲပေးစေပြီး လူထု၏ အတည်ပြုချက်ရအောင် လုပ်လိုက်ခြင်းသာဖြစ်သည်။ ၎င်းတို့က တင်းကျပ်စွာ ထိန်းချုပ်ထားသည့် ရွေးကောက်ပွဲများဟု ဆိုလျှင်လည်း မမှား။ ရွေးကောက်ပွဲလုပ်ပေးရန် အတင်းအကျပ် တောင်းဆိုလာသည့်အတွက် အာဏာရှင်များက သဘောတူပြီး လိုက်လျောရသည့်အခါများလည်း ရှိတတ်ပါသည်။သို့သော် ထိုရွေးကောက်ပွဲတွင် မဲဆန္ဒများကို ကလိမ်ကျပြီး သူတို့ကြိုးဆွဲရာ ရမည့် ရုပ်သေးရုပ်

အရပ်သားများကို အစိုးရဌာနများ၌ နေရာပေးတတ်သည်။ အတိုက်အခံဘက်ကို ရွေးကောက်ပွဲဝင်ခွင့်ပြုပြီး အမှန်တကယ် အတိုက်အခံများ ရွေးချယ်ခံရသည့်အခါ ရွေးကောက်ပွဲရလဒ်အား ဂရုမစိုက်။ ရွေးကောက်ပွဲအနိုင်ရသူများအား ခြိမ်းခြောက်၊ ဖမ်းဆီးရုံမျှမက အဆုံးစီရင်တတ်သည်။ ၁၉၉၀ ခုနှစ် မြန်မာနိုင်ငံရွေးကောက်ပွဲနှင့် ၁၉၉၃ ခုနှစ် နိုင်ဂျီးရီးယားနိုင်ငံ ရွေးကောက်ပွဲတို့မှာ သာဓကများဖြစ်သည်။ အာဏာရှင်များသည် ၎င်းတို့ စံမြန်းတော်မူနေသည့် ရာဇပလ္လင်ပေါ်မှ ၎င်းတို့အား ဖယ်ရှားတွန်းချနိုင်စွမ်းရှိသည့် ရွေးကောက်ပွဲများကို လုပ်ပေးလေ့ထုံးစံမရှိပါ။

ရက်စက်လှသည့် အာဏာရှင်တို့၏လက်အောက်တွင် ဒုက္ခခံနေရသူများ၊ ၎င်းတို့လက်အောက်မှ လွတ်အောင် ထွက်ပြေးတိမ်းရှောင်နေကြရသူများသည် ယခုကဲ့သို့ ဖိနှိပ်သူများလက်အောက်မှ လွတ်မြောက်ရန်ကိစ္စသည် မိမိဖာသာ မိမိလုပ်၍ ရတော့မည်မဟုတ်ဟု ထင်မြင်အားလျှော့လာကြသည်။ တခြားလူ လာကယ်မှဖြစ်တော့မည်ဟု မျှော်လင့်လာကြသည်။ ကူညီမည်ဟု ထင်ရသည့် ပြင်ပမှသူများကို အားကိုးယုံကြည်လာကြသည်။ နိုင်ငံတကာ၏ အကူအညီနှင့်သာလျှင် အာဏာရှင်စနစ်ကို တွန်းလှန် သုတ်သင်ပစ်နိုင်တော့မည်ဟု ထင်မြင်လာတော့သည်။

ယခုလို အဖိနှိပ်ခံနေရသူလူစုက သူတို့ဘာသာသူတို့ ဘာကိုမျှ ထိရောက်အောင် မလုပ်နိုင်တော့ဟုဆိုသည့် အယူအဆကို မှားသည်ဟုလည်း မဆိုနိုင်။ မှန်သည့်အခါလည်း ရှိသည်။ အချိန်ကာလပေါ်မှာ တည်သည်။ ရက်စက်လှသည့် အာဏာရှင်အစိုးရကို ရင်ဆိုင်ရန်အတွက် သူတို့၏ လုပ်ရည်ကိုင်ရည်ကို ယုံကြည်အားကိုးစိတ်ကင်းမဲ့လာကြသောအခါ၊ ဘယ်ပုံဘယ်နည်းဖြင့် လွတ်မြောက်အောင် လုပ်ရမည်ကိုလည်း မသိကြသောအခါ အထက်တွင် ပြောခဲ့ပြီးသည့်အတိုင်း အဖိနှိပ်ခံရသူများသည် တခါတရံ အံ့ကြွဆန့်ကျင်လိုစိတ်များ မရှိတော့။ အခိုက်အတန့်အားဖြင့် တိုက်ခိုက်ချင်စိတ်လည်း မပါတော့ပေ။ ထို့ကြောင့် လွတ်မြောက်ရေးအတွက် အခြားသူများ၏ အကူအညီကို မျှော်မှန်းနေကြသည့်အဖြစ်ကို နားလည်နိုင်လောက်ပါသည်။ ပြင်ပအကူအညီဆိုသည်မှာ ဘာကိုဆိုပါသနည်း။ လူထု၏ ထင်မြင်ချက်အာဘော်များ၊ ကုလသမဂ္ဂ၊ နိုင်ငံခြားအစိုးရ (သို့မဟုတ်) နိုင်ငံတကာက နိုင်ငံရေးနှင့် စီးပွားရေးအရ ပိတ်ဆို့ အပြစ်ဒဏ်ခတ်ခြင်းများ ဖြစ်သည်။

အဆိုပါ အကူအညီများကို တနေရာမဟုတ် တနေရာမှ ရနိုင်စရာရှိမည်ဟု စိတ်ကူးကြည့်သောအခါ စိတ်သက်သာစရာတော့ရှိသည်။ သို့သော် ပြင်ပက ကယ်တင်ရှင်ကို အားကိုးခြင်းအားဖြင့် အခက်အခဲများ ဖြစ်လာနိုင်သည်။ လူယုံမှားတတ်သည်။ မည်သည့်နိုင်ငံခြားအကူအညီမျှ မရောက်လာတတ်ပါ။ အကယ်၍ နိုင်ငံခြားတနိုင်ငံက ဝင်ရောက်စွက်ဖက်လာပြီ ဆိုပါစို့ ။ ယင်းအစိုးရကိုလည်း မယုံကြည်သင့်ပေ။

ဤနေရာတွင် ပြည်ပတိုင်းပြည်များ၏ ဝင်ရောက်စွက်ဖက်မှုများအပေါ် အားကိုးလာရသည့် အချက်နှင့်ပတ်သက်ပြီး ကြောက်စရာကောင်းလှသည့် တကယ့်ဖြစ်ရပ်အချို့ကို အထူးသတိပြုရန်အတွက် ရှင်းရှင်းလင်းလင်း တင်ပြလိုပါသည်။

- ❖ နိုင်ငံခြားအစိုးရသည် ၎င်းတို့၏ စီးပွားရေးကိုသာ စိတ်ဝင်စားသည်။ ၎င်းတို့ စီးပွားရေးတိုးတက်ဖို့ကိုသာကြည့်ပြီး အာဏာရှင်အစိုးရများကို သည်းခံနေတတ်ကြရုံမျှမက အကူအညီပင် ပေးတတ်ကြသည့်အခါလည်း ရှိသည်။
- ❖ ဖိနှိပ်ခံနေရသူများကို နိုင်ငံခြားအစိုးရက လွတ်လပ်အောင်ကူညီပါမည်ဟု ကတိမပေး။ သူတို့လိုရာကို ရအောင်သာလုပ်ကြပြီး လူထုကို လှည့်စားသွားတတ်သည်။
- ❖ အချို့သော ပြည်ပနိုင်ငံများသည် အာဏာရှင်စနစ်ကို ဆန့်ကျင်ကြသည်။ အဘယ်ကြောင့် ဆိုသော် ထိုတိုင်းပြည်၏ စီးပွားရေး၊ နိုင်ငံရေး (သို့မဟုတ်) စစ်ရေးအား ချုပ်ကိုင်နိုင်ရန်အတွက်သာ ဖြစ်သည်။
- ❖ ဘယ်အခါမျိုးတွင် နိုင်ငံခြားအစိုးရက စေတနာကောင်းနှင့် ကိုယ်ထိလက်ရောက် ကူညီတတ်သ

နည်း။ ပြည်တွင်းတွင် လူထုတော်လှန်ရေးလှုပ်ရှားမှုများ စတင်လာခဲ့ပြီး အာဏာရှင်အစိုးရကို မတည်မငြိမ် ဖြစ်လာစေသော အချိန်မျိုး၊ ကမ္ဘာက ရက်စက်လှသည့် အာဏာရှင်အစိုးရကို အာရုံစိုက်လာကြသည့် အခါမျိုးတွင်သာ ဖြစ်သည်။

အာဏာရှင်များ အဘယ်ကြောင့် တည်ရှိနေကြသနည်း။ ပြည်တွင်း ဩဇာအာဏာခွဲဝေမှုကြောင့်ပင် ဖြစ်သည်။ ပြည်သူလူထုကလည်း အာဏာရှင်အစိုးရကို အကျဉ်းအကျပ်ထဲရောက်အောင် လုပ်ဆောင်နိုင်အားမရှိ။ ပစ္စည်းဥစ္စာ ဩဇာအာဏာများကလည်း လက်တစ်ဆုပ်စာ လူနည်းစုလက်အတွင်း၌ ရောက်နေသည်။ အာဏာရှင်များသည် နိုင်ငံခြားအစိုးရများ အကူအညီနှင့် အမြတ်ထုတ်နိုင်ကောင်း ထုတ်ကြပေလိမ့်မည်။ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ ပယောဂကြောင့်လည်း အားလျော့သွားနိုင်သည်။ သို့သော်ငြားလည်း အာဏာရှင်များ ဆက်လက်တည်မြဲနေခြင်းမှာ ပြည်တွင်းအခြေအနေများ အပေါ်တွင်သာ အဓိကတည်သည်။ ဤအချက်မှာ အရေးအကြီးဆုံးအချက် ဖြစ်သည်။

ဘယ်အချိန်အခါမျိုးတွင် နိုင်ငံတကာ၏ ဝိုင်းဝန်းဖိအားပေးမှုကို အားကိုးမည်နည်း။ ပြည်တွင်းတွင် ဖြစ်ပေါ်လာသော အရှိန်အဟုန်ကြီးမားလှသည့် နိုင်ငံရေးအုံကြွမှုများအား နိုင်ငံခြားအစိုးရကပါ ထောက်ခံလာသည့်အခါ ၎င်းတို့၏ အကူအညီက အသုံးကျလာလိမ့်မည်။ ဥပမာပြောရမည်ဆိုလျှင် ပြင်ပနိုင်ငံများက အာဏာရှင်အစိုးရကို စီးပွားရေးပိတ်ဆို့ သပိတ်မှောက်လိုက်သည့်အခါ၊ ကုန်တင်ကုန်ချ သင်္ဘောအသွားအလာ ပိတ်ဆို့လိုက်သည့်အခါ၊ သံတမန်အလဲလှယ်မလုပ်ဘဲ နေလိုက်သည့်အခါ၊ သံတမန်ရေးရာ ဖြတ်တောက်လိုက်သည့်အခါ၊ ကုလသမဂ္ဂက ရှုတ်ချလိုက်သည့်အခါ ထိုသို့သောအခါမျိုးတွင်မှ နိုင်ငံတကာ၏ ဖိအားပေးမှု အလွန်အမင်း လိုလာသည်။ သို့သော်ငြားလည်း ပြည်တွင်း၌ အရှိန်အဟုန်ကြီးမားသော အုံကြွမှု၊ နိုင်ငံရေးအန်တုမှုများ မရှိခဲ့လျှင် အဆိုပါနိုင်ငံခြားအကူအညီကို ရလိမ့်မည်မဟုတ်ပေ။

**အမှန်ကို ရင်ဆိုင်ခြင်း**

နောက်ဆုံးပြောရလျှင် အာဏာရှင်စနစ်ကို အမြစ်ပြုတ်အောင်လုပ်ရန် လွယ်သည့်ကိစ္စ မဟုတ်ကြောင်း သတိချပ်သင့်သည်။ အာဏာရှင်စနစ်အား အကျအဆုံးနည်းနည်းနှင့် ထိထိရောက်ရောက် ချုပ်ငြိမ်းစေလိုလျှင် အောက်ပါအချက် လေးချက်အား ချက်ချင်းဆောင်ရွက်ရန်လိုသည်။

❖ အဖိနှိပ်ခံနေရသူ လူထုအား ကိုယ့်ကိုကိုယ် ယုံကြည်အားကိုးတတ်သည့်စိတ်များ တိုးပွားလာအောင် အားပေးရမည်။ ဖွံ့ရှိအောင် တိုက်တွန်းရမည်။ ခုခံအာခံတိုက်ခိုက်ရေးတွင်လည်း ကျွမ်းကျင်လာအောင် သင်ကြားပေးရမည်။
❖ အဖိနှိပ်ခံရသူများ စုပေါင်းဖွဲ့စည်းထားသည့် လွတ်လပ်သော လူမှုအဖွဲ့အစည်းများကို အင်အားကောင်းလာအောင် ကြိုးစားဆောင်ရွက်ပေးရမည်။
❖ အင်အားကြီးမားသည့် ပြည်တွင်းဆန့်ကျင်မှု အင်အားများပေါ်လာအောင် ဖန်တီးပေးရမည်။
❖ လွတ်လပ်ရေးအတွက် ဉာဏ်ပညာ အလိမ္မာနှင့်ယှဉ်သော အဂ္ဂဗျူဟာ တိုက်ပွဲစီမံကိန်းကြီးကို မူချရေးဆွဲပြီး ကျွမ်းကျွမ်းကျင်ကျင် အကောင်အထည်ဖော်နိုင်အောင် အသင့်ပြင်ဆင်ထားရမည်။

လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြရာတွင် ကိုယ့်ကိုကိုယ် အားကိုးတတ်သည့် ပြည်တွင်း အတိုက်အခံအင်အားစု အုပ်စုရှိရမည်။ ၎င်းတို့အင်အားကောင်းလာအောင် ကြိုးစားရမည့်အချိန်လည်း ဖြစ်သည်။ ၁၈၇၉ နှင့် ၁၈၈၀ ခုနှစ်များအတွင်းက အိုင်ယာလန်နိုင်ငံတွင် 'အိမ်ငှားခသပိတ်'ဖြစ်သည့်အခါ Charles Stewart Parnell ဆိုသူက အောက်ပါအတိုင်း ကြေညာခဲ့သည်။

"အစိုးရကို အားကိုးနေလို့ အသုံးမကျ။ ကိုယ့်ကိုကိုယ် ယုံကြည်ကြရမည်။ သို့မှ ကြံ့ကြံ့ခံနိုင်မည်။ အုပ်စုမကွဲအောင် လုပ်ကြ။ မင်းတို့ အုပ်စုထဲက အားပျော့နေသူတွေကို အားတက်လာအောင် အားပေးကြ၊ စုရုံး

ကြ၊ ဖွဲ့စည်းကြ၊ နိုင်ရမည်။

ပြဿနာများ ပြေလည်နိုင်သည့် အခြေအနေရောက်လာပြီဆိုမှသာ ပြဿနာများကို ရှင်းလိုက်မည်။ သည်အချိန် မရောက်မချင်း အလျှော့မပေး။"[၄]

ဆိုခဲ့သည့်အတိုင်း ကိုယ့်ကိုကိုယ်အားကိုးတတ်သည့် စိတ်များလည်း တိုးပွားလာ၊ လူအင်အားလည်း တောင့်တင်း၊ ရန်သူကို ရင်ဆိုင်တိုက်ရန် ပါးနပ်လိမ္မာသော စစ်ဆင်ရေးကိုလည်း နားလည်၊ စည်းကမ်းလည်း သေဝပ်၊ သတ္တိလည်း မနည်းသော စစ်မှန်သည့်အင်အားများ ရှိလာခဲ့သော် တနေ့ကျလျှင် အာဏာရှင်စနစ် ပြုတ်ကျသွားအောင် တိုက်နိုင်ကြလိမ့်မည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သည့် လိုအပ်ချက် လေးချက်ကို အနည်းဆုံး ရအောင်လုပ်ကြရလိမ့်မည်။

အာဏာရှင်တို့ လက်အောက်မှ လွတ်မြောက်ခြင်းကိစ္စသည် ပြည်သူလူထုက မိမိဖာသာမိမိ လွတ်မြောက်အောင်လုပ်နိုင်မည်၊ မလုပ်နိုင်မည်ဆိုသောအချက်ပေါ်မှာ မူတည်သည်။ အထက်တွင် နိုင်ငံရေးအန်တုသည့် နည်းကိုသုံးပြီး အောင်မြင်ခဲ့သည့်အခါများ ရှိခဲ့ကြောင်းကို ရေးသားခဲ့ပြီးပြီ။ အကြမ်းမဖက်သည့်နည်းကိုသုံးပြီး မိမိတို့လိုချင်သည့် နိုင်ငံရေးပန်းတိုင်သို့ ရောက်ခဲ့ကြဖူးကြောင်းကိုလည်း တင်ပြခဲ့ပြီးပြီ။ ၎င်းစံနမူနာများကို သုံးသပ်ပြီး လွတ်လပ်ရေးအတွက် ကိုယ့်အားကို ကိုယ်ကိုးပြီး လုပ်နိုင်သည့်နည်းများ တကယ်ရှိကြောင်းကိုလည်း တင်ပြခဲ့သည်။ သို့သော်လည်း အဆိုပါနည်းလမ်းများ ထိထိရောက်ရောက် ထွန်းကားလာသည်ကို မမြင်ရသေးပါ။ ရှေ့လာမည့်အခန်းများတွင် ထိုအချက်ကို အသေးစိတ် လေ့လာကြမည်။ သို့သော် ရှေးဦးစွာ စေ့စပ်ဆွေးနွေးသည့် နည်းနှင့် အာဏာရှင်စနစ် ချုပ်ငြိမ်းအောင် လုပ်သည့်ကိစ္စကို ဆွေးနွေးကြဦးစို့...။

❖ ❖ ❖ ❖ ❖

၄။ Patrick Sarsfield O' Hegarty, *A History of Ireland Under the Union,* 1880-1922 (London: Methuen, 1952), pp.490-491.

# အခန်း — ၂
# စေ့စပ်ဆွေးနွေးခြင်း၏ အန္တရာယ်များ



အာဏာရှင်စနစ်ကို ထိပ်တိုက်ရင်ဆိုင်ရသည့်အခါ ခက်ခဲနက်နဲသော ပြဿနာများနှင့် ကြုံတွေ့ရတတ်သည်။ (အခန်း(၁)တွင် ဖော်ပြထားသည်)။ ထိုအခါမျိုးတွင် အချို့လူများသည် ဘာမျှမလုပ်နိုင်၊ လက်ပိုက်သာ ကြည့်နေရတော့မည့်ကိန်း ဆိုက်သွားနိုင်သည်။ ကျိုးနွံသွားတတ်ကြသည်။ အချို့ကလည်း ဒီမိုကရေစီရလမ်း မမြင်တော့ပါဘူးဟု ဖြစ်လာတတ်ကြသည်။ အာဏာတည်မြဲနေမည့်ပုံရှိသည့် အာဏာရှင်အစိုးရကို စေ့စပ်ဆွေးနွေးမှဖြစ်တော့မည်ဟု ဆုံးဖြတ်တတ်ကြသည်။ စေ့စပ်ဖျန်ဖြေခြင်း၊ ကျေအေးခြင်း၊ စေ့စပ်ဆွေးနွေးခြင်းတို့ဖြင့် အချို့သောအခွင့်အရေးများကို အဖတ်ဆယ်နိုင်မည်၊ ရက်စက်ကြမ်းကြုတ်မှုများ ပြီးဆုံးသွားစေနိုင်မည်ဟု မျှော်လင့်ထားတတ်ကြသည်။ အပေါ်ယံလောက်သာကြည့်လျှင် လူများက ထိုသို့စိတ်များဖြစ်လာကြသည်မှာ ယုတ္တိရှိပါသည်။ အခြားနည်းလမ်းများအား စဉ်းစား၍ မရသည့်အဆုံး စေ့စပ်ဆွေးနွေးလိုက်သည်ကပင် ကောင်းသယောင်ယောင် ထင်လာကြပါသည်။ ထိုနည်းကို ကြိုက်သလိုလို ဖြစ်လာကြသည်။

အာဏာရှင်စနစ်ကို သေသေချာချာ တကယ်တမ်း တိုက်တော့မည်ဆိုလျှင် စိတ်ချမ်းသာစရာ ရှိတော့မည်မဟုတ်ပါ။ အဘယ်ကြောင့် ထိုသို့တိုက်ရန် လိုလားပါသနည်း။ အဘယ်ကြောင့် လူတွေက စဉ်းစားဉာဏ်သုံးပြီး ရန်သူနှင့်ပြေလည်အောင် ဆွေးနွေးဖို့နည်းလမ်းများကို မရှာကြသနည်း။ စေ့စပ်ဆွေးနွေးပြီး တဖြည်းဖြည်းနှင့် အာဏာရှင်စနစ်ပျောက်သွားအောင် အဘယ်ကြောင့် မလုပ်နိုင်သနည်း။ အာဏာရှင်တို့ သနားညှာတာလာအောင် တောင်းပန်၍ ဖိနှိပ်မှုများ တဆင့်ပြီးတဆင့် လျော့သွားအောင် (သို့မဟုတ်) နောက်ဆုံးတွင် ဒီမိုကရေစီလူ့ဘောင်တည်ဆောက်ရေး လမ်းဖွင့်ပေးလာအောင် လုပ်နိုင်သလော။

အချို့ကမူ ဘက်တဘက်ကသာ အမြဲမှန်သည်မဟုတ်ဟု စောဒကတက်ကြသည်။ "ဒီမိုကရေစီအုပ်စုက အာဏာရှင်တို့ကို အထင်မှားနေခြင်းသာဖြစ်သည်၊ အခြေအနေအရ သူတို့က စေတနာကောင်းနှင့် လုပ်နေကြခြင်း ဖြစ်ကောင်းဖြစ်မည်" စသည်ဖြင့် ပြောတတ်ကြသည်။ သို့တည်းမဟုတ် အာဏာရှင်တွေကို လူထုက အားပေးပြီး အလိမ္မာနှင့်ဖျောင်းဖျလိုက်လျှင် တိုင်းပြည်ဒုက္ခရောက်နေတာကိုကြည့်ပြီး နုတ်ထွက်ပေးချင် ပေးကြမှာပါပဲဟုလည်း ထင်ကြသည်။ နှစ်ဦးနှစ်ဘက် တွေ့ဆုံဆွေးနွေးရာတွင် အကျိုးကျေးဇူး အနည်းနှင့်အများ ရအောင်လုပ်နိုင်လိမ့်မည်ဟူ၍ အာဏာရှင်တို့ကို အရှုံးမရှိနိုင်ကြောင်း မက်လုံးပေး၍ စကားကမ်းလှမ်းရမည်ဟု ဆင်ခြေတက်သူကတက်ကြသည်။ ဒီမိုကရေစီအင်အားစုဘက်က အကြမ်းမဖက်ဘဲ ပဋိပက္ခ ဖြစ်နေသည့်ကိစ္စကို စေ့စပ်ဆွေးနွေးသည့်နည်းဖြင့် ဖြေရှင်းလျှင် ကောင်းသည်။ သို့မှသာ ရေရှည်ဆက်တိုက်ရမည့် ဒုက္ခ၊ ကိုယ်သာ အနာခံနေရတော့မည့် ကိန်းက လွတ်လိမ့်မည်ဟု အကြောင်းပြသည်ကိုလည်း နားလည်ပါသည်။ (စေ့စပ်ဆွေးနွေးသည့်ကိစ္စတွင် ကျွမ်းကျင်သူများ၏ အကူအညီကို ဖြစ်စေ၊ အခြားအစိုးရတို့၏ အကူအညီကိုဖြစ်စေ ယူနိုင်သည်။) ခက်ခက်ခဲခဲ တိုက်မနေဘဲ စေ့စပ်ဆွေးနွေးလိုက်လျှင် ပိုမကောင်းလား။ အကြမ်းမဖက်သည့်နည်းများထက် ဆွေးနွေးသည့်နည်းက ပိုမကောင်းလားဟု ထင်ကြသည်။

**စေ့စပ်ဆွေးနွေးခြင်း၏ အကျိုးကျေးဇူးနှင့် ကျဉ်းမြောင်းချက်များ။**

အချို့သော အတိုက်အခံကိစ္စများကို ဖြေရှင်းရာတွင် စေ့စပ်ဆွေးနွေးသည့်နည်းက အလွန် အသုံးကျပါသည်။ သို့ဖြစ်၍ ၎င်းနည်းကို သုံးသင့်သည့်အခါ သုံးရမည်။ လျစ်လျူမရှုသင့်။ မပယ်သင့်။ ပဋိပက္ခ ဖြစ်နေသည့် ကိစ္စတခုတွင်အရေးကြီးပြီး အခြေခံကျသည့် လိုအပ်ချက်များကို မထိခိုက်လျှင် အခြေအနေအရ အပေး

အယူလုပ်သင့်က လုပ်ရမည်။ ဆွေးနွေးပြီး သဘောတူဆုံးဖြတ်နိုင်သည်။ ဥပမာပြရသော် လုပ်ခတိုးရေးအတွက် သပိတ်မှောက်သည့်ကိစ္စတွင် စေ့စပ်ဆွေးနွေးခြင်းသည် သင့်တင့်လျောက်ပတ်လှသည်။ နှစ်ဖက်စလုံး သူမသာ၊ ကိုယ်မနာ လုပ်ခနှုန်းဆုံးဖြတ်နိုင်သည်။ အလုပ်သမားများ မူလတောင်းဆိုသည့် နှုန်းကိုလဲ မရောက်၊ အလုပ်ရှင်ကပေးလိုသည့်နှုန်းလည်း မဟုတ်၊ အပေးအယူလုပ်လိုက်ပြီး နှစ်ဦးစလုံးကျေနပ်သည့် ကြားသဘောတူညီချက်ကို ရနိုင်သည်။ အလုပ်ရှင်နှင့် တရားဝင်ဖွဲ့စည်းထားသော အလုပ်သမားသမဂ္ဂတို့၏ ပဋိပက္ခဖြစ်သည့် ထိုသို့သော ကိစ္စမျိုးသည် အာဏာရှင်အစိုးရနှင့် ရင်ဆိုင်ရသည့် အခြေအနေနှင့် လားလားမျှ မတူပါ။ ရက်စက်လှသည့် အာဏာရှင်အစိုးရ ဆက်ပြီးအုပ်စိုးမနေရန်နှင့် နိုင်ငံရေးလွတ်လပ်မှု ရှင်သန်ပေါက်ဖွားလာအောင် လုပ်ခြင်းသည် အခြားသော ပဋိပက္ခပုံစံတမျိုး ဖြစ်ပါသည်။

အခြေခံကျသော အကြောင်းအရာများဖြစ်သည့် ဘာသာရေးဆိုင်ရာ သဘောထားများ၊ လွတ်လပ်ခွင့်အရေးကိစ္စများ၊ အနာဂတ်လူ့အဖွဲ့အစည်းတခုလုံး၏ တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများတို့တွင် နှစ်ဦးနှစ်ဖက်စလုံး ကျေနပ်လောက်သည့် အဖြေတခု ရရှိအောင် စေ့စပ်ဆွေးနွေးခြင်းဖြင့် မစွမ်းဆောင်နိုင်ပါ။ အဆိုပါ အရေးကြီးသည့်ကိစ္စများကို အပေးအယူလုပ်၍ စေ့စပ်ဆွေးနွေးရုံနှင့် မပြီး။ ရသင့်ရထိုက်သည့် အခြေခံလိုအပ်ချက်များနှင့် ပတ်သက်ပြီး စကားပြောလျှင် စေ့စပ်ကျေအေး၊ အပေးအယူ မလုပ်သင့်ပေ။ ဒီမိုကရေစီအုပ်စုဘက်သို့ ဩဇာအာဏာလွှဲပြောင်းမှသာ အခြေခံလိုအပ်ချက်များကို ဆုံးရှုံးမသွားအောင် ကာကွယ်ထားနိုင်လိမ့်မည်။ ရုန်းကန် တိုက်ပွဲဝင်မှသာ ဩဇာအာဏာ ကိုယ့်ဘက်ကို ပြောင်းလာမည် ဖြစ်သည်။ စေ့စပ်ဆွေးနွေးခြင်းဖြင့် မရနိုင်။ စေ့စပ်ဆွေးနွေးခြင်းကို ဘယ်သောအခါမှ မလုပ်သင့်ဟု မဆိုလိုပါ။ အတိုက်အခံ ဒီမိုကရေစီအုပ်စုဘက်က အင်အားမပြည့်စုံဘဲ စေ့စပ်ဆွေးနွေးပြီး အာဏာရှင်တို့အား ဖြုတ်ချမည်ဆိုခြင်းသည် ယုတ္တိမရှိလှ။

အာဏာရှင်အစိုးရက စေ့စပ်ဆွေးနွေးသည့်နည်းကို သုံးလိုက်မည်ဟု စဉ်းစားချင်မှ စဉ်းစားမည်။ ခြေကုပ်မြဲနေသော အာဏာရှင်များသည် သူတို့အနေနှင့် ဘာမျှ ပူပန်စရာမရှိ။ လုံခြုံမှုရှိနေကြပြီး အတိုက်အခံ ဒီမိုကရေစီအုပ်စုနှင့် စေ့စပ်ဆွေးနွေးခြင်းမပြုဟု ငြင်းဆန်ကောင်း ငြင်းဆန်ကြလိမ့်မည်။ သို့မဟုတ် စေ့စပ်ဆွေးနွေးမည်ဟု စလိုက်သည်နှင့် ဒီမိုကရေစီအင်အားစုတို့ဘက်က ဆွေးနွေးမည့်သူများ ကြက်ပျောက်ငှက်ပျောက် ပျောက်ဆုံးကုန်ကြပြီး နောက်ထပ် ဘာသံမျှ ထွက်လာတော့မည် မဟုတ်ပေ။

**စေ့စပ်ဆွေးနွေးပြီး လက်နက်ချ အရှုံးပေးမည်လော၊**

အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီး စေ့စပ်ဆွေးနွေးသည့်နည်းကို သဘောကျသည့်သူများသည် သဘောရိုးတော့ ရှိတတ်ပါသည်။ အထူးသဖြင့် ဆိုးသွမ်းရက်စက်လှသည့် အာဏာရှင်အစိုးရကို နှစ်ရှည်လများ စစ်ရေးအရ တိုက်ခိုက်ခဲ့ပြီး အောင်မြင်မှု မရရှိသည့်အခါမျိုးတွင် နိုင်ငံရေးအရ ဆွေးနွေးကာ အနုနည်းနှင့်ချော့ပြီး ငြိမ်းချမ်းရေးရအောင် လုပ်ချင်စိတ်များပေါ်လာတတ်သည်။ ဤအချက်ကို သဘောပေါက် နားလည်ပါသည်။ အာဏာရှင်ဘက်က သိသိသာသာ စစ်တပ်၊ လက်နက်သာလွန်နေပြီး တဘက်အုပ်စုအတွင်း ပျက်စီးဆုံးရှုံးမှုများ များလာသည့်အချိန်အခါမျိုးတွင် စေ့စပ်ဆွေးနွေးရန်ကိစ္စကို ဒီမိုကရေစီအင်အားစုများက စဉ်းစားကြတော့မည်သာ။ မိမိတို့ ရည်မှန်းချက်များအနက် တခုတလေမျှ မဆုံးရှုံးရအောင် လုပ်ဦးမှဟု ထွက်ပေါက်ကို ကြိုးစားရှာသည်။ သို့မှသာ အပြန်အလှန် ငါးပျံတလှည့်၊ ဗုံလုံတလှည့် အပြန်အလှန်တိုက်နေကြရသည့် လက်နက်ကိုင်တိုက်ပွဲကြီးကို အဆုံးသတ်နိုင်တော့မည်ဟု မြင်လာကြသည်။

အာဏာရှင်အစိုးရဘက်က ဒီမိုကရေစီအင်အားစုဘက်သို့ စေ့စပ်ဆွေးနွေးပြီး ငြိမ်းချမ်းရေးပေးမည်ဟု စကားကမ်းလှမ်းခြင်းသည် အမှန်အားဖြင့် ကောက်ကျစ်စဉ်းလဲသော ကလိန်ဉာဏ်ဆင်ချက်သာ ဖြစ်သည်။ ကိုယ့်တိုင်းသူပြည်သား၊ ကိုယ့်လူမျိုးကိုယ် သတ်ဖြတ်နေခြင်းအား ရပ်တန်းက ရပ်လိုက်လျှင် အာဏာရှင်တို့၏ အကြမ်းဖက်ရက်စက်မှုများ ချက်ချင်းရပ်တန့်သွားနိုင်သည်။ အလျှော့အတင်း တခုမှ လုပ်မနေဘဲ ရည်ရွယ်ချက် ကောင်း

ကောင်းဖြင့် သူတို့သဘောနှင့်သူတို့ လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို လေးစားကြောင်းပြနိုင်သည်။ လူ့အခွင့်အရေးများကို ပေးနိုင်သည်။ နိုင်ငံရေးအကျဉ်းသမားများကို လွှတ်ပေးနိုင်သည်။ ညှဉ်းပန်းနှိပ်စက်နေမှုများကို ရပ်တန်းက ရပ်နိုင်သည်။ စစ်ရပ်စဲနိုင်သည်။ အစိုးရတာဝန်မှ နုတ်ထွက်ပေးနိုင်သည်။ လူထုကို ဝန်ချတောင်းပန်နိုင်သည်။

အာဏာရှင်အစိုးရက အင်အားတောင့်တင်းလျက်ရှိသော်လည်း သူတို့ကို ကသိကအောက် ဖြစ်အောင် လုပ်နေသည့် အတိုက်အခံသမားများ ရှိလာသည့်အခါ လက်နက်ချလာအောင် ငြိမ်းချမ်းရေးအတွက်ပါဟု ဟန်ပြပြီး ရန်သူနှင့်ဆွေးနွေးဖို့ စကားကမ်းလှမ်းလာလိမ့်မည်။ ဤသတင်းကို ကြားရသည့်အတွက် ဝမ်းသာစရာတော့ ကောင်းပါသည်။ အားရစရာလည်းဖြစ်သည်။ သို့သော် သတိထားနေကြပေရော့။ ဆွေးနွေးမည့်အခန်းထဲမှာပင် အန္တရာယ်အသွယ်သွယ်တို့က နောက်ကွယ်မှ ချောင်းနေကြမည်သာ။

တဘက်က ကြည့်ကြဦးစို့။ အတိုက်အခံဘက်က သိသိသာသာ အင်အားတောင့်ပြီး အာဏာရှင်အစိုးရအဖို့ အကျဉ်းအကျပ်ထဲ ဆိုက်ရောက်နေသည့်အခါ၊ သို့မဟုတ် ဒုက္ခရောက်တော့မည်ကို စိုးရိမ်လာကြသည့်အခါ စေ့စပ်ဆွေးနွေးရန် စ,ပြောလာကြလိမ့်မည်။ အဘယ်ကြောင့်နည်း။ သူတို့၏ ဩဇာအာဏာနှင့် ပစ္စည်းဥစ္စာတို့ကို တတ်နိုင်သရွေ့ ဆက်လက်ပိုင်ဆိုင်လိုသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးဟုပြောပြော၊ ကြောက်ရွံ့၍ပဲဆိုဆို ဒီမိုကရေစီအင်အားစုသည် အာဏာရှင်အစိုးရကို ၎င်းတို့ ရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် အားမပေးသင့်ပါ။

အာဏာရှင်သည် စေ့စပ်ဆွေးနွေးသည့်လုပ်ငန်းစဉ်အတွင်း ဉာဏ်ဆင်ပြီး အငိုက်ဖမ်းရန် ထောင်ချောက်များ ဆင်ထားတတ်သည့်အချက်ကို ဒီမိုကရေစီအင်အားစုများဘက်က သတိပြုရမည်။ အခြေခံနိုင်ငံရေးကိစ္စများနှင့် ပတ်သက်လာ၍ စေ့စပ်ဆွေးနွေးမည်ဟု ကမ်းလှမ်းခြင်းသည် ဒီမိုကရေစီအင်အားစုများကို အေးအေးဆေးဆေးနှင့် လက်နက်ချအောင် အချိုသတ်လိုက်ခြင်းသာဖြစ်သည်။ တချိန်ထဲမှာပင် သူတို့ဘက်က အကြမ်းဖက်မှုများကို ဆက်လက်ဆောင်ရွက်နေကြပေမည်။ အာဏာရှင်တို့အား အမြစ်ပြတ်ချေမှုန်းပြီးသည့်အခါနှင့် ၎င်းတို့အသက်ဘေးမှ လွတ်အောင် ပြေးပေါက်ရှာနေသော အခါမျိုးတွင်သာ သင့်လျော်သော စေ့စပ်ဆွေးနွေးမှုမျိုး ပေါ်လာနိုင်သည်။

**စေ့စပ်ဆွေးနွေးရာတွင် ဩဇာအာဏာနှင့် တရားမျှတမှုများ။**

စေ့စပ်ဆွေးနွေးမှုဆိုသည့် နည်းလမ်းများကို ယခုလို ပြင်းပြင်းထန်ထန် စီစစ်ဝေဖန်လိုက်ခြင်းကို အချို့က ပြင်းထန်လှပါလားဟု ပြောကြလိမ့်မည်။ ယင်းသို့ဆိုလျှင် စေ့စပ်ဆွေးနွေးသည့်နည်းအပေါ် စိတ်ကူးယဉ်နေကြသူများကိုလည်း ၎င်းနည်းကို သိပ်အထင်ကြီးမနေကြပါနှင့်၊ တော်ရုံလောက်သာ ကောင်းပါသည်ဟု ပြောချင်ပါသည်။ စေ့စပ်ဆွေးနွေးခြင်းဆိုသည်မှာ မည်သို့မည်ပုံဖြစ်တတ်သည်ကို ရှင်းရှင်းလင်းလင်းနှင့် စဉ်းစားကြရန် လိုပါသည်။

စေ့စပ်ဆွေးနွေးခြင်းဆိုသည်မှာ အာဏာအင်အားညီမျှနေသည့် ဘက်နှစ်ဘက် ထိုင်ပြီး အပြန်အလှန် စကားပြောနေကြသည့် ကိစ္စမဟုတ်။ နှစ်ဘက်အကြား ပဋိပက္ခဖြစ်ပေါ်စေသည့် မတူညီချက်များကို ဖြေရှင်းခြင်းလည်း မဟုတ်ပေ။ မှတ်သားသတိပြုရန် အချက်နှစ်ချက်မှာ...

(၁) စေ့စပ်ဆွေးနွေးခြင်းသည် အတိုက်အခံဖြစ်နေသည့်ကိစ္စတွင် မည်သူ့ဘက်က ယူဆချက်၊ လိုလားချက်တွေက တရားမျှတသည်၊ မည်သူ့ဘက်ကတော့ မတရားသည်တို့ကို အခြေခံထားပြီး ပေါ်ပေါက်လာခြင်း မဟုတ်။

(၂) မည်သည့်ဘက်က ဩဇာအာဏာကို ပိုသုံးနိုင်သည်ဆိုသည့်အချက်က အရေးကြီးသည်။ ၎င်းအချက်အပေါ်မူတည်ပြီး ဘာတွေကို သဘောတူမည်ဟု ဆုံးဖြတ်ခြင်းဖြစ်သည်။

အခြားစဉ်းစားရမည့် အချက်တွေရှိသေးသည်။ စေ့စပ်ဆွေးနွေးပြီး တဘက်က ကိုယ့်လိုလားချက်များကို မပေးနိုင်ဟု ငြင်းဆန်လျှင် ရှေ့ကို ဘာဆက်လုပ်ကြမည်နည်း။ ကောင်းပြီ။ သဘောတူချက် ရခဲ့ပြီးမှ တဘက်က ကတိမတည်။ သစ္စာဖောက်ပြီး လက်နက်အားကိုးနှင့် သူတို့လိုချင်တာများရအောင် အတင်းအဓမ္မလုပ်လာခဲ့သော် ဘာလုပ်မည်နည်း။

စေ့စပ်ဆွေးနွေးရာတွင် မည်သည့်လိုလားချက်တွေက မှန်သည်။ မည်သည်ကတော့ မှားသည် စသည်တို့ကို အကဲဖြတ်ပြီးမှ သဘောတူပြေလည်သွားကြသည် မဟုတ်ပါ။ မှန်သည်၊ မှားသည်ကို အကျယ်တဝင့်တော့ ဆွေးနွေးကြလိမ့်မည်။ သို့သော် အငြင်းပွားနေကြသည့် ဘက်နှစ်ဘက်တွင် ဘယ်ဘက်က ဩဇာအာဏာကို ပိုသုံးနိုင်သည်ဆိုသောအချက်ကို မူတည်ပြီး ပြေလည်သွားတတ်ကြမြဲပင်။ ဒီမိုကရေစီဘက်က မိမိတို့ တောင်းဆိုသည့် အချက်များအနက် အနိမ့်ဆုံးလိုလားချက်များကိုရအောင် ဘယ်လိုလုပ်ကြမည်နည်း။ အာဏာရှင်အစိုးရကလည်း ၎င်းတို့ဆက်လက်ပြီး အုပ်ချုပ်နိုင်အောင် ဒီမိုကရေစီအင်အားစုတို့၏ အတိုက်အခံများ လျော့ပါးသွားအောင် ဘာတွေလုပ်နိုင်သနည်း။ တနည်းအားဖြင့်ပြောရလျှင် သဘောတူပြေလည်သွားကြပြီဆိုခြင်းမှာ ပထမဦးဆုံး ဘက်နှစ်ဘက်စလုံး တဘက်နှင့်တဘက် အာဏာအင်အားကို မည်မျှသုံးနိုင်သည်ကို ကြည့်သည်။ ထို့နောက် ရှေ့ဆက်တိုက်နေလျှင်လည်း ဘယ်ကမ်းဆိုက်မည် စသည်ဖြင့် ရှေ့ရေးကိုလည်း စဉ်းစားသည်။ ပြီးမှ သဘောတူမတူ စဉ်းစားခြင်းဖြစ်သည်။

သဘောတူ ပြေလည်သွားကြသည့်ကိစ္စတွင် မည်သည့်ဘက်က မည်သည့်တောင်းဆိုချက်များကို လက်လွှတ်ခံနိုင်သည် ဆိုသည့်အချက်ကိုလည်း ဂရုစိုက်ရမည်။ စေ့စပ်ဆွေးနွေးမှု အောင်မြင်သွားကြသည့် အခါများတွင် ကိုယ့်ဘက်သူ့ဘက် အပေးအယူ ညှိနှိုင်းမှုရှိသည်။ ထိုအခါမျိုးသည် သဘောကွဲလွဲမှုများကို ခွဲချလိုက်ပြီး စေ့စပ်ကြသည့် ဘက်နှစ်ဘက်စလုံး မိမိတို့တောင်းဆိုသည့် လိုလားချက်များ တချို့တဝက်ရလိုက်သလို၊ တချို့လိုလားချက်များကိုလည်း လက်လွှတ်လိုက်ရခြင်းအားဖြင့် ပြေလည်ခြင်းမျိုးဖြစ်သည်။

အလွန်အမင်းဆိုးဝါးလှသည့် အာဏာရှင်များနှင့် စေ့စပ်စကားပြောရသည့်အခါ ဒီမိုကရေစီအင်အားစုများက မည်သည့်တောင်းဆိုချက်များကို လက်လွှတ်မည်နည်း။ အာဏာရှင်တို့ လိုချင်သည့် အချက်များထဲမှ မည်သည့်အချက်များကို လက်ခံနိုင်မည်နည်း။ အစိုးရသစ်ဖွဲ့သည့်အခါ ဒီမိုကရေစီ အင်အားစုတို့က အာဏာရှင်တို့၏ အတိုက်အခံပါတီ၊ စစ်အစိုးရ စသည်တို့အား ဖွဲ့စည်းပုံအခြေခံဥပဒေအရ အမြဲတမ်း ရာထူးနေရာများ ပေးမည်လော။ ထိုသို့ပေးလျှင် ဒီမိုကရေစီဟုတ်ပါဦးမည်လော။

စေ့စပ်ဆွေးနွေးပြီး အလုံးစုံပြေလည်သွားကြပြီဟု ဆိုကြပါဦး။ မေးစရာတခု ကျန်ပါသေးသည်။ အကယ်၍ ဒီမိုကရေစီအင်အားစုအနေဖြင့် ဆက်လက်တိုက်ပွဲဝင်နေရလျှင် (သို့မဟုတ်) အသစ်တဖန် ပြန်လည်တိုက်ပွဲစတင်ရဦးမည်ဆိုလျှင် ပြည်သူတို့၏ဘဝ ပို၍ကောင်းမည်လော။ ပိုဆိုးမည်လော။

**လိုက်လျောတတ်သည့် အာဏာရှင်များ၊**

အာဏာရှင်များသည် ရည်ရွယ်ချက် စိတ်ကူးအမျိုးမျိုးနှင့် တိုင်းသူပြည်သားတို့ကို ချုပ်ကိုင်ထားခြင်းဖြစ်သည်။ အာဏာ၊ ရာထူး၊ ပစ္စည်းဥစ္စာ စသည်တို့ကို အပိုင်စီးချင်ကြ၍သော်၎င်း၊ လူနေမှုစနစ်ကို တမျိုးတမည် ဖန်တီးပေးချင်ကြ၍သော်၎င်း ဗိုလ်လုပ်နေကြခြင်းဖြစ်သည်။ သို့ဖြစ်၍ သူတို့ဘက်ကကြည့်လျှင် လက်ထဲရောက်နေသည့် အခွင့်အရေးများကို စွန့်လွှတ်လိုက်ရမည်ဆိုလျှင် သူတို့၏ မျှော်မှန်းချက်များ သဲထဲရေသွန် ဖြစ်သွားပေတော့မည်။ ဤအချက်ကို မိမိတို့သိရမည်။ စေ့စပ်ဆွေးနွေးသည့်တိုင်အောင် အာဏာရှင်များသည် ၎င်းတို့၏ အခွင့်အရေးများ၊ မျှော်မှန်းချက်များ စသည်တို့ကို လက်လွှတ်မသွားအောင် လုပ်ကြလိမ့်မည်။

စေ့စပ်ဆွေးနွေးပြီး ရရှိသည့် သဘောတူညီချက်များထဲတွင် အာဏာရှင်တို့ပေးတတ်သော ကတိများကို သတိပြုရန်လိုသည်။ အာဏာရှင်တို့မည်သည့် အတိုက်အခံ ဒီမိုကရေစီအုပ်စုဘက်က တိုးလျှိုးတောင်းပန်

အညံ့ခံလာရေးအတွက် ပေးချင်သည့်ကတိကို ပေးလိုက်လိမ့်မည်။ နောက်မှ မျက်နှာပြောင်တိုက်ပြီး လုပ်ချင်ရာ လုပ်၍ သဘောတူပြီးသား ကတိများကိုလည်း ဖောက်ဖျက်ကြလိမ့်မည်။

အကယ်၍ ဒီမိုကရေစီဘက်သားများက ဖိနှိပ်ချုပ်ချယ်ထားသည့်လက်အောက်မှ လွတ်မြောက်လို၍ အာခံမတိုက်တော့ဘူးဆိုပြီး သဘောတူလိုက်ခဲ့သော် မှားကြဖို့ရန်သာရှိတော့သည်။ အတိုက်အခံပြုမှု ရပ်စဲလိုက်သည့်အတွက် ဖိနှိပ်ချုပ်ချယ်ခြင်း လျော့သွားရိုး မရှိပေ။ ပြည်တွင်းနှင့် နိုင်ငံတကာ အတိုက်အခံအင်အားစုတို့၏ ဟန့်တားမှုများ မရှိတော့သည့်အခါ ဤအာဏာရှင်တို့သည် ပြည်သူတို့အပေါ် ယခင်ကထက်ပိုပြီး ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်လာလိမ့်မည်။ လူထုအားပေးထောက်ခံသော တော်လှန်ရေးကျဆုံးသွားလျှင် သူတို့အတွက် အင်အားပြိုင် အာခံမည့်သူတွေလည်း မရှိတော့ပေ။ သူတို့နှင့် နင်လားငါလား ဩဇာအာဏာပြိုင်မည့်သူတွေရှိနေမှသာ သူတို့၏ ရက်စက်ကြမ်းကြုတ်ဖိနှိပ်မှုများကို တနည်းအားဖြင့် ထိန်းထားနိုင်သေးသည်။ ပြိုင်ဘက်မရှိသည့်အခါ အာဏာရှင်များသည် သူတို့ နှိပ်စက်ချင်သူများကို လိုက်နှိပ်စက်နေတော့မည်သာ။ အဘယ်ကြောင့်ဆိုသော် "မင်းဆိုးမင်းညစ်များသည် တော်လှန်ဆန့်ကျင်အား မရှိသည့်သူများကိုသာ ဒုက္ခပေးနိုင်အားရှိသည်"ဟု ကရစ်ရှနာလက် ရှရီဒါရီနီက ရေးခဲ့ဘူးသည်။[၁]

အခြေခံလိုအပ်ချက်ပြဿနာများကို ထိခိုက်လာသည့် ပဋိပက္ခမျိုးတွင် တော်လှန်ရေးအုံကြွမှုများ မရှိမဖြစ်လိုအပ်သည်။ စေ့စပ်ဆွေးနွေးနေ၍ မဖြစ်။ ဖြစ်ရပ်တော်တော်များများတွင် အာဏာရှင်တို့ကို ဖြုတ်ချနိုင်ဖို့ တော်လှန်ရေးအုံကြွမှုများ ဆက်လက်လုပ်ကြရမည်။ များသောအားဖြင့် စေ့စပ်ဆွေးနွေးပြီး ပြေလည်သွားသည့် အဖြစ်ကြောင့် အနိုင်ရလိုက်ပြီဟု မဆိုနိုင်ပါ။ မိမိတို့တတ်နိုင်သမျှ အသင့်လျော်ဆုံး၊ အကောင်းဆုံး၊ အရာအရောက်ဆုံးသော တော်လှန်ရေးနည်းများကို ရှာကြံရမည်။ ၎င်းနည်းများကို အသိဉာဏ်နှင့် လိမ္မာစွာအသုံးပြုပြီး တော်လှန်အုံကြွမှုများ လုပ်ခြင်းကြောင့် အနိုင်ရခြင်းဖြစ်သည်။ သို့ဖြစ်၍ လွတ်လပ်မှုကိုရလို၍ တိုက်ပွဲဝင်ကြရသူများအဖို့ အထိရောက်ဆုံးနည်းသည် နိုင်ငံရေးအန်တုမှု (သို့မဟုတ်) အကြမ်းမဖက်သည့် အုံကြွမှုများသာဖြစ်သည်ဟု ရဲရဲဝံ့ဝံ့ အဆိုတင်သွင်းလိုက်ပါသည်။ အဆိုပါနည်းများကို ရှေ့လာမည့်အခန်းများတွင် အသေးစိတ်တင်ပြပါမည်။

**ဘယ်လိုငြိမ်းချမ်းရေးမျိုးလဲ၊**

အကယ်၍ အာဏာရှင်အစိုးရနှင့် ဒီမိုကရေစီအင်အားစုတို့ ငြိမ်းချမ်းရေးအကြောင်း စကားပြောကြပြီဆိုကြပါဦး၊ ခေါင်းရှင်းရှင်းထားပြီး စဉ်းစားကြဖို့လိုသည်။ မစဉ်းစားလျှင် ဒုက္ခရောက်သွားနိုင်သည်။ ငြိမ်းချမ်းရေးဆိုသည့်စကားကို သုံးစွဲလာတိုင်း လွတ်လပ်ပြီး တရားမျှတသည့် ငြိမ်းချမ်းရေးမျိုးကို ဆိုလိုသည်မဟုတ်။ ပြည်သူလူထု ထောင်သောင်းများစွာတို့အပေါ် ရက်စက်ယုတ်မာခဲ့သည့် အာဏာရှင်အစိုးရတို့၏ ဖိနှိပ်ချုပ်ချယ်မှုကို စောဒကမတက်၊ အညံ့ခံသွားခြင်းသည် ငြိမ်းချမ်းရေး အစစ်အမှန်မဟုတ်။ ဟစ်တလာလည်း ငြိမ်းချမ်းရေးစကားကို မကြာခဏ ပြောခဲ့ဖူးသူတယောက်ဖြစ်သည်။ သို့သော် အမှန်တကယ်ငြိမ်းချမ်းရေးထက် သူ့ဆန္ဒအတိုင်း အညံ့ခံရန် ဆိုလိုခြင်းသာဖြစ်သည်။ အာဏာရှင်တို့ ပါးစပ်ကထွက်လာသည့် ငြိမ်းချမ်းရေးဆိုသည်မှာ အခြားမဟုတ်။ အကျဉ်းထောင်၊ သုသာန်ဂူထဲမှာရှိသည့် ငြိမ်းချမ်းရေးနှင့် ထူးမခြားနားသာပင်ဖြစ်သည်။

ရှိသေးသည်။ အခြားအန္တရာယ်များကို ပြောရဦးမည်။ စေ့စပ်ဆွေးနွေးသူတို့သည် စေ့စပ်ဆွေးနွေးပွဲကို စေတနာကောင်းနှင့်လုပ်ကြစေကာမူ တခါတရံ ဘယ်လိုလားချက်များကို ဘယ်လိုဆွေးနွေးနေကြမှန်းမသိ။ မရှင်းမလင်းဖြစ်သွားတတ်သည်။ တိုင်းပြည်အား မတရားသိမ်းပိုက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုမျိုးစုံ ကျူးလွန်ထားသော အာဏာရှင်ကို ပြည်တွင်းအင်အားစုနှင့် နိုင်ငံတကာတို့က တရားဝင် အသိ

---

၁။ Krishnalal Shridharani, *War Without Violence: A Study of Gandhi's Method and Its Accomplishment*. New York: Harcourt, Brace, 1939, and reprint New York and London:Garland Publishinf, 1972), p.260.

အမှတ် မပြုခဲ့ကြပေ။ သို့သော် ပြည်တွင်းအင်အားစုများနှင့် နိုင်ငံခြားမှ စေ့စပ်ဆွေးနွေးသူများက ထိုအာဏာရှင်တို့နှင့် စေ့စပ်ဆွေးနွေးရန် လက်ခံလိုက်ခြင်းသည် ထိုတချက်ထဲနှင့်ပင် ၎င်းတို့အပေါ် တရားဝင် အသိအမှတ်ပြုရာ ရောက်သွားသည်။ ကိုယ့်တိုင်းပြည်တွင်သာမက နိုင်ငံတကာအလယ်မှာပင် တရားဝင်အစိုးရအဖြစ် ရောက်သွားလေပြီ။ ၎င်းတို့အငမ်းမရ လိုလားနေသော တရားဝင်အစိုးရအဖြစ်ကိုမရောက်ဘဲ အာဏာရှင်များသည် အချိန်အကန့်အသတ်မရှိ ဆက်လက်ကြီးစိုး၍ မရနိုင်။ သို့ဖြစ်၍ ငြိမ်းချမ်းရေးစကားပြောပြီး အာဏာရှင်များအား တရားဝင်အစိုးရဖြစ်သွားအောင် လုပ်မပေးသင့်။

**မျှော်လင့်ချက်ရှိဖွယ်ရာ အကြောင်းများ။**

အထက်တွင်ပြောခဲ့သည့်အတိုင်း အတိုက်အခံ ဒီမိုကရေစီအင်အားစုများသည် တော်လှန်ရေးတိုက်ပွဲတွင် မျှော်လင့်ချက်ဆိတ်သုဉ်းလာကာ နောက်ဆုံးဘာမျှမတတ်နိုင်တော့ဘဲ စေ့စပ်ဆွေးနွေးလိုက်တော့မည်ဟုသာ ဆုံးဖြတ်တတ်ကြသည်။ သို့သော် အားမလျှော့သင့်။ အားလျှော့သွားတတ်သည့်စိတ်ကို ပြောင်းပစ်ရမည်။ အာဏာရှင်စနစ်သည် မတည်မြဲ။ အာဏာရှင်တို့လက်အောက် ရောက်နေကြရသည့်သူများမှာလည်း အမြဲတမ်း အင်အားမဲ့၊ ခြေကုန်လက်ပန်းကျ ဖြစ်မနေနိုင်။ အာဏာရှင်တို့ကိုလည်း အချိန် အကန့်အသတ်မရှိ စိုးမိုးအုပ်ချုပ် မင်းလုပ်ခွင့် မပေးသင့်။ အရစ္စတိုတယ်က "အာဏာရှင်နှင့် မင်းဆိုး မင်းညစ်တို့သည် အခြေခံအုပ်ချုပ်ရေးဥပဒေထက် သက်တမ်းတိုသည်၊ ဘယ်ကိုကြည့်ကြည့် မင်းဆိုး မင်းညစ်များမှာ ကြာကြာမခံ"[၂] ဟု ရှေးကပြောခဲ့ဘူးပါသည်။ ယခုခေတ်ရှိ အာဏာရှင်များသည်လည်း ပျော့ကွက်ကင်းသူများ မဟုတ်။ သူတို့၏ပျော့ကွက်များမှာ ပိုမို၍ပင် ဆိုးဝါးလာနိုင်ပါသည်။ သူတို့၏ဩဇာအာဏာကို ချေမှုန်းပစ်နိုင်သည်။ (အခန်းလေးတွင် အာဏာရှင်တို့၏ ပျော့ကွက်များကို အသေးစိတ် တင်ပြပါမည်။)

မကြာမီက ကမ္ဘာအနှံ့ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များကိုကြည့်ပြီး အာဏာရှင်တို့တွင် ပျော့ကွက်များရှိကြောင်း၊ ဘေးရန်ကင်းမဲ့သူများမဟုတ်ကြောင်း သိနိုင်သည်။ သူတို့တွေကို ချေမှုန်းပစ်ရန် ကြာကြာလုပ်နေစရာမလို။ ၁၉၈၀–၁၉၉၀ ခုနှစ်များအတွင်းက ပိုလန်နိုင်ငံတွင် ကွန်မြူနစ်အာဏာရှင်များ ပြုတ်ကျအောင် ဆယ်နှစ်ကြာ တိုက်ပွဲဝင်ခဲ့ရသည်။ သို့သော် အရှေ့ဂျာမနီနှင့် ချက်ကိုစလိုဗေးကီးယားနိုင်ငံများတွင်မူ ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် အာဏာရှင်တို့ ပြုတ်ကျသွားခဲ့ပါသည်။ ၁၉၄၄ ခုနှစ်က အယ်လ်ဆာဗေးဒိုးနှင့် ဂွာတီမာလာနိုင်ငံများတွင် ခြေကုပ်မြဲနေသော စစ်အာဏာရှင်အစိုးရကို ဆယ့်လေးရက်အတွင်းမှာပင် ဖြုတ်ချလိုက်နိုင်ကြသည်။ အီရန်နိုင်ငံတွင် စစ်တပ်အင်အားနှင့် အုပ်ချုပ်ခဲ့ဖူးသည့် ရှားဘုရင်ကို လပိုင်းအတွင်းမှာပင် ဖြုတ်ချလိုက်နိုင်သည်။ ၁၉၈၆ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံတွင် လူထုအုံကြွမှုအင်အားကို မခံနိုင်၍ အာဏာရှင်မားကိုးစ်မှာ ရက်အနည်းငယ်အတွင်းမှာပင် ပြုတ်ကျသွားခဲ့သည်။ အတိုက်အခံလူထုဘက်က အင်အားတောင့်လာသည်ကို ထင်ထင်ရှားရှားသိမြင်လာသည့် အမေရိကန်အစိုးရက မားကိုးစ်ကို လှည့်၍ပင် မကြည့်တော့။ ၁၉၉၁ ခုနှစ်က ဆိုဗီယက်နိုင်ငံတွင် အကြမ်းဖက်သည့်အုပ်စုမှ အာဏာသိမ်းရန် ကြိုးစားသည့် အရေးအခင်းတွင်လည်း ဆိုဗီယက်ပြည်သူတို့က နိုင်ငံရေးအန်တုသည့်နည်းကို သုံးပြီး တားဆီးလိုက်နိုင်ကြသည်။ သည့်နောက်တွင်လည်း ဆိုဗီယက်တို့ လွှမ်းမိုးထားသော နယ်မြေအများအပြားတို့သည် နေ့ချင်းညချင်းအတွင်း လွတ်လပ်ရေးပန်းတိုင်သို့ ရောက်ရှိသွားကြသည်။

လက်နက်အင်အားသုံးပြီး အကြမ်းနည်းနှင့်တိုက်လျှင် မြန်မြန်ကိစ္စပြီးသည်။ အကြမ်းမဖက်ဘဲ တိုက်လျှင် အချိန်ကုန်သည်ဟုဆိုခဲ့သည့် ရှေးအယူအဆများမှာ အဓိပ္ပာယ်မရှိလှပါ။ လူနေမှုစနစ် တိုးတက်ကောင်းမွန်လာအောင် အပြောင်းအလွဲများလုပ်ဖို့ အချိန်လိုမည်ဖြစ်သော်လည်း အကြမ်းမဖက်သည့်နည်းများကို အသုံးပြုပြီး

[၂]။ Aristotle, *The Politics*, transl. by T. A. Sinclair (Harmondsworth, Middlesex, England and Baltimore, Maryland: Penguin Books 1876 [1962]), Book V, Chapter 12, pp.321 and 232.

အာဏာရှင်များကို တကယ်တမ်းတိုက်ထုတ်ပစ်ဖို့အချိန်မှာ ထင်သလောက် မကြာပါ။

တဘက်က အပြုတ်တိုက်၊ တဘက်က အရှုံးပေးလက်နက်ချ၊ 'ငါးပျံတလှည့် ဗုံလုံ့တလှည့်' ဆက်,ဆက်ပြီး ဖြစ်နေသည့်ကိစ္စကို စေ့စပ်ဆွေးနွေးသည့် နည်းတမျိုးတည်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု မထင်ကြပါနှင့်။ ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုနှစ်မျိုးစလုံးကို လိုချင်လျှင် ပြောခဲ့ပြီးသော ဖြစ်ရပ်ဥပမာများနှင့် အခန်းတစ်တွင် တင်ပြခဲ့ပြီးသော သက်သေသာဓကများကိုကြည့်ပြီး တခြားနည်းလမ်းရှိသေးကြောင်း သိနိုင်ပါသည်။ ဘယ်နည်းလမ်းဖြစ်ပါသနည်း။ အခြားမဟုတ်။ နိုင်ငံရေးအန်တုမှုကို ဆိုလိုပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း – ၃
# အာဏာကို ဘယ်ကရသနည်း

လွတ်လပ်မှုနှင့် ဒွန်တွဲနေသည့် ငြိမ်းချမ်းရေးရရန် မလွယ်ကူပါ။ အသိဉာဏ်နှင့်ယှဉ်ကာ အစီအစဉ်များ၊ ပြင်ဆင်မှုများကို ကျွမ်းကျင်စွာ ချမှတ်ထားရမည်။ အဖွဲ့အစည်းရှိရမည်။ ဗျူဟာမြောက် စီမံကိန်းများ ရေးဆွဲရမည်။ ဒီမိုကရေစီအင်အားစုများသည် မိမိတို့ ဩဇာအာဏာများကို ထိရောက်စွာ အသုံးမပြုတတ်လျှင် အာဏာ ရှင်အစိုးရကို ဖြုတ်ချနိုင်လိမ့်မည်ဟု မမျှော်လင့်နိုင်။ နိုင်ငံရေးလွတ်လပ်မှု တည်မြဲအောင်လည်း မတတ်နိုင် ဖြစ်ကြလိမ့်မည်။

မည်သို့ဖြစ်နိုင်သည်ကို စဉ်းစားကြစို့။ အာဏာရှင်စနစ်နှင့် အာဏာရှင်အစိုးရတို့၏ အဓိက အသိုင်းအဝိုင်းများဖြစ်သော စစ်တပ်၊ ရဲ စသည်တို့ ပျက်စီးပြိုကွဲသွားလောက်သည့် အခြေအနေမျိုးရောက်စေရန် ဒီမိုကရေစီအင်အားစုများအတွက် မည်သို့သော ဩဇာအာဏာများ လိုအပ်ပါသနည်း။ နိုင်ငံရေးအာဏာဆိုသည်မှာ ဘာကိုဆိုလိုသည်ကို နားမလည်ကြ၍ အဖြေမှန်ကိုမသိ။ နိုင်ငံရေးအာဏာအကြောင်းကို ထိုးထွင်းသိရှိ နားလည်လာအောင် လုပ်ဖို့မခက်ပါ။ ရှင်းရှင်းလေးသာ ဖြစ်ပါသည်။

**မျောက်ဆရာပုံပြင်၊**

ဆယ့်လေးရာစုနှစ်က လူကျိ (Liu-Ji) ဆိုသော တရုတ်ပညာရှင်တဦး ရေးသားခဲ့သည့် တရုတ်ပုံပြင်ကလေးထဲတွင် အချို့လူများသည် နိုင်ငံရေးအာဏာကို နားလည်လာအောင် မကြိုးစားဘဲ လျစ်လျူရှုထားတတ်သည်ကို အောက်ပါအတိုင်း တင်ပြထားခဲ့ပါသည်။[၁]

ချူး (Chu) ဆိုသည့် ပြည်နယ်တခုတွင် အဘိုးအိုတယောက်ရှိသည်။ သူက မျောက်များကို အခိုင်းအစေအဖြစ် မွေးထားပြီး အသက်မွေးသည်။ လူများက သူ့ကို ဂျူဂွန်း(မျောက်ဆရာ)ဟု ခေါ်ကြသည်။

ထိုအဘိုးအိုသည် မျောက်များကို နံနက်တိုင်း သူ့အိမ်ဝင်းအတွင်း စုဝေးစေပြီး မျောက်အကြီးဆုံးတကောင်ကို "မင်းကခေါင်းဆောင်ပြီး အခြားမျောက်တွေနဲ့ တောင်ပေါ်ကိုသွား၊ အဲဒီသစ်ပင်ချုံနွယ်တွေက အသီးအနှံတွေကို ခူးခဲ့" ဟု အမိန့်ပေးသည်။ မျောက်တကောင်ချင်း ခူး၍ရသော သစ်သီးများထဲမှ ဆယ်ပုံတစ်ပုံကို အဘိုးကြီးအား ပေးရမည်ဟု စည်းကမ်းသတ်မှတ်ထားသည်။ အကယ်၍ မပေးဘဲနေလျှင် မသနား‚မညှာတာဘဲ အားလုံးကို ရိုက်မည်ဟု ခြိမ်းခြောက်ထားသည်။ မျောက်များအားလုံးက ကြောက်ကြ၍ ဘာမျှမပြောရဲကြပေ။ အဖိုးကြီး၏ ဗိုလ်ကျမှုကို သေလုအောင် ခံကြရသည်။

တနေ့သောအခါ မျောက်ငယ်လေးတကောင်က ကျန်မျောက်အုပ်ကို "ဒီသစ်ပင်တွေဟာ အဘိုးကြီးစိုက်ထားတာလား"ဟုမေးသည်။ ထိုအခါ ကျန်သည့်မျောက်များက "သူမစိုက်ပါဘူး၊ သဘာဝအလျောက်ပေါက်နေတဲ့ အပင်တွေပါ"ဟု ပြန်ပြောကြသည်။ မျောက်ကလေးက ဆက်ပြီး "ကဲ၊ ဒီလိုဆိုရင် အဘိုးကြီးကို ခွင့်တောင်းမနေဘဲ ကျုပ်တို့တတွေ သစ်သီးသစ်နှံတွေကို ကိုယ့်ဘာသာကိုယ် သွားခူးလို့မရဘူးလား"ဟု မေးလိုက်သည်။

---

၁။ ဤပုံပြင်သည် တရုတ်လူမျိုး Liu Ji (1311-1375) ဆိုသူက *Yu-li-zi* (၎င်း၏ အမည်ကွဲတခု) ဆိုသည့် စာအုပ်တွင်ရေးသားခဲ့သော "လှည့်ဖျား၍ အုပ်ချုပ်ခြင်း"ဟု အမည်ရှိသည့် ပုံပြင်ဖြစ်သည်။ Sidney Tai ဆိုသူက ဘာသာပြန်ခဲ့ပြီး *Nonvilent Sanctions: News from the Albert Einstein Institution* (Canbridge, Mass), Vol.IV, No.3 (Winter 1992©1993),p.3.တွင် ပုံနှိပ်ဖော်ပြခဲ့ပြီး ဖြစ်သည်။

မျောက်တွေက "ဟုတ်သားပဲ၊ ကျုပ်တို့အားလုံး ရှုံးနိုင်တာပေါ့"ဟု ဖြေသည်။ မျောက်ကလေးကဆက်ပြီး "ဒီလိုဆိုရင် ကျွန်တော်တို့ ဒီအဘိုးကြီးကို ဘာလို့ မှီခိုနေရမှာလဲ၊ ဘာလို့ သူခိုင်းတာတွေ လုပ်ကြရမှာလဲ"ဟု ပြောလိုက်သည်။ မျောက်ကလေးက ထိုသို့ ပြော၍မဆုံးမီပင် မျောက်များအားလုံး ချက်ချင်းသဘောပေါက်သွားကြသည်။

ထိုညမှာပင် အဘိုးကြီးအိပ်မောကျသွားသည့်အခါ မျောက်များက သူတို့ကိုပိတ်လှောင်ထားသည့် ခြံစည်းရိုးများကို ဖျက်ဆီးပစ်လိုက်ကြသည်။ အဘိုးကြီးသိမ်းထားသော သစ်သီးများအားလုံးကို ယူပြီး တောထဲသို့ ထွက်ပြေးသွားကြလေတော့သည်။ အဘိုးကြီးထံ ဘယ်တော့မှ ပြန်မသွားကြတော့ပေ။ နောက်ဆုံးတွင် အဘိုးကြီးမှာလည်း အစာငတ်ပြီး သေဆုံးသွားလေတော့သည်။

ထိုပုံပြင်နှင့်ပတ်သက်၍ တရုတ်ပညာရှင် ယူလီဇီက "ဒီလောကကြီးမှာ အချို့လူတွေဟာ လူပေါ်လူဇော်လုပ်ပြီး လိမ်လည်လှည့်စားကာ မိုလ်လုပ်ကြတယ်၊ သမာသမတ်တရားနဲ့ အုပ်ချုပ်နေကြတာ မဟုတ်၊ ဒီလိုလူတွေဟာ အခုပြောခဲ့တဲ့ မျောက်ဆရာနဲ့ မတူဘူးလား၊ သူတို့လိုလူတွေဟာ ကိုယ့်ကိုကိုယ် ဘယ်လောက်ဉာဏ်တုံးတဲ့ သူတွေမှန်း မသိကြရှာသလား၊ သူတို့ လက်အောက်ကလူတွေ တနေ့ မျက်စိပွင့်လာရင် သူတို့ရဲ့အလိမ်အညာတွေကို ဘယ်လိုမှ ဆက်သုံးလို့ရတော့မှာ မဟုတ်ဘူး"ဟု ဆိုခဲ့သည်။

**နိုင်ငံရေးအာဏာ ရရှိရန် အခြေခံလိုအပ်ချက်များ၊**

လူအများသိထားရန်လိုသည်မှာ ရိုးရိုးရှင်းရှင်းပင်ဖြစ်သည်။ အာဏာရှင်များသည် တိုင်းသူပြည်သားများ၏ အကူအညီကိုလိုသည်။ အကူအညီပေးမည့်သူ မရှိလျှင် သူတို့၏အာဏာကို ဆက်ပြီး ထိန်းမထားနိုင်။ တည်မြဲအောင်လည်း မလုပ်နိုင်တော့ပေ။ ဤသဘောတရားကို မှတ်ထားကြရမည်။ အာဏာရှင်အစိုးရများ နိုင်ငံရေးအာဏာကို ရရှိနိုင်သည့် ဇစ်မြစ်များတွင် အောက်ပါအချက်များပါဝင်သည်။

- **သြဇာတိက္ကမ။** ။ လူထုက ထိုအစိုးရသည် တရားဝင်အစိုးရဖြစ်သည်၊ ထို့ကြောင့် ထိုအစိုးရ၏ အမိန့်ကို နာခံကြဖို့ တာဝန်ရှိသည်ဟု ယုံကြည်ကြခြင်း၊
- **လူ့အင်အား။** ။ အစိုးရ၏အမိန့်ကိုနာခံ၍ ပူးပေါင်းဆောင်ရွက်ကူညီသောသူများ၊ အုပ်စုများ၏ အရေအတွက်နှင့် အရေးပါချက်၊
- **ကျွမ်းကျင်မှုနှင့်အတတ်ပညာ။** ။ အချို့သော အသေးစိတ်ကိစ္စများ ပေါ်လာလျှင် ကူညီမည့် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာတတ် အလုပ်သမားများ၊ အသင်းအဖွဲ့များ၊
- **လက်ဆုပ်လက်ကိုင်နှင့်မပြနိုင်သည့်အချက်များ။** ။ အစိုးရကို အကူအညီပေးချင်သည့် စိတ်များ၊ အမိန့်နာခံတတ်သည့်အကျင့်များ ပေါ်လာအောင် စိတ်ဓာတ်ရေးရာနှင့် ဝါဒရေးရာ ဖြားယောင်း သွေးဆောင်ချက်များ၊
- **ရုပ်ဝတ္ထုအင်အား။** ။ ပစ္စည်းဥစ္စာ၊ သယံဇာတ ပစ္စည်းများ၊ ငွေအင်အား၊ စီးပွားရေးစနစ်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည်တို့ကို အစိုးရက ချုပ်ကိုင်ထားနိုင်သော အတိုင်းအတာ၊
- **အပြစ်ပေးအရေးယူခြင်းများ။** ။ အစိုးရတည်တံ့ခိုင်မြဲရေးအတွက် ချမှတ်ထားသောမူအတိုင်း ဆောင်ရွက်နိုင်ရေးအတွက် အမိန့်မနာခံ၊ ပူးပေါင်းဆောင်ရွက်ခြင်း မပြုသူများကို ခြိမ်းခြောက်အပြစ်ပေးအရေးယူမှု စသည်တို့ဖြစ်သည်။

အချုပ်ပြောရမည်ဆိုလျှင် နိုင်ငံရေးအာဏာရရှိဖို့လိုအပ်သည့် အထက်ပါအချက်များကို တိုင်းသူပြည်သားများက အစိုးရကို လက်ခံ,ထောက်ခံမှသာ ရရှိနိုင်မည်။ လူထုက အမိန့်နာခံမှသာ ဖြစ်နိုင်သည်။ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတို့က အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှသာ ရနိုင်သည်။ ယင်းသို့မဟုတ်ပါက အဆိုပါ လိုအပ်ချက်များကို ရနိုင်လိမ့်မည်ဟု မည်သူမျှ အာမ,မခံပါ။

ပြည်သူလူထုက အာဏာရှင်အစိုးရ၏အမိန့်ကိုနာခံ၊ ၎င်းတို့နှင့်ပူးပေါင်းဆောင်ရွက်၍ အကူအညီများ

ပေးကြလျှင် ယင်းအစိုးရအဖို့ ထိုအချက်များကို ရသွားလိမ့်မည်။ ထိုအခါ ဩဇာအာဏာကို ၎င်းတို့ လိုသလို အသုံးချသွားလိမ့်မည်။

အကယ်၍သာ ပြည်သူများနှင့် အသင်းအဖွဲ့များက မတရား အာဏာသိမ်းပိုက်ထားသည့်အစိုးရနှင့် အာဏာရှင်များကို မည်သည့်အကူအညီမျှ မပေးကြဘဲနေလျှင် ထိုအစိုးရအဖို့ ဩဇာအာဏာ ရပေါက်ရလမ်းများ ပိတ်သွားပေလိမ့်မည်။ အစိုးရမှာလည်း အင်အားမရှိဖြစ်သွားမည်။ အာဏာဆုပ်ကိုင်ရန် လိုအပ်သည့် အဓိကအကြောင်းရင်းများ မရနိုင်လျှင် အဆိပ်မရှိသည့် အစိုးရဘဝသို့ ရောက်သွားပေလိမ့်မည်။ နောက်ဆုံး ရပ်တည်၍ပင် မရနိုင်၊ ပြိုကွဲသွားရတော့မည်ပင်။

အာဏာရှင်တို့မည်သည် သူတို့လုပ်ချင်သလို လုပ်နေသည့်ကိစ္စကို လူတွေက အတိုက်အခံ လုပ်လာလျှင်သော်၎င်း၊ ကန့်ကွက်မည်ကြံလာလျှင်သော်၎င်း၊ အလွန်ပင် အထိမခံကြွေပန်းကန် ဖြစ်တတ်ကြစမြဲဖြစ်သည်။ သည်အခြေအနေရောက်လာလျှင် သူတို့၏အမိန့်ကို လွန်ဆန်သူ၊ သပိတ်မှောက်သူ၊ အကူအညီမပေးဘဲ နေသူများကို ခြိမ်းခြောက်လာလိမ့်မည်။ အပြစ်ဒဏ်များ ပေးလိမ့်မည်။ သို့သော်လည်း အစိုးရက ထိုသို့ရက်စက်စွာ ခြိမ်းခြောက်လိုက်တိုင်း လူထုက အကူအညီကို ပြန်ပေးလိမ့်မည်မဟုတ်ပါ။ အမိန့်ကို နာခံကြလိမ့်မည်လည်း မဟုတ်ပါ။

ဖိနှိပ်ချုပ်ချယ်ခံနေကြရသည့်ကြားထဲမှ အစိုးရက လိုအပ်နေသော အာဏာရပေါက်,ရလမ်းများကို လိုအပ်သောအချိန် အတိုင်းအတာတခုအထိ ပြည်သူတို့က ပိတ်ဆို့ထားလိုက်နိုင်လျှင် အစိုးရအဖို့ ဦးနှောက်ခြောက်သွားလိမ့်မည်။ ထိုအခြေအနေဆိုက်လျှင် အစိုးရ၏ အမိန့်အာဏာတို့မှာ အရာမရောက် ဖြစ်သွားပြီဟု နားလည်ရမည်။ အစိုးရ၏အာဏာ ရပေါက် ရလမ်းများ တဖြည်းဖြည်းပိတ်သွားပြီး အုပ်ချုပ်ရေးယန္တရားမှာလည်း နာလန်မထူနိုင်တော့သည့်အခြေသို့ ဆိုက်သွားပေလိမ့်မည်။ ထို့ထက်ပို၍ ဆိုးသည်ထက် ဆိုးလာလျှင် အာဏာရှင်စနစ်ကြီးတခုလုံး အစိတ်စိတ်အမြွှာမြွှာဖြစ်သွားဖို့ လမ်းသာရှိတော့သည်။ နိုင်ငံရေးအားပြတ်ပြီး နောက်ဆုံးတွင် အစိုးရဘဝမှ အနေးနှင့်အမြန် ပြုတ်ကျသွားရသည့်အဖြစ်သို့ ရောက်ရှိသွားပေမည်။

အစိုးရတရပ်က တိုင်းသူပြည်သားများကို ဘယ်အတိုင်းအတာတခုလောက်အထိ လွတ်လပ်ခွင့်ပေးမည်။ ဘယ်အထိ ညှဉ်းပန်းဖိနှိပ်မည်ဆိုသည်မှာ လူထုအပေါ်မှာ တည်ပေသည်။ လူထုက လွတ်လပ်မှုရအောင် တိုက်ပွဲဝင်ဖို့ ဘယ်လောက်အထိ စိတ်ပိုင်းဖြတ်ထားကြသနည်း။ သူတို့ကို ကျွန်အဖြစ်ရောက်အောင်လုပ်နေသည့် အစိုးရအား ဘယ်လောက်အထိ တော်လှန်ချင်စိတ် ရှိနေကြသနည်း စသည့်အချက်များကို အကဲဖြတ်ကြည့်ပြီး အစိုးရက အလျှော့အတင်း လုပ်တတ်သည်။

တပါတီစနစ်ကိုင်စွဲထားပြီး ဗိုလ်လုပ်နေသည့် အာဏာရှင်များပင် ဖြစ်နေလင့်ကစား သူတို့သည် လက်အောက်ခံ တိုင်းသူပြည်သားများနှင့် လူ့အဖွဲ့အစည်းများအပေါ် ထာဝစဉ် အမှီသဟဲပြုနေကြသူများဖြစ်သည်။ လူအများ ထင်မြင်ယူဆထားသော အတွေးနှင့် တခြားစီဖြစ်ပါသည်။ ကားဒဗလျူ ဒွးချ် (KarlW.Deutsch) ဆိုသူ နိုင်ငံရေးပညာရှင်တဦးက ၁၉၅၃ ခုနှစ်က အောက်ပါအတိုင်း ပြောခဲ့ဖူးသည်။

"အာဏာရှင်များသည် သူတို့၏ ဩဇာအာဏာကို မကြာခဏအသုံးချရန် မလိုမှသာ အင်အားကောင်းနိုင်သည်။ ပြည်သူလူထုတရပ်လုံးအပေါ် ဩဇာအာဏာများ တချိန်လုံးပြနေရလျှင် အာဏာ ကြာရှည်မြဲမည်မဟုတ်။ သူတို့ကို အရှိအသေတန်လာလိမ့်မည်။ နောက်တချက် ရှိသေးသည်။ အာဏာရှင်စနစ်နှင့် အုပ်ချုပ်နေရသည့်အစိုးရသည် ငယ်သားများနှင့် ဆက်ဆံသည့်အခါ အခြားအစိုးရများထက် ဩဇာအာဏာရှိဖို့လိုသည်။ သို့ဖြစ်၍ တိုင်းပြည်တဝန်းလုံးတွင် သူတို့အကြိုက်ကို လိုက်လုပ်ပေးတတ်သည့် အကျင့်ရှိသော အားကိုးလောက်သည့် လူထုမျိုးလိုအပ်သည်။ ထိုမျှမက သူတို့ကို ထောက်ခံမည့်သူတွေ ပြည်တွင်းတွင် အမြောက်အမြားရှိရန်လည်း လိုအပ်သည်။"[၂]

---

၂။ Karl W.Deutsch, "Cracksin the Monolith," in Carl J. Friedrich, ed., *Totalitarianism* (Cambridge, Mass.: Harverd University Press, 1954), pp.313-314.

ဆယ့်ကိုးရာစုနှစ်တွင် အင်္ဂလိပ်လူမျိုး ဥပဒေပညာရှင် ဂျွန်အော်စတင် (John Austin) က အာဏာကို အာခံ အန်တုနေသည့်လူထုနှင့် ရင်ဆိုင်ရသည့်အခါ အာဏာရှင်များ မည်သို့မည်ပုံဖြစ်တတ်သည်ကို ဤသို့ဖော်ပြထားသည်။ “မည်သို့ပင် ဖိနှိပ်ချုပ်ချယ်စေကာမူ တိုင်းပြည်လူထုက အာဏာရှင်အစိုးရကို ဖြုတ်ချမည်ဟု သန္နိဋ္ဌာန်ချ တောင့်ခံပြီး၊ မပြုတ်ပြုတ်အောင်တိုက်မည့် စိတ်ဓာတ်ရှိလာကြလျှင် အစိုးရမခံနိုင်။ ယင်းအစိုးရအား ထောက်ခံနေသူတွေကလည်း လူထုက ရွံရှာမုန်းတီးနေသည့် ထိုအစိုးရကို ဆက်လက် အာဏာတည်မြဲနေအောင် မဆောင်ရွက်ပေးနိုင်တော့။ နိုင်ငံခြားအကူအညီနှင့်ပင်လျှင် ယင်းအစိုးရမျိုးကို တည်မြဲအောင် မလုပ်နိုင်”ဟုဆိုသည်။ ၎င်းက ဆက်လက်ပြီး “အာဏာဖီဆန် အာခံနေသည့် တိုင်းသူပြည်သားများကို အာဏာရှင်တို့က အတင်းအဓမ္မ သူတို့ကို ရာသက်ပန်ကျိုးနွံရမည်၊ သူ့အမိန့်ကို နာခံရမည်ဟု မဆိုနိုင်၊ အရင်လို ပြန်လည်ကြောက်ရွံ့လာအောင်လည်း အဓမ္မမဆောင်ရွက်နိုင်”[၃] ဟု ရေးသားထားသည်။

နစ်ကိုလိုမစ်ချီယာဗဲလီ (NiccoloMachiavelli) ဆိုသူ ရှေးစာရေးဆရာတဦးကလည်း “ပြည်သူများကို ရန်သူလိုသဘောထားသည့်ဘုရင်သည် ဘယ်အခါမှ ရာဇပလ္လင် ဖင်မမြဲ၊ ရက်စက်လာလေလေ သူ့အဖို့ အားနည်းသွားလေလေ”[၄] ဟု ပြောခဲ့ဖူးပါသည်။

နာဇီတို့က နော်ဝေးနိုင်ငံကို ဝင်ရောက်သိမ်းပိုက်လိုက်စဉ်အခါက သတ္တိရှိသည့် နော်ဝေးလူမျိုးများသည် ထိုသို့လက်တွေ့ကျသည့် နိုင်ငံရေးစွမ်းရည်များကို အသုံးပြုလိုက်ကြသည့်အတွက် ရန်သူကို ခုခံတိုက်ထုတ်နိုင်ခဲ့ကြကြောင်းသိရှိရသည်။ ထိုနည်းတူပင် အခန်း(၁)တွင် တင်ပြခဲ့သည့်အတိုင်း ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော ပိုလန်နိုင်ငံသားများ၊ ဂျာမန်၊ ချက်ကိုစလိုဗက်နှင့် အခြားလူမျိုးများကလည်း ကွန်မြူနစ်များ ကျူးကျော်ဝင်ရောက်မှုနှင့် အာဏာရှင်များကို ခုခံတော်လှန်ခဲ့ကြကြောင်း၊ နောက်ဆုံး၌ ဥရောပတိုက်တွင် ကွန်မြူနစ်ဝါဒကြီးတခုလုံး ပြိုလဲပျက်စီးသွားခဲ့ကြောင်းများကို သိခဲ့ကြရပြီ။ အမှန်အတိုင်းပြောရမည်ဆိုလျှင် ဤကဲ့သို့ ဖြစ်ပျက်ခဲ့သည့် အရေးအခင်းများသည် မထူးဆန်းပါ။ အထူးအဆန်းလုပ်ပြီး ပြောနေစရာမလို။ **အကြမ်းမဖက်သည့် တော်လှန်မှုများသည် ခရစ်မပေါ်မီ သက္ကရာဇ် ၄၉၄ ခုနှစ်လောက်ကတည်းက ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။ ထိုအခါက ရောမနိုင်ငံ တွင် အောက်တန်းလွှာလူတန်းစားများသည် သူတို့၏ အရှင်သခင်များကို ဘာအကူအညီမျှမပေးဘဲ နေခဲ့ဖူးသည်။**[၅] သမိုင်းတလျှောက်တွင် အကြမ်းမဖက်သည့်တိုက်ပွဲများကို အာရှတိုက်တဝန်း၊ အာဖရိက၊ တောင်အမေရိက၊ မြောက်အမေရိက၊ ဩစတြေလျနှင့် ၎င်းအနီးတဝိုက်ရှိ နယ်မြေများ၊ ပစိဖိတ်ကျွန်းစုဒေသများတို့တွင် တွေ့ရှိခဲ့ရဖူးသည်။ ဥရောပတိုက်တွင်လည်း ထိုနည်းတူပင်။

အစိုးရ၏ ဩဇာအာဏာကို ဘယ်အထိချုပ်ကိုင်ထားလိုက်မည်၊ ပေးသင့်သလောက်တော့ ပေးထားမည်ဆိုသော ဆုံးဖြတ်ချက်တွင် စဉ်းစားရန်လိုသော အချက်သုံးချက်မှာ (၁) အစိုးရ၏ ဩဇာအာဏာကို ကန့်သတ်ပေးထားချင်သည့် လူထု၏ဆန္ဒ၊ (၂) အစိုးရ၏ အာဏာရပေါက်များအား စုပေါင်း တားဆီးပိတ်ဆို့နိုင်မည့် လွတ်လပ်သော အဖွဲ့အစည်းများ၏ အင်အား၊ (၃) အစိုးရကို ခေါင်းမညိတ်ဘဲ၊ အကူအညီမပေးဘဲ နေနိုင်သည့် လူထု၏စွမ်းရည် စသည်တို့ဖြစ်သည်။

---

၃။ John Austin, *Lectures on Jurisprudence or the Philoshphy of Positive law* (Fifth edition, revised and edited by Robert Campbell, 2 volumes).London: John Murray,1911{1861}, Vol.I, p.296.

၄။ Niccolo machiavelli, “The Discourses on the First Ten Books of Livy,” in *The Discourses of Niccolo Machiavelli* (London: Routledge and Kegan Paul, 1950), vol I, p.254.

၅။ See GeneSharp, *The Politics of Nonviolent Action* (Boston: Porter Sargent, 1973), p.75 and passim for other historical examples.

**ဒီမိုကရေစီအင်အား၏ ဗဟိုချက်မများ။**

ဒီမိုကရေစီထွန်းကားလျက်ရှိသည့် တိုင်းပြည်များ၏ အင်္ဂါလက္ခဏာတရပ်ကို ပြောရမည်ဆိုလျှင် ထိုတိုင်းပြည်များတွင် အစိုးရနှင့်မပတ်သက်သည့် အစည်းအရုံး၊ အဖွဲ့အစည်းများ အမြောက်အမြားရှိခြင်းပင်ဖြစ်သည်။ မည်သည့် အစည်းအရုံးများ ဖြစ်ပါသနည်း။ မိသားစုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ယဉ်ကျေးမှု၊ အားကစားနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ ကုန်သည်သမဂ္ဂ၊ ကျောင်းသားကျောင်းသူများအသင်း၊ နိုင်ငံရေးပါတီများ၊ ရပ်ရွာအဖွဲ့အစည်းများ၊ အိမ်နီးနားချင်းအုပ်စုများ၊ စိုက်ပျိုးရေးအသင်းများ၊ လူ့အခွင့်အရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ဖွဲ့ထားသော အသင်းအဖွဲ့များ၊ အနုပညာအသင်းများ၊ စာပေအသင်းများ စသည်ဖြင့် အသင်းအဖွဲ့မျိုးစုံတို့ဖြစ်ပါသည်။ အဆိုပါအသင်းအဖွဲ့များသည် မိမိတို့၏အဖွဲ့ဝင်များ တိုးတက်ကောင်းစားရေးအတွက် အရေးပါအရာရောက်ရုံမျှမက တိုင်းပြည်ရပ်ရွာတို့အတွက်လည်း အထောက်အကူပြုနိုင်သည်။

ထိုမျှမက ထိုအဖွဲ့အစည်းများသည် နိုင်ငံရေးအရလည်း အရေးပါလှသည်။ သူတို့၏လုပ်ငန်း၊ လိုလားချက် စသည်တို့ကို အခြားအဖွဲ့အစည်းများကသော်၎င်း၊ အစိုးရကသော်၎င်း မတရား အနှောင့်အယှက် ပြုလာသည့်အခါ လူစုလူဝေးနှင့် ဆန္ဒပြနိုင်သည်။ အဆိုပါ အသင်းအဖွဲ့၊ အစည်းအရုံး စသည်တို့ကို ခြေကုပ်ယူပြီး အများကောင်းစားရေးအတွက် နည်းပေးလမ်းပြလုပ်နိုင်သည်။ မည်သူနှင့်မျှ အဆက်အသွယ်မလုပ်၊ ဘယ်အသင်းမှမဝင်၊ တယောက်တည်းလုပ်နေလျှင် အရာမရောက်၊ လူထုကောင်းစားရေးလုပ်ဖို့မလွယ်။ အစိုးရကို အဆိုတင်သွင်းရန် အင်အားမရှိ။ အာဏာရှင်အစိုးရကို ဖြုတ်ချပစ်ဖို့ကတော့ ဝေလာဝေး။

ထို့အတူပင် အာဏာရှင်အစိုးရက ထိုအသင်းအဖွဲ့များ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ လွတ်လပ်မှုစသည်တို့ကို ရုပ်သိမ်းလိုက်သည်ရှိသော် တိုင်းသူပြည်သားများအဖို့ အားကိုးရာမဲ့ ဖြစ်သွားပေလိမ့်မည်။ ပြည်သူတို့ဘက်က မားမားမတ်မတ် ရပ်တည်မည့်သူ မရှိတော့ပေ။ တဖန် အကယ်၍ အသင်းအဖွဲ့များကို ဗဟိုအစိုးရက အာဏာရှင်စနစ်အရ ထိန်းချုပ်ထားလိုက်လျှင်ဖြစ်စေ၊ အစိုးရအလိုကျ ခေါင်းညိတ်ကြမည့် အသင်းအဖွဲ့အသစ်များနှင့် အစားထိုးလိုက်လျှင်ဖြစ်စေ အသင်းသူအသင်းသားများ မလှုပ်နိုင်။ ထိုအခါ အစိုးရ၏ လက်ကိုင်တုတ်ဖြစ်သည့် အသင်းအဖွဲ့များက ပြည်သူတို့အပေါ် ဩဇာပြုလျက်ရှိနေကြပေဦးမည်။ ထိုကဲ့သို့ အာဏာရှင်တို့ လွှမ်းမိုးထားသော အဖွဲ့အစည်းမျိုးသည် အဖွဲ့ဝင်အသင်းသားများကိုသာမက အသင်း၏လှုပ်ရှားနေသော နယ်ပယ်ကိုပါ ထိန်းချုပ်သွားနိုင်သည်။

အဆိုပါလွတ်လပ်သည့် လူမှုအဖွဲ့များသည် အစိုးရ၏ထိန်းချုပ်မှုကို မခံဘဲ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နှင့် လွတ်လပ်ခွင့်ရရှိအောင် စွမ်းဆောင်နိုင်ပါက အကျိုးကျေးဇူးများစွာရှိပေသည်။ ထိုအချက်သည် နိုင်ငံရေးအန်တုမှုအတွက် အရေးကြီးလှသည်။ ပြီးခဲ့သည့်အခန်းများတွင် အာဏာရှင်အစိုးရများ ပြုတ်ကျခဲ့ဖူးသည့် သာဓကများရှိကြောင်း ရေးသားခဲ့ပြီးပြီ။ ၎င်းတို့တတွေ မည်ကဲ့သို့ အရေးနိမ့် အဆုံးသတ်သွားကြကြောင်းကိုလည်း ရှင်းပြခဲ့ပြီးပြီ။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသနည်း။ များသောအားဖြင့် တိုင်းသူပြည်သားများ၊ လူထုအစည်းအရုံးများက လူထုအင်အားဖြင့် ရဲဝံ့စွာ နိုင်ငံရေးအန်တုအံုကြွမှုများ ပြုလုပ်ခဲ့သောကြောင့်ဖြစ်ပါသည်။

ပြောခဲ့ပြီးသည့်အတိုင်း နိုင်ငံရေးအာဏာ၏ ဗဟိုချက်မဖြစ်သော အသင်းအဖွဲ့များကို ခြေကုပ်ရယူထားရန် အရေးကြီးသည်။ သို့မှသာ လူထုက အာဏာရှင်အပေါ် ဖိအားပိုမိုပေးနိုင်လိမ့်မည်။ အာဏာရှင်တို့၏ ချုပ်ကိုင်မှုကို ဆန့်ကျင်တော်လှန်နိုင်ပေလိမ့်မည်။ နောင်တနေ့တွင်လည်း ထိုအဖွဲ့အစည်းများသည် လွတ်လပ်သော လူ့ဘောင်သစ်တည်ဆောက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်တခုပင်ဖြစ်သည်။ ဤသို့ ခိုင်မာသော အခြေခံတခုရှိသင့်သည်။ အဆိုပါ အသင်းအဖွဲ့များ အချုပ်အချယ်ကင်းကင်းနှင့် အဆက်မပြတ် အင်အားကောင်း ဖွံ့ဖြိုးလာရေးသည် လွတ်မြောက်မှုတိုက်ပွဲအတွက် မရှိမဖြစ် လိုအပ်သည့် အချက်တခုဖြစ်ပါသည်။

အကယ်၍ အာဏာရှင်အစိုးရက လွတ်လပ်စွာဖွဲ့စည်းထားသော အသင်းများကို ဖျက်သိမ်းလိုက်လျှင်သော်၎င်း၊ လက်ဝါးကြီးအုပ် ထိန်းချုပ်လာလျှင်သော်၎င်း၊ အတိုက်အခံသမားများကလည်း အစိုးရ၏ အနှောင်

အဖွဲ့ကင်းပြီး လွတ်လပ်သည့် အဖွဲ့အစည်းသစ်များကို ထူထောင်ဖွဲ့စည်းရန် လိုအပ်လာလိမ့်မည်။ သို့မဟုတ် ရှိရင်းစွဲအသင်းများနှင့် အစိုးရက တစိတ်တပိုင်း ချုပ်ကိုင်ထားသည့်အသင်းများကို မိမိဘက်ကနေပြီး ဒီမိုကရေစီနည်းကျကျ စီမံခန့်ခွဲအုပ်ချုပ်နိုင်သည့် အခြေအနေသို့ ရောက်လာအောင် ကြိုးစားကြရလိမ့်မည်။ ဟန်ဂေရီတော်လှန်ရေး (၁၉၅၆–၁၉၅၇ခုနှစ်)အတွင်းတွင် လူထုက တိုက်ရိုက်ခေါင်းဆောင်သော 'ဒီမိုကရေစီကောင်စီ' များ အများအပြား ပေါ်ပေါက်လာခဲ့သည်။ ထိုမျှမက ထိုကောင်စီများ အားလုံးလက်တွဲပြီး အဖွဲ့ပေါင်းစုံပါဝင်သည့် အုပ်ချုပ်ရေးကို ရက်သတ္တပတ် အတော်ကြာအောင် တည်ဆောက်ထားနိုင်ခဲ့သည်။ ပိုလန်နိုင်ငံတွင် ၁၉၈၀ ခုနှစ် နောက်ပိုင်းလောက်က အလုပ်သမားများ စုပေါင်းပြီး 'ဆော်လစ်ဒါရစ်တီ' (Solidarity) သမဂ္ဂကို တရားမဝင် ဆက်လက်ဖွဲ့စည်းထားခဲ့သည်။ ကွန်မြူနစ်အစိုးရက လက်ဝါးကြီးအုပ်ထားသည့် ကုန်သည်များသမဂ္ဂကိုပင် ထိုအလုပ်သမားများသမဂ္ဂတို့က သူတို့လက်အောက်သို့ ရောက်လာအောင် လုပ်လိုက်နိုင်သည့်အခါများလည်း ရှိခဲ့ပါသည်။ ယင်းကဲ့သို့ အဖွဲ့အစည်းများ တိုးတက်ဖွံ့ဖြိုးလာသည့်အတွက် နိုင်ငံရေးအရ အထူးအရေးပါ အသုံးကျသော ရလဒ်များလည်း ရရှိလာနိုင်ပါသည်။

ထိုသို့ဆိုလိုက်၍ အာဏာရှင်အစိုးရများ အားနည်းသွားအောင်လုပ်ရမည့်ကိစ္စ၊ ပြုတ်ကျအောင် လုပ်ရမည့်ကိစ္စများကို လွယ်ကူလှသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ကြိုးစားတိုင်းအောင်မြင်မည်ဟုလည်း မဆိုလိုပါ။ တိုက်ပွဲဆိုသည်မှာ ဒဏ်ရာရသူများ၊ ကျဆုံးသူများနှင့် ထိခိုက်ဆုံးရှုံးမှုများ ရှိကြမည်မှာ မလွဲမသွေပင်။

အဘယ်ကြောင့်ဆိုသော် အာဏာရှင်တို့အား ဆက်လက်ပြီး အလုပ်အကျွေးပြုနေကြသည့် အလိုတော်ရိသမားများက လူထုကို ပြန်လည်တိုက်ခိုက်ကြမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အစိုးရကို ပြည်သူတို့က ပြန်လည်ထောက်ခံကူညီကာ အမိန့်နာခံကြဖို့အတွက် ကြိုးစားတိုက်တွန်းလုပ်ဆောင်ကြပေလိမ့်မည်။

သို့ရာတွင် အာဏာဆိုသည့်စကားလုံး၏ အဓိပ္ပာယ်အား ဖွင့်ဆိုရှင်းလင်းပြသခဲ့သော အထက်ပါအခန်းကဏ္ဍသည် အာဏာရှင်တို့ ကျဆုံးရမည်သာဖြစ်ကြောင်း ညွှန်ပြနေသည်။ ကျွမ်းကျင်မှု အပြည့်အဝနှင့်ပြုလုပ်သည့် နိုင်ငံရေးအာခံမှုကို မယှဉ်နိုင်သည့် အားနည်းချက်ပျော့ကွက်များ အာဏာရှင်တို့တွင် ရှိပါသည်။ ထိုအားနည်းချက်များကို အသေးစိတ်တင်ပြပါမည်။

❖ ❖ ❖ ❖ ❖

# အခန်း – ၄
# အာဏာရှင်တို့၏ အားနည်းချက်များ

အာဏာကို ကိုင်စွဲထားကြသည့် လက်တဆုပ်စာ လူနည်းစုများသည် အန်တုရ၍ မရနိုင်သောသူများဟု ထင်မှတ်ရသည်။ ထောက်လှမ်းရေးများ၊ သူလျှိုများ၊ အဆုံးစီရင်သည့် လက်မရွံ့အာဏာသားများ၊ ရဲဘက်အလုပ်စခန်းများ၊ အကျဉ်းထောင်များအားလုံးကို ၎င်းတို့က ချုပ်ကိုင်ထားသည်။ တိုင်းပြည်၏ ဘဏ္ဍာငွေများ၊ သယံဇာတပစ္စည်းများ၊ ကုန်ထုတ်စွမ်းအားများ စသည်တို့ကိုလည်း သူတို့စိတ်တိုင်းကျ ခိုးယူ လုယက်ဖျက်ဆီးပြီး သူတို့လုပ်ချင်တိုင်း လုပ်နေကြသည်။

အာဏာရှင်တို့နှင့်နိုင်းယှဉ်လိုက်လျှင် အတိုက်အခံ ဒီမိုကရေစီအင်အားစုများသည် အလွန်အမင်း အင်အားပျော့ဟန်ပေါက်သည်။ ထိထိရောက်ရောက်လုပ်နိုင်ကြပုံလည်း မပေါ်၊ အာဏာလည်းမရှိဟု ထင်ရသည်။ အင်အားမဲ့နေသော လူထုနှင့်ယှဉ်လိုက်သည့်အခါ အာဏာရှင်များသည် အန်တုရ၍မရနိုင်သည့် သူများဖြစ်သည်ဟု ထင်မြင်လောက်သည်။ ထို့ကြောင့် အာဏာရှင်တို့ကို အတိုက်အခံလုပ်ရန်မှာ ထိရောက်မည်မဟုတ်ဟု ယူဆရသည်။ သို့သော် ယခုပြောခဲ့သည့်အတိုင်းလည်း မဟုတ်သေးပါ။

**အာချီလီး (Achilles) ၏ ဖနောင့်ကိစ္စ၊**

ရှေးခေတ် ဂရိဒဏ္ဍာရီတခုထဲတွင် ထိလို့မရ၊ တိုက်၍မနိုင်၊ နိုင်ဟု ယူဆခံထားရသူကို ထိနိုင်၊ နိုင်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ စစ်သူရဲကောင်း အာချီလီးဆိုသူသည် မြှားပြီး၊ ဓားပြီးသူဟု ဆိုကြသည်။

သူခလေးဘဝက တန်ခိုးကြီးမြစ်ဖြစ်သော 'စတင်မြစ်'ထဲသို့ သူ့အမေက သူ့ကိုနှစ်ခဲ့သဖြင့် ဘေးအန္တရာယ်အသွယ်သွယ် မကျရောက်နိုင်ကြောင်း ဆိုကြသည်။ သို့သော်ငြားလည်း ခြွင်းချက်တခုတော့ရှိသည်။ ခလေးအား မြစ်ရေထဲ မျောပါမသွားအောင် မိခင်က ၎င်း၏ ခြေဖနောင့်လေးကို မြဲအောင် ဆုပ်ကိုင်ထားပြီးမှ နှစ်သည့်အတွက် မြစ်ရေက ခြေဖနောင့်ကို မထိ။ ကွက်ကာ ကျန်ခဲ့သည်။ သည်လိုနှင့်ပင် အာချီလီး အရွယ်ရောက်လာသည့်အခါ လူအများက သူ့ကို မြှားပြီး၊ ဓားပြီးသည့်လူ၊ ဘယ်ရန်သူ၏ လက်နက်မှ မထိခိုက်နိုင်သည့်လူဟု သတ်မှတ်ထားကြသည်။ သို့သော် ထရွိုင်(Troy) စစ်ပွဲတွင် သူ၏ပျော့ကွက်ကို သိထားသူတဦးက အာချီလီး၏ ဖနောင့်တနေရာတည်းသာလျှင် သူ့ကို ထိခိုက်ဒဏ်ရာ ရစေနိုင်သည်ဟု ညွှန်ပြခဲ့သည်။ ထိုညွှန်ပြချက်အတိုင်း ဖနောင့်နေရာတည့်တည့်ကို မြှားဖြင့်ပစ်ရာ မြှားချက်ထိပြီး အာချီလီးလည်း သေဆုံးခဲ့ရသည်။ ယခုတိုင် "အာချီလီး၏ ဖနောင့်" ဆိုသည်မှာ လူတဦးတယောက်၏ အထိမခံနိုင်သော ပျော့ကွက်၊ စီမံကိန်းတခု၏ လက်ညှိုးထိုးစရာ ဟာကွက်နေရာ၊ အဖွဲ့အစည်းတခု၏ အားနည်းချက်ကို ဆိုလိုသည်။

အဆိုပါစကားအတိုင်းပင် ရက်စက်လှသော အာဏာရှင်တို့တွင်လည်း ပျော့ကွက်၊ ဟာကွက်၊ အားနည်းချက်များ ရှိပါသည်။ သူတို့ကို အနိုင်ရရန်အတွက် သူတို့၏ ပျော့ကွက်၊ အားနည်းချက်များကို သိထားရမည်။ သို့မှသာ အထိအခိုက်၊ အကျအဆုံးနည်းနည်းနှင့် အချိန်တိုတိုအတွင်း အာဏာရှင်စနစ်ကို အမြစ်ပြတ်သွားအောင် တိုက်နိုင်ပေမည်။

**အာဏာရှင်တို့၏ အားနည်းချက်များ၊**

အာဏာရှင်တို့၏ အားနည်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အာဏာရှင်တို့သည် ၎င်းတို့အာဏာတည်မြဲရေးအတွက် ပြည်သူလူထုနှင့် အဖွဲ့အစည်းတို့၏ ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။ အာဏာရှင်ယန္တရားတခုလုံး လည်ပတ်နိုင်ရေးအတွက် လိုအပ်သော ပြည်သူနှင့်အဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုများအား ကန့်သတ်ခြင်း (သို့မဟုတ်) ရပ်တန့်စေခြင်းဖြင့် အာဏာရှင်တို့ကို အကျပ်ရိုက်စေနိုင်သည်။

(၂) ယခင်က ချမှတ်ထားခဲ့သော အစိုးရ၏ မူဝါဒဟောင်းများ၊ ပေါ်လစီဟောင်းများ၏ မပြည့်စုံမှုနှင့် အကျိုးဆက်များကြောင့် အာဏာရှင်တို့သည် ပြဿနာဖြစ်ပေါ်စေမည့် မူဝါဒပေါ်လစီအသစ်များကို စိတ်ထင်တိုင်း ချမှတ်အကောင်အထည် မဖော်နိုင်တော့။

(၃) လုပ်နည်းလုပ်ဟန်များ သမားရိုးကျဖြစ်လာလျှင် အာဏာရှင်တို့အဖို့ အခြေအနေသစ်ကိုလိုက်၍ ဆောင်ရွက်နိုင်ရန် ခက်ခဲလာလိမ့်မည်။

(၄) ရှိရင်းစွဲလုပ်ငန်းများအတွက်သာ လျာထားသတ်မှတ်ထားသော အလုပ်သမားများ၊ ကုန်ကြမ်းများ စသည်တို့ကို လိုအပ်ချက်များ အသစ်ပေါ်လာသည့်အခါ အလွယ်တကူ အသုံးပြုနိုင်လိမ့်မည်မဟုတ်။

(၅) အာဏာရှင်အစိုးရက ဆုံးဖြတ်ချက်များ ချမှတ်ရသည့်အခါ သတင်းမှန်များ ရရှိရန် လိုအပ်သည်။ သို့သော် ၎င်းလက်အောက်မှ ငယ်သားများက ၎င်းတို့၏ အထက်လူကြီးများ မကြိုက်သည့်သတင်းကို မပေးရဲ၊ မပြောရဲကြသောအခါ သတင်းအမှန် မရ၊ တိတိကျကျလည်း ဘာမျှမသိရ ဖြစ်ကြရလိမ့်မည်။

(၆) အစိုးရ၏ နိုင်ငံရေးအယူအဆများက ရေပန်းမစားတော့ဘဲ တိမ်ကောစပြုလာလျှင် စိတ်ကူးယဉ်ပြီး တည်ဆောက်ခဲ့သော အာဏာရှင်စနစ်မှာ အောက်ခြေမှ လှုပ်စပြုလာလိမ့်မည်။

(၇) အမှန်ကို သတိမပြု၊ မောဟဖုံးပြီး နိုင်ငံရေးအယူဝါဒသည်းနေလျှင် ခေတ်အလိုက်၊ ပတ်ဝန်းကျင်အလိုက် ဖြစ်ပျက်နေသော အခြင်းအရာ၊ အဖြစ်အပျက်များနှင့် မျက်ခြည်ပြတ်သွားလိမ့်မည်။

(၈) အုပ်ချုပ်မှုနှင့် လုပ်ရည်ကိုင်ရည်တို့ ညံ့ဖျင်းကာ ချုပ်ချယ်မှုများ၊ စည်းကမ်းများ ပိုမိုလာလျှင် အစိုးရ၏မူဝါဒများကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်တော့မည်မဟုတ်။

(၉) အစိုးရအဖွဲ့အစည်းအတွင်း ပုဂ္ဂလိက ပဋိပက္ခများဖြစ်လာကြ၊ ဂုဏ်တုဂုဏ်ပြိုင်များလုပ်ကြ၊ တယောက်ကိုတယောက် ရန်သူလိုသဘောထားကြ ဖြစ်လာခဲ့သော် အာဏာရှင်အစိုးရ၏ လုပ်ငန်းကို ထိခိုက်လာနိုင်သည်။ အနှောင့်အယှက် ဖြစ်လာနိုင်သည်။

(၁၀) တိုင်းပြည်၏ အခြေအနေ၊ အစိုးရ၏ ချုပ်ချယ်မှု၊ စည်းရုံးဝါဒဖြန့်မှု၊ ဖိနှိပ်မှုများကို မခံနိုင်သောအခါ ပညာတတ်များ၊ ကျောင်းသားကျောင်းသူများ ဆန့်ကျင်အုံကြွလာကြလိမ့်မည်။

(၁၁) အချိန်ကြာလာသောအခါ ပြည်သူများက အစိုးရ၏လုပ်ငန်းများကို စိတ်လည်းမဝင်စား၊ အယုံအကြည်လည်း ကင်းမဲ့လာကြရုံမျှမက ရန်သူလိုပင် သဘောထားလာကြလိမ့်မည်။

(၁၂) နေရာဒေသ၊ အဆင့်အတန်း၊ ယဉ်ကျေးမှုနှင့် လူမျိုးရေး ကွဲပြားခြားနားမှုများ ပိုမိုထင်ရှား သိသာလာလိမ့်မည်။

(၁၃) အာဏာရှင်ယန္တရားအတွင်း ရာထူးခန့်ထားမှုသည် အတိအကျမရှိ။ တခါတရံ ပိုပြီး လျော့ရဲလှသည်။ အရာရှိများမှာလည်း ရာထူးတနေရာတည်းတွင် မမြဲကြ။ ရာထူးနေရာ အတက်အကျများရှိပြီး တခါတရံ အလုပ်ဖြုတ်ခံရသေးသည်။ လူသစ်များနှင့် အစားထိုးသည်။

(၁၄) ရဲတပ်ဖွဲ့နှင့် စစ်တပ်အချို့တို့ကလည်း မိမိတို့၏ ရည်မှန်းချက်များ ရရှိရန်အတွက် အာဏာရ, အာဏာရှင်တို့ကိုပင် ဆန့်ကျင်၍ လုပ်နိုင်သည်။ အချို့ဆိုလျှင် အာဏာသိမ်းသည်အထိ ပြုလုပ်တတ်ကြသည်။

(၁၅) အကယ်၍သာ အာဏာရှင်အစိုးရသည် အစိုးရသစ်ဖြစ်နေလျှင် ၎င်းတို့အတွက် အခြေတကျ ဖြစ်စေရန် အချိန်ကာလ ပိုမိုလိုအပ်သည်။

(၁၆) အာဏာရှင်စနစ်တွင် လူနည်းစုလေးချည်းကသာ ဆုံးဖြတ်ချက် အများအပြား ချနေကြသည့်အတွက် အမှား

များရှိလာနိုင်သည်။ မူဝါဒများ ချိန်သားမကိုက်ဖြစ်မည်။ လုပ်ကိုင်မှုများ မှားသွားတတ်သည်။

(၁၇) အကယ်၍ အစိုးရက အထက်တွင်ဖော်ပြခဲ့သော ကျဉ်းမြောင်းချက်များမရှိအောင် အုပ်ချုပ်ရေးကို အပေါ်ပိုင်းမှ ချုပ်ကိုင်မထားတော့ဘဲ လျှော့ပေးလိုက်သည်ရှိသော် ၎င်းတို့၏ ဩဇာအာဏာများ ပို၍ပင် ကျဆင်းသွားကြပေလိမ့်မည်။

**အာဏာရှင်စနစ်၏ အားနည်းချက်များကို တိုက်ခိုက်၊**

ယခုပြောခဲ့ပြီးသည့်အတိုင်း အာဏာရှင်စနစ်တွင် ချွတ်ယွင်းချက်၊ အားနည်းချက်များရှိသည့် ဗီဇများ ပါလာတတ်သည်။ ၎င်းတို့ကို သိရှိသဘောပေါက်ထားလျှင် ဒီမိုကရေစီအတိုက်အခံများဘက်မှ ထိုပျော့ကွက်များသို့မဟုတ် 'အာချီလီးဖနောင့်' ကို မထိ,ထိအောင်တိုက်ကြရမည်။ သို့မှသာ အာဏာရှင်စနစ်ကို သိသိသာသာ ဖြစ်စေ၊ အမြစ်ပြုတ်သွားအောင်ဖြစ်စေ လုပ်ဆောင်နိုင်ပေမည်။

နိဂုံးချုပ်ပြောရလျှင် အာဏာရှင်စနစ်များသည် အင်အားတောင့်တင်း ခိုင်မာသည့်အသွင် ဆောင်သော်လည်း လုပ်ငန်းကျွမ်းကျင်ထိရောက်မှု မရှိခြင်း၊ ဂုဏ်တုဂုဏ်ပြိုင်များ ပေါ်လာခြင်း၊ အုပ်ချုပ်ရေး ညံ့ဖျင်းခြင်း၊ အဖွဲ့များအတွင်းနှင့် ဌာနများအတွင်း ပဋိပက္ခများဖြစ်နေခြင်း စသည့် အားနည်းချွတ်ယွင်းချက်များ ရှိကြသည်။ ဤအချက်များကြောင့် အစိုးရမှာ အချိန်ကြာလာလျှင် ၎င်းတို့အာဏာတည်မြဲအောင် မအုပ်ချုပ်နိုင်။ ခေတ်အလိုက်ပြောင်းလဲနေသော အဖြစ်အပျက်များနှင့်လည်း သဟဇာတ မဖြစ်။ ၎င်းတို့လုပ်ကိုင်ချင်သော လုပ်ငန်းများကိုလည်း ဘာမျှပြီးစီးအောင် လုပ်နိုင်တော့မည် မဟုတ်ပါ။

ဥပမာပြရလျှင် ဟစ်တလာ၏ အမိန့်များကို သူ့လက်အောက်ငယ်သားများက အကောင်အထည် မဖော်ပေးကြချေ။ သူ့လက်အောက်မှ ငယ်သားများက သူ့အမိန့်ကိုမနာခံ ငြင်းဆန်လိုက်ကြသည်။ ဤအခြေသို့ဆိုက်လာသောအခါ အာဏာရှင်တို့လည်း ကစဥ့်ကလျားဖြစ်သွားပြီး အဆောတလျင် ပြုတ်ကျသွားရစမြဲဖြစ်သည်။ စွန့်စွန့်စားစား မလုပ်ဘဲ၊ အကျအဆုံး ဆုံးရှုံးမှု မရှိဘဲ အာဏာရှင်စနစ်ကို ဖျက်သိမ်းနိုင်လိမ့်မည်ဟု မဆိုလိုပါ။ လွတ်လပ်မှုအတွက် လုပ်ဆောင်ရာတွင် မည်သည့်လမ်းမဆို စွန့်စားရမည်သာဖြစ်သည်။ အန္တရာယ်လည်း ရှိနိုင်သည်။

အချိန်လိုအပ်သည်မှာလည်း မငြင်းနိုင်။ ထိုမျှမက ဘယ်လမ်းကိုလိုက်လျှင် မြန်မြန်အောင်မြင်နိုင်မည်ဆိုသည်မှာလည်း အတတ်မပြောနိုင်ပါ။ အခြေအနေအပေါ် မူတည်ပါသည်။ သို့သော် အာဏာရှင်တို့၏ သိသာထင်ရှားသော အားနည်းချက်များကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် အာဏာရှင်တို့၏ အားသာချက်များကို တိုက်သည့်နည်းထက် ပိုမိုအောင်မြင်နိုင်ဖွယ် ရှိပါသည်။

❖ ❖ ❖ ❖ ❖

# အခန်း – ၅
# အာဏာကို အသုံးပြုခြင်း

အခန်း(၁)တွင် အာဏာရှင်တို့အား စစ်ရေးအရတိုက်ခိုက်ခြင်းသည် ၎င်းတို့၏ ပျော့ကွက်များကို ထိအောင်တိုက်ခြင်း မဟုတ်။ ၎င်းတို့၏ အင်အားသာသည့်အချက်ကိုသာ ယှဉ်တိုက်ခြင်းဖြစ်သည်ဟု ပြောခဲ့သည်။ အာဏာရှင်တို့၏ စစ်အင်အား၊ လက်နက်အင်အားတို့နှင့် ယှဉ်တိုက်လျှင် တော်လှန်ရေးသမားများဘက်က အာဏာရှင်တို့ကို မှီနိုင်ဖို့ ဝေးစွ၊ သိသိသာသာပင် တပန်းရှုံးနေမည်ဖြစ်သည်။ လက်နက်နှင့်တိုက်လျှင် အာဏာရှင်တို့က တပန်းသာမည်ဖြစ်သည်။ ပြီးခဲ့သည့်အခန်းများတွင် နိုင်ငံခြားမှ ကယ်တင်ရှင်ကို အားကိုးနေလျှင် မည်ကဲ့သို့ ဒုက္ခတွေ့နိုင်ကြောင်း ပြောပြခဲ့ပြီးပြီ။ အခန်း(၂)တွင်မူ စေ့စပ်ဆွေးနွေးသည့်နည်းအပေါ် အားကိုးမှီခိုခြင်း၏ ပြဿနာများအကြောင်းကို ရှင်းပြခဲ့ပါသည်။

ဒီမိုကရေစီတော်လှန်ရေး အင်အားစုများဘက်က အနိုင်ရအောင် ဘယ်ပုံဘယ်နည်းဖြင့် လုပ်ဆောင်ကြမည်နည်း။ အာဏာရှင်တို့ အထိမခံနိုင်သည့် အားနည်းချက် ချွတ်ယွင်းချက်များကို မည်ကဲ့သို့ အသုံးချမည်နည်း။ အခန်း(၃)တွင် ဆွေးနွေးခဲ့သည့် နိုင်ငံရေးအာဏာ သီအိုရီအပေါ် မည်သည့်နည်းမျိုးဖြင့် အမြတ်ထုတ်မည်နည်း။ နိုင်ငံရေးအန်တုမှု နည်းတနည်းသာ ရှိတော့သည်။

နိုင်ငံရေးအန်တုမှုတွင် အောက်ပါသဘောတရားများ ရှိသည်။

- အာဏာရှင်တို့ဘက်က ရွေးချယ်သည့်နည်းလမ်းအတိုင်း တိုက်ခိုက်ခြင်းကြောင့် ရလာမည့် ရလဒ်များကို လက်မခံ။
- အစိုးရဘက်က ပြန်လည် ယှဉ်ပြိုင်တိုက်ခိုက်ရန် ခက်ခဲသည်။
- အာဏာရှင်တို့၏ ချွတ်ယွင်းချက်များကို ပိုမိုရှုပ်ထွေးလာစေရန် ဆွပေးနိုင်သည်။ အာဏာ၏ ရေသောက်မြစ်များကို ဖြတ်တောက်ပစ်နိုင်သည်။
- ဤနိုင်ငံရေးအန်တုမှုအား ရည်မှန်းချက်အများအပြားအတွက်လည်း လုပ်နိုင်သည်။ အဓိက လိုလားချက်တခုတည်းကိုသာ အာရုံစိုက်ပြီး လုပ်လိုလျှင်လည်း လုပ်နိုင်သည်။
- အာဏာရှင်ဘက်က ရန်သူ့ဘက်ကို အကဲခတ်မှားပြီး လုပ်ပုံကိုင်ပုံများ အမှားမှား အယွင်းယွင်း ဖြစ်သွားနိုင်သည်။
- အဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် လူထုတရပ်လုံးအား တစည်းတလုံးတည်းဖြစ်စေ၍ လူတစု၏ ချုပ်ကိုင်မှု ချုပ်ငြိမ်းသွားစေရေးအတွက် အကျိုးရှိရှိ အသုံးချနိုင်သည်။
- ထိရောက်စွာသုံးစွဲနိုင်မည့် ဩဇာအာဏာများကို မြို့ရွာ၊ နယ်ပယ်၊ လူထုကြားသို့ ရောက်လာအောင် လုပ်နိုင်သည်။ ဤကဲ့သို့ အာဏာကို ဖြန့်ဝေပေးလိုက်ခြင်းအားဖြင့် ဒီမိုကရေစီစနစ်ကို စတင်တည်ထောင်လိုက်နိုင်သည်။ ဆက်လက်တည်မြဲသွားအောင်လည်း လုပ်နိုင်ပေလိမ့်မည်။

**အကြမ်းမဖက်တိုက်ပွဲ၏ နည်းလမ်းများ။**

စစ်တပ်က စွမ်းရည်ရှိသလို နိုင်ငံရေးအန်တုမှုမှာလည်း အစွမ်းရှိပါသည်။ နိုင်ငံရေးအန်တုတိုက်သည့်နည်းကို လိုသလို အမျိုးမျိုးအသုံးချနိုင်သည်။ အတိုက်အခံဘက်မှနေ၍ အာဏာရှင်တို့၏ လုပ်နည်း လုပ်ဟန်များ တမျိုးတမည်ဖြစ်သွားအောင် လုပ်နိုင်သည်။ ပဋိပက္ခဖြစ်နေသည့်ကိစ္စများကို ငြိမ်းငြိမ်းချမ်းချမ်းနှင့် ပြေလည်သွားစေနိုင်မည့် ဆုံးဖြတ်ချက်ရရှိအောင်လည်း လုပ်နိုင်သည်။ သို့သော်လည်း နိုင်ငံရေးအန်တုသည့်နည်းသည် အ

ကြမ်းဖက်တိုက်သည့်နည်းများနှင့် မတူ။ အကျိုးသက်ရောက်ပုံကလည်း တခြားစီ။ နှစ်နည်းစလုံး လိုလားချက်များရအောင် တိုက်ပွဲဝင်ကြခြင်းဖြစ်သော်လည်း တိုက်နည်းစနစ် မတူ။ အကျိုးဆက်လည်း တမူထူးခြားသည်။ အကြမ်းဖက်သည့်နည်းများနှင့်တိုက်လျှင် တိုက်ပုံတိုက်နည်းနှင့် ရရှိလာမည့် အကျိုးသက်ရောက်မှုကို လူတိုင်းသိပါသည်။ ထိုအကျိုးဆက်များမှာ လက်နက်များသုံး၍ ခြိမ်းခြောက်ခြင်း၊ ဒဏ်ရာရစေခြင်း လူများအား သေကြေပျက်စီးစေခြင်းများသာ ဖြစ်သည်။

အကြမ်းမဖက်သည့်နည်းသည် လက်နက်ကိုင်တိုက်သည့်နည်းထက် ပိုမိုရှုပ်ထွေးသည်။ တိုက်ပုံတိုက်နည်းလည်း အမျိုးအမည် ပိုမိုများပြားသည်။ လူထုနှင့် အသင်းအဖွဲ့များက စိတ်ဓာတ်ရေးရာ၊ လူမှုရေးရာ၊ စီးပွားရေးရာ၊ နိုင်ငံရေးရာ လက်နက်များသုံးပြီး တိုက်ပွဲဝင်ခြင်းသာဖြစ်သည်။ ထိုသို့ တိုက်ခိုက်ပုံနည်းများမှာ ဆန္ဒပြဆန့်ကျင်ခြင်း၊ သပိတ်မှောက်ခြင်း၊ အာဏာရှင်တို့နှင့် ပူးပေါင်းဆောင်ရွက်မှု မပြုခြင်း၊ လူထုသပိတ်မှောက်ခြင်း၊ မကျေနပ်သည့်ဆန္ဒများအား တင်ပြခြင်း၊ လူထုအင်အားပြခြင်းများ ဖြစ်သည်။ အစိုးရမှန်သမျှသည် လူထုထံမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ နာခံမှုတို့ရရှိမှသာ တိုင်းပြည်ကို အုပ်ချုပ်နိုင်မည်။ ထိုအချက်များသည် အစိုးရအာဏာတည်မြဲရေးအတွက် ရေသောက်မြစ်များဖြစ်သည်။ နိုင်ငံရေးအန်တုမှုသည် အကြမ်းဖက်နည်းကဲ့သို့ မဟုတ်ဘဲ ထိုအာဏာရေသောက်မြစ်များကို ဖြတ်တောက်ပစ်ရန် အကောင်းဆုံးသောနည်းပင် ဖြစ်သည်။

**အကြမ်းမဖက်သည့် 'လက်နက်' များ။**

အစီအစဉ် စနစ်တကျမရှိဘဲ လက်တန်းပြုလုပ်ရသော နိုင်ငံရေးအန်တုမှုများတွင် မှားလေ့မှားတတ်ရှိသော အမှားတခုမှာ သပိတ်နှင့် လူထုဆန္ဒပြပွဲများကဲ့သို့သော နည်းတမျိုးနှစ်မျိုးအပေါ်မှာသာ မှီခိုအားထားမှုပင်ဖြစ်သည်။ အမှန်အားဖြင့် အတိုက်အခံအင်အားစုများဘက်မှ လုပ်နိုင်သည့်နည်းလမ်းများ အတော်များများရှိပါသည်။ မိမိတို့အင်အားများကို စုစည်း၍ဖြစ်စေ၊ နေရာများခွဲ၍ဖြစ်စေ လိုအပ်သလို အသုံးချနိုင်ပါသည်။

အကြမ်းမဖက်ဘဲ တိုက်သည့်နည်းပေါင်း ၂၀၀ ကျော် ဖော်ထုတ်ပြသခဲ့ပြီးဖြစ်သော်လည်း ထိုထက်မက ပိုမိုများပြားသည်မှာ အကြွင်းမဲ့ပင်ဖြစ်သည်။ ထိုတိုက်နည်းများကို အုပ်စုကြီး သုံးစုခွဲထားပါသည်။

၁။ ဆန့်ကျင်ဆန္ဒပြ၍ ကိုယ့်ဘက်ပါအောင် ဖျောင်းဖျခြင်း ( Protest and Persuation)၊

၂။ ပူးပေါင်းကူညီဆောင်ရွက်မှု မလုပ်ဘဲနေခြင်း (Non-Cooperation)၊

၃။ ဝင်ရောက်စွက်ဖက်ခြင်း (Intervention) တို့ဖြစ်သည်။

(၁) ဆန့်ကျင်ဆန္ဒပြ၍ မိမိဘက်ပါအောင် ဖျောင်းဖျခြင်းနည်းတွင် နည်းပေါင်း ၅၄ နည်းရှိပါသည်။

(၂) ပူးပေါင်းကူညီဆောင်ရွက်မှု မလုပ်ဘဲနေခြင်းဆိုသည့်နည်းတွင် သုံးမျိုးထပ်မံခွဲခြားထားပါသည်။ ၎င်းတို့မှာ...

(က) လူမှုရေးရာများကိစ္စများတွင် ပူးပေါင်းကူညီဆောင်ရွက်မှု မပြုခြင်း ၁၆ မျိုး၊

(ခ) စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု မပြုခြင်း (စားသုံးသူသပိတ်) ၂၀ မျိုးနှင့် အလုပ်သမားသပိတ် ၂၃ မျိုး၊

(ဂ) နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှု မပြုခြင်း ၃၈ မျိုးတို့ဖြစ်သည်။

(၃) အကြမ်းမဖက်ဘဲ ဝင်ရောက်စွက်ဖက်ခြင်းတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေးရာ၊ စီးပွားရေးရာ (သို့မဟုတ်) နိုင်ငံရေးရာ နည်းလမ်းအရ ဝင်ရောက်စွက်ဖက်ခြင်း ၄၁ မျိုးရှိပါသည်။ ဥပမာ...အစာအငတ်ခံခြင်း၊ အနုနည်းနှင့် အစိုးရရုံးများကို ဝင်ရောက်သိမ်းပိုက်ခြင်း၊ စင်ပြိုင်အစိုးရတည်ထောင်ခြင်းတို့ဖြစ်သည်။ ဤစာအုပ်၏ နောက်ဆက်တွဲတွင် ထိုအကြမ်းမဖက်သည့် နည်းပေါင်း ၁၉၈ နည်းကို ဖော်ပြထားပါသည်။

အကြမ်းမဖက်သည့်နည်းများကို လေ့လာတတ်ကျွမ်းထားသည့် ပြည်သူများက ၎င်းနည်းများကို အသုံး

ပြုပြီး လှုပ်ရှားမှုများအား အင်တိုက်အားတိုက် လုပ်နိုင်သည်။ ဘယ်နည်းသုံးမည်ကို စိစစ်ရွေးချယ်ကြဖို့လိုအပ်သည်။ တိုက်ပုံတိုက်နည်း အသိကြွယ်ဖို့လည်း လိုအပ်သည်။ သင့်တော်သော ပရိယာယ်များကို သုံးတတ်ရမည်။ ထိုသို့သော အုံကြွလိုက်လျှင် တရားမဝင်အစိုးရမှန်သမျှ မခံနိုင်။ ပြဿနာများကို ရင်ဆိုင်ရပေမည်။ အာဏာရှင်အားလုံးတို့ မျက်ဖြူဆိုက်သွားကြပေလိမ့်မည်။

စစ်ရေးအရတိုက်သည့်နည်းနှင့် အကြမ်းမဖက်တိုက်သည့်နည်းတို့ မတူညီသည့် အချက်တချက်လည်း ရှိပါသည်။ ထိုအချက်မှာ အကြမ်းမဖက်ဘဲတိုက်သည့်အခါ မိမိတို့ဘက်က မရလျှင်မဖြစ်သည့် လိုလားချက်တခုထဲကိုသာ အာရုံစိုက်ပြီး တိုက်နိုင်ခြင်းဖြစ်သည်။ ဥပမာဆိုကြပါစို့။ အာဏာရှင်စနစ် အမြစ်ပြုတ်စေရန် တိုက်သောတိုက်ပွဲသည် နိုင်ငံရေးနှင့်အဓိကသက်ဆိုင်သော တိုက်ပွဲဖြစ်သည်။ ထို့ကြောင့် အကြမ်းမဖက်သည့် နိုင်ငံရေးတော်လှန်အုံကြွမှုများလုပ်ရမည်။ ဘာတွေကို လုပ်နိုင်သနည်း။ အာဏာရှင်အစိုးရကို တရားဝင်အစိုးရဟု သဘောမထားခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ မပြုခြင်းတို့ကို လုပ်နိုင်သည်။ အစိုးရ၏အချို့သော မူဝါဒများကို ဆန့်ကျင်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ မပြုသည့်နည်းလည်း အကြုံးဝင်သည်။ ထိုမူဝါဒများကို အကောင်အထည်ပေါ်မလာအောင် အချိန်ဆွဲထားသည့်အခါ ဆွဲထားလိုက်ကြနိုင်သည်။ အစိုးရယန္တရားကြီး ရပ်တန့်သွားအောင် သို့မဟုတ် နှောင့်နှေးသွားအောင် လျှို့ဝှက်စွာဆောင်ရွက်သလို တချိန်တည်းမှာပင် လူထုဆန္ဒပြပွဲများ၊ အာဏာဖီဆန်မှုများ၊ သပိတ်မှောက်ပွဲများ ကျင်းပ၍ လူထုတရပ်လုံးသိအောင် လုပ်နိုင်သည်။

အကယ်၍သာ အာဏာရှင်တို့သည် စီးပွားရေးဖိအားပေးမှုအပေါ် ဆက်လက်တင်းမထားနိုင်တော့လျှင် (သို့မဟုတ်) လူထု၏ အဓိကနစ်နာချက်များမှာ စီးပွားရေးနှင့် သက်ဆိုင်နေပါက စီးပွားရေးအရ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမပြုခြင်းကို ဆောင်ရွက်ရမည်။ ဥပမာ...စီးပွားရေးသပိတ်မှောက်ခြင်းနှင့် အလုပ်သမားများ ဆန္ဒပြခြင်းတို့ဖြစ်သည်။ အာဏာရှင်အစိုးရက စီးပွားရေးအမြတ်ထုတ်ရန် ကြိုးစားလာခဲ့သော် အလုပ်သမားသပိတ်ကို အကန့်အသတ်နှင့် သပိတ်မှောက်ရမည်။ အလုပ်များ နှောင့်နှေးသွားအောင် လုပ်နိုင်သည်။ မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်အလုပ်သမားများကလည်း အကူအညီမပေးဘဲ နေလိုက်နိုင်သည်၊ သို့မဟုတ် အလုပ်ခွင်ကို အဆက်ဖြတ်၍ နေနိုင်သည်။ သပိတ်အမျိုးမျိုးရှိသည့်အနက် အသင့်လျော်ဆုံး၊ အထိရောက်ဆုံးဖြစ်မည့် သပိတ်မျိုးကို အချက်အချာကျမည့်နေရာများတွင် ကျင်းပပြုလုပ်ရမည်။ ထိုနေရာများမှာ ကုန်ထုတ်လုပ်သည့် စက်ရုံများ၊ သယ်ယူပို့ဆောင်ရေးရုံးများ၊ ကုန်ကြမ်းထောက်ပံ့သည့်နေရာများနှင့် ကုန်ချောဖြန့်ချိသည့်ဌာနများ စသည်တို့ဖြစ်သည်။

အကြမ်းမဖက်သည့် နည်းတချို့တွင် လူများသည် သာမန်လုပ်နေကျ မဟုတ်သည့်အလုပ်များကို လုပ်ရန်လိုအပ်ပေမည်။ ဥပမာ...စာရွက်စာတမ်းများ ဝေငှရမည်။ မြေအောက်သတင်းစာများ ထုတ်ဝေရမည်။ အစာအငတ်ခံဆန္ဒပြပွဲများ လုပ်သင့်လျှင် လုပ်ရမည်။ လမ်းမအလယ်တွင် လမ်းပိတ်ထားပြီး ထိုင်သပိတ်လုပ်တန်လုပ်ကြရမည်။ ထို့ကြောင့် အချို့လူများအတွက် ယခုဖြောခဲ့သည့် အလုပ်များကိုလုပ်ရန် ခဲယဉ်းကောင်း ခဲယဉ်းပေလိမ့်မည်။ အလွန်အမင်းဆိုးဝါးလာသော အခြေအနေမျိုးမှသာ ပါဝင်ဆောင်ရွက်နိုင်ကြပေလိမ့်မည်။

အခြားသော အကြမ်းမဖက်သည့်နည်းများတွင် ပါဝင်မည့်သူများက မိမိတို့လုပ်နေကျ အလုပ်မျိုးနှင့် အနည်းငယ်အလားတူသော လုပ်ငန်းများကို ဆက်လုပ်သွားသည်ကဲ့သို့ပင် ဖြစ်ပေသည်။ လုပ်နည်းလုပ်ဟန်သာ ကွဲပြားခြင်းဖြစ်သည်။ ဥပမာ...အလုပ်သမားတယောက်က အလုပ်တက်မည်။ သပိတ်မမှောက်။ သို့သော် တမင်သက်သက် အလုပ်ကို ဆွဲလုပ်လိုက်မည်။ အမှားမှား အယွင်းယွင်းဖြစ်အောင် လုပ်လိုက်မည်။ အမှားများကို သိသိကြီးနှင့် ထပ်တလဲလဲ လုပ်မည်။ တခါတရံ နေမကောင်း၍ ရုံးမတက်နိုင်ဟု ပြောမည်။ မလုပ်နိုင်၊ မကိုင်နိုင်ဖြစ်နေသည်ဟု ငြီးပြလိုက်မည်။ သို့မဟုတ် မလုပ်နိုင်ကြောင်း ရှင်းရှင်းလင်းလင်း ပြောလိုက်မည်။ ဘာသာရေးတခုထဲသာ မဟုတ်။ နိုင်ငံရေးပါစွက်ဖက်သည့် ဟောပြောပွဲများကို တက်ကြမည်။ မိမိ၏ ကလေးသူငယ်များအား တဘက်၏ ဝါဒဖြန့် သိမ်းသွင်းမှုများ မခံရအောင် အိမ်တွင်သာ ပညာသင်ပေးမည်။ တရားမဝင်သည့် သင်တန်းများကိုဖွင့်မည်။ အစိုးရက ဝင်သင့်သည် သို့မဟုတ် ဝင်ရမည်ဟုဆိုသည့် အသင်းအဖွဲ့များအား မဝင်ဘူးဟု ငြင်းဆိုနိုင်သည်။ ထိုသို့

မိမိတို့ လုပ်နေကျအလုပ်များနှင့် အလားတူသောနည်းလမ်းများ သုံးသည့်နည်း၊ လုပ်နေကျထက် အနည်းငယ်ကွဲပြားသော်လည်း ကန့်သတ်မှုဖြင့်လုပ်ဆောင်သောနည်းများသည် အပန်းမကြီးလှပေ။ ထို့ကြောင့် လွတ်မြောက်ရေးတိုက်ပွဲအတွင်း လူအများအပြား ပါဝင်ဆောင်ရွက်နိုင်စေသည်။

**ဒီမိုကရေစီအင်အားစုများ၏ မူပိုင်လက်နက်ကိုသာ စွဲကိုင်ခြင်း၊**

အကြမ်းမဖက်သည့်နည်းနှင့် တိုက်ခြင်းသည် လက်နက်ကိုင်တိုက်သည့်နည်းနှင့် အခြေခံအားဖြင့်ဘာမျှမတူ။ သိသိသာသာ ခြားနားသည်။ ထို့ကြောင့် နိုင်ငံရေးအံတုမှုနည်း၊ လက်နက်မဲ့တိုက်နည်းဖြင့် တိုက်ရာတွင် အနည်းငယ်မျှအကြမ်းဖက်လိုက်လျှင် ကောင်းကျိုးထက် ဆိုးကျိုးပိုဖြစ်တတ်စေသည်။ အကြမ်းမဲ့တိုက်နေရင်းနှင့် အာဏာရှင်တို့အစွမ်းထက်သည့် စစ်တိုက်သည့်နည်းဘက်သို့ လမ်းပြောင်းသွားတတ်သည်။ စစ်အာဏာရှင်တို့ဘက်က လက်နက်အင်အားများ မနိူင်းသာအောင် သာလွန်နေသည် မဟုတ်ပါလား။ ထို့ကြောင့် အနိုင်ရလိုလျှင် အကြမ်းမဖက်သည့် စည်းကမ်းသေဝပ်မှုရှိရလိမ့်မည်။ ထိုသို့အကြမ်းမဖက်ဘဲ စည်းကမ်းသေဝပ်ခြင်းသည် အောင်မြင်မှု၏ အဓိကသော့ချက်ဖြစ်သည်။ အာဏာရှင်အစိုးရနှင့် သူတို့၏ဘက်တော်သားများက မည်သို့ပင် သွေးထိုးဆွပေးစေကာမူ၊ မည်သို့ပင် ရက်စက်စေကာမူ အဆိုပါစည်းကမ်းသေဝပ်မှုကို ထိမ်းသိမ်းထားရမည်။

ဤကဲ့သို့ စည်းကမ်းသေဝပ်မှုရှိပြီး အကြမ်းမဖက်သည့်နည်းနှင့် လှုပ်ရှားလိုက်ခြင်းဖြင့် ပြောင်းလဲမှုနည်းလမ်းလေးမျိုး ပေါ်ပေါက်လာသည်။ (အောက်တွင် ဆွေးနွေးထားသည်) နိုင်ငံရေးသိုင်းကွက် ကစားသည့်အခါ စည်းကမ်းသေဝပ်မှုက အလွန့်အလွန် အရေးကြီးပါသည်။ အာဏာရှင်အစိုးရဘက်က ရက်စက်ကြမ်းကြုတ်သော်လည်း အတိုက်အခံများဘက်က ချိုးနှိမ်ရလောက်အောင် စည်းကမ်းသေဝပ်ပြီး အကြမ်းဖက်မှု လုံးဝမရှိသည်ကို အခြားသူများက မြင်လာလျှင် အစိုးရဘက်က တပန်းရှုံးပြီဟုသာ မှတ်ရမည်။ အစိုးရအုပ်စုများထဲမှာပင် သဘောကွဲလွဲမှုများ ပေါ်လာလိမ့်မည်။ ထိုမျှမက အစိုးရကို ထောက်ခံနေကြသူများ၊ ပြည်သူများ၊ တိုက်ပွဲတွင် မပါဝင်သူများတို့ကပင် အတိုက်အခံများဘက်ကို ထောက်ခံလာကြပေလိမ့်မည်။

အချို့အရေးကိစ္စများတွင်မူ မလွှဲမရှောင်သာသဖြင့် အာဏာရှင်များကို ကျောင်းမှန်း၊ ကန်မှန်း သိသွားကြလေအောင် အနည်းငယ်မျှ လုပ်ပေးကြရမည်။ စိတ်ပျက်မှု၊ အစိုးရကို မုန်းတီးမှုတို့ကြောင့် အကြမ်းဖက်သည့်နည်းကို သုံးချင်သုံးလာကြလိမ့်မည်။ သို့တည်းမဟုတ် အချို့လူစုကလည်း အကြမ်းဖက်ချင်စိတ်များဝင်လာကြလိမ့်မည်။ အကြမ်းဖက်နည်းကို သိပ်ပြီး လက်မလွှတ်ချင်သလိုလို ရှိကောင်းရှိလာကြမည်။ ထိုသို့စိတ်များ ပေါ်လာသည့်အခါမျိုးတွင် နိုင်ငံရေးအန်တုမှုကို လက်မလွှတ်သင့်။ အကြမ်းဖက်သည့်နည်းနှင့် အကြမ်းမဖက်သည့်နည်းတို့ကို တတ်နိုင်သမျှ ခွဲခြားထားရန်လိုသည်။ မည်သည့်အချက်များအပေါ်ကို မူတည်ပြီး ခွဲခြားထားကြမည်နည်း။ ပထဝီအနေအထားအလိုက်၊ တိုင်းသူပြည်သားတို့၏ အလုပ်အကိုင်အလိုက်၊ အချိန်ကာလအလိုက် တောင်းဆိုနေသည့်အချက်များအပေါ်မူတည်၍ ခွဲခြားရမည်။ ဤသို့ ခွဲခြားမထားလျှင် အင်အားကောင်းကောင်းနှင့် အောင်မြင်စွာ အသုံးချနိုင်ခဲ့သော နိုင်ငံရေးအန်တုမှုနည်းသည် အကြမ်းဖက်သည့်နည်းကြောင့် ဒုက္ခအကြီးအကျယ် ရောက်သွားနိုင်သည်။

နိုင်ငံရေးအန်တုမှုများလုပ်သည့်အခါ အသေအပျောက်၊ အထိအခိုက်ရှိကြမည်ဖြစ်သော်လည်း စစ်ရေးနည်းနှင့်တိုက်သော တိုက်ပွဲများလောက် မဆိုးဝါးကြောင်း သမိုင်းတွင်တွေ့နိုင်ပါသည်။ ထိုမျှမကအကြမ်းမဖက်သည့်နည်းနှင့်တိုက်လျှင် တဘက်နှင့်တဘက် အပြန်အလှန် မဆုံးနိုင် သတ်ဖြတ်ရက်စက်နေမှုများ ရှိနေတော့မည် မဟုတ်ပါ။

အကြမ်းမဖက်သည့်နည်းတွင် အာဏာရှင်အစိုးရနှင့် ၎င်းတို့၏ အကြမ်းဖက် ဖိနှိပ်နှိမ်နင်းမှုအပေါ် လူထုက ကြောက်ရွံ့မှုမရှိရန် သို့မဟုတ် ကြောက်ရွံ့မှု လျော့နည်းစေရန် အထူးလိုအပ်သည်။ ထိုမျှမက ထိုသို့သော စိတ်ဓာတ်များ ထွန်းကားရန်အတွက် ပြုစုပျိုးထောင်ရန်လည်း လိုအပ်လှသည်။ ထိုသို့ကြောက်ရွံ့စိတ်ကို ပယ်ဖျက်

နိုင်ခြင်းသည် ပြည်သူလူထုအပေါ် အုပ်စိုးထားသော အာဏာရှင်တို့၏ သြဇာအာဏာကို ဖျက်စီးပစ်နိုင်ရန်အတွက် အဓိကသော့ချက် ဖြစ်သည်။

**ပွင့်ပွင့်လင်းလင်း လုပ်သင့်ကလုပ်၊ လျှို့ဝှက်သည့်အခါ လျှို့ဝှက်၊ အဆင့်အတန်း မြင့်ပါစေ၊**

လျှို့ဝှက်စွာ ဆောင်ရွက်ရခြင်း၊ လှည့်စားရခြင်းနှင့် မြေအောက်လှုပ်ရှားမှုများ ကြံစည်ဆောင်ရွက်ခြင်းများသည် အကြမ်းမဖက်လှုပ်ရှားမှုများတွင် အထူးခက်ခဲသော လုပ်ငန်းများဖြစ်သည်။ အများအားဖြင့် အတိုက်အခံတို့ဘက်က အကြံအစည်၊ အစီအစဉ်များကို အစိုးရဘက်က ရဲများ၊ ထောက်လှမ်းရေးများ မသိအောင် လုပ်ရန် ခက်ခဲသည်။ လှုပ်ရှားနေသူများဘက်က ကြည့်လိုက်လျှင် ကြောက်၍ ပုန်းလျှိုးကွယ်လျှိုးလုပ်ရသည်။ ထိုသို့ပုန်းလျှိုးကွယ်လျှိုး လုပ်နေရသည့်အတွက်လည်း ကြောက်စိတ်များဖြစ်လာသည်။ ထို့ကြောင့် စိတ်ဓာတ်ကျသွားနိုင်သည်။ လှုပ်ရှားမှုလုပ်ချင်သူများ နည်းသွားမည်။ ထိုသို့လျှို့ဝှက်လုပ်ကိုင်နေရသည့်အတွက်လည်း လှုပ်ရှားနေကြသည့်လူစုများထဲတွင်လည်း အခြေအမြစ်မရှိသော သင်္ကာမကင်းမှုများ၊ စွပ်စွဲမှုများ ပေါ်လာလိမ့်မည်။ အစိုးရဘက်က သူလျှိုများ၊ ဖော်ကောင်များ ဘယ်သူတွေလဲဟူသော အခြေအမြစ်မဲ့မေးခွန်းများ ပေါ်ပေါက်လာပေမည်။ လျှို့ဝှက်ပြီးလုပ်နေရသည့်အတွက် အကြမ်းမဖက်ဘဲ မည်မျှကြာရှည်စွာ တိုက်နိုင်မည်ဟုလည်း မပြောနိုင်။ ထိုသို့မလျှို့ဝှက်ဘဲ မိမိတို့အကြံအစည်၊ မိမိတို့၏ အစီအစဉ်များကို ပွင့်ပွင့်လင်းလင်းနှင့်လုပ်လျှင် ဘယ်လောက်ကြာအောင်တိုက်မည်ဟု ချိန်ဆနိုင်သည်။ ထိုမျှမက မိမိတို့လှုပ်ရှားမှုသည် အမှန်တကယ် အင်အားတောင့်တင်းသည့် ပုံသဏ္ဌာန်ပေါ်လာလိမ့်မည်။ လျှို့ဝှက်စွာလုပ်ကိုင်ရခြင်းသည် အပြောလွယ်သော်လည်း တကယ်တမ်း လုပ်ကြည့်သည့်အခါ ပြဿနာရှုပ်ထွေးလာတတ်သည်။ သို့သော် အချို့သော ဆန့်ကျင်ရေး လှုပ်ရှားမှုများ လုပ်သည့်အခါ လျှို့ဝှက်ပြီးလုပ်သင့်သော အရာများလည်း ရှိပါသည်။ အကြမ်းမဖက်သည့်တိုက်ပွဲများ၏ လှုပ်ရှားမှုစွမ်းအားနှင့် အာဏာရှင်တို့ဘက်က မျက်စိဒေါက်ထောက်ကြည့် စုံစမ်းနေမှုများအပေါ် နားလည်တတ်ကျွမ်းသူတို့က နံ့နံ့စပ်စပ်နှင့် သုံးသပ်မှုပြုရမည်။

မြေအောက်တော်လှန်ရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို တည်းဖြတ်ပုံနှိပ် ဖြန့်ဖြူးသည့်အလုပ်၊ တရားမဝင် တိတ်တိတ်ပုန်းလုပ်ရသည့် ပြည်တွင်းအသံလွှင့်သည့်အလုပ်၊ အာဏာရှင်အစိုးရ၏ လှုပ်ရှားမှုတို့ကို သတင်းထောက်လှမ်းရသည့်အလုပ်စသည်တို့မှာ အလွန့်အလွန် အရေးကြီးသည့်ကိစ္စများဖြစ်သောကြောင့် အထူးလျှို့ဝှက်ပြီး လုပ်ကြရန်လိုအပ်သည်။

အကြမ်းမဖက်သည့်နည်းကို အသုံးပြုနေသူများသည် ပဋိပက္ခကာလ တလျှောက်လုံး အဆင့်အတန်းမြင့်သော အပြုအမူများ ထိန်းသိမ်းဆောင်ရွက်ရန် လိုပါသည်။ အထူး စည်းကမ်းသေဝပ်ရမည်။ စည်းကမ်းသေဝပ်မှုကို မကြောက်မရွံ့ထိန်းသိမ်းထားရန် လိုအပ်ပါသည်။ အချို့သောပြောင်းလဲမှုများ ဖြစ်ပေါ်လာရေးအတွက် လူထုအင်အား အမြောက်အများပါဝင်ရန် လိုအပ်သည်ဆိုသည့်အချက်ကို မမေ့သင့်ပေ။ သို့သော် လှုပ်ရှားမှုတခုလုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်မှသာ အားကိုးအားထား ပြုလောက်သည့် လူထုအင်အားကို ရနိုင်မည်ဖြစ်သည်။

**အာဏာချိန်ခွင်လျှာ အပြောင်းအလဲများ၊**

အကြမ်းမဖက်သည့်နည်းကို အသုံးပြုကာ စစ်ဆင်သူများသည် နိုင်ငံရေးအန်တုပြီးတိုက်ရသည့် ပဋိပက္ခများမှာ အမြဲတစေပြောင်းလွဲနေကြောင်း သိရမည်။ မိမိဘက်မှ လှုပ်ရှားမှုနှင့် ရန်သူတို့၏ တန်ပြန် လှုပ်ရှားမှုတို့ အပြန်အလှန်တည်မှီ၍ ပြောင်းလဲတတ်သည်ကိုလည်း သတိမလစ်သင့်။ မည်သည့်အရာမျှ အတည်အမြဲမဟုတ်။ သူ့ဘက်ကိုယ့်ဘက် သြဇာအာဏာ ချိန်ခွင်လျှာများသည် အမြဲပြောင်းလွဲနေသည်။ အလျှင်အမြန်လည်း ပြောင်းလွဲသွားတတ်သည်။ အဘယ်ကြောင့်နည်း။ တော်လှန်ကြသူများက ဖိနှိပ်မှုအား အလျှော့မပေး။ ဆက်လက်ပြီး ဖွဲ့နှင့် အကြမ်းမဖက်ဘဲ တိုက်နေကြခြင်းကြောင့် ဖြစ်ပါသည်။

ယခုလို ပဋိပက္ခဖြစ်လာသည့်အခါ တိုက်နေကြသည့် ဘက်နှစ်ဘက်တွင် ဩဇာအာဏာ ကျသွားသည့်ဘက်က ကျ၊ တက်သွားသည့်ဘက်က တက်၊ အပြောင်းအလဲများ အကြီးအကျယ် ဖြစ်သွားတတ်သည်။ အကြမ်းဖက်ပြီးတိုက်သည့်စစ်ပွဲများထက် ပိုဆိုးသည်။ ရုတ်ခြည်းလည်း ဖြစ်ပေါ်နိုင်သည်။ အကျိုးသက်ရောက်ဖွယ် အမျိုးမျိုးလည်း ရှိလာနိုင်သည်။ ပြောခဲ့သည့်အတိုင်း ဩဇာအာဏာများ အမျိုးမျိုး ဖြစ်လာသည့်အတွက် အတိုက်အခံသမားများက တစုံတခုလုပ်လိုက်လျှင် အဆိုးအကောင်းများ ဖြစ်သွားနိုင်သည်။ မိမိတို့လှုပ်ရှားနေသည့် နေရာ၊ လှုပ်ရှားနေသည့် အချိန်ကာလတွင်သာမက အခြားနေရာများကိုပင် ပျံ့သွားနိုင်သည်။ အနာဂတ်ကာလတိုင်အောင် ကောင်းကျိုး၊ ဆိုးကျိုးများ ဖြစ်နိုင်သည်။ ထို အကောင်းအဆိုးရလဒ်များက တိုက်နေကြသည့် နှစ်ဘက်စလုံး၏ မည်သည့်ဘက်ကိုမဆို အင်အားတက်လာအောင် လုပ်နိုင်လိမ့်မည်။ သို့မဟုတ် အားလျော့သွားအောင်လည်း လုပ်နိုင်လိမ့်မည်။

အကြမ်းမဖက်သူများက ရန်သူတို့၏ ဩဇာအာဏာအပြောင်းအလွဲ၊ အတက်အကျ ဖြစ်သွားအောင်ကိုလည်း လုပ်နိုင်ပါသည်။ လက်နက်စွဲကိုင်တိုက်သည့်စစ်ပွဲများက လုပ်နိုင်သည်ထက် ပိုမိုအရာရောက်နိုင်သည်။ ဥပမာ...အာဏာရှင်အစိုးရက ရက်စက်နေသည့်ကြားက စည်းကမ်းသေဝပ်စွာ သတ္တိရှိရှိနှင့် အကြမ်းမဖက်ဘဲ တိုက်နေကြခြင်းကြောင့် တဘက်က အနေရအထိုင်ရ ကျပ်သွားလိမ့်မည်။ မကျေမချမ်းဖြစ်သွားလျှင် ဖြစ်သွားမည်။ လူထု၏အယုံအကြည် ကင်းမဲ့သွားကြမည်။ ဆိုးသည်ထက် ဆိုးလာသည့်အခါ အာဏာရှင်အစိုးရ၏ စစ်သားများကပင် တပ်တွင်းပုန်ကန်မှုများ ပြုလုပ်လာလိမ့်မည်။ အာဏာရှင်အစိုးရကို နိုင်ငံခြားအစိုးရများက ပိုပြီးရှုတ်ချလာကြလိမ့်မည်။ ထိုမျှမက ဤကဲ့သို့ ကျွမ်းကျင်လိမ္မာပြီး စည်းကမ်းသေဝပ်စွာ နိုင်ငံရေးအန်တုမှုများကို မလျော့တမ်းလုပ်နေကြသည့်အတွက် ယခင်က အာဏာရှင်အစိုးရကို မသိမသာ ထောက်ခံနေသူများ၊ ပဋိပက္ခဖြစ်နေသည့်ကိစ္စအတွင်း ကြားနေခဲ့သူများ စသည်တို့က အကြမ်းမဖက်သည့်ဘက်ကို ယိမ်းလာကြလိမ့်မည်။

**ပြောင်းလဲမှုလေးမျိုး၊**

အကြမ်းမဖက်သည့်တိုက်နည်းများကြောင့် အပြောင်းအလဲလေးမျိုး ဖြစ်လာစေနိုင်သည်။ ပထမ အပြောင်းအလဲနည်းလမ်းမျိုးက ဖြစ်တောင့်ဖြစ်ခဲလှသည်။ ဖြစ်ဖူးသည့်အခါများတော့ ရှိပါသည်။ အကြမ်းမဖက်ဘဲ သတ္တိရှိရှိတိုက်နေကြသူများ၏ ခံစားနေရသည့် ဆင်းရဲဒုက္ခကို ရန်သူအစိုးရဘက်ကမြင်ပြီး ဂရုဏာသက်လာသည့်အခါ သို့မဟုတ် အာဏာဖီဆန်နေသူများဘက်က ရည်ရွယ်ချက်များ မှန်ကန်ကြောင်းကို အကျိုးသင့် အကြောင်းသင့်ဖြောင်းဖျ၍ နားလည်မှုရရှိသွားသည့်အခါ အစိုးရက တော်လှန်သူတို့၏ ရည်မှန်းချက်များကို လက်ခံကြလိမ့်မည်။ အာဏာရှင်များအား ဤကဲ့သို့ စိတ်ပြောင်းသွားအောင် လုပ်လိုက်ခြင်းကို **စိတ်ပြောင်းအောင်လုပ်ခြင်း(Conversion)** ဟု ခေါ်သည်။ အကြမ်းမဖက်သည့်နည်းဖြင့် ထိုသို့ စိတ်ပြောင်းအောင်လုပ်ခြင်းသည် ရံဖန်ရံခါ ဖြစ်တတ်သော်လည်း ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ပါသည်။ တခါတရံ ဘယ်တော့မှ မဖြစ်ပါ။ ဖြစ်လျှင်လည်း မပြောပလောက်ပါ။

ဖြစ်ပွားနေသော ပဋိပက္ခ၏ အခြေအနေနှင့် ပြည်သူတို့၏ စိတ်သဘောထားများကို ပြောင်းလဲပြီး အကြမ်းမဲ့တိုက်သည့်နည်းကို သုံးသည့်အခါများလည်း ရှိပါသည်။ ထိုသို့လုပ်လိုက်သည့်အတွက် အတိုက်အခံ အစိုးရဘက်က သူတို့လုပ်ချင်သလို လုပ်၍မဖြစ်တော့။ ထို အပြောင်းအလဲ ရှိလာသည့် အတွက် အခြားပြောင်းလဲမှု သုံးမျိုးလည်း ပေါ်ပေါက်လာနိုင်သည်။ ၎င်းသုံးမျိုးမှာ **လိုက်လျောခြင်း** (Accommodation)၊ **အနုနည်းနှင့် အကျပ်ကိုင်ပြီး ကိုယ့်ဘက်ပါလာအောင် တိုက်တွန်းခြင်း** (Coercion) နှင့် **ရန်သူအုပ်စုကို လူဆိုးလူကောင်း ခွဲခြားကာ အကွဲကွဲအပြားပြားဖြစ်အောင် လုပ်ခြင်း**(Disintegration) တို့ဖြစ်သည်။ မည်သည့်အပြောင်းအလဲမျိုးဖြစ်မည်ဆိုသည်မှာ အာဏာလွန်ဆွဲမှုအတွင်း ဒီမိုကရေစီအင်အားစုများဘက်ကို အာဏာဘယ်အတိုင်းအတာအထိ ပြောင်းလာသည် မလာသည်ကို ကြည့်ရမည်။

ပဋိပက္ခဖြစ်နေသည့်ကိစ္စကို ချက်ချင်း သဘောတူပြေလည်သွားအောင်၊ ကွဲလွဲနေသည့်အချက်များကို သူ့ဘက်ကိုယ့်ဘက် ဖယားချနိုင်အောင်၊ အပေးအယူလုပ်လိုက်နိုင်အောင် မည်သည့်အချိန်အခါမျိုးတွင် လုပ်ကြမည်နည်း။ အကယ်၍ အတိုက်အခံဖြစ်နေသည့်ကိစ္စက သိပ်အရေးမကြီး၊ အတိုက်အခံများဘက်က ထထကြွကြွ လှုပ်ရှားတောင်းဆိုနေသည့် အချက်များကလည်း အစိုးရကို သိပ်အန္တရာယ်ပြုနိုင်ပုံ မပေါ်၊ အာဏာလွန်ဆွဲမှုတွင် အချို့အတိုင်းအတာအထိလျှော့ပြီး လိုက်လျောနိုင်လျှင် လက်ရှိဖြစ်နေသည့် ပဋိပက္ခကို သဘောတူပြေလည်သွားအောင်လုပ်နိုင်သည်။ ဤပြောင်းလဲမှုကို **လိုက်လျောခြင်း** (Accomodation) ဟု ခေါ်သည်။ အလုပ်သမား သပိတ်များတွင် ဤကဲ့သို့ လိုက်လျောလာအောင်လုပ်ပြီး ပြေလည်မှုရသွားတတ်ကြသည်။ နှစ်ဦးနှစ်ဘက်စလုံး လိုလားချက်များ ရတန်သလောက်ရကြသည်။ ဘယ်ဘက်ကမှ ကိုယ်လိုချင်သည့်အရာများ အားလုံးမရပါ။ အစိုးရကလည်း လိုက်လျောပြီး ပြေလည်အောင်လုပ်ပေးလိုက်လျှင် အကျိုးရှိမည်ဟု မြင်လာလိမ့်မည်။ ဥပမာ...တင်းမာနေသည့်ကိစ္စများကို အဆင်ပြေအောင် လုပ်ပေးလိုက်နိုင်မည်။ ထိုအခါ ပြည်သူတို့က အစိုးရကို မျှမျှတတရှိသည်ဟု မြင်လာပေလိမ့်မည်။ နိုင်ငံတကာအလယ်တွင်လည်း ယဉ်ကျေးသိမ်မွေ့သောအစိုးရဖြစ်ကြောင်း သိက္ခာဆယ်နိုင်သည်။ သို့ဖြစ်၍ လိုက်လျောမှုဖြင့် ပြေလည်သွားနိုင်မည့် တောင်းဆိုချက်များကို ဂရုစိုက်ပြီး ရွေးချယ်တတ်ရန် လိုအပ်သည်။ မည်သည့်ကိစ္စမျိုးကို ဤ 'လိုက်လျောခြင်း' နည်းဖြင့် ဖြေရှင်းသင့်သည်ကို သေသေချာချာ ရွေးချယ်ဆုံးဖြတ်ရမည်။ အာဏာရှင်များ အမြစ်ပြုတ်အောင်တိုက်လိုလျှင် ဤနည်းဖြင့် မရပါ။

ဆိုခဲ့သည့်အတိုင်း အစိုးရနှင့် လိုက်လျောသည့်နည်း၊ အစိုးရက အချို့မူများအား ပြောင်းလဲအောင် လုပ်သည့်နည်းများထက် ပိုမိုစွမ်းရည်ထက်မြက်သော နည်းများဖြင့်လည်း အကြမ်းမဖက်တိုက်ပွဲကို ဆင်နွှဲနိုင်ပါသည်။ လူထုနှင့်ချီပြီး အကူအညီပေးမှုများ ရပ်ဆိုင်း၊ အာဏာဖီဆန် လုပ်လိုက်ခြင်းအားဖြင့် လူမှုရေးရာ၊ နိုင်ငံရေးရာတို့ကို ပြောင်းလွဲပစ်နိုင်သည်။ အထူးသဖြင့် ဩဇာအာဏာအပြောင်းအလွဲ၊ အတက်အကျကို ချိန်ဆနိုင်သည်။ အစိုးရက ရပ်ရွာလူထု၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည်တို့ကို ချုပ်ကိုင်မထားနိုင်အောင်ပင် လုပ်လိုက်နိုင်ပါသည်။ အစိုးရအဖို့ မိမိစစ်တပ်ကိုပင် အယုံမသွင်းနိုင်သည့်ဘဝသို့ ရောက်သွားနိုင်သည်။ အာဏာဖီဆန်နေသူများကို နှိမ်နင်းဖို့အမိန့်ပေးလျှင် မနာခံဘဲ နေလိုက်ကြလိမ့်မည်။ ရန်သူအစိုးရဘက်က ခေါင်းဆောင်များက သူ့ရာထူးနှင့်သူ ဟန်မပျက်ရှိနေပြီး သူတို့လိုရင်း ပန်းတိုင်ရောက်အောင် ဦးတည်နေသော်ငြားလည်း ဘာမျှ ထိထိရောက်ရောက် လုပ်နိုင်စွမ်းမရှိသည့် အခြေအနေသို့ ရောက်သွားပေလိမ့်မည်။ ဤကဲ့သို့ အကြမ်းနည်းကိုမသုံးဘဲ ကိုယ့်ဘက်ပါလာအောင် အကျပ်ကိုင်တိုက်တွန်းခြင်းကို အကြမ်းမဖက်ဘဲ **အကြပ်ကိုင်တိုက်တွန်းခြင်း**(Non-violent coercion) ဟု ဆိုနိုင်သည်။

အလွန်ဆိုးဝါးလှသည့်အခြေအနေသို့ ရောက်သွားသည့်အခါများတွင်မူ အကြမ်းမဖက်ဘဲ အကျပ်ကိုင်တိုက်တွန်းသည့်နည်းထက်ပို၍ လုပ်နိုင်ခြင်းများ အမျိုးမျိုးရှိသည်။ ရန်သူအစိုးရဘက်က ဘာမျှ ထိထိရောက်ရောက်လုပ်နိုင်သည့် အင်အားမရှိတော့သဖြင့် အာဏာယန္တရားအဆောက်အအုံကြီးပါ ပြိုကျပျက်စီးသွားတတ်သည်။ အာဏာဖီဆန်သည့်ဘက်က ကိုယ့်လူတွေကို ကိုယ်အားကိုးပြီး အကူအညီ မပေးဘဲနေခြင်း၊ အာခံခြင်းတို့ကို ပိုင်ပိုင်နိုင်နိုင် လုပ်ပြနိုင်ကြသောအခါ အစိုးရအဖို့ ထိန်းမရနိုင်အောင် ဖြစ်သွားပေလိမ့်မည်။ ရန်သူအစိုးရဘက်တော်သားများက မိမိတို့အကြီးအကဲများ၏ အမိန့်ကို မနာခံဟု ငြင်းဆိုကြလိမ့်မည်။ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့ကလည်း ပုန်ကန်ကြမည်။ ၎င်းတို့ကို ထောက်ခံနေသူများကလည်း ၎င်းတို့၏ခေါင်းဆောင်မှုကို အသိအမှတ်မပြုကြတော့။ အစိုးရ၏လုပ်ပိုင်ခွင့် မရှိဆိုပြီး ငြင်းဆန်စ ပြုလာကြလေပြီ။ ထို့ကြောင့် အစိုးရကို ထောက်ခံမည့်သူ၊ အမိန့်နာခံမည့်သူများ နည်းသွားကြလေပြီ။ ထိုနည်းသည် စတုတ္ထအပြောင်းအလဲဖြစ်သော **ရန်သူအစိုးရဘက်ကို အကွဲကွဲအပြားပြားဖြစ်အောင် လုပ်ခြင်း** (Disintegration) လုပ်ခြင်းဖြစ်သည်။ ၎င်းနည်းက ထိရောက်သည်။ ထိရောက်လွန်းအားကြီးသဖြင့် အစိုးရတွင် ဘာမျှဩဇာအာဏာ မရှိတော့။ အာဏာနတ္ထိနှင့် အရှုံးပေးရတော့သည်။ အစိုးရတခုလုံး အစိတ်စိတ်အမြွာမြွာ ပျက်စီးသွားပေတော့သည်။

လွတ်လပ်မှုအတွက် တိုက်ပွဲဝင်တော့မည်ဆိုလျှင် အထက်တွင်ဖော်ပြခဲ့ပြီးသော ပြောင်းလဲမှု နည်းလေးမျိုးကို စွဲမြဲစွာ မှတ်သားထားရမည်။ ၎င်းတို့သည် တခါတရံ မထင်မှတ်ဘဲ ပေါ်ပေါက်လာတတ်သည်။ သို့သော် ပဋိပက္ခဖြစ်လာသည့်အခါ အဆိုပါနည်းတမျိုးတည်းသာ မဟုတ်၊ လိုသလို သုံးသင့်သည့်နည်းများကိုသုံးပြီး အပြောင်းအလဲများဖြစ်လာအောင် လုပ်နိုင်သည်။ အပြောင်းအလဲ ဖြစ်လာမည့်နည်း ကိုသိလျှင် ဘယ်နည်းဘယ်ပုံ စစ်ဆင်ရေးများလုပ်မည်ကို စီစဉ်နိုင်သည်၊ အင်အားတောင့်လာစေနိုင်မည့် နည်းလမ်းများကို ရှာနိုင်မည်။ ယှဉ်ပြိုင်တိုက်ခိုက်နေကြသည့် ဘက်နှစ်ဘက်စလုံး၏ အင်အားမည်မျှရှိသည်၊ အကြမ်းမဖက်သူတွေက ဘယ်လိုစိတ်ထားရှိသည်၊ မည်သည့်လိုလားချက်များကို ရည်မှန်းပြီး တိုက်နေကြသည် စသည့်အချက်များကို ကြည့်ရမည်။ ဤသို့ စဉ်းစားပြီးမှ သင့်လျော်သော နည်းလမ်းများကို ရွေးချယ်ရမည်။

## နိုင်ငံရေးဖီဆန်တော်လှန်ခြင်းအားဖြင့် ရရှိနိုင်သော ဒီမိုကရေစီရလဒ်များ

အင်အားသုံးပြီး အကြမ်းဖက်တိုက်လိုက်သည်ထက် အကြမ်းမဖက်သည့် တိုက်နည်းများနှင့် တော်လှန်ခြင်းသည် ပို၍ထိရောက်သည်။ နိုင်ငံရေးအသိုင်းအဝိုင်းအား ဒီမိုကရေစီအသိစိတ်ဓာတ်များ သွတ်သွင်းပေးနိုင်သည်။ ဒီမိုကရေစီစိတ်ဓာတ်ရှိလာအောင် အမျိုးမျိုးလေ့ကျင့်သင်ကြားပေးနိုင်သည်။

ဒီမိုကရေစီစိတ်ဓာတ် သွတ်သွင်းပေးလိုက်သည့်အတွက် အကျိုးယုတ်စေနိုင်သည့် အချက်တချက်တော့ ရှိပါသည်။ ယခင်အာဏာရှင်လူတစုက ပြည်သူတို့အပေါ် ဖိနှိပ်၍ အာဏာတည်မြဲအောင် လုပ်နိုင်သည်။ သို့သော် နိုင်ငံရေးအန်တုမှုဖြင့်အောင်မြင်လာပြီး ဒီမိုကရေစီအသိအမြင်များ နိုးကြားလာသောအခါ ယခင်အာဏာရှင်လူတစု၏ လုပ်နည်းလုပ်ဟန်များအတိုင်း လုပ်၍ မရတော့သည့်အချက်ပင် ဖြစ်ပါသည်။

ဒီမိုကရေစီစိတ်ဓာတ်များ နိုးကြားလာသောကြောင့် အကျိုးရှိလာသည်ကိုလည်း တွေ့နိုင်ပါသည်။ ပြည်သူတို့ကို အကြမ်းမဖက်သည့်နည်းများကိုသုံးပြီး သူတို့၏ လွတ်လပ်ခွင့်များ ဆုံးရှုံးမသွားအောင် ကာကွယ်တတ်ရန် သင်ကြားပြသပေးသည်။ သူတို့၏ ခံစားခွင့်၊ ခံစားထိုက်သည့် အခွင့်အရေးများရရှိအောင် နည်းလမ်းပြပေးသည်။ ရှိနေဆဲ အာဏာရှင်များကို အန်တုနိုင်သည့် သို့မဟုတ် အနာဂတ်တွင် နောက်ထပ် အာဏာရှင်အစိုးရတခု ထပ်တက်မလာနိုင်အောင် ကြိုတင်ကာကွယ်တားဆီးနိုင်သည့် နည်းများကို သင်ကြားပေးသည်။ ဤသည်မှာ ဒီမိုကရေစီအသိ ထွန်းကားလာခြင်း၏ အကျိုးကျေးဇူးများဖြစ်သည်။ အကြမ်းမဖက်သည့်နည်းနှင့် တိုက်ပြီး ဒီမိုကရေစီအသိ ထွန်းကားလာသောကြောင့် အောက်ပါအကျိုးသက်ရောက်မှုများလည်း ရရှိနိုင်သည်။

- ❖ အကြမ်းမဖက်သည့်နည်းအပေါ် အတွေ့အကြုံရှိခဲ့ပြီး နားလည်ကျွမ်းကျင်လာခြင်းကြောင့် ပြည်သူတို့သည် ကိုယ့်ကိုကိုယ် အယုံအကြည်ရှိလာကြလိမ့်မည်။ ထို့ကြောင့် အစိုးရက ခြိမ်းခြောက်လာသည့်အခါ မကြောက်မရွံ့ဘဲ ပြန်လည်တိုက်ပွဲဝင်ကြလိမ့်မည်။
- ❖ အကြမ်းမဖက်သည့်နည်းများကို အသုံးပြုပြီး အကူအညီမပေးဘဲ နေနိုင်သည်။ အာဏာ ဖီဆန်နိုင်သည်။ ဒီမိုကရေစီမူဝါဒကို အသုံးမပြုဘဲ အုပ်ချုပ်နေသည့် မည်သည့်အစိုးရကိုမဆို အတိုက်အခံလုပ်နိုင်သည်။
- ❖ အကြမ်းမဖက်သည့်လှုပ်ရှားမှုများလုပ်ပြီး ဒီမိုကရေစီနည်းလမ်းများအရ လွတ်လပ်မှုများရအောင် လုပ်ဆောင်နိုင်သည်။ ယခင်က ချုပ်ချယ်ခံခဲ့ရသမျှ ဒီမိုကရေစီရရှိသည့်အခါ လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်ရှိလာမည်။ လွတ်လပ်သည့် စာနယ်ဇင်းများ ထုတ်ဝေနိုင်တော့မည်။ အစည်းအရုံးများကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်တော့မည်။ လွတ်လပ်စွာ စုဝေးနိုင်တော့မည်။
- ❖ အကြမ်းမဖက်သည့်လှုပ်ရှားမှုများကြောင့် ရပ်ရွာနယ်မြေများရှိ အရပ်သား အဖွဲ့အစည်းများ အခွန်ရှည်လာအောင် လုပ်နိုင်သည်။ ဖျက်သိမ်းခံရသည့်အသင်းများကို တဖန် အသက်ပြန်ဝင်လာအောင်၊ အင်အားတောင့်တင်းလာအောင် ဆောင်ရွက်နိုင်သည်။ ဤ အချက်များသည် ဒီမိုက

ရေစီစနစ်အတွက် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသင်းအဖွဲ့များသည် ပြည်သူတို့၏ အင်အား၊ စွမ်းရည်ကိုအသုံးပြုပြီး အာဏာရှင်ဖြစ်လာနိုင်သည့် အစိုးရတို့၏ အာဏာများကို ကြိုတင်ပြီး ချုပ်ချယ်ကန့်သတ် တားဆီးနိုင်ပေလိမ့်မည်။

- အာဏာရှင်ဆန်သည့် အစိုးရတို့၏ လက်ပါးစေရဲများက ဖိနှိပ်လာသည့်အခါ လူထုအင်အားကို အသုံးပြုပြီး အကြမ်းမဖက်သည့်နည်းလမ်းများဖြင့် ကာကွယ်နိုင်သည်။ စစ်တပ်နှင့် အကျပ်ကိုင်လာလျှင်လည်း အာဏာဖီဆန်နိုင်သည်။
- အာဏာရလူတစု၏ အာဏာရေသောက်မြစ်များ ပြတ်တောက်သွားစေနိုင်သော နည်းလမ်းများကို ပြည်သူတို့နှင့် ၎င်းတို့၏ လွတ်လပ်သော အသင်းအဖွဲ့များ အသုံးပြုတတ်အောင် အကြမ်းမဖက်သည့်နည်းက သင်ကြားပေးသည်။ အာဏာရှင်တို့ ဆက်လက်ကြီးစိုး မနေနိုင်အောင် လုပ်လိုက်နိုင်သည်။ ဤသည်မှာ ဒီမိုကရေစီတံခါးကို ဖွင့်လှစ်ပေးလိုက်ခြင်း ဖြစ်သည်။

**အကြမ်းမဖက်သည့်တိုက်ပွဲ၏ ခေါင်းရှုပ်ဖွယ်ရာ အချက်များ။**

အထက်တွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း အကြမ်းမဖက်သည့်လှုပ်ရှားမှုဆိုသည်မှာ ရှုပ်ထွေးသော နည်းများကိုသုံးပြီး တိုက်ရသည့်တိုက်ပွဲဖြစ်ကြောင်း၊ နည်းအမျိုးမျိုးအထွေထွေ ကျင့်သုံးရကြောင်း၊ အပြောင်းအလွဲရှိလာအောင် နည်းအမျိုးမျိုးကို မှီငြမ်းပြုရကြောင်း၊ ဘယ်လို အမူအကျင့်များလိုကြောင်း စသည်ဖြင့်သိခဲ့ကြရပြီဖြစ်သည်။ အထူးသဖြင့် အာဏာရှင်စနစ်ကိုတိုက်ရာတွင် နိုင်ငံရေးအာခံမှုများ ထိထိရောက်ရောက်ဖြစ်လာစေရန် စေ့စပ်သေချာစွာစဉ်းစားပြီး ပြင်ဆင်မှုများ လုပ်ရန်လိုသည်။ အစီအစဉ်များ ကျကျနန ရေးဆွဲရမည်။ လိုအပ်သည့် အကူအညီများရအောင် ကြိုးစားရမည်။ ဝေဖန်လေ့လာဆန်းစစ်၍ ရှုထောင့်အမျိုးမျိုးက ကြည့်ရမည်။ အရေးကြီးလှသည့် တိုက်ပွဲဆင်ပုံဆင်နည်းများကို မည်သို့လုပ်ဆောင်ရမည်ကို ယခု ဆက်လက်ဆွေးနွေးကြဦးစို့…။

❖ ❖ ❖ ❖ ❖

# အခန်း – ၆
# ဗျူဟာမြောက် စီစဉ်မှုများ ကြိုတင် ရေးဆွဲရန်လိုသည်

အာဏာရှင်အစိုးရကို နိုင်ငံရေးအန်တုရန်အတွက် လှုံ့ဆော်ခြင်းကို နည်းအမျိုးမျိုးဖြင့်စတင်နိုင်သည်။ ယခင်အခါများကမူ ကြိုတင်ပြီး အစီအစဉ်များ မလုပ်ခဲ့ကြချေ။ မထင်မှတ်ဘဲ အရေးအခင်းဖြစ်လာ၍သာ ထတိုက်လိုက်ကြရခြင်းဖြစ်သည်။ လူများက နစ်နာချက်အမျိုးမျိုးတို့ကို ရင်ဆိုင်လာရ၍ ရုတ်ခြည်းထပြီး အုံကြွလိုက်ရသည့်အခါလည်းရှိသည်။ သို့သော် များသောအားဖြင့် အစိုးရက ရက်စက်ကြမ်းကြုတ်မှုများ ပိုမိုလုပ်ဆောင်လာသောကြောင့်ဖြစ်တတ်သည်။ ပြည်သူအများက လေးစားယုံကြည်သည့် ပုဂ္ဂိုလ်တဦးတယောက်ကို ဖမ်းဆီးလိုက်သောကြောင့်ငင်း၊ သတ်ပစ်လိုက်သောကြောင့်ငင်း၊ လူများအား ဖိနှိပ်ချုပ်ချယ်ရန်အတွက် မူသစ်ပြောင်း၊ အမိန့်အသစ်များ ထုတ်လိုက်သောကြောင့်ငင်း၊ စားသုံးသူပစ္စည်းများ မလောက်မငဖြစ်လာသောကြောင့်ငင်း၊ ဘာသာရေးကို စော်ကားလာသောကြောင့်ငင်း၊ နိုင်ငံရေးနှင့်ပတ်သက်သည့် နှစ်စဉ်အထိမ်းအမှတ်ပွဲကြောင့်ငင်း အကြောင်းအမျိုးမျိုးကြောင့် အုံကြွလာခြင်းဖြစ်သည်။ တခါတရံ အာဏာရှင်အစိုးရက ပြည်သူတို့ ဒေါသထွက်လာအောင် လုပ်လိုက်ခြင်းကြောင့် တောမီးလောင်သည့်အလား ဟုန်းကနဲထပြီး အုံကြွလာကြခြင်းမျိုးလည်းရှိသည်။ ဘယ်ကမ်းဆိုက်မည်မသိ၊ မစဉ်းစားဘဲ ထ,လှုပ်ရှားလိုက်ခြင်းသာဖြစ်သည်။ သတ္တိရှိသောသူ တဦးတယောက်ကဖြစ်စေ၊ လူနည်းစုကဖြစ်စေ မခံချင်၍ ထ,လုပ်လိုက်ပြီး လူအများက ထောက်ခံလာအောင် ဆွပေးလိုက်နိုင်သည့်အခါများလည်း ရှိတတ်ပါသည်။ နစ်နာချက်တစုံတရာ ပေါ်လာသောအခါ ယခင် ခံခဲ့ရဖူးသူများက ကိုယ်ချင်းစာပြီး အာဏာဖီဆန်သူတို့နှင့် ပူးပေါင်းလာကြသည့်အခါမျိုးလည်း ရှိတတ်သည်။ လူနည်းစု တစုကသော်ငင်း၊ တယောက်တလေကသော်ငင်း၊ အုံကြွလာအောင် ဆွပေးလိုက်ခြင်းကြောင့် မထင်မှတ်ဘဲ အကူအညီများ၊ ထောက်ခံမှုများ ရခဲ့ဖူးသည့်အခါများလည်း ရှိတတ်ပါသည်။

ယခုပြောခဲ့သည့်အတိုင်း ဘာမှပြင်ဆင်မှုမရှိ၊ ရုတ်ခြည်းဖြစ်ပွားခဲ့သည့် တိုက်ပွဲများသည် အကျိုးဖြစ်ထွန်းသည့်အခါလည်း ရှိတတ်ပါသည်။ သို့သော် မကောင်းသည့်ဘက်ကများသည်။ ရုံဖန်ရံခါဆိုသလိုအုံကြွကြသူများက အာဏာရှင်တို့၏ရက်စက်မှုအပေါ် လက်ဦးမှုမရယူနိုင်ခဲ့၍ အလူးအလဲခံရတတ်သည်။ မိမိတို့၏ တိုက်ပွဲမှာလည်း သဲထဲရေသွန်သလို ဖြစ်သွားတော့သည်။ ဒီမိုကရေစီအုပ်စုက ကြိုတင်မစီစဉ်ထားသည့်အတွက် အရေးကြီးသည့်ကိစ္စများကို ဆုံးဖြတ်ရသည့်အခါ ဖြစ်ကတတ်ဆန်း လုပ်လိုက်ကြရတတ်သည်။ သို့နှင့် ဒုက္ခအကြီးအကျယ်ရောက်သွားတော့သည်။ အာဏာရှင်အစိုးရကို ဖြုတ်ချနိုင်သည့်တိုင်အောင် ဒီမိုကရေစီစနစ်သို့ပြောင်းလဲရန် ကြိုတင်ပြင်ဆင်မှုမရှိသည့်အတွက် အာဏာရှင်အသစ် နောက်တယောက်ကို မွေးထုတ်ပေးလိုက်သကဲ့သို့ ဖြစ်သွားတတ်သည်။

### ယုတ္တိရှိသည့်အစီအစဉ်၊

ကြိုတင်ပြင်ဆင်မှုမရှိဘဲ အာဏာရှင်စနစ်ကိုဆန့်ကျင်သော လူထုလှုပ်ရှားမှုသည် အနာဂတ်တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်သည်။ သို့သော်လည်း ယခုအချိန်တွင်မူ အာဏာရှင်တို့ကို ဖြုတ်ချလိုလျှင် အထိရောက်ဆုံးနည်းများကို ရှာရမည်။ မည်သည့်နည်းက ပိုကောင်းသည်ကို တွက်ကိန်းချထားရမည်။ နိုင်ငံရေးအခြေအနေများကို သုံးသပ်ကြည့်ရမည်။ ပြည်သူတို့၏ သဘောထားများ၊ လှုပ်ရှားရန် အချိန်တန်မတန်စသည့်အချက်များကိုလည်း ခန့်မှန်းကြည့်ရမည်။ ပြည်သူတို့ကို မည်သို့ စတင်စည်းရုံးမည်ကိုလည်း တွေးတောထားရမည်။ တိုင်းပြည်အတွင်းတွင် ဘာတွေဖြစ်နေသည်၊ လူထုက လှုပ်ရှားမှုအတွက် ဘာများလုပ်ပေးနိုင်မည်

ဆိုသည့်အချက်များအား ယုတ္တိရှိရှိ အကဲဖြတ်ထားချက်အပေါ် မူတည်၍စဉ်းစားကြရမည်။ သို့မှသာ လွတ်လပ်မှုအတွက် ထိရောက်စွာ အသုံးပြုနိုင်မည့် တိုက်ပွဲဝင်နည်းများကို ရွေးချယ်နိုင်လိမ့်မည်။

လူတယောက်က တစုံတခုကို ဖြစ်မြောက်အောင်လုပ်ချင်လျှင် မည်ကဲ့သို့လုပ်မည်ကို ကြိုတင်စဉ်းစား စီမံထားတတ်မှ ပါးနပ်လိမ္မာရာကျသည်။ မိမိရောက်ချင်သည့်ပန်းတိုင်က အရေးကြီးလေလေ၊ သို့မဟုတ် မိမိက ဆုံးရှုံးမှုကြီးမားနိုင်လေလေ ကြိုတင်ပြင်ဆင်ထားကြရန် ပို၍လိုလေလေဖြစ်သည်။

ဗျူဟာမြောက်စီမံချက်များ အောင်မြင်ရန်အတွက် ရနိုင်သမျှအင်အားများအား ရနိုင်သလောက်ရယူ၍ အကျိုးအရှိဆုံးအသုံးချရန် အထူးအရေးကြီးသည်။ အာဏာရှင်စနစ်ကို တွန်းလှန်သော အတိုက်အခံတို့သည် အင်အားအထောက်အပံ့လည်း မပြည့်စုံ။ ၎င်းတို့အပေါ် ထောက်ခံသူတို့မှာလည်း အန္တရာယ်များပြားလှသည်။ အာဏာရှင်တို့ဘက်မှာမူ အင်အားက အထူးများပြား၊ အဖွဲ့အစည်းအင်အားကလည်း ကြီးမားလှပြီး ရက်စက်စွာ ဖိနှိပ်နိုင်သည်။ ထို့ကြောင့် ထိုအချက်သည် ဒီမိုကရေစီလှုပ်ရှားမှုအတွက် အထူးအရေးကြီးလှသည်။

ဤနေရာတွင် 'ဗျူဟာမြောက် စီမံချက်ရေးဆွဲခြင်း' ဆိုသည်မှာ ယခုလက်ရှိအခြေအနေမှ နောင်အနာဂတ် မိမိတို့လိုချင်သည့် အခြေအနေကိုရောက်အောင် ပို့ပေးနိုင်ပုံရမည့်လမ်းစဉ်ကို ရေးဆွဲခြင်းဖြစ်သည်။ စကားအဖြစ်ပြောရမည်ဆိုလျှင် အာဏာရှင်စနစ်မှသည် အနာဂတ်ဒီမိုကရေစီစနစ်သို့ ရောက်နိုင်အောင်လုပ်ခြင်းဖြစ်သည်။ အဆိုပါရည်မှန်းချက်သို့ရောက်နိုင်ရန် စီမံကိန်းရေးဆွဲသည့်အခါတွင် တဆင့်ပြီးတဆင့် ဘာတွေလုပ်သွားကြမည်၊ မည်ကဲ့သို့ စည်းရုံးလှုပ်ရှားမှုများလုပ်မည်ဆိုသည့် အစီအစဉ်များပါဝင်အောင် ရေးဆွဲရသည်။ ဖိနှိပ်ခံနေရသည့် ပြည်သူတို့ကို အားတက်လာအောင် စည်းရုံးလှုပ်ရှားမှုများလုပ်ပေးပြီး အာဏာရှင်အစိုးရကို အားနည်းသွားအောင် လုပ်ဆောင်ရမည့် အစီအစဉ်များပါဝင်သည်။ အထူးသိထားရမည်ကား ဤနေရာတွင် တိုက်ပွဲ၏ရည်ရွယ်ချက်ဆိုသည်မှာ လက်ရှိအာဏာရှင်အစိုးရ ဖြုတ်ချရေးတခုတည်းကိုသာ ဆိုလိုသည်မဟုတ်။ သူ့နေရာ၌ ဒီမိုကရေစီစနစ်နှင့် အစားထိုးရန်ကိုပါ ဆိုလိုသည်။ လက်ရှိအာဏာရှင်ကို ဖြုတ်ချရန်အတွက်သာ ရည်ရွယ်သော တိုက်ပွဲဝင်ဗျူဟာဆိုလျှင် နောက်ထပ် မင်းဆိုးမင်းညစ်တယောက် ထပ်မံပေါ်ပေါက်လာမည်ကို စိုးရိမ်ရသည်။



**အစီအစဉ်ရေးဆွဲရာတွင် တွေ့ရမည့်အခက်အခဲများ။**

ကမ္ဘာအရပ်ရပ်တွင် လွတ်လပ်မှုကို သက်ဝင်ယုံကြည်၍ တိုက်ပွဲဝင်သူအချို့တို့သည် လွတ်မြောက်မှုအတွက် မည်သို့စွမ်းဆောင်ရမည်ကို အစွမ်းရှိသလောက် မဖော်ဆောင်နိုင်ခဲ့ကြပေ။ လှုပ်ရှားမှုတခု စပြီးမလုပ်မီ တိကျသော စီမံမှုများကို ဉာဏ်နှင့်ယှဉ်၍ ကြိုတင်ပြင်ဆင်ချမှတ်ထားရန် အလွန့်အလွန်အရေးကြီးသည်ကို မသိကြသည်ကများသည်။ ထို့ကြောင့် စနစ်တကျကြိုတင်ပြင်ဆင်မှုများကို ဘယ်အခါကမှ မလုပ်ခဲ့ကြ။

အမြော်အမြင်ရှိကြသည့်သူများက မိမိတို့ပြည်သူများ နိုင်ငံရေးလွတ်လပ်မှုရရေးအတွက် လိုအပ်သော ကြိုတင်စီမံချက်ကို အဘယ်ကြောင့် ကြိုတင်မစဉ်းစားထားကြသနည်း။ များသောအားဖြင့် အတိုက်အခံလုပ်နေသည့် ဒီမိုကရေစီအင်အားစုများသည် အဆိုပါစီမံကိန်းများ ရေးဆွဲရန်လိုအပ်ကြောင်းကို မသိနားမလည်သော ကြောင့်ဖြစ်သည်။ သို့တည်းမဟုတ် ကြိုတင်ပြီးလုပ်ဆောင်နေကျ မဟုတ်သောကြောင့်လည်း ဖြစ်နိုင်သည်။ စစ်ပရိယာယ်ကိုသုံးပြီး တိုက်ရသည့်တိုက်ပွဲမျိုးကိုလည်း မစဉ်းစားတတ်။ သင်ကြားလေ့လာခွင့်လည်း မရသောကြောင့်ဖြစ်တတ်သည်။ ဤသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်သည်ကား မှန်သည်။ အာဏာရှင်အစိုးရက အချိန်ရှိသရွေ့ အနှောင့်အယှက်တွေ ပေးတတ်သေးသည်။ အရေးတကြီး ချက်ချင်းလုပ်ရမည့်အလုပ်များကိုလည်း လုပ်ဆောင်ရသေးသည်။ ထိုသို့ မနိုင်မနင်းဖြစ်လာသည့်အခါ အတိုက်အခံခေါင်းဆောင်များသည် ကြောက်လည်း ကြောက်၊ အချိန်လည်းမပေးနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများကို လျစ်လျူရှုလိုက်ကြရသည်။ အကြံတုံး၊ ဉာဏ် တုံး ဖြစ်သွားကြတော့သည်။

ဒီမိုကရေစီအင်အားစုများသည် ကြိုတင်ပြင်ဆင်မှုများလုပ်ရမည့်အစား အာဏာရှင်အစိုးရက တခုခု

လုပ်ဆောင်လိုက်လျှင် ဘာအစီအစဉ်မှမရှိဘဲ ပြန်ပြီးတခုခုလုပ်လိုက်တတ်ကြသည်။ ထို့ကြောင့် အတိုက်အခံတို့ဘက်မှာ ခံဘက်မှာသာ အမြဲရပ်တည်နေရတော့သည်။ သူတို့အဖို့ ရှိရင်းစွဲလွတ်လပ်မှုကလေးများ၊ အခွင့်အလမ်းကလေးများ ဆုံးရှုံးမသွားအောင်၊ လွတ်လပ်မှုအခြေအမြစ် ပြိုကျမသွားအောင်သာ ကြိုးစားနေရသည်။ အစိုးရ၏ချုပ်ကိုင်မှုအသစ်များ နှောင့်နှေးသွားအောင်၊ မူဝါဒအသစ်များ သရုပ်ဖော်မရအောင် လုပ်နိုင်ရုံသာဖြစ်သည်။

အမှန်အတိုင်းပြောရမည်ဆိုလျှင် အချို့လူများ၊ အဖွဲ့အစည်း၊ အစည်းအရုံးများကလည်း ကျယ်ပြန့်သော ရေရှည်စီမံကိန်း၏အကျိုးများကို မြင်ချင်မှမြင်ကြလိမ့်မည်။ ထို့ကြောင့် သူတို့က လူပြိန်းတွေး တွေးကောင်းတွေးကြပေလိမ့်မည်။ မိမိတို့လိုချင်သည့်အချက်ကို လက်မလွှတ်တမ်း ရှေ့ရှုတိုက်၊ အလျှော့မပေးနှင့်၊ အချိန်နှင့်လူအားစိုက်၍သာ လုပ်လိုက်လျှင် ပြီးသွားမည့်ကိစ္စဟု ထင်တတ်ကြသည်။ အချို့ကမူ အခက်အခဲအမျိုးမျိုးကြားထဲမှ သမာသမတ်စိတ်ကိုသာထား၊ ကိုယ့်အယူအဆနှင့်ကိုယ် သူတို့ကိုအားမပေးဘဲကြည့်နေလိုက်လျှင် ပြီးပြီ၊ မိမိတို့တတ်နိုင်သလောက် လုပ်ပြီးပြီဟု ထင်နေတတ်သည်။ ယခုပြောခဲ့သလို ခန္တီစိတ်ရှိပြီး ကိုယ့်အယူအဆနှင့်ကိုယ် မယွင်းမသွေနေကြသည်မှာ ချီးမွမ်းဖွယ်ရာတော့ကောင်းပါသည်။ သို့သော်လည်း အာဏာရှင်စနစ်ကြီး ပပျောက်သွားဖို့အတွက်နှင့် လွတ်လပ်မှုရရှိရေးအတွက် ဤမျှလောက်နှင့် မလုံလောက်သေးပါ။

အတိုက်အခံသမားအချို့ကမူ အကယ်၍ မိမိတို့ဘက်မှ အကြမ်းနည်းကို အလုံအလောက်သုံးပြီး လှုပ်ရှားလိုက်လျှင် လွတ်လပ်မှုရနိုင်မည်ဟုလည်း လူပြိန်းတွေး တွေးတတ်ကြသေးသည်။ သို့သော် ယခင်က ပြောခဲ့ပြီးသည့်အတိုင်း အကြမ်းဖက်လျှင်အောင်မြင်ရမည်ဟု တပ်အပ်မပြောနိုင်ပါ။ လွတ်လပ်မှုရလာမည့်အစား အရှုံးနှင့်သာ အဆုံးသတ်ကြရမည်သာ။ ကြေကွဲဝမ်းနည်းစရာများ ဖြစ်ပွားလာမည်။ သို့တည်းမဟုတ် နှစ်မျိုးစလုံးလည်း ဖြစ်သွားနိုင်သည်။ အာဏာရှင်အစိုးရများက လက်နက်အင်အား ပိုမိုပြည့်စုံသည်။ စစ်လက်နက်အင်အားကြီးမားသည်။ ထို့ကြောင့် အကြမ်းဖက်တိုက်ပွဲဝင်ရာတွင် ဒီမိုကရေစီအင်အားစုများဘက်က အနိုင်ရရန် ဖြစ်တောင့်ဖြစ်ခဲလှသည်။

မိမိတို့ဘက်မှ လုပ်သင့်သည်ဟု ခံစားမိ၍ ဖြစ်လာသော 'ခံစားမှု'အပေါ်မူတည်ပြီး လှုပ်ရှားလိုက်တတ်ကြသည့်လူမျိုးများလည်း ရှိသေးသည်။ ဤကဲ့သို့ အစဉ်းစားအဆင်အခြင်မရှိ၊ လုပ်ချင်စိတ်ပေါ်လာ၍သာ လုပ်လိုက်ခြင်းသည် ထိုသူမျိုးအား ကိုယ့်ကိုကိုယ်အထင်ကြီးသော လူမျိုးဖြစ်သွားစေရုံသာမက လွတ်လပ်မှုအတွက် ဗျူဟာများဖြစ်မြောက်အောင် ရေးဆွဲရန်ကိစ္စပေါ်လာလျှင် ဘာမျှမကူညီနိုင်၊ လမ်းပေးလမ်းပြလည်း မလုပ်နိုင်ပေ။

တစုံတဦး၏ 'အကြံဉာဏ်ကောင်း'တခုအပေါ် အခြေခံ၍လုပ်သော တပွဲတိုးလုပ်ငန်းမျိုးမှာလည်း မရေရာလှပါ။ အာဏာရှင်စနစ်ကျဆုံးရန် လုပ်သည့်ကိစ္စသည် တဆင့်ပြီးတဆင့် ဘာတွေလုပ်ကြမည်ဟု တိတိကျကျ တွက်ချက်ထားပြီးမှ လုပ်ကြသည့်လှုပ်ရှားမှုမျိုးဖြစ်ရမည်။ မည်ကဲ့သို့ အာဏာဖီဆန်မည်ဟူသော အစီအစဉ်ကို ဆန်းစစ်မှုမရှိလျှင် အတိုက်အခံခေါင်းဆောင်များသည် နောက်တဆင့် ဘာလုပ်ရမည်ကို မသိဘဲဖြစ်တတ်သည်။ အောင်ပန်းဆွတ်ခူးနိုင်ရေးအတွက် တဆင့်ပြီးတဆင့် ဘာတွေလုပ်ရမည်ဟု သေချာစွာစဉ်းစားရန် လိုသည့်အချက်ကို မစဉ်းစားခဲ့၍ ထိုသို့ဖြစ်ရခြင်းဖြစ်သည်။ တီထွင်ဖန်တီးမှုနှင့် အကြံဉာဏ်ကောင်းများသည် အလွန်အရေးကြီးသည့် အချက်များဖြစ်သည်။ ထိုအရည်အချင်းများကို ဒီမိုကရေစီအင်အားစုတို့၏ ရှေ့လုပ်ငန်းစဉ်များအတွက် နေရာတကျ အသုံးချရန်လိုသည်။

အချို့လူများကလည်း အာဏာရှင်အစိုးရကို တိုက်ထုတ်ပစ်ရန် လုပ်နိုင်သည့်နည်းလမ်းများ အများအပြားရှိကြောင်းကို ကောင်းစွာသိကြသည်။ သို့သော် ဘယ်ကစပြီး ဘာကိုလုပ်ရမည်ကိုမသိကြသည့်အတွက် "အားလုံးကို တချိန်တည်းလုပ်လိုက်"ဟု အကြံပေးတတ်ကြသည်။ ၎င်းအကြံပေးချက်မှာ ကောင်းပါသည်။ သို့သော် လက်တွေ့လုပ်ရန်မဖြစ်နိုင်ပါ။ အထူးသဖြင့် အင်အားနည်းသည့် လှုပ်ရှားမှုများအတွက် ပို၍ပင် မဖြစ်နိုင်ပါ။ ဘယ်ကစတင်လုပ်ရမည်ဟု ညွှန်ကြားထားခြင်း မရှိသောကြောင့် ပို၍ခက်သည်။ မိမိတို့တွင်ရှိသည့် အင်အား

ကလေးကို ဘယ်အတွက် အာရုံစူးစိုက်ပြီးသုံးရမည်၊ ရှိစုမဲ့စု အင်အားလေးများကို မည်ကဲ့သို့အသုံးချရမည် စသည့် ညွှန်ကြားချက်များလည်း မရှိပေ။

အချို့အသင်းအဖွဲ့များနှင့် ဒီမိုကရေစီအင်အားစုများကလည်း ကြိုတင်စီစဉ်ရန်လိုအပ်ကြောင်းကို သိကြသည်။ သို့သော် ရေရှည်တိုက်ပွဲကိုမကြည့်။ ရေတိုတိုက်ရန်ကိုသာ ကြည့်ကြသည်။ သို့မဟုတ် မည်သည့်နည်းဖြင့် တိုက်မည်ဟူသော နည်းဗျူဟာကိုသာ စဉ်းစားတတ်ကြသည်။ ထိုသူများသည် ရေရှည်တိုက်ရန် အစီအစဉ်ရှိရမည်ကို မြင်ချင်မှမြင်ကြလိမ့်မည်။ ရေရှည်တိုက်ပွဲ အစီအစီအစဉ်ကို ဆွဲ၍မရနိုင်ဟု ထင်ကြသည်။ တခါတရံ သူတို့သည် တိုက်စစ်ဆင်ပုံဆင်နည်း(မဟာဗျူဟာ)ကို မစဉ်းစားတတ်။ မဆန်းစစ်တတ်ခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်၊ အများအားဖြင့် ဒီမိုကရေစီတိုက်ပွဲအတွက် အကြံဉာဏ်ကောင်းကောင်းနှင့် လုပ်ရမည့်အစား ရန်သူဘက်က လုပ်နေသည်များကို ပြန်ချေပနေသည့်အတွက် ဘာမျှမလုပ်နိုင်။ အဆိုပါခေါင်းဆောင်များသည် အသေးအဖွဲ့အလုပ်များကို ထပ်တလဲလဲလုပ်၍ အချိန်ကုန်နေသည်။ ရေတိုလုပ်ငန်းများနှင့်သာ အချိန်ကုန်၊ အားကုန်ဖြစ်နေကြသည်။ သို့ဖြစ်၍ နည်းလမ်းသစ်များကို မရှာဖွေနိုင်။ မိမိတို့ ရည်မှန်းချက်ပန်းတိုင်အား အရယူနိုင်မည့် များပြားလှသော အခြားနည်းလမ်း လုပ်နည်းလုပ်ဟန်များကို မရှာဖွေနိုင်ကြပေ။

ဒီမိုကရေစီလှုပ်ရှားမှုအချို့တို့တွင် အာဏာရှင်အစိုးရကိုဖြုတ်ချရန် ဘက်ပေါင်းစုံ ပြည့်ဝစုံလင်သည့် လမ်းစဉ်ကို ချမှတ်ထားချင်မှထားကြမည်။ လတ်တလောချက်ချင်းလုပ်ဆောင်မှုဖြစ်မည့် ကိစ္စများကိုသာ အာရုံစိုက်ပြီး လုပ်နေတတ်သည်။ ဤသို့လုပ်ရသည့်အကြောင်းကလည်း အဓိပ္ပာယ်ရှိပါသည်။ ဒီမိုကရေစီအင်အားစုများ၏ စိတ်ထဲတွင် ၎င်းတို့၏အင်အားနှင့်တိုက်ပြီး အာဏာရှင်စနစ်ချုပ်ငြိမ်းသွားစေနိုင်သည်ဟု တကယ်တမ်းယုံကြည်ထားခြင်းမရှိပါ။ ထို့ကြောင့် မည်ကဲ့သို့လုပ်ပြီး အာဏာရှင်စနစ်ကို ဖြုတ်ချမည်ဟု စီမံကိန်းများရေးဆွဲခြင်းသည် စိတ်ကူးယဉ်ခြင်းသာဖြစ်သည်။ အချိန်ကုန်သည်။ ဘာမျှ အရာမရောက်ဟု ထင်ကြသည်။ ရက်စက်ကြမ်းကြုတ်ပြီး အခြေကျနေသည့် အာဏာရှင်အစိုးရတို့၏လက်အောက်မှ လွတ်မြောက်ရအောင်တိုက်ကြသည့်အခါ အင်အားကြီးမားလှသည့် စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့ကို ရင်ဆိုင်ရတတ်သည်။ ထိုအခါ အာဏာရှင်တို့သည် သူတို့လုပ်ချင်သလို ဘာမဆိုလုပ်နိုင်ကြသည်ဟု မြင်လာသည်။ ထိုအခါ ယုံကြည်မျှော်လင့်ချက် အခိုင်အမာမရှိသော်လည်း ထိုလူစုမျိုးသည် မိမိတို့ဂုဏ်သိက္ခာကျမသွားအောင် အာဏာရှင်အစိုးရကို ဖီဆန်မှုဖြစ်တော့မည်ဟုဆိုကာ အုံကြွကြသည်။ ရာဇဝင်တွင် မိမိတို့သည် မဟုတ်တာကို ငုံ့ခံနေသည့်သူများ မဟုတ်ကြောင်းကို ပြချင်၍လည်း ဖြစ်ချင်ဖြစ်မည်။ သူတို့ကိုယ်သူတို့ ဝန်မခံ၊ သတိမမူ ဖြစ်နေကြသော်လည်း လုပ်ကိုင်နေသော သူတို့၏လုပ်ပုံကိုင်ပုံများကိုကြည့်ပြီး မျှော်လင့်ချက်ကုန်ဆုံးပြီး အကြံကုန် ဂဠုန်ဆားချက်နေကြသည့်သူများဖြစ်နေကြောင်းသိရသည်။ သို့သော် သူတို့ကတော့ သူတို့ကိုယ်သူတို့ ဝန်မခံ။ ထိုသို့ဖြစ်နေသည်ကိုလည်း သူတို့ကိုယ်သူတို့ သိပုံမပေါ်ပါ။ ထို့ကြောင့် သူတို့အဖို့ ရေရှည်တိုက်ရန်အတွက် စီမံကိန်းကြီးဆွဲနေလျှင်လည်း ဘာအကျိုးမှရှိမည်မဟုတ်ဟု ထင်ကြသည်။

ယခုပြောခဲ့သည်ကဲ့သို့ တိုက်ပွဲအစီအစဉ်များကို ချမှတ်မထားခဲ့သည့်အတွက် ဒုက္ခပင်လယ်ဝေနိုင်သည်။ အင်အားများ ကုန်ခန်းသွားနိုင်သည်။ လုပ်သလောက် အရာမထင်။ မဖြစ်လောက်သည့် သာမညကိစ္စများနှင့်သာ အချိန်ကုန်လူပန်းဖြစ်တတ်သည်။ အကျိုးဖြစ်ထွန်းမည့်အလုပ်များကို မလုပ်ဖြစ်။ အနစ်နာ ခံခဲ့သမျှလည်း သဲထဲရေသွန်သာဖြစ်တော့သည်။ ဒီမိုကရေစီအင်အားစုများက ဗျူဟာမြောက်စီမံကိန်းများကို ကြိုတင်ပြီး ချမှတ်မထားလျှင် မိမိတို့၏ ရည်မှန်းချက်များကို ရအောင်လုပ်နိုင်မည်မထင်။ ဖြစ်ကတတ်ဆန်းလုပ်သွားသည့် အစီအစဉ်များ၊ လုပ်ချင်ရာလုပ်ပြီး လှုပ်ရှားခြင်းများကြောင့် ရှေ့သို့လည်းမတိုးနိုင်။ ထိုအခါ အာဏာရှင်အစိုးရတို့ဘက်မှ ပိုမိုအင်အားသုံး ထိန်းချုပ်လာလိမ့်မည်။ ပို၍ ဖိနှိပ်လာစရာ အကြောင်းများပင် ရှိပါသည်။

တင်ပြခဲ့သည့်အတိုင်း လွတ်လပ်မှုအတွက် အာဏာဖီဆန်ရေး တိုက်ကွင်းတိုက်ကွက်များကို ကြိုတင်၍ ကျယ်ကျယ်ပြန့်ပြန့် စေ့စေ့ငငသေချာစွာ စီစဉ်ချမှတ်မထားမှုကြောင့် အာဏာရှင်အစိုးရတို့သက်တမ်း ပိုရှည်နေကြရသည်။ တကယ်တမ်းပြောမည်ဆိုလျှင် ထင်သလိုလည်း မဟုတ်သေးပါ။ အာဏာရှင်တို့၏သက်တမ်း ကြာရှည်

မခံနိုင်ပါ။ ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ မလုပ်ဆောင်ကြသောကြောင့်သာ နှစ်နှင့်ချီ၍ သက်ဆိုးရှည် အုပ်စိုးနေကြခြင်း ဖြစ်သည်။

**ဗျူဟာမြောက်စီမံမှုအား ကြိုတင်စီစဉ်သည့်အခါ အရေးကြီးသည့် နည်းကမ်းသတ်မှတ်ချက်လေးချက်၊**

အဂ္ဂဗျူဟာ (Grand Strategy) စစ်ဆင်ရေးဆိုသည်မှာ ပဋိပက္ခတခုတွင် မိမိတို့လိုလားချက်များ ပြည့်ဝစေရေးအတွက် လက်လှမ်းမှီသည့်အင်အား အားလုံးကို (စီးပွားရေးအင်အား၊ စိတ်ဓာတ်အင်အား၊ အဖွဲ့အစည်းအင်အား၊ နိုင်ငံရေးရင့်ကျက်မှု၊ လုပ်အား စသည်တို့ကို ဆိုလိုပါသည်) သင့်လျော်အောင် သူ့နေရာနှင့်သူ မည်သို့သုံးစွဲမည်ဟု ကြိုတင်စီစဉ်ထားခြင်းဖြစ်သည်။

အဂ္ဂဗျူဟာ (Grand Strategy) သည် အဖွဲ့အစည်းဆိုင်ရာ ရည်မှန်းချက်များနှင့် ၎င်းတို့၏အင်အားအရင်းအမြစ်များကို အလေးထားလေ့လာသည်။ ထို့နောက် ပဋိပက္ခတရပ်အား ရင်ဆိုင်တိုက်ပွဲဝင်ရာတွင် အသင့်တော်ဆုံးနည်းလမ်းများကို ရွေးချယ်သည်။ (ဥပမာ...အကြမ်းမဖက် လှုပ်ရှားမှု၊ သမားရိုးကျ လက်နက်ကိုင်လမ်းစဉ်) အဂ္ဂဗျူဟာတရပ်ရေးဆွဲရာတွင် တော်လှန်ရေးခေါင်းဆောင်များသည် ရန်သူ့အပေါ် မည်သို့သော ဖိအားပေးမှု၊ ဩဇာလွှမ်းမိုးမှုတို့က အထိရောက်ဆုံးဖြစ်သည်ကို သုံးသပ်စီစဉ်ရန် လိုအပ်လှသည်။ ထို့ပြင် အဂ္ဂဗျူဟာတွင် မည်သည့်အခြေအနေနှင့် အချိန်အခါမျိုး၌ မည်သည့်လှုံ့ဆော်ဆောင်ရွက်မှုများကို အကောင်အထည်ဖော်မည်နည်းဟူသော အချက်လည်းပါဝင်သည်။

(စစ်ဆင်ရေးကို ရှေ့ရှုပြီးစဉ်းစားသည့်အခါ အဓိကစည်းကမ်းချက်များကို ရှင်းရှင်းလင်းလင်း နားလည်ထားကြဖို့ အရေးကြီးသည်။)

အဂ္ဂဗျူဟာတွင် အကန့်အသတ်နှင့်ထားပြီး တိုက်သင့်သည့်တိုက်နည်းများကိုလည်း ရွေးချယ်ပြီး ဖော်ပြထားရမည်။ မည်သည့်အဖွဲ့အစည်းက မည်သည့်လှုပ်ရှားမှုမျိုးကို လုပ်ရမည်ဟုလည်း ချမှတ်ထားပေးရမည်။ သုံးစွဲရမည့်ပစ္စည်း၊ ရနိုင်မည့်အကူအညီစသည်တို့ကို မည်သို့ခွဲဝေရမည်ဟုလည်း လမ်းညွှန်ထားရမည်။

မဟာဗျူဟာ (Strategy) ဆိုသည်မှာ မိမိတို့လိုလားချက်တစုံတခုအတွက် ဘယ်နည်းနှင့် တိုက်ပြီးယှဉ်လျှင် အကောင်းဆုံးဖြစ်မည်ကို စဉ်းစားထားခြင်းဖြစ်သည်။ မိမိရွေးချယ်ထားသည့် အဂ္ဂဗျူဟာ စည်းမျဉ်းစည်းကမ်းကို မကျော်ဘဲ တိုက်ခြင်းဖြစ်သည်။ လိုလားချက်အတွက် တိုက်ပွဲဖြစ်သင့် မဖြစ်သင့်၊ ဘယ်အချိန်တွင်တိုက်မည်၊ မည်ကဲ့သို့တိုက်မည်၊ အထိရောက်ဆုံးဖြစ်အောင် ဘယ်နည်းကိုသုံးမည် စသည်တို့ကို ညွှန်ကြားခြင်းဖြစ်သည်။ မဟာဗျူဟာဆိုသည်မှာ ပန်းချီဆရာ၏ စိတ်ကူးနှင့် အလားတူသည်။ မဟာဗျူဟာရေးဆွဲပြင်ဆင်ထားခြင်းသည် ဗိသုကာ၏ အဆောက်အဦပုံစံအကြမ်းဟု ဆိုကြပါစို့။[၁]

ရန်သူနှင့်တိုက်သောတိုက်ပွဲအတွင်း မိမိတို့ဘက်က သေချာပေါက်ရှုံးနိုင်သည်ကို ကြိုတင်မြင်ထားနိုင်သဖြင့် တိုက်ပွဲကိုမတိုက်ဘဲ ရှောင်လိုက်ခြင်းကဲ့သို့သော စစ်ပရိယာယ်သည် မဟာဗျူဟာပင်ဖြစ်သည်။ ထိုသို့ အကျိုးရှိသော စစ်ပရိယာယ်များ ပေါ်ပေါက်ထွန်းကားလာအောင် ကြံဆောင်လုပ်ကိုင်ခြင်းသည် မဟာဗျူဟာထဲတွင် ပါဝင်သည်။ မိမိတို့ အနိုင်ရနိုင်လောက်သည်အထိ တိုက်ကွင်းတိုက်ကွက်များ တိုးတက်ကောင်းမွန်လာသည့်အခါမှ အောင်ပွဲခံနိုင်မည်ဖြစ်သည်။ မဟာဗျူဟာရေးဆွဲရာတွင် မိမိအောင်ပွဲရသည့်အခါ ရသည့်အောင်ပန်းကို ကောင်းစွာ မည်သို့အသုံးပြုမည်ဆိုသည့်နည်းလည်း ပါဝင်သည်။

တိုက်ပွဲတခုအတွင်း တိုက်ကွင်းတိုက်ကွက်ဆိုသည်မှာ တိုက်ပွဲအဆင့်အငယ်လေးများကို မည်သို့ဖော်ဆောင်ရမည်၊ ရည်မှန်းချက်များအောင်မြင်ရန်အတွက် ကွဲပြားသော အစိတ်အပိုင်းကလေးများကို သူ့နေရာနှင့်သူ အံဝင်ခွင်ကျဖြစ်အောင် မည်သို့အသုံးပြုရမည်ဆိုသောအချက်များအပေါ် အခြေခံပါသည်။ လှုပ်ရှားမှုအသေးအဖွဲ့

---

၁။ ၁၉၉၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့က Mr. Robert Helvey နှင့် စကားပြောစဉ်က ဥပမာပြခဲ့ခြင်း၊

များကို လုပ်ဆောင်သည့်အခါတွင် အသုံးဝင်မည့်လုပ်ငန်းများ လုပ်နိုင်မည့်လူစုကို ကျွမ်းကျင်စွာရွေးချယ်ပြီး အသုံးပြုတတ်ရမည်။ ထိုအချက်မှာလည်း စစ်ဆင်ရေးနည်းဗျူဟာထဲတွင်ပါဝင်သည်။ ထို့ပြင် အောင်ပွဲဆင်နိုင်မည့် တိုက်ပွဲဝင်နည်းလမ်းများကိုရွေးချယ်ပြီး ထိုနည်းလမ်းများအတွက် လိုအပ်ချက်များကိုလည်း ကြိုတင်စဉ်းစားထားရမည်။ နည်းလမ်းအမျိုးမျိုး ကွဲပြားသည့်အလျောက် လိုအပ်ချက်များမှာလည်း အမျိုးမျိုးကွဲပြားပေမည်။ သို့သော် ထို လိုအပ်ချက်များ ဖြည့်ဆည်းထောက်ပံ့ပေးရုံနှင့် အနိုင်ရမည် မဆိုနိုင်ပါ၊ အခြားသောအချက်များလည်း လိုချင်လိုလာပေလိမ့်မည်။

မဟာဗျူဟာများကို ကြံဆတီထွင်သည့်အခါ ဒီမိုကရေစီအင်အားစုများသည် မိမိတို့၏ ရည်မှန်းချက်များကို ပြတ်ပြတ်သားသား သတ်မှတ်ထားပြီး ထိုရည်မှန်းချက်များရရှိရန်အတွက် မည်သို့ ထိရောက်စွာ ကြိုးပမ်းဆောင်ရွက်နိုင်မည်ကို ဆုံးဖြတ်ရမည်။ ထိုသို့တိကျသော အစီအစဉ်ပွာယ်နှင့် ဆန်းစစ်လေ့လာမှုများရှိမှသာ မိမိတို့ ရည်မှန်းချက်များမှ မည်သည့်ရည်မှန်းချက်ကိုလိုချင်လျှင် ဘာတွေလိုအပ်သည်၊ မည်သို့ဆောင်ရွက်ရမည်ကို သိရှိပေမည်။ လှုပ်ရှားမှုနည်းလမ်းများ ပြင်ဆင်သည့်အခါတွင်လည်း ထိုသို့ ရှင်းရှင်းလင်းလင်းသိထားရန် လိုအပ်ပေသည်။

မိမိ၏မဟာဗျူဟာ အကောင်အထည်ဖော်နိုင်ရန်အတွက် နည်းဗျူဟာ (Tactics)နှင့် လှုပ်ရှားမှု နည်းလမ်းများ (Method of action) လိုအပ်ပါသည်။ နည်းဗျူဟာဆိုသည်မှာ အကျပ်အတည်းတခုခု ဖြစ်လာသည့် အခြေအနေမျိုးတွင် မိမိတို့၏အင်အားများကို အခြေအနေအကောင်းဆုံးဖြစ်အောင် ကျွမ်းကျင်စွာ အသုံးချတတ်သည့်နည်းပင်ဖြစ်သည်။

နည်းဗျူဟာကို ကန့်သတ်ထားသော ရည်မှန်းချက်ရအောင် လုပ်ဆောင်ရာတွင် အသုံးပြုသည်။ အကျပ်အတည်းတွေ့နေသည့်တိုက်ပွဲဖြစ်လာလျှင် မိမိတို့ရှိသမျှ အင်အားကလေးကို မည်သို့ ထိရောက်အောင် သုံးပြီး အကောင်အထည်ဖော်နိုင်မည်ကို ကြည့်ရမည်။ တကယ်တမ်းထိရောက်စေလိုလျှင် ထိုနည်းဗျူဟာများနှင့် လှုပ်ရှားမှုနည်းလမ်းများကို ကောင်းစွာရွေးချယ်တတ်ရမည်။ ထိုသို့ ရွေးချယ်ထားပြီးမှ ရည်မှန်းထားသော လိုလားချက်များရရှိရန်အတွက် မျက်ခြည်မပြတ်ဂရုစိုက်ပြီး အသုံးချလုပ်ဆောင်ရမည်။ ရည်မှန်းထားသော လိုလားချက်များရရှိအောင် မလုပ်ဆောင်နိုင်သော နည်းဗျူဟာများကြောင့် အချိန်ကုန်လူပန်း ဖြစ်သွားနိုင်သည်။

အင်္ဂဗျူဟာ၏ဘောင်အတွင်း မဟာဗျူဟာများကိုဆောင်ရွက်သကဲ့သို့ နည်းဗျူဟာများကိုလည်း မဟာဗျူဟာဘောင်အတွင်း၌သာ သင့်တော်သလိုအသုံးချရမည်။ တိုက်ပွဲဖြစ်ပွားနေသည့်အချိန်တွင် နည်းဗျူဟာများကို အသုံးပြုသည်။ မဟာဗျူဟာကို လှုပ်ရှားမှုအကြီးအကျယ်လုပ်ဆောင်ရာတွင် သုံးသည်။ နည်းဗျူဟာဆိုသည်မှာ တိုက်ပွဲတခုလုံးအတွက် ရေးဆွဲထားသော မဟာဗျူဟာ၏ အစိတ်အပိုင်းတခုသာဖြစ်သည်။ ၎င်းနည်းဗျူဟာကို မဟာဗျူဟာထက် ပိုမိုအချိန်တိုတောင်းသောအခြေအနေများတွင်သာ အသုံးပြုသည်။ သို့မဟုတ် ပိုမိုသေးငယ်သော လှုပ်ရှားမှုနယ်ပယ်(နေရာဒေသ၊ အဖွဲ့အစည်း) အတွက်သုံးသည်။ သို့မဟုတ် လူဦးရေပိုမို၍ ကန့်သတ်ချက်ရှိသော အခြေအနေများ၊ ကန့်သတ်ချက်ရှိသော ရည်မှန်းချက်များအတွက်လည်း အသုံးပြုသည်။ အကြမ်းမဲ့တိုက်ပွဲတွင် လုပ်ဆောင်နေသော လှုပ်ရှားမှု၏အဓိက သို့မဟုတ် သာမညဖြစ်မှုအပေါ် ကြည့်၍ နည်းဗျူဟာ ရည်မှန်းချက်အတွက် လှုပ်ရှားနေသည် သို့မဟုတ် မဟာဗျူဟာရည်မှန်းချက်အတွက် လှုပ်ရှားနေသည်ကို ရှင်းရှင်းလင်းလင်း ခွဲခြားသိမြင်နိုင်သည်။

မဟာဗျူဟာ၏ ရည်မှန်းချက်များအောင်မြင်မှုရရှိစေရန်အတွက် တိုက်စစ်ဆင်ရေးနည်းဗျူဟာကို ရွေးချယ်အသုံးပြုသည်။ နည်းဗျူဟာများသည် စစ်ဆင်နည်းရေးဆွဲသူ၏ လက်နက်များပင်ဖြစ်သည်။ ထိုလက်နက်များကို အသုံးချပြီး မိမိရန်သူကို ထိထိရောက်ရောက် တိုက်ခိုက်နိုင်မည့်အခြေအနေကို ဖန်တီးနိုင်သည်။ ထို့ကြောင့် စစ်ဆင်ရေးပြင်ဆင်ရေးဆွဲရန် တာဝန်ရှိသူသည် တိုက်ပွဲ၏အခြေအနေမှန်ကို မှန်ကန်စွာ အကဲဖြတ်တတ်ရမည်။ အသင့်လျော်ဆုံး နည်းပရိယာယ်ကို ရွေးချယ်တတ်ရန် အထူးအရေးကြီးသည်။ အဆိုပါနည်းကို အသုံးပြု

တိုက်ပွဲဝင်မည့်သူများကိုလည်း အသုံးပြုမည့်နည်းပရိယာယ်များ၊ အသုံးပြုနည်းများအကြောင်းကို လေ့ကျင့် ပညာပေးရမည်။

တိုက်နည်း (Method)ဆိုသည်မှာ သတ်မှတ်ထားသောလက်နက်များ သို့မဟုတ် အသုံးပြုသည့် လှုပ်ရှားနည်းများကို ဆိုလိုပါသည်။ အကြမ်းမဖက်တိုက်ပွဲ၏ နည်းလမ်းများတွင် မြောက်မြားလှစွာသော လှုပ်ရှားမှုများ ပါဝင်ပါသည်။ (သပိတ်အမျိုးမျိုး၊ စားသုံးသူသပိတ်၊ နိုင်ငံရေးအကူအညီ မပေးဘဲနေခြင်း စသည်တို့) အခန်းတစ်တွင် သပိတ်အမျိုးမျိုးကို ဖော်ပြခဲ့ပြီးဖြစ်သည်။ (နောက်ဆက်တွဲကိုလည်း ရှုပါ)

အကြမ်းမဖက်သည့်လှုပ်ရှားမှုအတွက် ထိရောက်သောတိုက်စစ်ဆင်မှုကို စီစဉ်ရေးဆွဲသည့်အခါ အဂ္ဂဗျူဟာစစ်ဆင်နည်း၊ မဟာဗျူဟာစစ်ဆင်နည်း၊ နည်းဗျူဟာများနှင့် တိုက်နည်းများကို ကောင်းစွာရွေးချယ်ပြီး တိကျစွာ စီစဉ်ရေးဆွဲထားရန် အထူးအရေးကြီးလှသည်။

ယခု ဆွေးနွေးခဲ့ပြီးသည့်သင်ခန်းစာ၏ အဓိကအချက်မှာ လွတ်လပ်မှုအတွက် လှုပ်ရှားမှုများ လုပ်ဆောင်သည့်အခါ မည်သည့်နည်းများအသုံးပြုမည်ကို ကောင်းစွာစဉ်းစားထားပြီး အစီအစဉ်များဆွဲရမည်။ ထိုးထွင်းဉာဏ်များကို အသုံးချရမည်။ လိမ္မာပါးနပ်စွာအစီအစဉ်များကို ကြိုတင်ချမှတ်မထားပါလျှင် ဒုက္ခအမျိုးမျိုး ရောက်နိုင်သည်။ မိမိ၏ စိတ်ကူးဉာဏ်ကို ထိရောက်စွာအသုံးပြုတတ်လျှင် တိုက်စစ်ဆင်ရမည့် လမ်းစဉ်ကို ချမှတ်နိုင်သည်။ ထိုလမ်းစဉ်အတိုင်းလိုက်နာပြီး မိမိတို့ရရှိနိုင်မည့် အင်အားများကို အလိမ္မာနှင့်အသုံးပြုနိုင်လျှင် ပြည်သူတို့အဖို့ လွတ်လပ်ရေးပန်းတိုင်နှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ခြေချရောက်ရှိသွားနိုင်ပေလိမ့်မည်။

❖ ❖ ❖ ❖ ❖

# အခန်း – ၅
# တော်လှန်စစ်ဆင်ရေးအတွက် အစီအစဉ်လုပ်

အောင်ပွဲရစေမည့် အခွင့်အလမ်းများ ပိုမိုရရှိစေရန်အတွက် အစိုးရကိုဖီဆန်သူ ခေါင်းဆောင်များသည် နည်းနိဿယ အမျိုးမျိုးအား သုံးနိုင်သည့် လှုပ်ရှားမှုအစီအစဉ်ကို ရေးဆွဲထားရမည်။ ၎င်းအစီအစဉ်ဖြင့် ဒုက္ခခံစားနေရသူများကို အင်အားတက်လာအောင် လုပ်ပေးနိုင်ရမည်။ အာဏာရှင်အစိုးရကို အားလျော့သွားစေနိုင်ရမည်။ တည်တံ့ခိုင်မြဲမည့် ဒီမိုကရေစီစနစ်ကို ဖန်တီးပေးရမည်။ သည်လိုလုပ်နိုင်မည့် လှုပ်ရှားမှုအစီအစဉ်များကို စီစဉ်နိုင်အောင် အခြေအနေကို သေချာစွာသုံးသပ်ကြည့်ရမည်။ မည်သည့်နည်းလမ်းမျိုးက ပိုမိုထိရောက်နိုင်မည်ဆိုသည်ကိုလည်း ခန့်မှန်းကြည့်တတ်ဖို့လိုသည်။ ဤကဲ့သို့ သေချာစွာစဉ်းစားပြီး ဆန်းစစ်ခြင်းဖြင့် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သော အချို့သော တိုက်ပွဲတခုချင်းစီ ဗျူဟာ (Campaign Strategy)များအတွက် စီမံဆောင်ရွက်မှုများ ပေါ်ထွန်းလာနိုင်သည်။ အဂ္ဂဗျူဟာနှင့် တိုက်ပွဲတခုချင်းစီဗျူဟာများဆိုသည်မှာ ဆက်စပ်နေသော်လည်း ထိုအလုပ်နှစ်ခုကို ဆောင်ရွက်သည့်နည်းများက တခြားစီဖြစ်သည်။ အဂ္ဂဗျူဟာတိုက်စစ်ဆင်နည်းများကို ဖော်ဆောင်ပြီးမှ မည်သို့မည်ပုံတိုက်ကြမည်ဆိုသော တိုက်ပွဲတခုချင်းစီအတွက် ဗျူဟာများကို ချမှတ်ထားနိုင်ပေမည်။ အဂ္ဂဗျူဟာတခုလုံး၏ ရည်မှန်းချက်များရရှိရန်အတွက် တိုက်ပွဲတခုချင်းစီ၏ဗျူဟာများ လိုအပ်ပါသည်။

ဖီဆန်လှုပ်ရှားမည့် အစီအစဉ်ကို ရေးဆွဲသည့်အခါ ပေါ်ပေါက်လာနိုင်သည့် ပြဿနာအမျိုးမျိုး၊ ဆောင်ရွက်ရမည့် ကိစ္စအဖုံဖုံတို့ကို သတိထားရမည်။ ယခုနေရာတွင် စဉ်းစားရန်လိုသည့်အချက်များက ဘယ်အချက်များဖြစ်သည်ကို ကြည့်ကြစို့။ အဂ္ဂဗျူဟာအဆင့်နှင့် မဟာဗျူဟာအဆင့်တို့တွင် စဉ်းစားရမည့် အရေးကြီးသော အချက်များကို ဖွင့်ဆိုပြပါမည်။ စစ်ဆင်ရေးပြင်ဆင်သည့်အခါ ခုခံတိုက်ခိုက်ဖို့ ပြင်နေသူများက ပဋိပက္ခဖြစ်စဉ်တခုလုံး၏အခြေအနေကို နက်နက်နဲနဲသိရမည်။ ဘယ်အရပ်တွင် ဖြစ်နေသည်၊ သမိုင်းကြောင်းအရ မည်သို့ဖြစ်တတ်သည်၊ အုပ်ချုပ်ရေးဘက်က မည်သို့ရှိသည်၊ စစ်တပ်အခြေအနေက ဘယ်ပုံရှိသည်၊ ယဉ်ကျေးမှုဘက်က ကြည့်လျှင် ဘယ်သို့၊ လူမှုရေးရာဘက်ကကြည့်လျှင် ဘာဖြစ်မည်။ နိုင်ငံရေးရှုထောင့်အမြင်၊ စိတ်ဓာတ်ဘယ်လိုဖြစ်နိုင်သည်။ စီးပွားရေးအရ မည်သို့ထိရောက်နိုင်မည်။ နိုင်ငံတကာက ဘယ်လိုယူဆမည် စသည့်အချက်များကို နားလည်ဖို့လိုသည်။ ခုခံတိုက်ရမည့်တိုက်ပွဲ မည်သို့ဖြစ်လာရပုံနှင့် ပဋိပက္ခ၏သမိုင်းကြောင်းကိုကြည့်ပြီးမှ တိုက်ကွင်းတိုက်ကွက်၊ ထိုးစစ်ကို ရေးဆွဲနိုင်မည်။

**စစ်ဆင်ရေးစီမံမှုအတွက် အခြေခံစဉ်းစားကြံစည်မှုများ၊**

ဒီမိုကရေစီခေါင်းဆောင်များနှင့် ခုခံတိုက်ရေးကိုစီစဉ်သူတို့သည် တိုက်ပွဲ၏ရည်မှန်းချက်နှင့် အရေးကြီးမှုတို့ကို အကဲဖြတ်တတ်ရန်လိုသည်။ တိုက်ပွဲ၏ ရည်မှန်းချက်များသည် တိုက်ရကျိုးနပ်မနပ် မေးခွန်းထုတ်ကြည့်ရန်လိုသည်။ အကယ်၍ တိုက်ရကျိုးမနပ်လျှင် အဘယ်ကြောင့်နည်းဟူသော မေးခွန်းကိုလည်း မေးကြည့်ရန်လိုအပ်သည်။ တိုက်ပွဲ၏ရည်မှန်းချက်အစစ်အမှန်များကို ဆုံးဖြတ်ရန်လည်းအထူးအရေးကြီးလှသည်။ အာဏာရှင်စနစ်ကိုတွန်းလှန်ပစ်ရန် သို့မဟုတ် လက်ရှိအာဏာရှင်ကို ဖယ်ရှားပစ်ရန်ဟုပြောရုံနှင့်မပြီး ဆိုသည့်အချက်ကို ရှင်းပြခဲ့ပြီးဖြစ်သည်။ တိုက်ရသည့်ရည်မှန်းချက်က ဒီမိုကရေစီစနစ်အရ ဒီမိုကရေစီအစိုးရဖွဲ့ပြီး လွတ်လပ်သော လူ့ဘောင်သစ်ထူထောင်ပေးဖို့ဖြစ်ရမည်။ ဤအချက်ကို ရှင်းရှင်းလင်းလင်းသိထားမှ ကျယ်ပြန့်သည့်အဂ္ဂဗျူဟာ တိုက်ပွဲကိုဆင်နွှဲနိုင်ပေလိမ့်မည်။ ထို့အတူ တိုက်ပွဲတခုချင်းအတွက် မဟာဗျူဟာကိုလည်း ကြိုတင်စီစဉ်ထား

နိုင်လိမ့်မည်။

အထူးသဖြင့် အာဏာဖီဆန်တော်လှန်တိုက်ရန် စီမံကိန်းရေးဆွဲသူများက အဓိကအရေးကြီးသည့် အောက်ပါမေးခွန်းများကို အဖြေရှာကြည့်တတ်ရမည်။ ဥပမာ...လွတ်လပ်မှုအတွက် တိုက်ကြရာတွင် မည်သည့် အခက်အခဲမျိုး၊ ဆူးပြောင့်ခလုတ်မျိုးကို ရင်ဆိုင်ရမည်နည်း။

ဘာတွေကိုလုပ်လျှင် လွတ်လပ်မှုရမည်နည်း။

အာဏာရှင်အစိုးရက မည်သည့်ဘက်တွင် အင်အားတောင့်တင်းသနည်း။

အာဏာရှင်အစိုးရ၏ အားနည်းချက်များက ဘာတွေဖြစ်သနည်း။

အာဏာရှင်၏ အာဏာအရင်းအမြစ်များကို ဘယ်အဆင့်အထိတိုက်ခိုက်နိုင်လျှင် အင်အားနည်းသွားမည်နည်း။

ဒီမိုကရေစီအင်အားစုများနှင့် ပြည်သူတို့၏အင်အားများမှာ ဘာတွေဖြစ်သနည်း။

ဒီမိုကရေစီဘက်က အားနည်းချက်များမှာ ဘာတွေဖြစ်သနည်း။ မည်ကဲ့သို့ အင်အားတောင့်လာအောင် ပြုလုပ်ရမည်နည်း။

ယခုဖြစ်နေသောပဋိပက္ခအတွင်း ဝင်မစွက်သေးသော်လည်း အာဏာရှင်အစိုးရဘက်ကို ဖြစ်စေ၊ ဒီမိုကရေစီဘက်ကိုဖြစ်စေ အကူအညီလောလောဆယ်ပေးနေသူ သို့မဟုတ် နောက်နောင်အခါတွင် အကူအညီပေးမည့်ပုံရသည့် ကြားနေပါတီဝင်တို့၏ စိတ်သဘောထားက မည်ကဲ့သို့ရှိသနည်း။ သူတို့က ကူညီမည်ဆိုလျှင် ဘယ်ပုံဘယ်နည်း ကူညီနိုင်ကြလိမ့်မည်နည်း။

**မည်သို့အာဏာဖီဆန်တိုက်ကြမည်နည်း၊ တိုက်နည်းများကို ရွေးချယ်ကြစို့၊**

ပထမဦးဆုံးစီစဉ်သည့်အဆင့်တွင် စီမံကိန်းရေးဆွဲသူများက လာမည့်တိုက်ပွဲအတွက် မည်သည့်နည်းများကို အဓိကအသုံးပြုမည်ကို ရွေးချယ်ထားရမည်။ တိုက်ပွဲဝင်နည်းအမျိုးမျိုးထဲမှ မည်သည့်နည်းက အကျိုးရှိမည်။ မည်သည့်နည်းကိုသုံးလျှင် ကန့်သတ်ချက်များရှိမည် စသည်တို့ကိုတွက်ကြည့်ရမည်။ ဥပမာ...သမားရိုးကျ စစ်တပ်နှင့်တိုက်နည်းလော၊ ပြောက်ကျားနည်းဖြင့်တိုက်မည်လော။ နိုင်ငံရေးအာခံမှုနှင့်တိုက်မည်လော။ နောက်ထပ် ဘာနည်းများရှိသေးသနည်း စသည်ဖြင့်တွက်ဆရမည်။

တိုက်နည်းတိုက်ဟန်များကို ရွေးချယ်သည့်အခါ တိုက်ပွဲဝင်မည့်သူများသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်။

မိမိတို့ရွေးချယ်ထားသော တိုက်နည်းများကို ဒီမိုကရေစီအင်အားစုများက အသုံးပြုနိုင်မည့်အင်အားရှိမည်လား။

ဖိနှိပ်ခံနေရသည့်လူထု၏အင်အားကို အသုံးပြုနိုင်မည်လား။

အာဏာရှင်အစိုးရ၏ ပျော့ကွက်ကို အမိအရထိခိုက်အောင် တိုက်နိုင်မည်လား။ သို့မဟုတ် အာဏာရှင်တို့ အားသာနေသည့်အချက်ကို တိုက်နေခြင်းဖြစ်သွားမည်လား။

အဆိုပါရွေးချယ်ထားသောနည်းသည် ဒီမိုကရေစီအင်အားစုများ ကိုယ့်ကိုကိုယ်ပို၍ အားကိုးလာတတ်အောင်လုပ်ဆောင်ပေးနိုင်မည်လား။ သို့မဟုတ် ကြားနေအုပ်စုကို အားကိုးဖို့လိုအပ်မည်လား။ သို့မဟုတ် ပြင်ပအကူအညီများ လိုအပ်မည်လား။

ထိုသို့သောနည်းကိုသုံးပြီး အာဏာရှင်တို့ကို တိုက်ခဲ့သောဖြစ်ရပ်များတွင် မည်သို့ ဖြစ်ပွားခဲ့သနည်း။

ယခုတိုက်ပွဲတွင် ထိုနည်းကိုသုံးလိုက်ပါက ထိခိုက်ဆုံးရှုံးမှုများ ပိုမိုများပြားမည်လား။ နည်းသွားမည်လား။

အာဏာရှင်စနစ်ကို ဖြုတ်ချနိုင်ပြီဆိုပါစို့။ ထိုတိုက်နည်းကြောင့် မည်သည့်အစိုးရမျိုး ပေါ်ပေါက်လာ

နိုင်သနည်း။

တိုက်နည်းတိုက်ဟန်များကို စဉ်းစားသည့်အခါတွင် အကျိုးယုတ်လျော့စေမည့် လုပ်ဆောင်မှုများကို ထည့်သွင်း မစဉ်းစားသင့်ပေ။

အခြားတိုက်နည်းများနှင့်ယှဉ်လျှင် နိုင်ငံရေးအန်တုမှုနည်းသည် သိသိသာသာအကျိုးရှိကြောင်း ယခင်အခန်းများတွင် အမျိုးမျိုးတင်ပြခဲ့ပြီးဖြစ်သည်။ တိုက်ပွဲစီမံကိန်းရေးဆွဲသူများအနေဖြင့် ပဋိပက္ခဖြစ်နေသည့် ကိစ္စတခု၏ အခြေအနေမည်သို့ရှိသည်ကို သေချာစွာသုံးသပ်ရမည်။ ထို့ပြင် နိုင်ငံရေးအန်တုသည့်နည်းကို အသုံးပြုပြီး တိုက်လိုက်လျှင် အထက်ပါမေးခွန်းများအတွက် အဖြေမှန်များ ထွက်၊ မထွက်ကို ဆုံးဖြတ်ရန်လိုအပ်လှသည်။

**ဒီမိုကရေစီစနစ်အတွက် ကြိုတင်ပြင်ဆင်ခြင်း၊**

အဂ္ဂဗျူဟာစစ်ဆင်နည်းကို အသုံးပြုပြီး နိုင်ငံရေးအန်တုမှုများလုပ်ဆောင်ခြင်းသည် အာဏာရှင်စနစ်ပြိုကွဲရန်အတွက်သာမက ဒီမိုကရေစီစနစ်ထူထောင်ခြင်း၊ အာဏာရှင်စနစ် နောက်ထပ်အသစ် ပေါ်မလာနိုင်အောင် လုပ်ဆောင်ခြင်းတို့လည်း ပါဝင်သည်။ အဆိုပါရည်မှန်းချက်သုံးချက်ကိုရလိုလျှင် မိမိတို့အသုံးပြုမည်ဟု ရွေးချယ်ထားသောနည်းသည် လူမှုအဖွဲ့အစည်းအတွင်း အရေးပါသော အာဏာခွဲဝေမှုပုံစံအား ပြောင်းလဲနိုင်စွမ်းရှိရမည်။ အာဏာရှင်တို့လက်ထက်က ပြည်သူတို့တွင် ဩဇာအာဏာမရှိ။ အဖွဲ့များမှာလည်း အာဏာမဲ့နေသည်။ အစိုးရဘက်တွင်သာ အင်အားတောင့်ပြီး ဩဇာအာဏာများ အလွန်တောင့်တင်းခဲ့သည်။ ဤကဲ့သို့အင်အားမမျှ၊ ဩဇာအာဏာ တဘက်စောင်းနင်းဖြစ်နေသည်ကို ပြင်ဆင်ရမည်။ မပြင်ဆင်နိုင်ခဲ့သော် အသစ်တက်လာသည့် အစိုးရသစ်မှာလည်း အစိုးရဟောင်းကဲ့သို့ အာဏာရှင်ဆန်လာကြလိမ့်မည်။ အာဏာရှင်တဦးမှတဦးသို့ အာဏာလွှဲပြောင်းသွားသော အချင်းချင်းအာဏာသိမ်းမှုများ၊ နန်းတွင်းအာဏာလုမှုများကို လက်မခံနိုင်ပါ။

အခန်း(၅)တွင် တင်ပြခဲ့သည့်အတိုင်း နိုင်ငံရေးအန်တုမှုနည်းတွင် လူထုကိုစည်းရုံးပြီး အာဏာရှင်တို့ကိုတိုက်ခြင်းဖြင့် ပိုမိုတရားမျှတသော အာဏာခွဲဝေမှုကိုဖြစ်ပေါ်စေပါသည်။ ဤကဲ့သို့ဖြစ်အောင် လုပ်သောနည်းများလည်း အမျိုးမျိုးရှိပါသည်။ ပြည်သူတို့ကို အကြမ်းမဖက်ဘဲ လှုပ်ရှားလာတတ်အောင် လုပ်ဆောင်ပေးလိုက်သည့်အတွက် အာဏာရှင်အစိုးရအဖို့ ဖိနှိပ်ချုပ်ချယ်နိုင်သည့်တိုင်အောင် အလွယ်တကူနှင့် မခြိမ်းခြောက်နိုင်တော့ပေ။ ပြည်သူတို့ငုံ့ခံနေအောင် မလုပ်နိုင်တော့။ လူထုက သူတို့အသုံးချနိုင်သည့်နည်းများနှင့် အစိုးရကို ကာပြန်နိုင်သည်။ တခါတရံ အာဏာမပြနိုင်အောင် အစိုးရကို ပိတ်ပင်တားဆီးနိုင်သည်။ ထို့မှုမက နိုင်ငံရေးအန်တုလှုပ်ရှားမှုများနှင့် လူထုကို စည်းရုံးလိုက်ခြင်းဖြင့်လည်း လွတ်လပ်သောအဖွဲ့အစည်းများ အင်အားတောင့်လာအောင်လုပ်ဆောင်ပေးနိုင်သည်။ လူထုသည် ဩဇာအာဏာကို ထိရောက်စွာသုံးတတ်သည့်အတွေ့အကြုံကို အလွယ်တကူနှင့် မေ့တော့မည်မဟုတ်။ လှုပ်ရှားမှုများ လုပ်တတ်လာကြပြီး ကျွမ်းကျင်မှုရလာသော ပြည်သူများကို အာဏာရှင်ဖြစ်လာနိုင်မည့် လူစားမျိုးများကလည်း ဖိနှိပ်ထားနိုင်ဖို့မလွယ်ကူပေ။ ဤကဲ့သို့ အာဏာချိန်ခွင်လျှာပြောင်းလာအောင် လုပ်လိုက်နိုင်သည့်အတွက် အခွန့်ရှည်စွာတည်မြဲနိုင်သည့် ဒီမိုကရေစီစနစ်ကို ထူထောင်ပေးနိုင်ဖွယ်လမ်းကြောင်းများ ပေါ်ပေါက်လာနိုင်ပါသည်။

**ပြင်ပမှအကူအညီ၊**

လှုပ်ရှားမှုအတွက် ကြိုတင်ပြင်ဆင်သည့်အခါ အာဏာရှင်အစိုးရကိုတိုက်ရန် ပြည်တွင်းပြည်ပ အင်အားစုတို့၏ အခန်းကဏ္ဍနှင့် ဖိအားပေးမှုတို့ကို အကဲဖြတ်ရန်လိုအပ်ပေသည်။ ဤအချက်ကို အကဲဖြတ်ကြည့်ကြသည့်အခါ အာဏာအန်တုဖိဆန်သည့် လှုပ်ရှားမှုအားကို ပြည်တွင်းကစပြီးယူရမည်ဟု ဆိုခဲ့ပြီးဖြစ်သည်။ ပြည်ပမှ အကူအညီများရလာသည့်တိုင်အောင် ၎င်းအကူအညီက ပြည်တွင်းအင်အားစု၏ လှုံ့ဆော်မှုကြောင့် ပေါက်ဖွားလာရခြင်းဖြစ်သည်။

အာဏာရှင်အစိုးရက လူ့အခွင့်အရေးများဖောက်ဖျက်မှု၊ လူများအား ဂုဏ်သိက္ခာကျအောင် လုပ်ဆောင်မှုနှင့် ဘာသာရေးချုပ်ချယ်မှုစသည်တို့ကို ကျူးလွန်နေပါသည်ဟုထောက်ပြပြီး ကမ္ဘာက ပြစ်တင်ရှုတ်ချလာအောင် စည်းရုံးဆောင်ရွက်နိုင်ပါသည်။ နိုင်ငံခြားအစိုးရကသော်၎င်း၊ အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့များကသော်၎င်း၊ အာဏာရှင်အစိုးရကို သံတမန်ရေး၊ နိုင်ငံရေးနှင့်စီးပွားရေးအရ ဝိုင်းဝန်းပိတ်ဆို့မှုများ လုပ်ဆောင်လာအောင်ကြိုးစားနိုင်သည်။ စီးပွားရေးပိတ်ပင်ခြင်း၊ လက်နက်မရောင်းဘဲနေခြင်း စသည်တို့ကို လုပ်ဆောင်နိုင်သည်၊ သံတမန်ရေးရာအသိအမှတ်ပြုသည့်အဆင့်ကို နှိမ့်ချလိုက်နိုင်သည်။ သံတမန်အဆက်အသွယ် လုံးဝမလုပ်ဘဲ နေနိုင်သည်။ စီးပွားရေးအကူအညီများကို ရပ်စဲပစ်နိုင်သည်။ အာဏာရှင်အစိုးရနိုင်ငံတွင် ငွေရင်းနှီးမြှုပ်နှံပြီး စီးပွားမရှာကြရန်တားမြစ်လိုက်နိုင်သည်။ နိုင်ငံတကာအဖွဲ့အစည်းများကဖြစ်စေ၊ ကုလသမဂ္ဂနှင့် ၎င်း၏ဌာနအသီးသီးတို့မှဖြစ်စေ အာဏာရှင်အစိုးရကို ထုတ်ပယ်ပစ်လိုက်နိုင်သည်။ ထိုမျှမက ဒီမိုကရေစီအင်အားစုဘက်ကို နိုင်ငံခြားမှ ဘဏ္ဍာရေး၊ ဆက်သွယ်ရေးအကူအညီများ တိုက်ရိုက်ထောက်ပံ့ပေးလာနိုင်သည်။

**အဂ္ဂဗျူဟာချစ်ဆင်ပုံကို မည်သို့စီစဉ်ကြမည်နည်း။**

အခြေအနေကို ခန့်မှန်းသုံးသပ်ခြင်း၊ လှုပ်ရှားမှုနည်းများကိုရွေးချယ်ခြင်း၊ ပြင်ပအကူအညီ အခန်းကဏ္ဍကို ဆုံးဖြတ်ခြင်းများ ပြီးစီးသောအခါ အဂ္ဂဗျူဟာစစ်ဆင်ရန်ကြံစည်နေသူများသည် တိုက်ပွဲအား မည်ကဲ့သို့အကောင်းဆုံး တိုက်ကြမည်ကို ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲထားရမည်။ ထိုကျယ်ပြန့်သော အစီအစဉ်ထဲတွင် လက်ရှိအခြေအနေမှသည် အနာဂတ်လွတ်လပ်မှုနှင့် ဒီမိုကရေစီစနစ် တည်ထောင်သည်အထိ ပါဝင်သည်။ ထိုကဲ့သို့ အဂ္ဂဗျူဟာကို ရေးဆွဲကြသည့်အခါ စီစဉ်ရေးဆွဲသူများသည် မိမိတို့ကိုယ်ကို မိမိတို့မေးခွန်းများထုတ်ဖို့လိုအပ်ပါသည်။ အောက်ပါမေးခွန်းများသည် ယခင်က ဖော်ပြခဲ့သည့်မေးခွန်းများထက် အသေးစိတ်ပိုကျသည်။ နိုင်ငံရေးအန်တုသည့်တိုက်ပွဲ၏ အဂ္ဂဗျူဟာများအတွက် လိုအပ်သောအချက်များလည်းဖြစ်သည်။

ရေရှည်တိုက်ရမည့်တိုက်ပွဲကို မည်ကဲ့သို့စတင်ကြမည်နည်း။ ဖိနှိပ်ခံခဲ့ရသူများအား မိမိတို့ကိုယ်ကို မိမိတို့ ယုံကြည်အားထားသည့်စိတ်များ တက်ကြွလာအောင် မည်သို့လုပ်ဆောင်ကြမည်နည်း။ အာဏာရှင်အစိုးရကို ဖီဆန်အန်တုနိုင်စေရန် မည်ကဲ့သို့အားဖြည့်ပေးမည်နည်း။ လုပ်ကိုင်ရာ၌ အကန့်အသတ်ရှိသည့် နည်းလမ်းမျိုးများတွင်ပင် မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်း။ အချိန်နှင့် ကျင့်သားရလာသည့်အလျောက် လူထုက ဘယ်အထိ အစိုးရကို အကူအညီမပေးဘဲ နေနိုင်ကြမည်နည်း။ အာဏာဖီဆန်အန်တုမှုများ များပြားလာအောင် မည်သို့ဆောင်ရွက်ကြမည်နည်း။ လူထုအပေါ် ဒီမိုကရေစီစနစ်အရ ထိန်းချုပ်ထားပြီး အစိုးရဘက်ကိုမလှုပ်နိုင်အောင် ချုပ်ကိုင်ထားရန် ဘာတွေလုပ်နိုင်မည်နည်း။ စည်းရုံးလှုံ့ဆော်မှုများ တခုပြီးတခုလုပ်သွားခြင်း၏ ရည်ရွယ်ချက်များက ဘာတွေများဖြစ်နိုင်မည်နည်း။

အာဏာရှင်စနစ်လက်အောက်တွင်တည်ရှိနေသော လွတ်လပ်သည့်အဖွဲ့အစည်းများ ရှိသလား။ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ကြရာတွင် ထိုအသင်းအဖွဲ့များကို အသုံးချနိုင်ပုံ ရှိပါသလား။ အာဏာရှင်အစိုးရက ချုပ်ကိုင်ထားသည့် လူမှုအဖွဲ့အစည်း၊ အစည်းအရုံးများထဲမှ မည်သည့်အဖွဲ့များကို မိမိတို့ဘက်သို့ ပြန်ရောက်အောင်လုပ်မည်နည်း။ သို့မဟုတ် အာဏာရှင်အစိုးရ တည်ရှိနေဆဲမှာပင် ဒီမိုကရေစီအုပ်စု၏ လိုလားချက်များ ရရှိပြီး ဒီမိုကရေစီအသိုင်းအဝိုင်း ပိုမိုကျယ်ပြန့်လာရန်အတွက် မည်သည့် အစည်းအရုံးအသစ်များ ပေါ်ပေါက်လာအောင် ဖန်တီးပေးဖို့ လိုမည်နည်း။

အတိုက်အခံပြုလုပ်ရာတွင် အဖွဲ့အစည်းဆိုင်ရာအင်အားများကို တိုးတက်အားကောင်းလာစေရန် မည်ကဲ့သို့ဆောင်ရွက်ကြမည်နည်း။ လှုပ်ရှားမှုအတွင်းပါဝင်ကြသူများကို မည်သို့ လေ့ကျင့်ပျိုးထောင်ပေးမည်နည်း။ အာဏာအန်တုမှုတိုက်ပွဲအတွင်း ဘာတွေလိုမည်နည်း။ (ငွေကြေး၊ ကိရိယာတန်ဆာပလာ စသည်ဖြင့်) လူများကို စည်းရုံးသည့်အခါ မည်သည့်အမှတ်အသားတံဆိပ်မျိုးသုံး၍ စည်းရုံးလျှင် စည်းရုံးရေးပို၍ ထိရောက်နိုင်မည်နည်း။

အာဏာရှင်တို့၏ အာဏာရပေါက်ရလမ်းများ နည်းသည်ထက်နည်းသွားပြီး နောက်ဆုံး လုံးဝပြတ်တောက်သွားအောင် မည်သည့်လှုပ်ရှားမှုများလုပ်မည်နည်း။ မည်သည့်အဆင့်တွင် ထိုအခြေအနေမျိုးသို့ ရောက်မည်နည်း။ အာဏာအန်တုဖီဆန် တော်လှန်နေကြသည့် ပြည်သူများကလည်း မည်သို့ဆက်ပြီး ဖီဆန်နေနိုင်ကြမည်နည်း။ တချိန်တည်းမှာပင် စည်းကမ်းသေဝပ်ပြီး အကြမ်းမဖက်ဘဲ ဆက်တိုက်နေကြမည်လား။ ပဋိပက္ခဖြစ်နေသည့်အတွင်း လူထု၏အခြေခံလိုအပ်ချက်များ အဆက်မပြတ်ရရှိနေအောင် မည်သို့ဆောင်ရွက်မည်နည်း။ အာဏာရှင်စနစ် ပြိုပျက်ပြီးနောက် အသွင်ကူးပြောင်းရေး ကာလတရပ်ဖြတ်သန်းရမည်။ ထိုအသွင်ကူးပြောင်းရေးကာလ ပြေပြစ်ချောမောရေးအတွက် အောင်ပွဲရခါနီးအချိန်တွင် လူမှုအဖွဲ့အစည်းအုတ်မြစ်များကို မည်ကဲ့သို့ တည်ဆောက်မည်နည်း။

အာဏာရှင်အစိုးရကိုဖြုတ်ချပြီး လွတ်လပ်မှုရအောင်လုပ်နိုင်သည့်လှုပ်ရှားမှုနည်းများကို မူသေချမှတ်ထား၍မရပါ။ ပုံသေနည်းတခုတည်းဖြစ်အောင်လည်း လုပ်၍မရပါ။ အာဏာရှင်စနစ်ကို ဖြိုဖျက်ပြီး ဒီမိုကရေစီစနစ်တည်ဆောက်နိုင်မည့် လှုပ်ရှားမှုများအားလုံး တခုနှင့်တခုမတူ၊ ကွဲပြားခြားနားသည်။ အခြေအနေတခုနှင့်တခု ထပ်တူထပ်မျှလည်းမဟုတ်။ အာဏာရှင်များကလည်း တယောက်နှင့်တယောက်မတူကြ။ အသွင်အပြင် တခြားစီဖြစ်သည်။ လွတ်လပ်မှုအတွက် အုံကြွနေကြသူများကလည်း အမျိုးမျိုးဖြစ်သည်။ နိုင်ငံရေးအန်တုရန် အဂ္ဂဗျူဟာရေးဆွဲသူများအဖို့ ပဋိပက္ခအခြေအနေ မည်သို့ရှိနေသည်ကို ကောင်းစွာနားလည်ကြဖို့ လိုရုံမျှမက မိမိတို့အသုံးပြုကြမည့် လှုပ်ရှားမှုနည်းလမ်းများကို ကောင်းစွာသိရှိထားဖို့လိုပါသည်။[၁]

တိုက်ပွဲအတွက် အဂ္ဂဗျူဟာကို သေချာစွာစီစဉ်ပြီးသည့်အခါ အများသိရှိစေရန် ကြေညာရမည်။ အဘယ်ကြောင့်ဆိုသော် ပါဝင်လှုပ်ရှားရန် လိုအပ်သည့်သူများက လှုပ်ရှားမှုနည်းများကို သဘောပေါက်ပြီး အထူးညွှန်ကြားချက်များကိုလည်း နားလည်ကြမှသာ လှုပ်ရှားမှုလုပ်ရန် ပိုမိုစိတ်ပါဝင် စားလာကြလိမ့်မည်။ အာဏာဖီဆန်အန်တုမှုများ ပိုမိုလုပ်ဆောင်နိုင်ပေလိမ့်မည်။ ဤကဲ့သို့ အာဏာဖီဆန်အန်တုရေးကို သိရှိနားလည်လာလျှင် နောင်တနေ့တွင် သူတို့၏စိတ်ဓာတ်များကို မြှင့်တင်ပေးနိုင်ပေလိမ့်မည်။ လှုပ်ရှားမှုများကို ပိုမိုပါဝင်ဆောင်ရွက်ချင်စိတ်များရှိလာလိမ့်မည်။ သင့်တော်သည့်အရာများကို လှုပ်ရှားဆောင်ရွက်ပေးလာလိမ့်မည်။ ထိုသို့ အဂ္ဂဗျူဟာကို အများသိစေရန်ကြေညာမှုကြောင့် အာဏာရှင်အစိုးရကလည်း ပြည်သူတို့ လှုပ်ရှားမှုများလုပ်ဆောင်ရန် ပြင်ဆင်နေကြပြီဖြစ်ကြောင်း ရိပ်စားမိလာသောအခါ ရက်ရက်စက်စက်ဖိနှိပ်နေမှုများကို တဖြည်းဖြည်းနှင့် လျှော့ချလိုက်ကြလိမ့်မည်။ ချုပ်ချယ်မှုများ နည်းသွားပေလိမ့်မည်။ အကယ်၍ ထိုသို့လျှော့မပေးလျှင်လည်း အစိုးရအပေါ် နိုင်ငံရေးအရ တန်ပြန်ထိခိုက်လာကြတော့မည်ကို သိလာသောကြောင့်ဖြစ်သည်။ ထိုအဂ္ဂဗျူဟာ၏ လက္ခဏာ၊ အခြင်းအရာ၊ သဘောထားတို့ကိုကြည့်ပြီး အစိုးရအဖွဲ့အတွင်းမှာပင် သဘောကွဲလွဲမှုများ ရှိလာလိမ့်မည်။ အာဏာရှင်အစိုးရဘက်က ခွဲထွက်လာရောက်ပူးပေါင်းသူများ ပေါ်ပေါက်လာလိမ့်မည်။ အာဏာရှင်အစိုးရကို ဖြုတ်ချပြီး ဒီမိုကရေစီစနစ်တည်ထောင်ရန်အတွက် ရေးဆွဲထားသည့် အဂ္ဂဗျူဟာစီမံချက်ကို အသုံးပြုတော့မည်ဟု အတည်ပြုပြီးသည်နှင့် ဒီမိုကရေစီဘက်တော်သားများက ၎င်းအစီအစဉ်အတိုင်း တစိုက်မတ်မတ် လိုက်နာဆောင်ရွက်ကြရလိမ့်မည်။ အလွန့်အလွန် ဖြစ်တောင့်ဖြစ်ခဲသော အကြောင်းကိစ္စများ ပေါ်ပေါက်လာသည့် အခါမျိုးတွင်သာ မူလချမှတ်ထားသည့်လမ်းစဉ်ကို စွန့်ပစ်ရမည်။ မိမိတို့ ရွေးချယ်ထားသည့်တိုက်နည်းက မှားနေပြီဖြစ်ကြောင်း သက်သေအထောက်အထားတွေ့လာသည့်အခါ သို့မဟုတ် တိုက်ပွဲဝင်ရမည့်အကြောင်းရင်းကပင်လျှင် ပြောင်းလွဲသွားခဲ့သည်ရှိသော် မူလရေးဆွဲထားသည့် အဂ္ဂဗျူဟာကို ပြောင်းပစ်ရန်လိုသည်။ အဂ္ဂဗျူဟာကို အသစ်မပြောင်းမီ အခြေအနေကို သေချာစွာပြန်လည်ဝေဖန်သုံးသပ်ပြီး ပိုမိုခိုင်မာသည့် ဗျူဟာစီမံကိန်းသစ်ကိုရေးဆွဲပြီးမှ အသုံးချ

၁။Recommended full length studies are *The Politics of Nonviolent Action* (Boston: Porter Sargent, 1973) and Peter Ackerman and Christopher Kruegler, *Strategic Nonviolent Conflict* (Westport, Connecticut, Praeger, 1994).

ရန်အတွက် ဆုံးဖြတ်ရန်လိုအပ်သည်။

**တိုက်ပွဲတခုချင်းစီအတွက်ဗျူဟာများရေးဆွဲခြင်း၊**

အာဏာရှင်စနစ်ဖောက်သိမ်းပြီး ဒီမိုကရေစီစနစ်မွေးဖွားရန် ရေးဆွဲထားသည့် အဂ္ဂဗျူဟာစီမံကိန်းသည် ကောင်းမွန်လှပြီး အကျိုးဖြစ်နိုင်ဖွယ်မည်မျှပင်ရှိစေကာမူ ၎င်းဗျူဟာတခုတည်းနှင့်တော့ မည်သည့်အရာမျှ အကောင်အထည်ပေါ်လာနိုင်မည် မဟုတ်ပါ။ စာရွက်ပေါ်တွင်သာ ရှိနေပေမည်။ အာဏာရှင်အစိုးရ၏အာဏာကို အမြစ်ကစပြီး တူးဖော်ပစ်ရန်အတွက် စွန့်စားပြီးတိုက်ကြသည့်အခါ အရေးပါသည့်တိုက်ပွဲ အဆင့်ကလေးများ တခုစီအတွက် အသေးစိတ်ဗျူဟာများလိုသည်။ ထိုအသေးစိတ် စီမံကိန်းများမှတဆင့် အာဏာရှင်တို့အပေါ် ထိုးနှက်နိုင်မည့်နည်းပရိယာယ်များကို တဆင့်လမ်းညွှန်နိုင်မည်။ ချမှတ်ထားသောဗျူဟာတခုချင်း အောင်မြင်နိုင်ရန်အတွက်နည်းပရိယာယ်များနှင့် တိုက်ပွဲဝင်နည်းလမ်းများကို သေချာစွာရွေးချယ်ရမည်။ ဤနေရာတွင် ဗျူဟာအဆင့်များကို အလေးထားတင်ပြသွားမည်။

အရေးပါလှသောတိုက်ပွဲလေးများအတွက် အစီအစဉ်လုပ်ကြသည့် စစ်အတတ်ပညာ ကျွမ်းကျင်သူများသည် အဂ္ဂဗျူဟာတိုက်ပွဲအတွက် မူချမှတ်သောသူများကဲ့သို့ပင် မိမိတို့ အသုံးပြုကြရမည့် နည်းပရိယာယ်နှင့် လှုပ်ရှားမှုများ၏သဘောတရား၊ မည်သို့လှုပ်ရှားကြမည် စသည်တို့ကို ကောင်းစွာနားလည်ကြရမည်။ ဥပမာပြရမည်ဆိုသော် စစ်ဗိုလ်များသည် တိုက်ပွဲဝင်ရန် ကြံစည်ပြီဆိုသည့်အခါ သူတို့၏စစ်တပ်အင်အားကို မည်ကဲ့သို့ ဖွဲ့စည်းထားသည်၊ စစ်ပရိယာယ်အမျိုးမျိုးက မည်သို့၊ လက်နက်များလိုလာလျှင်မည်သို့ ဖြည့်တင်းပေးရမည်တို့ကို နားလည်ရမည်။ ခဲယမ်းမီးကျောက်၊ ပထဝီအနေအထားစသည့်အချက်များကို သိထားရမည်။ ထိုနည်းတူပင် နိုင်ငံရေးအန်တုမှု၊ လှုပ်ရှားမှုများ လုပ်ဆောင်ရန်စီစဉ်သူများကလည်း အကြမ်းမဖက်သည့်တိုက်နည်း၏ သဘောတရားများ၊ မူဝါဒများကို နားလည်ရမည်။ သို့သော်လည်း ၎င်းနည်းများကို နားလည်ရုံနှင့်မပြီးသေး။ ဤစာအုပ်ပါ အချက်များကို ကျနစွာလိုက်နာရုံနှင့်လည်း မရသေးပါ။ ဖော်ပြခဲ့ပြီးသည့်ပြဿနာများကို ဖြေရှင်းတတ်ရုံနှင့်လည်း မဟန်သေးပါ။ တိုက်ကွင်းတိုက်ကွက်များလည်း ပေါ်လာလိမ့်မည်မဟုတ်။ မိမိတိုက်ပွဲအတွက် တိုက်ကွင်းတိုက်ကွက်များ စီမံချမှတ်နိုင်ရန်အလို့ငှာ အကြားအမြင်၊ ဗဟုသုတများနှင့် ထိုးထွင်းဉာဏ် ရှိကြဖို့လိုပါသည်။

အထူးသီးသန့်ရွေးချယ်ထားသည့် တိုက်ပွဲအဆင့်များကို စီစဉ်သည့်အခါနှင့် ရေရှည်တိုက်ပွဲများ အတွက် စီစဉ်သည့်အခါ နိုင်ငံရေးအန်တုမည့်စီစဉ်မှုများ ရေးဆွဲသူတို့သည် တွေ့ကြုံရမည့် ပြဿနာများ၊ ကိစ္စအမျိုးမျိုးတို့ကို ထည့်သွင်းစဉ်းစားထားဖို့လိုပါသည်။ အောက်ပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

■ တိုက်ပွဲအဆင့်တခုချင်းစီ၏ အဓိကရည်ရွယ်ချက်များက ဘာတွေဖြစ်သည်ကို ဆုံးဖြတ်ရမည်။ ထိုရည်ရွယ်ချက်များက ရေးဆွဲထားသော အဂ္ဂဗျူဟာတခုလုံး အကောင်အထည်ပေါ်လာအောင် မည်မျှစွမ်းဆောင်နိုင်မည်နည်း။

■ ရွေးချယ်ထားသည့် တိုက်နည်းအမျိုးမျိုးထဲမှ အကောင်အထည်ပေါ်လာအောင် လုပ်နိုင်မည့် အကောင်းဆုံးနည်းလမ်းက ဘာဖြစ်သည်။ သို့မဟုတ် နိုင်ငံရေးလက်နက်များက ဘာတွေဆိုသည်ကို စဉ်းစားထားရမည်။ တိုက်နည်းအမျိုးမျိုးပါအောင် ခြုံပြီးရေးထားသောအစီအစဉ်ထဲမှ မည်သည့်ပရိယာယ် အငယ်စားမျိုးလေးကိုသုံးပြီး အာဏာရှင်အစိုးရ၏ဩဇာအာဏာ ရပေါက်ရလမ်းများကို မည်သို့ပိတ်ပင် တားဆီးချုပ်ချယ်ထားလိုက်မည်ဟု ဆုံးဖြတ်ရမည်။ သေသေချာချာစဉ်းစားပြီးမှ ရွေးချယ်ထားသည့် ခြေလှမ်းငယ်အဆင့် အကောင်အထည်ပေါ်လာပြီးမှသာ အဓိကလိုလားချက်များကို ရလာနိုင်မည်ဖြစ်ကြောင်း မှတ်သားထားရမည်။

■ နိုင်ငံရေးအန်တုမှုများနှင့် စီးပွားရေးပြဿနာများကို ဆက်စပ်ထားသင့်၊ မသင့် ဆုံးဖြတ်ရမည်။ ဆက်စပ်ထားမည်ဆိုလျှင် မည်ကဲ့သို့ဆက်စပ်ထားမည်ကို စဉ်းစားရမည်။ အကယ်၍ စီးပွားရေးကိစ္စများသည် အရေးပါသည့်ကဏ္ဍတွင်ပါဝင်နေပါက အာဏာရှင်စနစ်ချုပ်ငြိမ်းသွားသည့်အခါမှ စီးပွားရေးနစ်နာချက်များ ချုပ်

ငြိမ်းသွားမည်ဆိုသည့်အချက်ကို သိထားကြရမည်။ သိမထားခဲ့သော် ဒီမိုကရေစီစနစ်သို့ပြောင်းလဲနေသည့် ကာလတွင် စီးပွားရေးပြဿနာများကို လျင်မြန်စွာဖြေရှင်းမပေးနိုင်ပါက လူထုက အထင်နှင့်အမြင်ကွာလေစွဟု ပြောလာလိမ့်မည်။ မကျေနပ်မှုများပေါ်လာမည်။ ဤကဲ့သို့ လူထုက မကျေနပ်၊ အထင်အမြင်လွဲ ဖြစ်လာခဲ့သော် အာဏာရှင်အုပ်စုက စီးပွားရေးဒုက္ခများမရှိအောင် သူတို့လုပ်ပေးမည်ဟု ကတိပေးပြီး တဖန်ပြန်လည် ခေါင်းထောင်လာကြဦးမည်။

■ စတင်တိုက်ပွဲဝင်တော့မည်ဟု ဆိုသည့်အခါ မည်သည့်ခေါင်းဆောင်မှု အဖွဲ့အစည်းမျိုးကိုလိုသည်၊ မည်သည့်ဆက်သွယ်ရေးစနစ်က အကောင်းဆုံးဖြစ်လိမ့်မည်ကို ကြိုတင်ဆုံးဖြတ်ထားရမည်။ တိုက်ပွဲဝင်နေသည့်ကာလအတွင်း ပြည်သူတို့နှင့် တော်လှန်နေကြသူများကို အဆက်မပြတ် ညွှန်ကြားမှု ပေးနေရန်လိုသည်။ ထိုသို့ ညွှန်ကြားမှုပေးရန် မည်သို့ဆက်သွယ်ညွှန်ကြားကြမည်နည်း။ ဆုံးဖြတ်ချက် ချစရာရှိသည်များကို မည်သို့ချမှတ်မည်နည်း စသည်တို့ကို တွေးတောထားရမည်။

■ တိုက်ပွဲသတင်းများကို သာမန်ပြည်သူများ၊ အာဏာရှင်အစိုးရအုပ်စုနှင့် နိုင်ငံခြားသတင်းဌာနများက သိအောင်ဆက်သွယ်ရာတွင် မိမိဘက်က ကြေညာချက်များနှင့် သတင်းဖြန့်ချိမှုများကို အမှန်အတိုင်းပြောရမည်။ ဤစည်းကမ်းကို တင်းကျပ်စွာ ပြဋ္ဌာန်းရမည်။ သတင်းများကို ချဲ့ပြီးပြော၊ အခြေအမြစ်မရှိသည့် ကြေညာပြောဆိုချက်များကို သတင်းလွှင့်လိုက်လျှင် တော်လှန်နေသူတို့အပေါ် အယုံအကြည်ကင်းမဲ့သွားလိမ့်မည်။

■ တိုက်ပွဲဖြစ်နေသည့်အတောအတွင်း မိမိတို့လူစုများ လိုအပ်နေသည့်အချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကိုယ့်ကိုကိုယ် ယုံကြည်အားထားတတ်ပြီး အကျိုးရှိသော လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့်ပတ်သက်သည့် ဆောင်ရွက်မှုများကို ပြင်ဆင်ကြရမည်။ တော်လှန်ရေးလှုပ်ရှားမှုများတွင် တိုက်ရိုက်မပါဝင်သူများကလည်း မိမိတို့ဘက်တော်သားများ လိုအပ်နေသည့် အထောက်ပံ့အချက်များနှင့်ဆိုင်သည့်ကိစ္စများကို ဆောင်ရွက်ပေးနိုင်ပါသည်။

■ အချို့သောတိုက်ပွဲအဆင့်များအတွက် သို့မဟုတ် တိုက်ပွဲတခုလုံးအတွက် မည်သည့်ပြင်ပ အကူအညီမျိုးကိုရလျှင် အထောက်အကူဖြစ်နိုင်လိမ့်မည်ကို စဉ်းစားထားရမည်။ မိမိတို့၏ တိုက်ပွဲသည် မသေချာ၊ မရေရာသော ပြည်ပအင်အားအပေါ်၌ မမှီခိုစေဘဲ ပြည်ပအကူအညီများကို မည်ကဲ့သို့ အကောင်းဆုံး အသုံးချရမည်ကိုသာ စဉ်းစားကြရမည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးအဖွဲ့အစည်း၊ အလုပ်သမားသမဂ္ဂများ)၊ အခြားအစိုးရများ၊ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများထဲမှ မည်သည့်အဖွဲ့က အကူအညီပေးနိုင်ပုံရသည်၊ မည်သည့်အဖွဲ့အစည်း၏ အကူအညီကိုယူလျှင် သင့်တော်လိမ့်မည်ကိုလည်း ကောင်းစွာ ဂရုပြုထားရမည်။

ထို့ပြင်မှ အာဏာရှင်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုများကို လူထုအားနှင့် အာဏာဖီဆန်အန်တုတိုက်ခိုက်နေသည့်ကာလအတွင်း စည်းကမ်းသေဝပ်မှုရှိရမည်။ အမိန့်နာခံမှုရှိရမည်။ မိမိဘက်တော်သားများ၏ လူမှုရေးလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရမည်။ ထိုသို့ ကြိုတင်ပြင်ဆင်ထားတတ်မှသာ လွတ်လပ်သည့် ဒီမိုကရက်တစ်အင်အားစုတရပ်ကို ဖန်တီးပေးနိုင်မည်။ ထိုသို့ စည်းကမ်းသေဝပ်မှုကြောင့် အမှန်တကယ်လိုအပ်သည့်အချက်များကို ဖြည့်ဆည်းပေးနိုင်ရုံမျှမက အာဏာရှင်အစိုးရက "နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ရက်ရက်စက်စက် နှိမ်နင်းလိုက်ရပါသည်"ဟု ဆိုလာသည့်တိုင်အောင် လူထုကယုံကြည်တော့မည် မဟုတ်ပေ။ အစိုးရအပေါ် အယုံအကြည်မဲ့သွားကြလိမ့်မည်သာ။

**အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုရန်ဆိုသည့်ဝါဒကို ပြန့်ပွားစေခြင်း။**

အာဏာရှင်အစိုးရကို ဖီဆန်အန်တုတိုက်ခိုက်ပြီး အနိုင်ရဖို့အရေးတွင် ပြည်သူတို့က အစိုးရကိုကူညီရိုင်းပင်းမှုများ မလုပ်ကြရန်လိုအပ်သည်။ ဤအချက်ကို ခေါင်းထဲစွဲထားရမည်။ 'မျောက်ဆရာပုံပြင်'(အခန်း–၃)

တွင် ဖော်ပြထားသည့်အတိုင်း မှတ်ယူထားကြရမည်။ အစိုးရက ဖိနှိပ်သည့်တိုင်အောင် လက်အောက်ငယ်သားများက ဆက်လက်ပြီး အချိန်ကြာမြင့်စွာ အကူအညီမပေးဟု ငြင်းဆန်နေခဲ့ကြလျှင် ဖိနှိပ်ချုပ်ချယ်နေသည့် အစိုးရလည်း မခံနိုင်။ အားလျော့လာပြီး နောက်ဆုံးတွင် ပြုတ်ကျသွားဖို့သာ ရှိတော့သည်။

အာဏာရှင် အစိုးရလက်အောက်တွင် နေလာကြရသူများသည် ထိုသဘောတရား၊ နည်းလမ်းအပေါ် ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ချင်ဖြစ်လိမ့်မည်။ ကြားဖူးနားဝလည်း ဖြစ်ချင်ဖြစ်လိမ့်မည်။ သို့သော်လည်း ဒီမိုကရေစီအင်အားစုတို့က ထိုဝါဒပြန့်ပွားအောင်၊ လူသိများ ထင်ပေါ်လာအောင် လုပ်ရမည်။ လူထုအကြား 'မျောက်ဆရာပုံပြင်'၊ သို့မဟုတ် အလားတူပုံပြင်မျိုးများကို ဖြန့်ချိပေးရမည်။ ထိုပုံမျိုးကို လူတိုင်းနားလည်နိုင်ပါသည်။ ဤကဲ့သို့ အစိုးရကိုအကူအညီမပေးဘဲနေမှ ကောင်းသည်ဟူသော အယူအဆကို သဘောပေါက်သွားကြသည့်အခါ ပြည်သူအများအဖို့ နောင်တနေ့တွင်လည်း ဤကဲ့သို့ အာဏာဖီဆန်အန်တုမှုလုပ်ရန်အတွက် စည်းရုံးသည့်အခါ နားလည်သဘောပေါက်လာကြလိမ့်မည်။ အခြေအနေအသစ် တမျိုးတဖုံပြောင်းလာသည့်အခါတွင်လည်း ပြည်သူတို့သည် သူတို့ဖါသာ သူတို့နည်းသူတို့ဟန်ဖြင့် အကြံဉာဏ်အမျိုးမျိုးကိုသုံးပြီး အစိုးရကို အကူအညီမပေးဘဲ လက်ပိုက်ကြည့်နေလိုက်မည် ဖြစ်သည်။

အာဏာရှင်အစိုးရလက်အောက်တွင် လူထုကြား ဆက်သွယ်ခြင်း၊ သတင်းပို့ခြင်း၊ အကြံဉာဏ်များပေးခြင်းနှင့် မည်ကဲ့သို့ အာဏာဖီဆန်ရမည်ကို ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းများပြုလုပ်ရာတွင် အခက်အခဲ၊ အန္တရာယ်များရှိသော်ငြားလည်း လုပ်ဆောင်နိုင်သည့်နည်းများရှိကြောင်း ဒီမိုကရေစီအင်အားစုတို့ဘက်က မကြာခဏ သက်သေပြခဲ့ပြီးဖြစ်သည်။ နာဇီနှင့် ကွန်မြူနစ်တို့လက်အောက်မှာပင်လျှင် တော်လှန်သူအချင်းချင်း အတွင်းသာမက လူထုအများနှင့်ပင် ဆက်သွယ်ရေးလုပ်၍ရခဲ့ဖူးသည်။ ဥပဒေချိုးဖောက်ပြီး တရားမဝင်သည့် သတင်းစာ၊ စာရွက်စာတမ်း၊ စာအုပ်များကိုဖြန့်ဝေခဲ့သည်။ ထိုမှုမက ဆက်လက်ပြီး တိတ်ခွေ၊ ရုပ်ရှင်၊ ကက်ဆက်စသည်တို့နှင့်ပင် လူထုကို အဆက်အသွယ်လုပ်ခဲ့သည်။

မည်သို့အာဏာဖီဆန်မှုများလုပ်ရမည်ဟု အထွေထွေညွှန်ကြားချက်များ ပြင်ဆင်ထားပြီး လူထုထံ ကြိုတင်၍ဖြန့်ချိပေးထားနိုင်သည်။ ထိုသို့ ကြိုတင်ဖြန့်ချိခြင်းဖြင့် အခွင့်ကောင်းကို ရရှိနိုင်သည်။ ညွှန်ကြားချက်များထဲတွင် လက်ရှိတိုက်နေရသည့်ကိစ္စက ဘာဖြစ်သည်၊ မည်သည့်အကြောင်းအရာများ ပေါ်လာလျှင် လူထုကဆန္ဒပြကြရမည်၊ အစိုးရကို အကူအညီမပေးဘဲ နေကြရမည်၊ မည်ကဲ့သို့ အာဏာဖီဆန်အန်တုမှုမျိုးများလုပ်နိုင်သည် စသည်ဖြင့် ဖော်ပြထားနိုင်ပါသည်။ အကယ်၍ ဒီမိုကရေစီခေါင်းဆောင်များနှင့်အဆက်အသွယ်ပြတ်သွားပြီး တိကျသည့် ညွှန်ကြားချက်များကို အထက်က ထုတ်ပြန်ကြေညာခြင်း မပြုနိုင်၊ လူထုကလည်း ညွှန်ကြားချက်များမရဖြစ်နေသည့်တိုင်အောင် အရေးကြီးသည့်ကိစ္စများပေါ်လာလျှင် ပြည်သူတို့က ဘာကိုလုပ်ရမည်ကို သိပြီးသားဖြစ်သည်။ အာဏာရှင်အစိုးရလက်ပါးစေရဲများက တော်လှန်ရေးလှုပ်ရှားမှုအပေါ် အသရေဖျက်ရန်ရည်ရွယ်၍ 'အတုအယောင်' တော်လှန်ရေးညွှန်ကြားချက်များထုတ်လွှင့်ကာ ဒီမိုကရေစီခေါင်းဆောင်များအပေါ် လူထု၏ အကြည်ညိုပျက်သွားအောင်လုပ်တတ်သည်။ ထိုအခါ ပြည်သူတို့က အထွေထွေညွှန်ကြားချက်များကို သိပြီးသားဖြစ်သောကြောင့် ၎င်းအတုအယောင် ပြုလုပ်ချက်များကို ရှောင်ကြဉ်နိုင်သည်။

**ဖိနှိပ်ချုပ်ချယ်ခြင်းများနှင့် တန်ပြန်အရေးယူခြင်း။**

ဒီမိုကရေစီအင်အားစုတို့ဘက်က ဆန့်ကျင်တိုက်ပွဲဝင်ကြလျှင် အာဏာရှင်အစိုးရဘက်က မည်သို့ပြန်ပြီးနှိမ်နင်းနိုင်မည်၊ အကြမ်းဖက်လာနိုင်မည်ဆိုသောအချက်ကို တိုက်ပွဲစီမံရေးဆွဲသူတို့က ကြိုတင်၍ မြင်ထားရမည်။ အာဏာရှင်အစိုးရက ပိုပြီးဖိနှိပ်လာမည့်ပုံ ပေါက်လာလျှင် အရှုံးမပေးဘဲ မည်သို့ရှောင်ရှားကြမည်၊ မည်မျှခံနိုင်မည်၊ မည်သို့ပြန်လုပ်မည် စသည်တို့ကို ကြိုတင်စဉ်းစားထားကြရန်လိုပါသည်။ နည်းဗျူဟာအရဆိုလျှင် အရေးကြီးသောအခါမျိုးတွင် ပေါ်ပေါက်လာနိုင်သော အစိုးရ၏နှိမ်နင်းမှုများအတွက် သင့်လျော်သည့် သတိပေးချက်များ

အား လူထုနှင့်မိမိဘက်သားများသိအောင် အသိပေးရမည်။ သို့မှသာ လှုပ်ရှားမှုထဲကိုပါလာလျှင် မည်သို့ဒုက္ခတွေ့နိုင်ကြောင်းကို လူအများက ကြိုသိထားကြလိမ့်မည်။ အကယ်၍ အစိုးရက ကြမ်းကြမ်းတမ်းတမ်း နှိမ်နင်းတော့မည်ကိုသိလျှင် ဒဏ်ရာရမည့်သူများအတွက် ဆေးဝါးနှင့် သူနာပြုအကူအညီများကို အဆင်သင့်ပြင်ဆင်ထားသင့်သည်။ အစိုးရက နှိပ်ကွပ်တော့မည်ကို ကြိုတင်သိထားသည့်အလျောက် တိုက်ပွဲအစီအစဉ်များ ရေးဆွဲကြသည့်သူများသည် မိမိတို့၏ အဓိကလိုလားချက်များကို ရနိုင်အောင်၊ အစိုးရဘက်ကလည်း ရက်ရက်စက်စက် မနှိမ်နင်းနိုင်သည့်၊ နှိမ်နင်းပစ်ရန်လည်း ခဲယဉ်းသည့် တိုက်နည်းပရိယာယ်များ၊ လှုပ်ရှားပုံနည်းများကို ပွဲမဝင်ခင်ကပင် စဉ်းစားထားရမည်။ ဥပမာ...အာဏာရှင်အစိုးရကို ကန့်ကွက်ဆန္ဒပြခြင်း၊ စီတန်းလမ်းလျှောက်ခြင်းတို့သည် ကြည့်ရှုသူများအား စိတ်လှုပ်ရှားစေသော်လည်း အာဏာရှင်တို့ကဖြိုခွင်းလျှင် ဆန္ဒပြသူ ထောင်နှင့်ချီ၍ သေဆုံးနိုင်သည်။ ဆန္ဒပြသူတို့က အသက်နှင့်ရင်းပြီး ရင်းနှီးပေးဆပ်လိုက်သော်လည်း အာဏာရှင်အစိုးရအပေါ် ထိထိရောက်ရောက် ဖိအားမပေးနိုင်ပါ။ အရာမရောက်နိုင်ပါ။ လူတိုင်းအိမ်တွင်ထိုင်နေကြပြီး သပိတ်မှောက်၊ အစိုးရအလုပ်သမားများကလည်း ဘာမျှအကူအညီမပေးကြဘဲ တောင့်ခံနေကြသည်ကမှ အစိုးရကို ပိုမို၍ ထိခိုက်နိုင်သည်။

ရန်သူကိုရန်စပြီး မိမိတို့ဘက်တွင် အကျအဆုံးများပြားနိုင်သောနည်းကို ပြုလုပ်ရန် အဆိုပြုလာခဲ့သော် ၎င်းလှုပ်ရှားမှုက မည်သို့အကျိုးရှိမည်၊ မည်သို့ဆုံးရှုံးသွားနိုင်သည်ကို သေသေချာချာ စဉ်းစားကြည့်ကြရမည်။ တိုက်ပွဲဝင်နေသည့်ကာလအတွင်း ပြည်သူလူထုနှင့် တော်လှန်ရေးသမားများက စည်းကမ်းသေဝပ်မှု ရှိကြမည်လား။ အကြမ်းမဖက်ဘဲ နေနိုင်ကြမည်လား။ အစိုးရဘက်က ၎င်းတို့ကိုဆွပေးလျှင် ထိုသူတွေ သည်းခံနိုင်ပါမည်လား။ အစိုးရက အကြမ်းဖက်လာသည့်တိုင်အောင် အတိုက်အခံဘက်က အကြမ်းမဖက် စည်းကမ်းသေဝပ်စွာ လှုပ်ရှားနိုင်အောင် မည်သို့ဆောင်ရွက်မည်နည်း။ လှုပ်ရှားမှုလုပ်မည့်သူများထံမှ အကြမ်းမဖက်ပါဘူးဆိုသည့် ကတိ၊ သဘောတူညီချက်ကို ကြိုယူထားမည်လား။ အကြမ်းမဖက်ဆိုသည့်မူဝါဒကို အများသိအောင် ကြေညာထားမည်လား။ ဆန္ဒပြသူများအား ထိန်းသိမ်းဖို့လူများထားရှိမည်လား။ အကြမ်းဖက်ချင်သူများ၊ အုပ်စုများကို သပိတ်မှောက်ထားမည်လား။ စည်းကမ်းသေဝပ်ကြဖို့ နှိုးဆော်သည့် လက်ကမ်းစာစောင်များအား ဖြန့်ချိထားမည်လား။ ဤကဲ့သို့ အမျိုးမျိုးကြိုတင်အရေးယူဆောင်ရွက်ထားလျှင် ဖြစ်နိုင်မည်လား။ ထိရောက်မည်လား စသည်ဖြင့် အမျိုးမျိုး တွေးတောထားရမည်။ ထိုမျှမက ဆန္ဒပြသူများကို အကြမ်းဖက်လာအောင် သက်သက်ဆွပေးပြီး အကြမ်းဖက်မှုများ ကျူးလွန်လာအောင် ဖြားယောင်းကြသည့်သူလျှိုအေးဂျင့်များရှိသည်ကို အတိုက်အခံခေါင်းဆောင်များက သိရှိထားကြရမည်။

**ချမှတ်ထားသော တိုက်ကွင်းတိုက်ကွက်များအတိုင်း ဦးလည်မသုန် လုပ်ဆောင်ခြင်း၊**

ခိုင်လုံသည့် တိုက်ကွင်းတိုက်ကွက် အစီအစဉ်များ အဆင်သင့်ဖြစ်ချိန်တွင် ဒီမိုကရေစီအင်အားစုများကို အာဏာရှင်အစိုးရက မဖြစ်လောက်သည့် အပြုအမူများနှင့် ခြေလှမ်းမှားအောင် လုပ်ဆောင်ခဲ့သော် ဒီမိုကရေစီအင်အားစုများအနေဖြင့် မိမိတို့ချထားသည့်လမ်းစဉ်မှ သွေဖည်၍မသွားသင့်။ မိမိတို့၏ အဂ္ဂဗျူဟာကိုဖြစ်စေ၊ တိုက်ပွဲအဆင့်လေးများအတွက် ချမှတ်ထားသော ဗျူဟာများကိုဖြစ်စေ မသွေဖည်ရ။ အစိုးရက ထိုသို့မဖြစ်လောက်သည့် အပြုအမူများလုပ်လာသည့်အခါ ဒီမိုကရေစီအင်အားစုတို့ဘက်က မိမိတို့လမ်းစဉ်ကိုပစ်ပြီး မည်သည့်အကြောင်းကြောင့်လှုပ်ရှားနေကြရသည်ကိုလည်း မေ့သွားတတ်သည်။ အဆိုပါစိတ်ခံစားမှုမျိုးဝင်လာလျှင် အရေးမကြီးသည့် သာမညကိစ္စများနှင့်သာ ဗျာများနေကြရပေလိမ့်မည်။ သို့မဟုတ်ပါကလည်း အာဏာရှင်အစိုးရက ရက်စက်ကြမ်းကြုတ်မှုများ လုပ်ဆောင်လာသဖြင့် နာကျင်ခံစားရမှုများ ပြင်းထန်ကောင်း ပြင်းထန်လာလိမ့်မည်။ မိမိတို့စိတ်ကိုထိန်းပြီး မိမိတို့အစီအစဉ်အတိုင်း ဆက်လက်လှုပ်ရှားသွားကြဖို့ကိုသာ ဂရုစိုက်ကြရမည်။ အာဏာရှင် အစိုးရက ဒီမိုကရေစီအင်အားစုတို့ သေချာစွာချမှတ်ထားသော မဟာဗျူဟာ၊ တိုက်ပွဲဗျူဟာအစီအစဉ်အတိုင်း မလုပ်နိုင်အောင် တမင်သက်သက် ရက်စက်ကြမ်းကြုတ်မှုများ ဆက်ပြီးလုပ်နေခြင်းလည်း ဖြစ်ချင်ဖြစ်မည်။

အစိုးရအဖို့ အလွယ်တကူနှင့် အနိုင်ယူနိုင်အောင် ဒီမိုကရေစီအင်အားစုဘက်ကို အကြမ်းဖက်လာအောင် ဆွပေးခြင်းလည်း ဖြစ်နိုင်သည်။

ဒီမိုကရေစီဘက်တော်သားများက မိမိတို့ချထားသည့် အစီအစဉ်ကို ဆန်းစစ်ကြည့်ကြပြီး မှန်ကန်ပြီဟု ယူဆထားလိုက်ပြီးလျှင် ၎င်းအစီအစဉ်အတိုင်း တဆင့်ပြီးတဆင့် ရှေ့သို့ချီတက်သွားကြဖို့သာ ရှိတော့သည်။ တိုက်ကွက်နည်းဗျူဟာများ ပြောင်းတန်ပြောင်းရမည့်အခါများလည်း ရှိနိုင်သည်။ တိုက်နေရင်းတန်းလန်း အခြားကိစ္စများ တမျိုးတမည်ပေါ်လာချင်လည်း ပေါ်လာမည်။ **သို့သော် ခေါင်းဆောင်ကောင်းမှန်လျှင် ရရှိသည့်အခွင့်အရေးများကို အမြတ်ထုတ်ဖို့ အမြဲတမ်းစောင့်ကြည့်နေကြရမည်သာ။** ဤကဲ့သို့ ချမှတ်ထားသည့်အစီအစဉ်အား အကြောင်းအားလျော်စွာ သင့်သလိုကြည့်ပြီး ပြောင်းတန်ပြောင်း လုပ်ရသည်ကို မူလအဂ္ဂဗျူဟာထဲတွင် ပါဝင်သောရည်ရွယ်ချက်များနှင့် ရှုပ်ထွေးမသွားစေရ။ တိုက်ပွဲလေးများ၏ ရည်ရွယ်ချက်များနှင့်လည်း မရှုပ်ထွေးစေရပေ။ မူချထားပြီးသည့် အဂ္ဂဗျူဟာတိုက်နည်းများနှင့် တိုက်ပွဲအဆင့်လေးများအတွက် ဗျူဟာများကို အသုံးပြုပြီး အကောင်အထည်ဖော်ကြရမည်။ သို့မှသာ အောင်မြင်နိုင်ကြလိမ့်မည်။

❖ ❖ ❖ ❖ ❖

# အခန်း — ၈
# နိုင်ငံရေးအနိုင်တူမှုကို အသုံးချခြင်း

ပြည်သူလူထုက အာဏာမဲ့ဖြစ်နေပြီး ကြောက်ရွံ့နေကြရသည့်အခါများတွင် စွန့်စားမှုများစွာ လုပ်ဖို့မလိုသည့်လှုပ်ရှားမှုများနှင့် စတင်ဆောင်ရွက်ကြဖို့အရေးကြီးပါသည်။ မိမိတို့ကိုယ်ကို မိမိတို့ယုံကြည်တတ်လာအောင် လုပ်ပေးမည့်လုပ်ငန်းများနှင့် စတင်ရမည်။ ဥပမာ...အဝတ်အစားကို ဝတ်ရိုးဝတ်စဉ်အတိုင်းမဝတ်ဘဲ ထူးခြားစွာ ဝတ်ထားခြင်းမျိုးဖြစ်သည်။ ထိုကဲ့သို့ ဝတ်ပြလိုက်လျှင် အစိုးရနှင့် သဘောကွဲလွဲကြောင်းကို လူသိရှင်ကြား လုပ်ပြလိုက်ခြင်းဖြစ်သည်။ အစိုးရကို မကျေမနပ်ဖြစ်နေသည်ကို ထိုသို့ပြလိုက်ခြင်းအားဖြင့် အခြားပြည်သူတို့ပါ သိသိသာသာ ဝင်ရောက်ဆန္ဒပြလာကြအောင် လုပ်ပေးလိုက်ခြင်းလည်းဖြစ်သည်။ (အပေါ်ယံကြည့်လိုက်လျှင် အရေးမကြီးဟုထင်ရသည့်) နိုင်ငံရေးနှင့်မဆိုင်၊ မဖြစ်လောက်သည့်ကိစ္စ (ဥပမာ...သန့်ရှင်းသောသောက်သုံးရေ ရရှိရေး)ကို အုပ်စုလိုက်လှုပ်ရှားမှုအနေဖြင့် အရေးယူဆောင်ရွက်လာအောင် လှုံ့ဆော်ပေးရမည်။ လူအများနားလည်ပြီး သူတို့အတွက်လည်း အကျိုးရှိနိုင်သော၊ အစိုးရကလည်း ငြင်းပယ်ကန့်ကွက်စရာမရှိသောကိစ္စမျိုးကို လှုပ်ရှားမှုလုပ်ရန် စီစဉ်သူများက ရှာဖွေရွေးချယ်ရမည်။ ယခုလို အသေးအဖွဲကိစ္စများနှင့်ပတ်သက်သော လှုပ်ရှားမှုလုပ်ပေးလိုက်သဖြင့် လိုလားချက်များရလာသည့်အခါ ပြည်သူတို့၏ နစ်နာချက်များ ပြေလည်သွားကြရုံမက လူထုကိုလည်း ၎င်းတို့ထံရှိနေသော လူထုအာဏာအစွမ်းသတ္တိအကြောင်း သိသွားအောင် ပြသလိုက်ခြင်းဖြစ်သည်။

အများအားဖြင့် ရေရှည်တိုက်ရန် စီစဉ်ရေးဆွဲထားသည့် တိုက်ပွဲစီမံချက်ထဲတွင် အာဏာရှင်အစိုးရကို ချက်ချင်းပြုတ်ကျသွားအောင် လုပ်ဆောင်မည်ဟု ရည်မှန်းမထားသင့်။ တောင်းဆိုချက်၊ လိုလားချက်အသေးအဖွဲကလေးများရရှိဖို့သာ ပထမရည်မှန်းထားရမည်။ တိုက်ပွဲအဆင့်တိုင်းတွင် လူတိုင်းပါဝင် ဆင်နွှဲရန်လည်း မလိုပါ။

ချမှတ်ထားသော အဂ္ဂဗျူဟာအတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် တိုက်ပွဲကလေးများကို တခုပြီးတခု ဆက်လုပ်သွားရန်စဉ်းစားကြသည့်အခါ အာဏာဖီဆန်အန်တုကြမည့်သူများသည် ရေရှည်တိုက်ပွဲအတွင်း ထိုတိုက်ပွဲအဆင့်ကလေးများ အစ၊ အလယ်၊ အဆုံး မည်ကဲ့သို့ တခုနှင့်တခုကွဲပြားခြားနားသည်ကို စဉ်းစားထားကြရန်လိုအပ်သည်။

**ခုခံနည်းများကို ရွေး။**

စတင်ပြီးလှုပ်ရှားသည့်အဆင့်တွင် တိကျသောလိုလားချက်အမျိုးမျိုးအတွက် တိုက်ပွဲများကို ခွဲခြားလုပ်နိုင်လျှင် ပိုကောင်းသည်။ ထိုသို့ရွေးချယ်ထားသော တိုက်ပွဲများကို တခုပြီးတခုလုပ်သွားရမည်။ တခါတရံ တိုက်ပွဲ နှစ်မျိုး၊ သုံးမျိုး ထပ်ကောင်းထပ်နေလိမ့်မည်။

လှုပ်ရှားမှုများကို စိစစ်ရွေးချယ်၍စီမံရာတွင် အာဏာရှင်တို့က ဘာတွေလုပ်ကိုင်၍ နစ်နာချက်များက ဘာတွေဖြစ်သည်ကို ထုတ်ဖော်ပြတတ်ရမည်။ သို့မဟုတ် အာဏာရှင်တို့ဖိနှိပ်ထားသော ကဏ္ဍတချို့ကို ဖွင့်ဟတင်ပြရမည်။ ချမှတ်ထားသော မဟာဗျူဟာအားလုံး မလုပ်ဆောင်မီ ထိုသို့ တိုက်ပွဲအဆင့်တခုကို လုပ်ဆောင်ခြင်းဖြင့် ရည်မှန်းထားသော ရည်ရွယ်ချက်တခုကို ကြားကာလမှာပင် ရရှိနိုင်သည်။

တိုက်ပွဲအားလုံး မပြီးဆုံးမီအတွင်း ယခုလို လမ်းခုလပ်တွင်ပင် ရနိုင်သည့်အောင်ပွဲများသည် ဒီမိုကရေစီအင်အားစု၏ လက်ရှိအင်အားစု သို့မဟုတ် မိမိတို့ဘက်ပါလာနိုင်သည်ဟု ရည်မှန်းထားသည့်အင်အားစုများ၏ အောင်ပွဲများဖြစ်ရမည်။ အောင်ပွဲတခုရပြီးလျှင် နောက်ထပ်ဆက်တိုက်အောင်ပွဲများ တခုပြီးတခု ရနိုင်ပေလိမ့်မည်။

လှုပ်ရှားသူတို့၏စိတ်ဓာတ်များ တက်ကြွလာမည်မှာမလွဲ။ ရေရှည်တိုက်ပွဲအတွက် အကျိုးဖြစ်စေမည့် အာဏာချိန်ခွင်လျှာ အပြောင်းအလွဲများ ရှိလာမည်။

အထူးရွေးချယ်ထားသည့်တိုက်နည်းများကို အခြေခံအားဖြင့် လူမှုရေး၊ စီးပွားရေး၊ သို့မဟုတ် နိုင်ငံရေးနှင့်ဆိုင်သော ကိစ္စများအပေါ် အာရုံစူးစိုက်ထားရမည်။ အဆိုပါနည်းကို ရွေးရသည့်အကြောင်းက လူမှုရေးနှင့် နိုင်ငံရေးစနစ် တစိတ်တဒေသလောက်ကို အာဏာရှင်အစိုးရက ချုပ်ကိုင်ထား၍မရအောင် လုပ်ရန်ဖြစ်သည်။ ထို့ပြင် အာဏာရှင်အစိုးရက လောလောဆယ်ချုပ်ကိုင်ထားသည့် အဆိုပါကိစ္စများထဲမှ အချို့အစိတ်အပိုင်းများကို ဒီမိုကရေစီအင်အားစုဘက်က ပြန်လည်ချုပ်ကိုင်ထားနိုင်အောင် လုပ်ရန်လည်းဖြစ်သည်။ သို့မဟုတ် အာဏာရှင်အစိုးရက လိုချင်သည့်အချို့အချက်များကို မပေးဘဲ ငြင်းထားလိုက်ခြင်းလည်းဖြစ်သည်။ အကယ်၍ဖြစ်နိုင်မည်ဆိုပါက အထူးရွေးချယ်ထားသည့်တိုက်နည်းများကို အသုံးပြုပြီး အာဏာရှင်အစိုးရ၏ ပျော့ကွက်များကိုထိအောင် တိုက်ခိုက်ပစ်ရမည်။ ပျော့ကွက်ကိုထိအောင် တိုက်နိုင်ကြောင်း ဆွေးနွေးခဲ့ပြီးဖြစ်သည်။ သို့နှင့်ဒီမိုကရေစီအင်အားစုဘက်က မိမိတို့ရနိုင်သည့် အင်အားစုကိုသုံးပြီး ထိထိရောက်ရောက် ဖြစ်နိုင်သမျှဖြစ်အောင် တိုက်ပြနိုင်လိမ့်မည်။

လှုပ်ရှားမှုစတင်လုပ်သည်နှင့် တိုက်ပွဲစီစဉ်သူများသည် အနည်းဆုံး ပထမတိုက်ပွဲတခုအတွက် ရှေးဦးစွာ တိုက်နည်းဆင်ထားပြီးဖြစ်ရမည်။ မိမိတို့၏ ရည်ရွယ်ချက်များကို မည်ကဲ့သို့ ကန့်သတ်ထားမည်နည်း။ ဤကဲ့သို့ ကန့်သတ်ချက်ချထားလိုက်သည်ရှိသော် စီစဉ်ထားသောတိုက်ပွဲအားလုံးကို ချောချောမောမောဖြစ်အောင် မည်ကဲ့သို့ အထောက်အပံ့ရမည်နည်း။ အကယ်၍ ဖြစ်နိုင်မည်ဆိုလျှင် ဒုတိယ၊ တတိယတိုက်ပွဲများကို မည်ကဲ့သို့ တိုက်ကြမည်ဟု အကြမ်းရေးဆွဲထားနိုင်လျှင် ကောင်းလိမ့်မည်။ ၎င်းတိုက်နည်းများသည် ရွေးချယ်ထားပြီးသော အဂ္ဂဗျူဟာစစ်ဆင်နည်းများနှင့် အကျုံးဝင်ပြီး ညွှန်ကြားထားသော စည်းမျဉ်းများနှင့်လည်း အံဝင်ခွင်ကျဖြစ်ရန် လိုပါသည်။

**အာဏာရှင်တို့အပေါ် ခိမ်ခေါ်သည့် လက္ခဏာပြသခြင်း။**

အာဏာရှင်အစိုးရကိုဖြုတ်ချမည့် တိုက်ပွဲသစ်၏ ပထမအစတွင် နိုင်ငံရေးလှုပ်ရှားမှုများကို ကြီးကြီးကျယ်ကျယ်လုပ်ရန် လိုအပ်မည်မဟုတ်ပါ။ ပြည်သူတို့၏ စိတ်သဘောထားများကို စမ်းသပ်ကြည့်ပြီး ထိုသဘောထားများအပေါ် ဩဇာလွှမ်းမိုးရန်သာ စီစဉ်ထားသည့်လှုပ်ရှားမှုမျိုးဖြစ်သင့်သည်။ အစိုးရကို အကူအညီမပေးဘဲ နေသည့် အာဏာဖီဆန်အန်တုသည့်နည်းများဖြင့် ဆက်လက်တိုက်ပွဲဝင်နိုင်ရန် လူထုကိုကျင့်သားရအောင် ပြင်ဆင်ပေးထားလိုက်ခြင်းဖြစ်ရမည်။

ပထမဦးစွာ အစိုးရကိုမကျေနပ်သည့် လက္ခဏာအမူအရာမျှသာပြပြီး ကန့်ကွက်သင့်သည်။ သို့မဟုတ် အကန့်အသတ်နှင့်ဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ အစိုးရကို အကူအညီမပေးဘဲနေပြီး မကျေနပ်သည့် အမူအရာပြခြင်းမျိုးလည်း လုပ်နိုင်သည်။ အကယ်၍ ပါဝင်ဆန္ဒပြမည့်သူများနည်းနေလျှင် ထင်ရှားသည့် နိုင်ငံရေးအထိမ်းအမှတ် တနေရာသို့သွားပြီး ပန်းခွေချနိုင်သည်။ ဆန္ဒပြချင်သူများ အတော်အတန် များလာလျှင်မူ ငါးမိနစ်သော်၎င်း၊ ပို၍သော်၎င်း ငြိမ်သက်စွာနေပြီး ဆန္ဒပြနိုင်သည်။ တခါတရံ အခြေအနေအရ အချို့လူများက အစာအင်တော်ခံပြီး ဆန္ဒပြချင် ပြကြရလိမ့်မည်။ အရေးပါသည့်နေရာတခုခုကိုသွားပြီး ဆီမီးထွန်းဆန္ဒပြနိုင်သည်။ ကျောင်းသူကျောင်းသားများကလည်း စာသင်ခန်းမဝင်ဘဲ ခေတ္တသပိတ်မှောက်နိုင်သည်။ အရေးပါသည့် ရုံးခန်းထဲဝင်ပြီး ခေတ္တထိုင်သပိတ်မှောက်နိုင်သည်။ အာဏာရှင်အစိုးရလက်အောက်တွင် အဆိုပါလှုပ်ရှားမှုများကို လုပ်ဆောင်လျှင် ပြင်းပြင်းထန်ထန် နှိမ်နင်းနိုင်စရာအကြောင်းတော့ရှိပါသည်။

အခြားသောဟန်အမူအရာနှင့် ဆန္ဒပြခြင်းများလည်း ရှိပါသေးသည်။ ဥပမာ...အာဏာရှင်အစိုးရ၏ နေအိမ် သို့မဟုတ် နန်းတော်ရှေ့သွားရောက်၍ သိမ်းပိုက်လိုက်ခြင်း၊ အစိုးရလက်ပါးစေ ရဲဌာနကို ဝင်ရောက်သိမ်းပိုက်လိုက်ခြင်း စသည်တို့က စွန့်စားရလွန်းအားကြီးသည်။ ထို့ကြောင့် လှုပ်ရှားမှုစတင်ပြီး လုပ်သည့်အချိန်မျိုး

တွင် အဆိုပါဆန္ဒပြမှုမျိုးကို မလုပ်ဆောင်သင့်။

အာဏာရှင်အစိုးရကို ဆန့်ကျင်သောအမှုအရာပြသည့် ဆန္ဒပြပွဲများကြောင့် တတိုင်းပြည်လုံးတွင် သာမက နိုင်ငံတကာ၏ အာရုံစူးစိုက်မှုကို ရရှိစေနိုင်ခဲ့သော သာဓကများရှိပါသည်။ ဥပမာ...၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံတွင် သန်းပေါင်းများစွာသောပြည်သူများ လမ်းများပေါ်တွင် ဆန္ဒပြခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင်လည်း တရုတ်နိုင်ငံဘီဂျင်းမြို့ တီယန်မန်ရင်ပြင်ကို တရုတ်ကျောင်းသားနှင့် ပြည်သူများက ဝင်ရောက်သိမ်းပိုက်ပြီး အစာငတ်ခံဆန္ဒပြခဲ့ကြသည်။ ထိုအရေးအခင်းနှစ်ခုလုံးတွင် လူအသေအပျောက်၊ ဒဏ်ရာရသူများအမြောက်အမြားရှိခဲ့ကြသည်။ ထို့ကြောင့် ဆန္ဒပြပွဲများလုပ်ကြရန် စည်းရုံးကြသူများသည် အထူးသတိထားပြီး စီစဉ်ကြရန် လိုအပ်လှသည်။ အဆိုပါ အရေးအခင်းများကြောင့် ပြည်သူတို့ စိတ်ဓာတ်အကြီးအကျယ်တက်ကြွလာကြပြီး စိတ်ပါဝင်စားလာကြသော်လည်း ထိုအပြုအမူတခုတည်းဖြင့် အာဏာရှင်ကို မဖြုတ်ချနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထို အပြုအမူတခုတည်းသာဆိုလျှင် အစိုးရကို လက်မခံတော့သည့်သဏ္ဍာန်အား ပြသသည့်အဆင့်သာရှိပြီး အစိုးရ၏အာဏာကို ပြောင်းလဲပစ်ရန် မစွမ်းဆောင်နိုင်၍ဖြစ်သည်။

လှုပ်ရှားမှုများ စတင်ကာစတွင် အာဏာရှင်အစိုးရ၏အာဏာ, ရပေါက်ရလမ်းများကို လုံး၀ ချက်ချင်းဖြတ်တောက်ပစ်ရန် ဖြစ်နိုင်ခဲပါသည်။ ဤသို့ပြုလုပ်နိုင်ရန် ယခင်ကအစိုးရကို ကျိုးနွံနေခဲ့ကြသည့် ပြည်သူလူထုနှင့်အတူတည်ရှိနေသမျှ အသင်းအဖွဲ့များအားလုံးက အစိုးရကို လုံး၀အလိုမရှိ၊ ပယ်ချပြီး လူထုတရပ်လုံးက ဘာအကူအညီမှမပေးဘဲ လက်ပိုက်ကြည့်နေကြမှသာ ဖြစ်နိုင်ပါလိမ့်မည်။ အဆိုပါ အရေးအခင်းမျိုးကို မတွေ့ဘူးသေးပါ။ ဖြစ်နိုင်ရန်လည်း အလွန့်အလွန်ခဲယဉ်းပါသည်။ ထို့ကြောင့် အာဏာရှင်အစိုးရကို ဖိဆန်အန်တုရန် လှုပ်ရှားလာစတွင် အစိုးရကို လုံး၀အကူအညီမပေးဘဲ အမြန်ဆုံးအာခံဖီဆန်ရန် ကြိုးပမ်းမှုသည် ယုတ္တိမရှိသောနည်းသာဖြစ်သည်။

**တာဝန်ဝတ္တရားများကို ခွဲဝေပေး၊**

ဆိုခဲ့သည့်အတိုင်း ရွေးချယ်ပြီးလုပ်ရသည့် အာဏာဖီဆန်အန်တုမှုများ လုပ်နေချိန်တွင် လူတန်းစားတရပ်ကဖြစ်စေ၊ လူထုအများစုကဖြစ်စေ ခေါင်းဆောင်ပြီး အဓိကအရေးကြီးသည့်တာဝန်များကို ဦးစွာယူထားလေ့ရှိသည်။ အခြားသောရည်မှန်းချက်ဖြင့် နောက်ထပ်ဆက်ပြီး လှုပ်ရှားကြရသည့်အခါ ထိုတာဝန်များအားအခြားသောအုပ်စုကို ထမ်းဆောင်ကြရန် တာဝန်လွှဲပေးရမည်။ ဥပမာ...ပညာရေးနှင့်သက်ဆိုင်သော ကိစ္စများပေါ်ပေါက်လာလျှင် ကျောင်းသားကျောင်းသူများက သပိတ်မှောက်တန် မှောက်ကြရမည်။ ဘာသာရေးနှင့်ဆိုင်သော ကိစ္စပေါ်လာလျှင် ဘာသာရေးခေါင်းဆောင်များ၊ မိမိတို့ဘာသာကို ယုံကြည်လေးစားသူများက သပိတ်မှောက်နိုင်သည်။ မီးရထားအလုပ်သမားများကလည်း ဘေးအန္တရာယ်ကင်းဝေးစေရန် သတ်မှတ်ထားသော ဥပဒေကိုလိုက်နာပြီး မီးရထားနှင့်သယ်သူပို့ဆောင်ရေးကို နှေးကွေးသွားအောင် လုပ်ဆောင်နိုင်သည်။ သတင်းစာဆရာများကလည်း သတင်းများဆင်ဆာလုပ်သည်ကို ကန့်ကွက်သည့်အနေဖြင့် အစိုးရက ကန့်ကွက်နိုင်မည့်သတင်းများထည့်ရန် မှန်းထားသည့်စာမျက်နှာများကို ကွက်လပ်ချန်ထားနိုင်သည်။ ရဲများကလည်း အစိုးရက လိုချင်သည့် အတိုက်အခံ ဒီမိုကရေစီဘက်တော်သားများကို ထပ်တလဲလဲ မဖမ်းနိုင်၊ လွတ်မြောက်သွားသည့်ဟန်များလုပ်ဆောင်နိုင်သည်။ အစိုးရအား ဖီဆန်နေသည့်လှုပ်ရှားမှုများကို လိုအပ်ချက်များအရ လူတန်းစားများခွဲ၍ တဆင့်ပြီးတဆင့် လုပ်ဆောင်သွားကြရမည်။ သို့မှသာ တိုက်ပွဲများ ဆက်လက်တိုက်နေစဉ်အတွင်း အချို့လူတန်းစားများကို အနားပေးထားနိုင်မည်ဖြစ်သည်။

အာဏာရှင်တို့ ချုပ်ကိုင်မထားသည့် လွတ်လပ်သော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအုပ်စုများနှင့်အခြားသောအဖွဲ့အစည်းများ တည်မြဲစေရန်နှင့် ကိုယ်ပိုင်အုပ်ချုပ်နိုင်သည့် အခွင့်အရေးများ ဆုံးရှုံးမသွားရအောင် ကာကွယ်နိုင်ရန် လှုပ်ရှားမှုများအား ရွေးချယ်လုပ်ခြင်းသည် အလွန်အရေးကြီးပါသည်။ ဤအချက်ကို အကြမ်း

အားဖြင့် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ဩဇာအာဏာ၏ ဗဟိုချက်မများဖြစ်သော အဖွဲ့အစည်းများကို ခြေကုပ်ယူပြီး လူထုက အစိုးရကို ဖိအားပေးနိုင်သည်။ အစိုးရကချုပ်ကိုင်လာလျှင် ခံချနိုင်သည်။ တိုက်ပွဲဝင်လှုပ်ရှားမှုများ စတင်လုပ်ဆောင်ပြီဆိုလျှင် အာဏာရှင်အစိုးရကလည်း အဆိုပါအသင်းအဖွဲ့များကို ရှေးဦးစွာနှိမ်နင်းရန် ပစ်မှတ်ထားမည်သာဖြစ်သည်။

**အာဏာ၏ ဩဇာအာဏာကို ထိအောင်တိုက်၊**

လှုပ်ရှားမှုများလုပ်လာကြပြီး အချိန်ရလာသည့်အခါ ပိုမို၍ထိရောက်နိုင်သော အာဏာဖီဆန်အန်တုမှုများကိုရှေ့ဆက်ပြီး လုပ်ကြရတော့မည်။ ထိုအချိန်ကျလျှင် တော်လှန်နေကြသူများက အာဏာရှင်အစိုးရ၏ ဩဇာအာဏာအရင်းအမြစ်များကို ပိုမိုထိန်းချုပ်နိုင်မည့်နည်းများကို စဉ်းစားကြရတော့မည်။ လူထုက အကူအညီမပေးဘဲ ဆက်လက်နေကြခြင်းဖြင့် ဒီမိုကရေစီဘက်တော်သားများအတွက် ပိုမို၍ အကျိုးရှိစေနိုင်သည့် အခြေအနေသစ်ကို ဖန်တီးပေးစေနိုင်သည်။

အတိုက်အခံ ဒီမိုကရေစီအင်အားစုတို့ဘက်က အင်အားတောင့်လာသည့်အခါ တိုက်စစ်ဆင်နည်း ရေးဆွဲစီစဉ်သူများက ပိုပြီးထိရောက်သည်ထက် ထိရောက်နိုင်သော လှုပ်ရှားမှုများကို ကြံစည်ဆောင်ရွက်ရမည်။ အစိုးရနှင့် ပူးပေါင်းကူညီဆောင်ရွက်မှု မပြုခြင်းတို့ကို ဆတက်ထမ်းပိုး ပိုမိုလုပ်ဆောင်ကြရမည်။ အာဏာဖီဆန်အန်တုမှုနှင့် အစိုးရ၏ဩဇာအာဏာ,ရပေါက်ရလမ်းများ အားလုံးကို ဖြတ်တောက်ပစ်လိုက်ရမည်။ အစိုးရကို ပိုမို၍ အင်အားချိနဲ့စေအောင်လုပ်သည့်အပြင် နောက်ဆုံးအာဏာရှင်စနစ်ကိုပါ ချေမှုန်းပစ်ရန်လုပ်ရမည်။

အာဏာရှင်အစိုးရကို ယခင်ကထောက်ခံနေကြသည့် လူစုများ၏အင်အားများ အားပျော့သွားစေရန် ဒီမိုကရေစီအင်အားစုဘက်က မည်သို့ဆောင်ရွက်နိုင်မည်ကိုလည်း ကောင်းစွာ စဉ်းစားတွေးတောရမည်။ အစီအစဉ်များ လုပ်ထားဖို့လိုလိမ့်မည်။ အစိုးရ၏ရက်စက်ကြမ်းကြုတ်မှုများကို လူအများသိအောင် ဖော်ထုတ်လိုက်လျှင် ၎င်းတို့အပေါ် လူအများက ထောက်ခံနေမှုများ လျော့သွားဖွယ်ရှိသလော။ အစိုးရ၏မူဝါဒများ အသုံးမကျသည့်အတွက် တိုင်းပြည်၏ စီးပွားရေးအခြေအနေများ အဖတ်ဆယ်မရအောင် ဆိုးဝါးနေပြီဖြစ်ကြောင်း ဖွင့်ပြောလိုက်မည်လော။ သို့မဟုတ် အာဏာရှင်အစိုးရအား အဆုံးသတ်ပေးနိုင်သည်ကို ထိုလူစု နားလည်အောင် လုပ်ပေးမည်လော။ အနည်းဆုံး အာဏာရှင်အစိုးရအား ထောက်ခံနေသူများကို ကြားနေအုပ်စုဖြစ်လာအောင် ဆွဲဆောင်စည်းရုံးသင့်သည်။ ဘက်မလိုက်၊ ခြံစည်းရိုးခွထိုင်နေကြသည့်သူများဖြစ်သွားအောင် သွေးဆောင်စည်းရုံးသင့်သည်။ သို့မဟုတ် အကောင်းဆုံးကိုပြောရမည်ဆိုလျှင် ဒီမိုကရေစီလှုပ်ရှားမှုထဲသို့ ကိုယ်ထိလက်ရောက်ပါဝင်လာအောင် နားချသင့်ပါသည်။

ကူညီပူးပေါင်းဆောင်ရွက်ခြင်း မပြုဘဲနေနေခြင်းနှင့် အာဏာဖီဆန်အန်တုပြီးနေကြရန် စီစဉ်နေသည့်ကာလအတွင်းတွင်၎င်း၊ ထိုသို့အကောင်အထည်ပေါ်လာအောင်လုပ်နေစဉ်အတွင်းတွင်၎င်း အာဏာရှင်အစိုးရကို ထောက်ခံနေသူများ၊ အစိုးရ၏အကြံပေးအရာရှိများ၊ အတွင်းကျသည့်လူစုများ၊ နိုင်ငံရေးပါတီများ၊ ရဲများနှင့် အစိုးရအရာရှိများကို ကောင်းစွာ အကဲခတ်စောင့်ကြည့်ထားကြရမည်။ အထူးသဖြင့် စစ်တပ်ကို မျက်ခြည်မပြတ်သင့်ပေ။

အာဏာရှင်အစိုးရကို စစ်သားများ၊ စစ်ဗိုလ်များအပါအဝင် စစ်တပ်က ဘယ်အထိသစ္စာရှိကြကြောင်းကို ကောင်းစွာခန့်မှန်းကြည့်ဖို့ လိုအပ်သည်။ ထိုသို့ ခန့်မှန်းကြည့်ပြီး ဒီမိုကရေစီအင်အားစုများဘက်မှ စစ်တပ်ကို မိမိတို့ဘက်ပါလာအောင် ဆွဲဆောင်သိမ်းသွင်း၍ ရနိုင်၊ မရနိုင်ကို ဆုံးဖြတ်ကြရမည်။ အောက်ခြေမှစစ်သားများသည် စစ်တပ်အတွင်းသို့ အဓမ္မချွေးတပ်ဆွဲခံခဲ့ရ၍ ကြောက်လန့်ပြီး စစ်တပ်ထဲဝင်လာရပြီး စိတ်မချမ်းမသာဖြစ်နေကြရသူများ ဖြစ်နေသလော။ စစ်သားများနှင့် စစ်ဗိုလ်များအား ကိုယ်ရေးကိုယ်တာ၊ မိသားစုအရေး သို့မဟုတ် နိုင်ငံရေး စသည့်အကြောင်းများပြ၍ အစိုးရနှင့် အိုးစားကွဲသွားအောင် လုပ်နိုင်ကောင်းလုပ်နိုင်မည်လော။ ဒီမိုက

ရေစီအင်အားစုများဘက်သို့ စစ်တပ်က ပူးပေါင်းပါဝင်လာအောင် လုပ်နိုင်မည့်အခြားအချက်များက ဘာတွေဖြစ်သနည်း။ ဤကဲ့သို့ အမျိုးမျိုး တွေးတောကြည့်ရမည်။

လွတ်လပ်မှုအတွက် လှုပ်ရှားရန် စတင်ပြီးပြင်ဆင်ချိန်စောစောပိုင်းကတည်းက တိုက်စစ်ဆင်နည်းကို ရေးဆွဲပြင်ဆင်သူများသည် အာဏာရှင်အစိုးရ၏စစ်တပ်နှင့် အစိုးရအမှုထမ်းအရာထမ်းများကို ဆက်သွယ်ရန် အစီအစဉ်များကို တွေးဆထားရမည်။ ဒီမိုကရေစီအင်အားစုများဘက်က လွတ်လပ်မှုအတွက် ဦးလည်မသုံတိုက်ခိုက်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်ကြောင်း၊ မရမချင်းတိုက်မည်ဖြစ်ကြောင်း ဆိုသည့်အချက်ကို စစ်တပ်ကသိအောင် အပြော၊ လက္ခဏာ၊ ဟန်အမူအရာများတို့ကိုသုံးပြီး လုပ်ဆောင်ရမည်။ ဤတိုက်ပွဲသည် အာဏာရှင်အစိုးရ ပြုတ်ကျရန်ကိုသာ ရည်ရွယ်၍တိုက်ခြင်းဖြစ်ပြီး တပ်မတော်သားများ၏အသက်ကို ရန်ရှာရန်မဟုတ်ကြောင်း ၎င်းတို့သိစေရမည်။ ဤကဲ့သို့ ကြိုတင်ပြီး ဆောင်ရွက်ထားလိုက်ရသည့်အကြောင်းမှာ အာဏာရှင်အစိုးရ၏ စစ်သားများကို တဖြည်းဖြည်း စိတ်ဓာတ်ကျသွားအောင် လုပ်နိုင်ရန်အတွက်ဖြစ်သည်။ သို့မှသာ နောက်ဆုံးတွင် စစ်သားများမှာ အစိုးရအပေါ် သစ္စာမဲ့သွားကြပြီး ဒီမိုကရေစီလှုပ်ရှားမှုများဘက်သို့ နားယောင်လာမည်။ အစိုးရ အမှုထမ်းများနှင့် ရဲများကိုလည်း ထိုနည်းကိုသုံးပြီး သိမ်းသွင်းနိုင်သည်။

ဤကဲ့သို့ ဒီမိုကရေစီအင်အားစုများဘက်က မိမိတို့ဘက်ကို စစ်တပ်ကနားလည်လာပြီး ထောက်ထားစာနာမှုများရရှိအောင် ကြိုးစားလိုက်ခြင်း၊ အစိုးရအမိန့်ကို စစ်တပ်က တဖြည်းဖြည်းနှင့် မရိုမသေဖြစ်လာအောင် သွေးဆောင်လိုက်ခြင်းများကို စစ်တပ်နှင့်အစိုးရအကြား သွေးကွဲစေပြီး စစ်တပ်က စစ်ရေးအရ တခုခုထလုပ်လိုက်အောင် အားပေးအားမြှောက်လုပ်သည်ဟု မယူဆသင့်ပေ။ စစ်တပ်ကို အသုံးပြုလိုက်ခြင်းလည်း မဟုတ်ပါ။ ဤသို့လုပ်လိုက်ခြင်းကြောင့် ဒီမိုကရေစီအစစ်အမှန်ကို မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် (ယခင်ကပြောခဲ့ပြီးသည့်အတိုင်း) အာဏာသိမ်းခြင်းဖြင့် ပြည်သူတို့နှင့် အုပ်စိုးသူတို့အကြား သြဇာအာဏာချိန်ခွင်လျှာ ညီမျှလာအောင် လုပ်မပေးနိုင်ပါ။ နောက်ထပ် သြဇာအာဏာချိန်ခွင်လျှာမညီမျှမှုများ ထပ်မံပေါ်ပေါက်လာမည်ဖြစ်သည်။ သို့ဖြစ်၍ အာဏာရှင်ကိုတိုက်ရန် စစ်တပ်က အာဏာသိမ်းခြင်းဖြင့်၎င်း၊ ပြည်တွင်းစစ် ဆင်နွှဲခြင်းဖြင့်၎င်း လုပ်ရန်မလိုပေ။ ထိုသို့ မလုပ်သင့်ကြောင်းကို စစ်တပ်က နားလည်မှုရှိသွားပြီး စစ်တပ်၏ ထောက်ထားစာနာမှုများရလာအောင် မည်ကဲ့သို့စီစဉ်မည်ကို အကြံအစည်ရှိထားဖို့ လိုပါသည်။

ဒီမိုကရေစီလှုပ်ရှားမှုအတွင်းတွင် ထောက်ထားစာနာတတ်သော စစ်ဗိုလ်များက အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးနိုင်ပါသည်။ ဥပမာ...တပ်အတွင်းတွင် အစိုးရအား အကြည်ညိုပျက်အောင်၊ အကူအညီမပေးကြရအောင် ဝါဒဖြန့်နိုင်သည်။ တမင်သက်သက် အလုပ်ညံ့ဖျင်းကြောင်းပြ၊ မသိမသာ အမိန့်မနာခံဘဲနေ၊ နှိပ်ကွပ်မှုများ လုပ်ခိုင်းလျှင် မလုပ်ဘဲနေခြင်းများနှင့် ထိုသို့လုပ်ကိုင်ကြရန် အားပေးအားမြှောက်ပြုခြင်းများလုပ်ဆောင်ကြရမည်။ ဒီမိုကရေစီဘက်ကို စစ်တပ်က အကျိုးရှိသည့်၊ အကြမ်းမဖက်သည့် အကူအညီအမျိုးမျိုးပေးနိုင်လိမ့်မည်။ စိတ်ချလက်ချဝင်ထွက်သွားလာခွင့်၊ သတင်း၊ အစားအသောက်၊ ဆေးဝါးစသည်တို့ကိုလည်း ကူညီထောက်ပံ့နိုင်သည်။

စစ်တပ်သည် အာဏာရှင်အစိုးရများ၏ အရေးအကြီးဆုံး သြဇာအာဏာရေသောက်မြစ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အာဏာရှင်အစိုးရသည် စည်းကမ်းလိုက်နာသေဝပ်သည့် စစ်တပ်နှင့် လက်နက်များကို သုံးပြီး အမိန့်မနာခံသည့်ပြည်သူတို့ကို ထိထိမိမိတိုက်ခိုက်နိုင်သည်။ အပြစ်ဒဏ်ပေးနိုင်သည်။ **ထို့ကြောင့် အကယ်၍ ရဲ၊ စစ်တပ်နှင့်အစိုးရအရာရှိများက အာဏာရှင်အစိုးရကို လုံးလုံးလျားလျား ထောက်ခံနေကြပြီး အစိုးရ အမိန့်ပေးသည့်အတိုင်း လုပ်နေမည်ဆိုပါက အာဏာရှင်အစိုးရ ပြုတ်ကျသွားအောင် လုပ်နိုင်ရန် အလွန့်အလွန်ပင် ခဲယဉ်းပေလိမ့်မည်။ လုပ်နိုင်မည်လည်း မဟုတ်ကြောင်းကို အာဏာဖီဆန် အန်တုရန်ကြံစည်သူများ မှတ်သားသင့်သည်။** သို့ဖြစ်၍ စစ်တပ်က အစိုးရကို အကြည်ညိုပျက်သွားအောင် လုပ်သောနည်းလမ်းများကို ဒီမိုကရေစီတိုက်ပွဲအား စီစဉ်ဆောင်ရွက်သူများအနေနှင့် ဦးစားပေး စီမံဆောင်ရွက်ရမည်။

စစ်တပ်နှင့်ရဲတို့က အစိုးရကို အကြည်အညိုပျက်ပြီး အမိန့်ကိုလည်း မနာခံဘဲနေခဲ့လျှင် ၎င်းတို့အတွက်လည်း ဒုက္ခအကြီးအကျယ်ရောက်နိုင်ကြောင်း ဒီမိုကရေစီအင်အားစုများဘက်ကလည်း မမေ့သင့်ပေ။ အမိန့်မနာခံသည့်အတွက် ကြီးလေးသောအပြစ်ဒဏ်များ ခံကြရမည်။ တပ်တွင်းသူပုန်ထလျှင် ပစ်သတ်ခံရမည်ဖြစ်ကြောင်းကို သိထားရမည်။ ဒီမိုကရေစီအင်အားစုများက စစ်သားများနှင့် စစ်ဗိုလ်တို့အား ချက်ချင်းပုန်ကန်ကြပါဟု ခိုင်းမည့်အစား သူတို့နှင့်ဆက်သွယ်နိုင်လျှင် အမိန့်မနာခံဘဲနေနိုင်သည့် 'ဟန်ဆောင်နည်း' များ အများအပြားရှိကြောင်း ထိုနည်းများသည် စိတ်ချရသောနည်းများဖြစ်ကြောင်းကို နားလည်အောင်ရှင်းပြထားရမည်။ ဥပမာ...ရဲများနှင့် စစ်သားများက အစိုးရခိုင်းသည်များကို နမော်နမဲ့ ဖြစ်ကတတ်ဆန်း လုပ်လိုက်နိုင်သည်။ အစိုးရကဖမ်းဆီးရန် လိုက်လံရှာဖွေနေသူများကို ရှာဖွေမတွေ့၊ ဘယ်မှာမှရှာမတွေ့ဟု ပြောနိုင်သည်။ ခုခံနေကြသူများကို အစိုးရက နှိမ်နင်းတော့မည်၊ ဖမ်းဆီးတော့မည်၊ ပြည်နှင်ဒဏ်ပေးတော့မည် စသည်ဖြင့်ကြိုတင်သတိပေးနိုင်သည်။ အထက်လူကြီးများကို သတင်းမပို့ဘဲ ထားနိုင်သည်။ အစိုးရကို အကြည်ညိုပျက်နေကြသည့် အထက်အရာရှိတို့သည် ပြည်သူတို့ကို နှိမ်နင်းရန် အထက်က အမိန့်ပေးထားသည်များကို အောက်သို့ချမပေး၊ ဂရုလည်းမစိုက်၊ ပစ်ထားနိုင်သည်။ စစ်သားများက ဆန္ဒပြသူများကို ထိအောင်မပစ်ဘဲ ခေါင်းပေါ်ကျော်၍ ပစ်နိုင်သည်။ ထိုနည်းတူပင် အစိုးရအမှုထမ်းများကလည်း ဖိုင်တွဲများရှာမတွေ့၊ ပျောက်နေသည်ဟု ပြောနိုင်သည်။ အမိန့်ပေးထားသည်များကိုလည်း ဘယ်ရောက်နေသည်မသိတော့ဟု ဆင်ခြေပေးနိုင်သည်။ အလုပ်ကို ဖြစ်ကတတ်ဆန်းလုပ်နိုင်သည်။ ချက်ချင်းနေမကောင်းဖြစ်၍ အလုပ်မလာနိုင်၊ နေကောင်းသည်အထိ အိမ်မှာအနားယူရမည်ဟု ဆိုနိုင်သည်။

**စစ်ဆင်နည်းအပြောင်းအလွဲများ လုပ်ခြင်း၊**

ကြိုတင်ပြင်ဆင်ထားသည့် မဟာဗျူဟာတိုက်နည်းမှုများ၊ တိုက်ပွဲအဆင့်ကလေးများနှင့် တိုက်ရမည့်နည်းများသည် သူ့နေရာနှင့်သူ အံကိုက်သည်၊ မကိုက်သည်ကို အာဏာဖီဆန်အန်တုမှုများ လုပ်မည့်သူများက အမြဲချိန်ဆပြီး ကြည့်နေကြရလိမ့်မည်။ ဥပမာ...တိုက်ပွဲတခုက မိမိတို့မျှော်လင့်ထားသည့် ချောချောမောမော ဖြစ်ချင်မှ ဖြစ်လိမ့်မည်။ ထို့ကြောင့် တိုက်နည်းပြောင်းရန်လိုလာလိမ့်မည်ဟု တွက်ထားရမည်။ လှုပ်ရှားမှုများကို တိုးပြီးထိရောက်စေရန်၊ မူလက မျှော်မှန်းထားသည့်အတိုင်းဖြစ်စေရန် ဘာတွေလုပ်လျှင် ကောင်းမည်နည်း။ ချောချောမောမော ဘာကြောင့်မဖြစ်သနည်း။ ပြဿနာများ၏ အကြောင်းရင်းကိုရှာရမည်။ ရေးဆွဲထားသည့် နည်းများကို ပြန်ပြီးဆန်းစစ်ကြည့်၊ လှုပ်ရှားရမည့်တာဝန်များကို လူစုပြောင်းတာဝန်ပေး၊ အားကောင်းလာအောင် ထပ်ပြီး စည်းရုံးရေးများလုပ်၊ တမျိုးတမည် ဆောင်ရွက်ကြရမည်။ ဤကဲ့သို့ အခြေအနေအရ ပြင်စရာရှိသည်များကို ပြင်ပြီး နောက်အစီအစဉ်အသစ်အတိုင်း ဆက်ပြီးတိုက်ကြရလိမ့်မည်။

အကယ်၍ မူလကစီစဉ်ထားသည့်အတိုင်းတိုက်ကြ၍ မျှော်လင့်ထားသည်ထက် ကောင်းနေပြီး အာဏာရှင်အစိုးရလည်း မထင်မှတ်ဘဲ မျှော်လင့်ထားသည်ထက်စောပြီး ပြုတ်ကျပုံရှိလာလျှင် ဒီမိုကရေစီ အင်အားစုတို့ဘက်က မထင်မှတ်ဘဲရလာသော အောင်မြင်မှုများကို မည်သို့အမြတ်ထုတ်နိုင်ကြမည်နည်း။ အခွင့်ကောင်းယူပြီး အာဏာရှင်အစိုးရကို မလှုပ်နိုင်အောင် မည်သို့လုပ်ကြမည်နည်း။ ရှေ့လာမည့်အခန်းတွင် ဤကိစ္စကို ဆက်လက်ပြီး ဆွေးနွေးအဖြေရှာကြဦးစို့...။

# အခန်း – ၈
# အာဏာရှင်စနစ်ကို ဖျက်သိမ်းခြင်း

လုပ်ရည်ကိုင်ရည်အပြည့်နှင့် ဆောင်ရွက်သော နိုင်ငံရေးအန်တုမှုအောင်မြင်စေရန်အတွက် တော်လှန်ဆန့်ကျင်မှု အင်အားတိုးပွားလာအောင် ဆောင်ရွက်နိုင်ရမည်။ အာဏာရှင်တို့ချုပ်ကိုင်၍ မရနိုင်သော လူထုအသိုင်းအဝိုင်းနယ်ပယ်ကို တိုးပွားအောင် ချဲ့ထွင်နိုင်ရမည်။ ဤကဲ့သို့ တိုက်ပွဲများ လုပ်ခဲ့ကြခြင်းကြောင့် ကူညီပူးပေါင်းဆောင်ရွက်မှု မပြုဘဲ မည်သို့နေရမည်ဆိုသည့် အတွေ့အကြုံများ ရလာလိမ့်မည်။ အာဏာဖီဆန်အန်တုသည့်နည်းများ ပိုမိုတတ်ကျွမ်းလာလိမ့်မည်။ ထိုကဲ့သို့ အတွေ့အကြုံရှိလာကြသဖြင့် လူထုနှင့်ချီပြီး အကူအညီမပေးဘဲ နေရမည့်အခါများနှင့် အာဏာဖီဆန်ရမည့် အချိန်ကျရောက်လာသည့်အခါများတွင် အလွန်ပင် အသုံးကျလိမ့်မည်။

**အာဏာရှင်တို့လက်တွင်းမှ အာဏာကို ဖယ်ရှားခြင်း။**

အခန်းသုံးတွင် တင်ပြခဲ့သည့်အတိုင်း အာဏာရှင်အစိုးရများသည် အာဏာရှိနေဖို့အတွက် ၎င်းတို့၏ အမိန့်ကို ပြည်သူတို့ နာခံကြဖို့လိုအပ်သည်။ အကူအညီပေးကြရန်လည်း လိုအပ်သည်။ ကျိုးနွံဖို့လည်းလိုသည်။ အာဏာရပေါက်ရလမ်းများ မရှိသည့်အခါ အစိုးရ၏အင်အားများလည်း လျော့နည်းသွားတော့မည်သာ။ နောက်ဆုံးတွင် အာဏာနတ္ထိဖြစ်ပြီး ပြုတ်ကျသွားဖို့သာ ရှိတော့သည်။ ထို့ကြောင့် အာဏာရှင်စနစ်ကို ချုပ်ငြိမ်းစေလိုလျှင် ၎င်းတို့အပေါ် အကူအညီအထောက်အပံ့များ မပေးဘဲနေခြင်းသည် အဓိကလိုအပ်ချက်တခုပင်ဖြစ်ပါသည်။ အာဏာ၏ရင်းမြစ်များကို နိုင်ငံရေးအန်တုမှုဖြင့် မည်မျှထိခိုက်အောင် လုပ်ဆောင်နိုင်ကြောင်းကို တဖန်ပြန်ပြီး သုံးသပ်ကြည့်လျှင် ကောင်းလိမ့်မည်။

အစိုးရ၏စိတ်ဓာတ်နှင့် နိုင်ငံရေးဩဇာအာဏာ၊ တရားဝင်အစိုးရအဖြစ် ဟုတ်သည်မဟုတ်သည်ကို အသိအမှတ်ပြုခြင်းစသည်တို့ကို တဖြည်းဖြည်း အားနည်းသွားအောင် လုပ်နိုင်သည့်နည်းများထဲတွင် သိသာထင်ရှားစွာဖြင့် ၎င်းတို့ကို အသိအမှတ်မပြုဘဲနေပြခြင်း၊ အာဏာဖီဆန်ခြင်း စသည်တို့လည်း ပါဝင်သည်။ အစိုးရက ဩဇာအာဏာ ကောင်းကောင်းရှိလေ၊ ကူညီမည့်သူ များလေလေ၊ ငုံ့ခံမည့်သူ ပေါလေလေဖြစ်သည်။ အာဏာရှင်စနစ်ကို တကယ်တမ်းဖြုတ်ချဖို့လုပ်တော့မည်ဆိုလျှင် ဤကဲ့သို့ ဆိုးဝါးသည့်စနစ်မျိုးကို မနှစ်မြို့ကြောင်း အလုပ်နှင့်ဖော်ထုတ်ပြသဖို့ လိုအပ်ပါသည်။ အာဏာရှင်တို့၏ ဩဇာအာဏာရင်းမြစ်များကို ဖြတ်တောက်ပစ်နိုင်ရန် ကူညီပူးပေါင်းဆောင်ရွက်ခြင်းများကို မလုပ်ဘဲ၊ အမိန့်ကိုမနာခံဘဲ နေလိုက်ခြင်းများကိုလည်း လုပ်ရမည်။

အစိုးရ၏ ဒုတိယအာဏာရင်းမြစ်များမှာ **လူများ**ပင်ဖြစ်သည်။ ၎င်းတို့အား ထောက်ခံသူတွေ မည်မျှများပြားနေသနည်း။ မည်ကဲ့သို့သော အရေးပါအရာရောက်သူများ၊ အုပ်စုများက အစိုးရကို နာခံနေကြသည်၊ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေကြသည်၊ အစိုးရကို အကူအညီပေးနေကြသည် စသည့်အချက်များကို ကြည့်ရမည်။ ပြည်သူအများစုက အစိုးရကို အကူအညီမပေးဘဲထားလိုက်လျှင် အစိုးရအတွက် ဒုက္ခအကြီးအကျယ်ရောက်သွားပေလိမ့်မည်။ ဥပမာ... အစိုးရအမှုထမ်းများက အလုပ်ကို ကောင်းကောင်းမလုပ်ဘဲနေလိုက်သော် (သို့မဟုတ်) ရုံးမတက်ဘဲနေလိုက်သော် အုပ်ချုပ်ရေးစက်ယန္တရားကြီး ဒုက္ခရောက်သွားပေလိမ့်မည်။ ထိုနည်းတူပင် အစိုးရကို ပူးပေါင်းကူညီခြင်း မပြုသည့်လူများ၊ အသင်းအဖွဲ့များထဲတွင် ယခင်က အစိုးရအပေါ် **ထူးခြားကျွမ်းကျင်သောလုပ်ရည်ကိုင်ရည်နှင့် အတတ်ပညာအရ** ထောက်ပံ့နေသူများပါလာခဲ့သော် အစိုးရအဖို့ အကောင်အထည်ဖော်ချင်သည့်လုပ်ငန်းများ ပြီးစီးအောင် လုပ်ဆောင်ရန် အားနည်းသွားကြောင်း နားလည်သဘော

ပေါက်သွားကြပေလိမ့်မည်။ မိမိတို့ကိုယ်တိုင် ကောင်းစွာ ဆုံးဖြတ်ချက်ချနိုင်သည့်ကိစ္စများကိုပင် မလုပ်တတ် မကိုင်တတ် ဖြစ်သွားပေလိမ့်မည်။ အသုံးကျမည့်မူဝါဒများကို ချပေးနိုင်စွမ်း ရှိတော့မည်မဟုတ်။

**လက်ဆုပ်လက်ကိုင်မပြနိုင်သောအရာများ**ဟုခေါ်သည့် စိတ်ဓာတ်ရေးရာနှင့် ဝါဒရေးရာ သြဇာလွှမ်းမိုးမှု ရှိထားပါက အစိုးရအပေါ် ပြည်သူတို့၏ထောက်ခံအားပေးမှုကို လျော့ပါးစေနိုင်သည်။ ဒီမိုကရေစီအင်အားစုဘက်သို့ ဘက်ပြောင်းကူညီလာစေနိုင်သည်။ ပြည်သူတရပ်လုံးက အစိုးရအပေါ် အမိန့်မနာခံတော့၊ ပူးပေါင်းဆောင်ရွက်မှု မလုပ်တော့ဘဲ နေလာလိမ့်မည်။

**ပစ္စည်းဥစ္စာ**သည်လည်း အာဏာ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ အာဏာရှင်အစိုးရက သူတို့လိုချင်သည့် ဥစ္စာပစ္စည်းများကို ရယူနိုင်လျှင် အာဏာကိုလည်း ဆုပ်ကိုင်ထားနိုင်သည်။ အစိုးရကို တကယ်တမ်း ဆန့်ကျင်နေကြသူများ၊ ထင်ထင်ပေါ်ပေါ် ဆန့်ကျင်နေသူများက ဘဏ္ဍာရေးရပေါက်များ၊ စီးပွားရေးစနစ်၊ အိမ်ယာမြေ၊ သယံဇာတပစ္စည်း၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးများကို ချုပ်ကိုင်ထားလိုက်နိုင်လျှင် အစိုးရ၏ အာဏာရပေါက်ရလမ်းများကို ထိခိုက်သွားစေလိမ့်မည်။ အာဏာရပေါက်ရလမ်းများ ပိတ်သွားလိမ့်မည်။ အလုပ်သမားသပိတ်၊ စားသုံးသူသပိတ်များမှောက်ပြီး စီးပွားရေး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးတို့ကို အတိုက်အခံများဘက်က ချုပ်ကိုင်ထားလိုက်လျှင် အစိုးရအဖို့ အားနည်းသွားဖို့သာ ရှိတော့သည်။

ပြီးခဲ့သည့်အခန်းများတွင် တင်ပြခဲ့သည့်အတိုင်း အစိုးရက လူများကိုခြိမ်းခြောက်နိုင်သည်။ အပြစ်ဒဏ်ပေးနိုင်သည်။ အာဏာရှင်များအဖို့ ၎င်းတို့ကို ဆန့်ကျင်ထကြွနေသူများ၊ အမိန့်မနာခံသူများ၊ အကူအညီမပေးသူများကို အပြစ်ဒဏ်ပေးခြင်းဖြင့် အာဏာပြနိုင်သည်။ အဆိုပါအချက်ကို အားလျော့သွားအောင် လုပ်နိုင်သည့် နည်းနှစ်နည်းရှိပါသည်။ ပထမနည်းမှာ လူထုက အာဏာဖိဆန်ရေးတိုက်ပွဲကို စစ်ပွဲဆင်နွှဲသကဲ့သို့ပင် စွန့်စားပြီး ဖြစ်သမျှခံရန်အသင့်ရှိသည်ဟု သဘောထားခံယူလိုက်ခြင်းပင်ဖြစ်သည်။ ဤကဲ့သို့ သဘောထားခံယူလိုက်လျှင် အစိုးရက အပြစ်ပေးသည့်တိုင်အောင် ထိရောက်နိုင်စွမ်း ရှိတော့မည်မဟုတ်။ (အာဏာရှင်အစိုးရက နှိပ်ကွပ်လိုက်သော်လည်း သူတို့ထင်သလို ပြည်သူများက ကျိုးနွံလာလိမ့်မည်မဟုတ်ဟု ဆိုလိုခြင်းဖြစ်ပါသည်။) ဒုတိယနည်းမှာ အကယ်၍ စစ်တပ်နှင့်ရဲများက သူတို့ဘာသာ သူတို့အစိုးရကို အကြည်ညိုပျက်လာခဲ့သော် အစိုးရအပေါ် ဆန့်ကျင်နေသူများကို ဖမ်းဆီး၊ ရိုက်နှက်၊ ပစ်ခတ်ခြင်းများအား တယောက်ချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ မလုပ်ဆောင်ဘဲ ရှောင်ကြဉ်နေကြနိုင်သည်။ အမိန့်ကို အလျဉ်းမနာခံဘဲ နေလိုက်နိုင်သည်။ ဤကဲ့သို့ လူထုကိုနှိမ်နင်းပစ်ရန်အတွက် ရဲနှင့်စစ်တပ်ကို အစိုးရက အားကိုး၍မဖြစ်၊ ခိုင်း၍လည်းမရ ဖြစ်လာသည့်အခါ အာဏာရှင်စနစ်မှာ အကျဉ်းအကျပ်ထဲရောက်နေပြီဟုသာ မှတ်ရတော့မည်။

အတိုချုပ်ပြောရမည်ဆိုလျှင် ခြေကုပ်မြဲနေသည့် အာဏာရှင်များကို အနိုင်ရလိုလျှင် သူတို့ကို အကူအညီ မပေးဘဲနေရမည်။ အာဏာကိုဖိဆန်ပြီး သူတို့၏ အာဏာရပေါက်ရလမ်းများကို ပိတ်ဆို့ထားရမည်။ သူတို့လိုအပ်သည့် သြဇာအာဏာကို အမြဲတစေဖြည့်တင်းပေးနိုင်သည့် လူအင်အား၊ အကူအညီ၊ ဥစ္စာပစ္စည်း စသည်တို့ မရှိလျှင် အာဏာရှင်စနစ်လည်း မလှုပ်နိုင်တော့ပေ။ နောက်ဆုံးတွင် ပြိုကွဲသွားဖို့ရန်သာရှိတော့သည်။ ထို့ကြောင့် အာဏာရှင်အစိုးရကို တိုက်ရာတွင် နိုင်ငံရေးအန်တုမှုများကို ပိုင်နိုင်စွာစီစဉ်ထားပြီး အစိုးရ၏အဓိက အာဏာအရင်းအမြစ်များကို ထိရောက်အောင်တိုက်ရန်လိုပါသည်။

### လွတ်လပ်မှုများ တိုးတက်လာရမည်။

ခုခံစစ်ပွဲအတွင်း လုပ်ကိုင်ရန်ရွေးချယ်ထားသည့် အာဏာဖိဆန်အန်တုမှုများ ဆင်နွှဲခြင်းနှင့်အတူ ကိုယ်ပိုင်လွတ်လပ်မှုရှိသည့် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးစသည့် အစည်းအရုံးများကလည်း ပိုမိုရှင်သန်တိုးပွားလာသည့်အလျောက် ဒီမိုကရေစီနယ်ပယ်လည်း ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပြီး အာဏာရှင်အစိုးရ၏ ချုပ်ချယ်မှုနယ်ပယ်မှာ ကျဉ်းမြောင်းသွားမည်ဖြစ်သည်။ အာဏာရှင်အစိုးရနှင့် ယှဉ်ကြည့်လိုက်သည့်

အခါ ထိုအသင်းအဖွဲ့များက ပိုမိုအင်အားတောင့်နေပြီဖြစ်ကြောင်းကိုတွေ့ရလိမ့်မည်။ ဤအခြေအနေရောက်လာလျှင် အစိုးရက မည်သို့ပင်ဆန္ဒရှိစေကာမူ လူထုက အစိုးရအာဏာစက်ကွင်းမှ လွတ်မြောက်နိုင်မည့် လူ့ဘောင်သစ်ကို ဆက်လက် ထူထောင်သွားကြလိမ့်မည်။ အစိုးရက ထိုသို့ လွတ်လပ်မှုတိုးတက်လာသည်ကို ရပ်တန်းက ရပ်ကြပါဟု ဝင်ရောက်စွက်ဖက်သည့်အခါတွင်မူ ရထားသည့်အခွင့်အရေးများကို ကာကွယ်ကြရန်အတွက် အကြမ်းမဖက်သည့် ကာကွယ်နည်းများကို သုံးကြရလိမ့်မည်။ အာဏာရှင်အစိုးရအတွက် စစ်ပွဲသစ်တခုနှင့် နောက်တဖန် ရင်ဆိုင်နေရလိမ့်မည်ပင်။

အစိုးရအား ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် အဖွဲ့အစည်းများ တည်ထောင်ခြင်း စသည့်နည်းလမ်းနှစ်ခုအား ပေါင်းစပ်ခြင်းဖြင့် အချိန်ကျရောက်လာသည့်အခါ လွတ်လပ်မှုကို လက်တွေ့ခံစားရလိမ့်မည်။ ထို့ပြင် အာဏာရှင်စနစ်ပျက်စီးသွားပြီး ဒီမိုကရေစီစနစ်ကို စည်းကမ်းတကျ တည်ဆောက်နိုင်ကြမည်ကို မငြင်းနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် လူ့ဘောင်အဖွဲ့အစည်းအတွင်းရှိ အာဏာချိန်ခွင်လျှာကို ပြောင်းလဲပစ်လိုက်ခြင်းကြောင့်ဖြစ်သည်။

၁၉၇၀ ခုနှစ်အတွင်းနှင့် ၁၉၈၀ ခုနှစ်အတွင်းက ပိုလန်နိုင်ငံတွင်ဖြစ်ပွားခဲ့သော အရေးအခင်းများက ထင်ရှားသော ဥပမာများဖြစ်ပါသည်။ ပိုလန်နိုင်ငံတွင် အာဏာဖီဆန်အန်တုမှုများလုပ်ပြီး ရပ်ရွာအုပ်ချုပ်ရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများကို အစိုးရဆန့်ကျင်သူ အတိုက်အခံများဘက် ရောက်ရှိအောင် ဆက်တိုက် ဆောင်ရွက်ခဲ့ကြသည်။ ကွန်မြူနစ်အစိုးရသည် ဗရင်ဂျီဂိုဏ်း (Catholic Church) များကို ဖိနှိပ်ညှဉ်းပန်းနှိပ်စက်ခဲ့သော်လည်း ကွန်မြူနစ်အာဏာ ထိန်းချုပ်မှုအောက်သို့ လုံးဝကျရောက်အောင် မလုပ်နိုင်ခဲ့ပါ။ ၁၉၇၆ ခုနှစ်တွင် ပညာတတ်အချို့နှင့် အလုပ်သမားများက ၎င်းတို့၏ နိုင်ငံရေးအယူအဆများ တိုးတက်ခိုင်မာစေရန်အတွက် အလုပ်သမားကာကွယ်ရေးကော်မတီ (Workers Defense Committee K.O.R) ကဲ့သို့သော အသင်းအဖွဲ့ကလေးများကို ဖွဲ့စည်းခဲ့ကြသည်။ ဆော်လီဒါရီတီ (Solidarity) ခေါ် အလုပ်သမားသမဂ္ဂကိုဖွဲ့၍ ထိရောက်စွာ သပိတ်မှောက်ကြပြီး အဖွဲ့အစည်းကို တရားဝင် အသိအမှတ်ပြုလာအောင် လုပ်ဆောင်နိုင်ခဲ့ကြသည်။ လယ်သမားများ၊ ကျောင်းသားကျောင်းသူများနှင့် အခြားလူစုများကလည်း လွတ်လပ်သော အခြားအဖွဲ့အစည်းများ ထူထောင်ခဲ့ကြသည်။ အဆိုပါအသင်းအဖွဲ့များက ဩဇာအာဏာကို မိမိတို့ဘက်ရောက်အောင် အမှန်တကယ် ပြောင်းပြစ်လိုက်ခြင်းအား ကွန်မြူနစ်များ နားလည်သဘောပေါက်လာသောအခါ ထိုဆော်လီဒါရီတီသမဂ္ဂကို တဖန်ပိတ်ပင်ဖျက်သိမ်းလိုက်ပြီး ကွန်မြူနစ်အစိုးရက စစ်အုပ်ချုပ်ရေးနှင့် ဆက်လက်အုပ်ချုပ်ခဲ့သည်။

သို့နှင့် စစ်အုပ်ချုပ်လက်အောက်သို့ ပြန်လည်ရောက်ရှိသွားပြီး အတိုက်အခံတို့မှာ ထောင်သွင်းအကျဉ်းချခံရသည်။ ညှဉ်းပန်းနှိပ်စက်ခံရသည်။ သို့သော် လွတ်လပ်နေသေးသည့် အဖွဲ့အစည်းသစ်များက ဆက်လက်ပြီး လုပ်ငန်းများ ဆောင်ရွက်နေခဲ့သည်။ ဥပမာ...တရားမဝင်ထုတ်ဝေသည့် သတင်းစာ၊ စာနယ်ဇင်း အမြောက်အမြားကို ဆက်လက်ဖြန့်ချိသည်။ တရားမဝင်လျှို့ဝှက်စွာဖွင့်ထားသော ပုံနှိပ်စက်များက စာအုပ်များကို နှစ်စဉ် ရာနှင့်ချီ၍ ထုတ်ဝေလေသည်။ နာမည်ကျော်ကြားသည့် စာရေးဆရာများက ကွန်မြူနစ်စာစောင်များ၊ အစိုးရစာပုံနှိပ်တိုက်များအား သပိတ်မှောက်ထားလိုက်ကြသည်။ အချို့နေရာများတွင်လည်း အလားတူပင် အစိုးရဆန့်ကျင်မှုများကို ဆက်လက်လုပ်ဆောင်ကြသည်။

ဂျရူဆယ်လ်စကီး (Jaruselski) အစိုးရလက်အောက်တွင် 'ကွန်မြူနစ်စစ်အစိုးရသည် ပြည်သူလူထု၏ ခေါင်းများပေါ်တွင် ခုန်ပေါက်ပြေးလွှားနေရသည်' ဟု ပြောစမှတ်တွင်ခဲ့သည်။ အစိုးရအမှုထမ်းများကလည်း အစိုးရရုံးများတွင် နေရာယူထားမြဲဖြစ်သည်။ ပြည်သူတို့အား နှိပ်ကွပ်လျက်ပင်။ အပြစ်ဒဏ်ပေးလျက်ပင်။ ဖမ်းဆီးထောင်ချလျက်ပင်။ ထို့ပြင် ပုံနှိပ်စက်များအားသိမ်းပြီး အမျိုးမျိုး ဖိနှိပ်လျက်ပင် ရှိသေးသည်။ သို့သော်လည်း အာဏာရှင်အစိုးရက ပြည်သူလူထုတရပ်လုံးကို ထိန်းချုပ်မထားနိုင်တော့ပါ။ ဤအခြေအနေဆိုက်လာသည့်အခါ အစိုးရ လုံးလုံးပြုတ်ကျအောင် လူထုကလုပ်ဆောင်နိုင်ရန် အချိန်ပိုင်းမျှပင် ကျန်ပါတော့သည်။

အာဏာရှင်တို့က အစိုးရရာထူးများကို ဆက်လက်စွဲကိုင်နေဆဲမှာပင် ဒီမိုကရေစီစင်ပြိုင်အစိုးရကို

ဖွဲ့စည်းနိုင်ပါသည်။ လူထုနှင့် အသင်းအဖွဲ့အစည်းများကလည်း သစ္စာရှိရှိဖြင့် စင်ပြိုင်အစိုးရအပေါ် ကူညီထောက်ခံကြပါမှ စင်ပြိုင်အစိုးရအဖို့ ပိုမိုအောင်မြင်စွာ လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုအခါ အာဏာရှင်အစိုးရတွင်လည်း အစိုးရ၏ သွင်ပြင်လက္ခဏာများ ပျောက်သွားတော့မည် ဖြစ်သည်။ အစိုးရ၏ အသွင်အပြင်ဂုဏ်အင်္ဂါများ ပျက်စီးသွားတော့မည်။ သို့နှင့်ပင် ဒီမိုကရေစီစင်ပြိုင်အစိုးရက ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းသကဲ့သို့ပင် အာဏာရှင်အစိုးရ၏နေရာကို တဖြည်းဖြည်းယူလိုက်လေသည်။ ဆက်လက်ပြီး ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီး ရွေးကောက်ပွဲများ လုပ်ကြသည်။

**အာဏာရှင်စနစ်ကို ဖြိုခွဲခြင်း၊**

လူမှုအသိုင်းအဝိုင်းအတွင်း အဖွဲ့အစည်းဆိုင်ရာ အသွင်ကူးပြောင်းမှုများ ပြုလုပ်နေသည့်အချိန်တွင် အာဏာဖီဆန်အန်တုခြင်း၊ ကူညီပူးပေါင်းဆောင်ရွက်မှု မပြုခြင်းများကို ပိုမို၍တိုးပွားစွာ လုပ်ဆောင်နိုင်သည်။ ဒီမိုကရေစီအင်အားစုဘက်က တိုက်ပွဲဝင်နည်းရေးဆွဲသူတို့သည် မိမိတို့ စီစစ်ရွေးချယ်ထားသော တိုက်နည်းများထက် ကျော်လွန်၍ လူထုပါဝင်သော နိုင်ငံရေးအန်တုမှုတိုက်ပွဲ ဆင်နွှဲရမည့်အချိန် ရောက်လာမည်ကို အစောပိုင်းကတည်းက ကြိုတင်တွက်ဆထားသင့်သည်။ ရန်သူကို ဆန့်ကျင်မှုများအား တီထွင်ကြံဆချဲ့ထွင်ရန်နှင့် လူအင်အားတောင့်တင်းလာအောင် စည်းရုံးမှုများလုပ်နိုင်ရန် အချိန်ယူရသည်။ အများအားဖြင့် လူထုတရပ်လုံးပါဝင်သော အာဏာအန်တုမှုများလုပ်ကိုင်နိုင်ရန် နှစ်ပေါင်းအတော်ကြာမှသာ ဖြစ်ပေါ်တတ်သည်။ ဤအချိန်အတောအတွင်းမှာမူ အရေးကြီးသည့် နိုင်ငံရေးရည်မှန်းချက်များကို ရှေ့ရှုပြီး စီစစ်ရွေးချယ်ထားသည့် တိုက်နည်းများအား တဆင့်ထက်တဆင့်တိုးပြီး လုပ်ဆောင်သွားကြရမည်။ လှုပ်ရှားမှုထဲသို့ လူထုအဆင့်အတန်းအမျိုးမျိုး ပိုမိုပြီးပါဝင်လာစေရမည်။ ဤကဲ့သို့ အာဏာအန်တုသည့် လှုပ်ရှားမှုများကို စည်းကမ်းသေဝပ်စွာ ဆထက်တပိုးတိုးပြီး မဆုတ်မနစ်ဆောင်ရွက်လိုက်လျှင် အာဏာရှင်အစိုးရအဖွဲ့အတွင်း အားနည်းချက်များ ပိုမိုပေါ်ပေါက်လာကြောင်း ထင်ထင်ရှားရှား တွေ့မြင်လာနိုင်သည်။

နိုင်ငံရေးအန်တုမှုများကို အင်တိုက်အားတိုက်လုပ်ဆောင်ခြင်းနှင့် လွတ်လပ်စွာရပ်တည်နိုင်မည့် အသင်းအဖွဲ့များကို တည်ထောင်ပေးနိုင်ခြင်း စသည့်အချက်နှစ်ချက်ပေါင်းစပ်မှုကြောင့် တချိန်ကျလျှင် နိုင်ငံခြားပြည်ပအစိုးရများကလည်း ဒီမိုကရေစီအင်အားစုတို့ဘက်သို့ ယိမ်းယိုင်လာကြလိမ့်မည်။ နိုင်ငံခြားအစိုးရ သံတမန်အရာရှိများကဒီမိုကရေစီအင်အားစုတို့ဘက်ကို ထောက်ခံသည့်အနေဖြင့် အာဏာရှင်အစိုးရကို ပြစ်တင်ရှုတ်ချလာကြလိမ့်မည်။ သပိတ်မှောက်ကြလိမ့်မည်။ ကုန်သွယ်မှု ရပ်စဲလိုက်ကြလိမ့်မည်။ (ပိုလန်နိုင်ငံတွင် ဖြစ်ခဲ့သည့်အဖြစ်မျိုးဖြစ်သည်)။

အာဏာအန်တုတိုက်ပွဲကို စီစဉ်သူများသည် တခါတရံ အခြေအနေအရ အာဏာရှင်အစိုးရများ အဆောတလျင် ပြုတ်ကျသွားနိုင်ကြောင်းကိုလည်း သိထားသင့်သည်။ ဥပမာ...၁၉၈၉ ခုနှစ်က အရှေ့ဂျာမနီနိုင်ငံတွင် ဖြစ်ပွားခဲ့သည့်အတိုင်း တတိုင်းပြည်လုံးရှိပြည်သူများသည် အာဏာရှင်အစိုးရကို စက်ဆုပ်ရွံရှာလာပြီး အကူအညီလုံးဝမပေးဘဲနေလိုက်ကြသည့်အတွက် အာဏာ၏အရင်းအမြစ်ပြတ်တောက်သွားပြီး ထိုအစိုးရပြုတ်ကျသွားရခြင်းမျိုးဖြစ်သည်။ သို့သော် ထိုအခြေအနေမျိုးဖြစ်ရန် ခက်ခဲပါသည်။ ရေရှည်တိုက်ရန် ပြင်ဆင်ထားသည်က ပို၍ကောင်းမွန်ပါသည်။(သို့သော် မထင်မှတ်ဘဲ ဖြစ်လိုဖြစ်ငြားလည်း ပြင်ဆင်ထားရမည်)။

လွတ်လပ်မှုအတွက်တိုက်နေစဉ် အောင်မြင်မှုရလာသည့်အခါ မထင်မှတ်လောက်သည့် အောင်မြင်မှုမျိုး မည်မျှပင်ဖြစ်စေကာမူ အောင်ပွဲဆင်ရမည်။ အောင်ပွဲရအောင် တိုက်ပွဲဝင်ပေးသူများကို အသိအမှတ်ပြုရမည်။ အောင်ပွဲခံမှုများကို အကြီးအကျယ်ဆောင်ရွက်ပေးလိုက်လျှင် ရှေ့ဆက်ရမည့် တိုက်ပွဲများအတွက် စိတ်ဓာတ်တက်ကြွလာနိုင်သည်။

**အောင်မြင်မှုရပြီး၊ တာဝန်လည်းယူရမည်၊**

လွတ်လပ်မှုအတွက် လှုပ်ရှားမှုများလုပ်ရန် မဟာဗျူဟာစီစဉ်သူများသည် အောင်ပွဲရပြီးနောက် တိုက်ပွဲကို မည်သို့အဆုံးသတ်မည်ကို ကြိုတင်တွက်ဆထားရမည်။ အာဏာရှင်သစ်တယောက် ထပ်မံ မပေါ်ပေါက်လာစေရန်၊ အခွန့်ရှည် တည်တံ့ခိုင်မြဲမည့် ဒီမိုကရေစီစနစ်သစ် အခြေကျလာအောင် လုပ်ရန်တို့ကို စဉ်းစားရမည်။ တိုက်ပွဲပြီးဆုံးသွားသည့်အခါ အာဏာရှင်စနစ်မှသည် ကြားဖြတ်အစိုးရအဖွဲ့သို့ မည်သို့ပြောင်းလဲမည်၊ မည်သို့ဆောင်ရွက်ကြမည်ကို ဒီမိုကရေစီအင်အားစုဘက်က တွက်ဆထားရမည်။ အောင်ပွဲရသည်နှင့် လုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်နိုင်မည့် အစိုးရ ဖွဲ့စည်းလိုက်နိုင်လျှင် ကောင်းသည်။ သို့သော် စနစ်ဟောင်းတွင် လူသစ်များထည့်ပြီး ဖွဲ့စည်းသည့်အစိုးရမျိုးကို မဆိုလိုပါ။ တွက်ကြည့်ရန်လိုသည်မှာ စနစ်ဟောင်းအစိုးရလက်ထက်က မည်သည့်အစိတ်အပိုင်းများကို လုံးဝဖျက်သိမ်းပစ်မည် (ဥပမာ...နိုင်ငံရေးရဲများ)ဆိုသော အချက်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် ဒီမိုကရေစီစနစ်ကို ဆန့်ကျင်သည့်အသွင်သဏ္ဌာန်များ ရှိနေသောကြောင့်ဖြစ်သည်။ ထို့ပြင် မည်သည့်အစိုးရဌာနများကို ဆက်လက်ထားရှိပြီး ဒီမိုကရေစီစနစ်ဘက်သို့ တဖြည်းဖြည်းရောက်လာအောင် ကြိုးစားမည်ကိုလည်း စဉ်းစားထားရမည်။ အစိုးရအဖွဲ့တခုလုံးမရှိလျှင် အစစအရာရာ ဖရိုဖရဲ ဖြစ်သွားနိုင်စရာရှိသည်။ သို့မဟုတ် နောက်ထပ်အာဏာရှင် အသစ်တယောက်ပေါ်လာနိုင်သည်။

အာဏာရှင်စနစ် ပြုတ်ကျသွားပြီးနောက် ယခင်လက်ထက်က အစိုးရခေါင်းဆောင်များကို မည်ကဲ့သို့ သဘောထားမည် ဆိုသည့်အချက်ကိုလည်း ကြိုတင်စဉ်းစားထားသင့်သည်။ ဥပမာ...အာဏာရှင်များကို တရားရုံးတင်ပြီး စစ်ဆေးမည်လား။ တသက်လုံး ပြည်နှင်ဒဏ်ပေးလိုက်မည်လား။ အောင်ပွဲရပြီးနောက် ဒီမိုကရေစီစနစ်ရှင်သန်ရေးနှင့် တိုင်းပြည်ထူထောင်ရေးများအတွက် နိုင်ငံရေးအန်တုမှုများအရ တခြားဘာတွေများ လုပ်နိုင်မည်နည်း။ တိုင်းပြည်သွေးချောင်းစီးမည့် အပြုအမူများကို ရှောင်ကြဉ်ရမည်။ ထိုသို့မှ မရှောင်နိုင်လျှင် ရှေ့လာမည့် ဒီမိုကရေစီစနစ်အပေါ် အကြီးအကျယ် ထိခိုက်သွားနိုင်သည်။

အာဏာရှင်အစိုးရတို့ အားနည်းပြီး ပြုတ်ကျလုဖြစ်နေသည့်အချိန်ကစပြီး ဒီမိုကရေစီစနစ်သို့ မည်သို့ပြောင်းလဲသွားကြမည်ကို တိကျပြတ်သားစွာ ရေးဆွဲထားသည့်အစီအစဉ်များ ရှိပြီးဖြစ်ရမည်။ ဤကဲ့သို့ အစီအစဉ်ရှိမှသာလျှင် အခြားအုပ်စုက ဝင်ရောက် အာဏာမသိမ်းနိုင်အောင် တားဆီးနိုင်လိမ့်မည်။ ဒီမိုကရေစီစနစ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အစိုးရမျိုး၊ ပြည်သူများကို နိုင်ငံရေးနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်များ အပြည့်အဝပေးနိုင်သည့်အစိုးရမျိုး ဖွဲ့စည်းပေးနိုင်ရန်အတွက် စီစဉ်ထားရန် လိုအပ်လှသည်။ ဤကဲ့သို့ စီစဉ်ပြင်ဆင်ထားမှု မရှိသည့်အတွက်ကြောင့် အသက်ပေါင်းများစွာနှင့် ရင်းနှီးတိုက်ခဲ့ပြီးမှ ရရှိလာသော ပြောင်းလဲမှုများကို လက်လွှတ်သွားခြင်းမျိုး မဖြစ်သင့်ပေ။

အာဏာရှင်အစိုးရက သူတို့ချုပ်ကိုင်၍မရတော့ဘဲ အင်အားပိုကောင်းလာသော လူထုနှင့် လွတ်လပ်သည့် ဒီမိုကရေစီအုပ်စု၊ အသင်းအဖွဲ့များကို ရင်ဆိုင်လာရသည့်အခါ သူတို့ကြိုးစားသမျှ အရာမရောက်တော့ကြောင်းကို သိလာကြလိမ့်မည်။ လူများက ဘာမျှမလုပ်ကြ၊ သပိတ်တွေမှောက်ကြ၊ အံ့ကြွကြသောကြောင့် အာဏာရှင်အစိုးရနှင့် ၎င်းတို့နှင့်ဆက်စပ်နေသော အဖွဲ့အစည်းများအားလုံး အမြစ်မှစပြီး ပြိုလဲသွားကြပေလိမ့်မည်။ ဤကဲ့သို့ အာဏာဖီဆန်အန်တုခြင်း၊ အကူအညီမပေးဘဲနေခြင်း စသည်တို့ကို ပါးနပ်စွာစီစဉ်ပြီး လူထုပါဝင်ဆောင်ရွက်လာအောင် လုပ်ဆောင်နိုင်ပါက အာဏာရှင်အစိုးရအဖို့ ဩဇာအာဏာမဲ့သွားပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်သူများဘက်က အကြမ်းမဖက်ဘဲ နောက်ဆုံးတွင် အောင်ပွဲခံကြရလိမ့်မည်။ အာဏာဖီဆန်အန်တုနေကြသော ပြည်သူတို့၏ ရှေ့မှောက်မှာပင် အာဏာရှင်စနစ် ပြိုလဲကျသွားရပေလိမ့်မည်။

ဆိုခဲ့သော ကြိုးစားမှုအမျိုးမျိုးကို ဆောင်ရွက်တိုင်း အောင်မြင်မည်ဟုလည်း မဆိုနိုင်ပါ။ လွယ်လည်း မလွယ်ကူပါ။ အလျင်အမြန် အောင်မြင်ခြင်းမှာလည်း ဖြစ်တောင့်ဖြစ်ခဲသည်သာပင်။ စစ်ပွဲများကို တိုက်ခိုက်ရာတွင် အောင်မြင်သည့် စစ်ပွဲများရှိသလို ဆုံးရှုံးသည့် စစ်ပွဲများလည်းရှိကြောင်း သတိမူရမည်။ သို့သော် နိုင်ငံရေးအန်တု

မှုနည်းဖြင့် အောင်ပွဲဆင်နိုင်ရန် လမ်း အမှန်တကယ်ရှိပါသည်။ ပြောခဲ့ပြီးသည့်အတိုင်း အမျှော်အမြင်ရှိသော တိုက်ပွဲဆင်နည်းများကို သေချာကျနစွာ ရေးဆွဲထားနိုင်လျှင် အနိုင်ရဖို့ လမ်းပိုများသည်။ တိုက်နည်းများကို သေချာစွာ စီစဉ်ထားရမည်။ ကြိုးစားပြီး သတ္တိအပြည့်နှင့် စည်းကမ်းသေဝပ်စွာ တိုက်ပွဲဝင်ရမည်ဖြစ်သည်။

❖ ❖ ❖ ❖ ❖

# အခန်း – ၁၀
# အခွန့်ရှည်စွာတည်မြဲနေနိုင်မည့် ဒီမိုကရေစီစနစ်အတွက် အုတ်မြစ်ချလုပ်ငန်း

အာဏာရှင်စနစ်ပြိုကွဲသွားခြင်းသည် အောင်ပွဲများအကြီးအကျယ်ခံရန်အကြောင်းပင်ဖြစ်သည်။ နှစ်ရှည်လများဒုက္ခခံခဲ့ရ၊ အသက်စွန့်ပြီး တိုက်ပွဲခဲ့ရသူများအတွက် ပျော်ရွှင်ရတော့မည်။ အနားယူကြရတော့မည်။ အသိအမှတ်ပြုခံကြရတော့မည်။ ကိုယ့်ကိုကိုယ် ဂုဏ်ယူကြရမည်။ မိမိတို့နှင့်အတူ နိုင်ငံရေးလွတ်လပ်မှုအတွက် လက်တွဲတိုက်ခဲ့သူများအတွက်လည်း ဂုဏ်ယူကြရမည်။ တိုက်ပွဲဝင်သူအားလုံးတို့သည် ယခုလို အောင်ပွဲခံသည့် အချိန်အထိ အသက်ရှင်နေကြမည်မဟုတ်။ မိမိတို့တိုင်းပြည်၏ လွတ်မြောက်မှုအတွက် ရာဇဝင်တွင် မှတ်တမ်းတင်လောက်အောင် တိုက်ပွဲဝင်ခဲ့ကြသည့် သေဆုံးသွားသူများ၊ အသက်ရှင်လျက် ကျန်နေသူများအားလုံးကို သူရဲကောင်းများအဖြစ် အမြဲအမှတ်တရ ဂုဏ်ပြုကြရလိမ့်မည်ပင်။

ယခုအချိန်မျိုးတွင် နိုးနိုးကြားကြားရှိကြဖို့လိုအပ်သည်။ သတိမလစ်သင့်။ နိုင်ငံရေးအန်တုမှုများ လုပ်ဆောင်ကာ အာဏာရှင်စနစ်ကို အောင်မြင်စွာဖြိုခွဲပစ်လိုက်နိုင်သော်ငြားလည်း အစိုးရဟောင်းပျက်စီးသွားပြီး အခြေအနေအနည်မထိုင်မီ ဖရိုဖရဲဖြစ်နေသည့်ကာလအတွင်း နောက်ထပ်ဖိနှိပ်ချုပ်ချယ်မည့် အစိုးရသစ်တခု ပေါ်ပေါက်မလာအောင် သတိနှင့် ကြိုတင်ကာကွယ်ထားရလိမ့်မည်။ ဒီမိုကရေစီခေါင်းဆောင်များကလည်း ဒီမိုကရေစီစနစ်သို့ ချောမောစွာ အထစ်အငေါ့မရှိ ပြောင်းသွားနိုင်အောင် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ရမည်။ အာဏာရှင်စနစ်အဆောက်အအုံကို ဖြိုဖျက်ချရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရမည်။ တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီစနစ်အတွက် အဆင့်အတန်းမီသည့် လုပ်နည်းကိုင်နည်းမှုများကို ချထားပေးရမည်။

အာဏာရှင်စနစ်ကျဆုံးသွားပြီးနောက် စံပြလူနေမှုဘဝတခု ချက်ချင်းပေါ်ပေါက်လာလိမ့်မည်ဟု မထင်သင့်ပါ။ အာဏာရှင်စနစ်ပြိုကွဲသွားခြင်းသည် နောက်ထပ်လုပ်ငန်းသစ်တခုစတင်ရန် အချိန်ကျရောက်ခြင်းသာဖြစ်သည်ဟု မှတ်ယူရမည်။ လွတ်လပ်မှုများ ပိုမိုရရှိလာသည့်အခြေအနေဖြစ်လာသဖြင့် ပြည်သူတို့၏ နေထိုင်စားသောက်ရေးများ သက်သာချောင်ချိလာအောင် ကြိုးစားကြရန်နှင့် ပြည်သူတို့၏ လိုလားချက်များကို လုံလုံလောက်လောက်ဖြစ်လာအောင် လုပ်ဆောင်ပေးရန်လည်း ရှိသေးသည်။ ခက်ခဲနက်နဲသည့် နိုင်ငံရေး၊ လူမှုရေးပြဿနာများမှာ နှစ်ပေါင်းများစွာ ဆက်လက်တည်ရှိနေလိမ့်ဦးမည်သာ။ ထိုပြဿနာများကို ဖြေရှင်းနိုင်ရန် ပြည်သူများ၊ အသင်းအဖွဲ့များက ဝိုင်းဝန်းကူညီကြမှဖြစ်မည်။ နိုင်ငံရေးစနစ်သစ်က အမြင်ကျယ်သူများကို အခွင့်အရေးများပေးလိမ့်မည်။ အနာဂတ်ကာလတွင် ပေါ်ပေါက်လာနိုင်သည့်အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေတတ်လာမည်။ အပြုသဘောဆောင်သည့်လုပ်ငန်းများကို ဆောင်ရွက်ပြီး ကောင်းမွန်သောမူဝါဒများကို ချမှတ်နိုင်ကြလိမ့်မည်။

**အာဏာရှင်အသစ်တယောက် ပေါ်လာနိုင်သောအန္တရာယ်၊**

ရှေးယခင်ခေတ်တွင် အရစ္စတိုတယ် (Aristotle)က "မင်းဆိုးမင်းညစ်တယောက်သည် နောက်ထပ်မင်းဆိုးမင်းညစ်တယောက်သို့ ကူးပြောင်းသွားနိုင်သည်"[၁] ဟု သတိပေးခဲ့ဖူးသည်။ ဤကဲ့သို့ ဖြစ်ခဲ့ဖူးကြောင်း

---

၁။ Aristotle, *The Politics*, Book V, Chapter 12, p. 233

သမိုင်းတွင် ထင်ရှားစွာသက်သေပြခဲ့ပြီးဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် ဂျက်ကိုဘင်နှင့် နပိုလီယန် (the Jacobins and Napoleon)၊ ရုရှားနိုင်ငံတွင် ဘော်ရှီဗစ်များ (the Bolsheviks)၊ အီရန်နိုင်ငံတွင် အရာတိုလာ (the Ayatollah)၊ မြန်မာနိုင်ငံတွင် နဝတ (SLORC) တို့ဖြစ်သည်။ အခြားနိုင်ငံများတွင် အချို့လူစုတို့က ဖိနှိပ်ချုပ်ချယ်သည့်အစိုးရ ပြုတ်ကျသွားပြီဆိုလျှင် သူတို့အတွက် အခွင့်ကောင်းရတော့မည်ဟုယူဆပြီး ခေါင်းဆောင်သစ်များအဖြစ် အစားထိုးဝင်လာကြတော့သည်။ ထိုလူစုတို့၏ စိတ်ထားများမှာ တခုနှင့်တခု တူချင်မှတူလိမ့်မည်။ သို့သော် သူတို့လုပ်ဆောင်လိုက်၍ ဖြစ်ပေါ်လာသောရလဒ်များမှာ အတူတူဖြစ်သည်ကများပါသည်။ အာဏာရှင်သစ်က အာဏာရှင်ဟောင်းထက် ပိုမိုရက်စက်တတ်သည်။ ပြည်သူတို့ကို မလှုပ်နိုင်အောင် လုံးဝချုပ်ကိုင်ထားတတ်သည်။

အာဏာရှင်အစိုးရ ပြုတ်ကျမသွားမီမှာပင် ၎င်းအစိုးရအဖွဲ့ဝင်များက ဒီမိုကရေစီအင်အားစုတို့၏ အာဏာအန်တုမှုများကို အချိန်တိုတိုနှင့်ပြီးစီးသွားအောင် ကြိုးစားကြလိမ့်မည်။ ဤလူထုက အာဏာရှင်အစိုးရပြုတ်ကျသွားရေးအတွက် စိတ်ရောကိုယ်ပါအာခံနေ၍ အနိုင်မရသွားမီအတွင်း သူတို့ကဝင်ရောက်ပြီး အာဏာသိမ်းလိုက်ကြလိမ့်မည်။ သူတို့ကတော့ အာဏာရှင်စနစ်ကို ဖြုတ်ချရန်လုပ်ဆောင်ခြင်းဖြစ်သည်ဟု ကြွေးကြော်ကြလိမ့်မည်။ သို့သော်အမှန်မှာ အစိုးရအဖွဲ့ပုံစံဟောင်းကို ပုံစံသစ်ဖြင့် လူထုလက်ထဲ အတင်းထိုးပေးလိုက်ခြင်းသာဖြစ်သည်။

**အာဏာသိမ်းမှုကို တားဆီးခြင်း၊**

လွတ်လပ်မှုအသစ်များရလာသည့် ပြည်သူများအတွက် အာဏာသိမ်းမှုများဖြစ်လာခဲ့သော် မည်သို့အနိုင်ယူမည်ဆိုသောနည်းများ ရှိပါသည်။ အာဏာသိမ်းရန် ကြိုးစား၍မရနိုင်အောင် ခုခံနိုင်မည့် မိမိတို့၏အင်အားများ မည်မျှတောင့်တင်းသည်ကို ကြိုတင်သိထားရန်သာ လိုအပ်ပါသည်။ ကြိုတင်ပြင်ဆင်ထားလျှင် ကာကွယ်နိုင်ပါသည်။

အာဏာသိမ်းမှုစတင်ဖြစ်ပေါ်သည်နှင့်တပြိုင်နက် အာဏာသိမ်းသူများသည် တရားဝင်အသိအမှတ်ပြုချက်ကို လိုအပ်သည်။ ဆိုလိုသည်မှာ သူတို့ကို ဂုဏ်သိက္ခာအရ၊ နိုင်ငံရေးအရ အုပ်ချုပ်ပိုင်ခွင့်ရှိသောသူများဟု လူထုက လက်ခံစေချင်ကြသည်။ ထို့ကြောင့် ရှေးဦးစွာ သူတို့ကို တရားဝင်အစိုးရ ဖြစ်မလာအောင် ငြင်းပယ်ရမည်။ ဤအချက်သည် အာဏာသိမ်းမှုကိုဆန့်ကျင်ရာတွင် အဓိကအရေးကြီးသော အချက်တချက်ပင်ဖြစ်သည်။

ထို့အတူ အာဏာသိမ်းသူတို့သည် လူထုခေါင်းဆောင်များ၊ ပြည်သူများက သူတို့ကို ထောက်ခံစေချင်ကြသည်။ အထင်မြင်ရှုပ်ထွေးသွားစေချင်ကြသည်။ သို့မဟုတ် ဘာမှမလုပ်ဘဲ ရှိနေစေချင်ကြသည်။ ပြည်သူလူထုကို စည်းရုံးချုပ်ကိုင်ထားနိုင်အောင် အာဏာသိမ်းသူများသည် အထူးကျွမ်းကျင်သည့် အလုပ်သမားများနှင့် အကြံပေးအရာရှိများ၊ အစိုးရအမှုထမ်း အရာထမ်းများ၊ အုပ်ချုပ်ရေးဆိုင်ရာ လူပုဂ္ဂိုလ်များနှင့် တရားသူကြီးများ လိုအပ်သည်။ ထို့ပြင် နိုင်ငံရေးယန္တရားတွင် ပါဝင်လည်ပတ်နေကြသည့်သူ အမြောက်အများ၊ ရပ်ရွာအသင်းအဖွဲ့များ၊ စီးပွားရေးအဖွဲ့အစည်းများ၊ ရဲနှင့်စစ်တပ်တို့က သူတို့ကို ဘာမျှမနှောင့်ယှက်ဘဲ ကျိုးနွံလာစေချင်သည်။ သူတို့အကြိုက်ပြင်ဆင်ထားသည့် အမိန့်၊ မူဝါဒများအတိုင်း သူတို့ခိုင်းသရွေ့ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ပေးစေလိုကြသည်။

အာဏာမသိမ်းနိုင်အောင် တားမြစ်နိုင်သည့် ဒုတိယနည်းမှာ အာဏာသိမ်းသူတို့ကို မည်သည့် အကူအညီမျှမပေးဘဲထားလိုက်ခြင်းနှင့် အမိန့်အာဏာကို ဖီဆန်ကြခြင်းဖြစ်သည်။ သူတို့လိုအပ်သည့် အကူအညီကို မပေးဘဲထားရမည်။ အာဏာရှင်အစိုးရကို တိုက်ပွဲဝင်ခဲ့စဉ်က အသုံးပြုခဲ့သည့် နည်းမျိုးကဲ့သို့ပင်ဖြစ်သည်။ နောက်ထပ်အန္တရာယ်ပေးနေသည့် လူသစ်တစုကို ၎င်းနည်းများကိုပင် အသုံးပြုပြီးတိုက်ရမည်။ သို့သော် အချိန်ဆိုင်းမထားသင့်။ ချက်ချင်းပြန်ပြီးတိုက်ရမည်။ အကယ်၍ အာဏာသိမ်းသူများကို တရားဝင်အသိအမှတ်လည်း မပြု၊

အကူအညီလည်းမပေးဘဲနေလိုက်လျှင် နိုင်ငံရေးစွမ်းအားမဲ့လာပြီး အာဏာသိမ်းသည့်ဇာတ်လမ်းလည်း အဆုံးသတ်သွားမည်။ ဒီမိုကရေစီလူ့ဘောင် ထူထောင်ခွင့်လည်း ပြန်လည်ရရှိလာပါလိမ့်မည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို ရေးဆွဲခြင်း၊**

ဒီမိုကရေစီစနစ်သစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်လိုအပ်သည်။ မိမိတို့လိုလားသည့် ဒီမိုကရေစီအစိုးရမျိုးကိုရအောင် မည်ကဲ့သို့ဖွဲ့စည်းသင့်ကြောင်းကို အခြေခံပြီးရေးဆွဲထားသည့် ဥပဒေဖြစ်ဖို့လိုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် အောက်ပါအချက်များအကြုံးဝင်စေရမည်။ အစိုးရ၏ရည်ရွယ်ချက်၊ သြဇာအာဏာများ ကန့်သတ်ထားခြင်း၊ အစိုးရအရာရှိများနှင့် ဥပဒေပြုအမတ်များကို ရွေးချယ်သည့်နည်းနှင့် ရွေးချယ်မည့်အချိန်၊ ပြည်သူတို့၏ မွေးရာပါ ရသင့်ရထိုက်သည့်အခွင့်အရေးများ၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဆင့်တို့ မည်သို့ဆက်သွယ်ထားရှိထားမည် စသည်တို့ဖြစ်သည်။

အကယ်၍ ဒီမိုကရေစီစနစ်အတိုင်း လိုက်နာမည်ဆိုလျှင် ဗဟိုအစိုးရအဖွဲ့တွင်ပါဝင်သည့် ဥပဒေပြုဌာန၊ စီမံဆောင်ရွက်ရေးဌာန၊ တရားရေးရာဌာနများအကြား သြဇာများကို ရှင်းလင်းပြတ်သားစွာ ရေးဆွဲပေးထားရမည်။ ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးအဖွဲ့နှင့် စစ်တပ်တို့ကို သူတို့လုပ်ချင်တိုင်း လုပ်၍မရအောင် တင်းကျပ်သည့် စည်းကမ်းဥပဒေများ ချမှတ်ထားရမည်။ သို့မှသာ ၎င်းတို့အနေဖြင့် နိုင်ငံရေးစွက်ဖက်မှုများအား တရားဝင်လုပ်ဆောင်၍မရအောင် ပိတ်ပင်တားမြစ်ထားနိုင်မည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို ထိမ်းသိမ်းထားလိုလျှင်၊ အာဏာရှင်တို့ ပေါ်ပေါက်လာမည့်နည်းလမ်းများ မရှိအောင် တားဆီးထားလိုလျှင် ပြည်ထောင်စုအစိုးရစနစ်ကို တည်ထောင်နိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနိုင်ပါက ပိုမိုကောင်းမွန်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့တွင်ပါဝင်သည့် ဒေသ၊ ပြည်နယ်၊ မြို့နယ်အစိုးရများ အတွက် အရေးကြီးသည့် အထူးအခွင့်အရေးများကို သီးသန့်ခွဲခြားပေးရမည့် ဥပဒေများကို ထည့်သွင်းပေးရမည်။ အချို့သောအခြေအနေမျိုးတွင် ဆွစ်ဇာလန်နိုင်ငံရှိ ပြည်နယ်စနစ်ကို စဉ်းစားနိုင်သည်။ ထိုစနစ်တွင် ပြည်နယ်ငယ်ကလေးများက နိုင်ငံ၏တစိတ်တဒေသအဖြစ်နေကြပြီး အရေးကြီးသည့် အခွင့်အရေးများကိုလည်း ဆက်လက်ခံစားနေနိုင်သည်။

အကယ်၍ လွတ်လပ်မှုရလာသည့် နိုင်ငံတနိုင်ငံ၏ သမိုင်းကြောင်းတွင် အဆိုပါတင်ပြခဲ့ပြီးသည့် အချက်များပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိခဲ့ဖူးလျှင် ထိုဥပဒေကို ပြန်လည်အသုံးပြုကြလျှင် ကောင်းလိမ့်မည်။ လိုသလို၊ သင့်သလို ပြင်ဆင်သွားဖို့သာ လိုအပ်သည်။ အကယ်၍သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးသားမရှိလျှင် ကြားကာလဥပဒေကိုရေးဆွဲပြီး အသုံးပြုရလိမ့်မည်။ သို့မဟုတ် အသစ်ရေးဆွဲရမည်။ ၎င်းဥပဒေရေးဆွဲရန်အတွက် အချိန်တော်တော်များများ လိုအပ်လိမ့်မည်။ စဉ်းစားစရာအချက်များလည်း တော်တော် လိုအပ်ပါသည်။ ရေးဆွဲသည့်အခါ လူအများပါဝင်ရေးဆွဲနိုင်လျှင် ကောင်းမည်။ ဥပဒေသစ်၏စာသားများကိုငှင်း၊ အသစ်ပြင်ဆင်ထားသည့်အချက်များကိုငှင်း၊ သဘောတူ အတည်ပြုသည့်အခါ လူအများပါဝင်စေရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် နောင်အခါ အကောင်အထည်ဖော်ဆောင်ပေးရန် မဖြစ်နိုင်သည့်ကတိများကို ထည့်မထားမိအောင် အထူးသတိထား ဆောင်ရွက်ရေးဆွဲရမည်။ ဗဟိုအစိုးရတခုထည်းရှိမှသာ ဆောင်ရွက်နိုင်သည့် ကိစ္စများကိုလည်း ထည့်မထားသင့်ပေ။ ထိုအချက်နှစ်ခုစလုံးကြောင့် အာဏာရှင်အစိုးရအသစ် ပေါ်ပေါက်လာနိုင်သည်။

ဖွဲ့စည်းပုံအခြေဥပဒေကို လူအများနားလည်နိုင်သည့် စကားလုံးများကိုသုံးပြီး ရေးဆွဲရမည်။ ရှေ့နေ သို့မဟုတ် ဥပဒေပညာရှင်များ၊ အထက်တန်းလွှာများကသာ နားလည်နိုင်သည့် အဓိပ္ပာယ်ရှုတ်ထွေးပြီး အမျိုးမျိုး အဓိပ္ပာယ်ပေါက်နိုင်သည့် စကားလုံးများကို ရှောင်ရမည်။

**ဒီမိုကရေစီအစိုးရ၏ ကာကွယ်ရေးမူဝါဒ၊**

လွတ်လပ်လာမည့်တိုင်းပြည်ကို နိုင်ငံခြားကလာရောက်၍ ရန်မူမည့်အရေးကို ရင်ဆိုင်ရတတ်သည်။ ထို့ကြောင့် ၎င်းအဖြစ်မျိုးကို ကာကွယ်နိုင်မည့်အင်အားရှိရမည်။ နိုင်ငံခြားကလာရောက်၍ စီးပွားရေး၊ နိုင်ငံရေး၊ သို့မဟုတ် စစ်ရေးအရလက်ဝါးကြီးအုပ် ထိမ်းချုပ်ရန် ကြံစည်ကြိုးစားခြင်းအန္တရာယ်မျိုးကိုလည်း ကြုံတွေ့ရတတ်သည်။

ပြည်တွင်းဒီမိုကရေစိဝါဒကို ဆက်လက်ပြီးထိမ်းသိမ်းထားလိုလျှင် တိုင်းပြည်၏ အမျိုးသားကာကွယ်ရေးအတွက်ကိုလည်း နိုင်ငံရေးအံတုမှု၏အခြေခံနည်းများကိုပင် အသုံးပြုရန်လိုအပ်ကြောင်း လေးလေးနက်နက်စဉ်းစားထားသင့်သည်။[၂] တိုင်းပြည်ကိုကာကွယ်နိုင်မည့်အင်အားကို ပြည်သူတို့လက်ဝယ်ရောက်ရှိသွားအောင် လုပ်ကြရမည်။ လူထုက သူတို့ကိုယ်တိုင်ကာကွယ်နိုင်သည့် အင်အားများရှိရမည်။ သို့မှသာ လွတ်လပ်မှုရကာစနိုင်ငံများတွင် အင်အားကြီးမားတောင့်တင်းသည့်စစ်တပ်ကြီး ဖွဲ့စည်းထူထောင်ရန် လိုအပ်မည်မဟုတ်။ စစ်တပ်အင်အားကြီးမားလာလျှင်လည်း ဒီမိုကရေစီစနစ်၏ ရန်သူဖြစ်လာနိုင်ပါသည်။ အခြားအရေးကြီးသည့် လုပ်ငန်းများအတွက် သုံးရမည့်ဘဏ္ဍာငွေအမြောက်အများကိုလည်း စစ်တပ်အတွက် သုံးလိုက်ရမည်ဖြစ်သည်။

အချို့အုပ်စုများသည် သူတို့ကိုယ်တိုင် အာဏာရှင်အသစ်အဖြစ် အခြေတကျဖြစ်ရန်ကို ရည်မှန်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုပင် လစ်လျူရှုထားလိုက်ကြသည်ကိုလည်း သတိထားကြရမည်။ ထို့ကြောင့် လူထုက အာဏာဖီဆန်အန်တုသည့် အခန်းကဏ္ဍက အမြဲတမ်းပါဝင်ဆောင်ရွက်နေကြရန်လိုသည်။ အာဏာရှင်ဖြစ်လာနိုင်ပုံပေါက်သည့်သူများကို နိုင်ငံရေးဖီဆန်အန်တု၊ အကူအညီများရပ်စဲပြီး ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးများ ရရှိရေးလမ်းကြောင်းများကို ထိမ်းသိမ်းစောင့်ရှောက်သွားရမည်။

**ဆက်လက်ရှိနေဆဲ ပြဿနာများ၊**

အကြမ်းမဖက်ဘဲတိုက်ပွဲဝင်ခြင်းသည် အာဏာရှင်အစိုးရကို အားလျော့သွားအောင်လုပ်ပြီး ဖြုတ်ချနိုင်ရုံမျှမက ဖိနှိပ်ခံခဲ့ရသူများကိုလည်း အာဏာရှိအောင် လုပ်ပေးလိုက်ခြင်းဖြစ်သည်။ ဤအကြမ်းမဖက်သည့်နည်းဖြင့် ယခင်အစိုးရလက်အောက်တွင် ပြုသလိုနခဲ့ရပြီး အစိုးရလက်ခုပ်ထည်းက ရေဖြစ်နေခဲ့ရသူများကို ကိုယ်တိုင်သြဇာအာဏာသုံးပြီး လွတ်လပ်မှုများ ပိုမိုရရှိအောင်လုပ်ပေးလိုက်နိုင်သည်။ အကြမ်းမဖက်ဘဲ တိုက်ခဲ့ကြသည့် အတွေ့အကြုံများကြောင့် ယခင်က ဘာသြဇာအာဏာမျှ မရှိဖြစ်နေသူများကို စိတ်ဓာတ်ပြောင်းလဲပေးလိုက်သည်။ မိမိတို့ကိုယ်ကိုမိမိ အထင်ကြီးလာစေကြသည်။ ယုံကြည်အားကိုးတတ်လာကြသည်။

ဒီမိုကရေစီအစိုးရတည်ထောင်ရေးအတွက် အကြမ်းမဖက်သည့်နည်းများကိုသုံးပြီး တိုက်ခဲ့ရသည့်အတွက်ကြောင့် ရေရှည်ခံစားနိုင်သည့်အကျိုးကျေးဇူးတခုလည်း ရှိပါသေးသည်။ ဆက်လက်ပြီး တည်ရှိနေသေးသည့် ပြဿနာများ၊ ရှေ့လာမည့်အခက်အခဲများကို လူထုက ပိုမို၍ဖြေရှင်းနိုင်စွမ်း ရှိလာကြလိမ့်မည်။ မည်သည့်ပြဿနာများဖြစ်သနည်း။ နောင်အနာဂတ်တွင် အစိုးရက ပြည်သူတို့အပေါ် အနိုင်ကျင့်ချင်ကျင့်လာလိမ့်မည်။ အုပ်ချုပ်သူများက အဂတိလိုက်စားလာနိုင်သည်။ မည်သည့်အုပ်စုကိုမဆို မတရားနှိပ်စက်နိုင်သည်။ စီးပွားရေးတရားမျှတမှု ကင်းလာနိုင်သည်။ ဒီမိုကရေစီနည်းအရ ဖွဲ့စည်းရေးဆွဲထားသော အုပ်ချုပ်ရေးစနစ်ကို ကန့်သတ်ချက်များ လုပ်လာနိုင်သည်။ နိုင်ငံရေးအံတုမှုများကို အတွေ့အကြုံရှိခဲ့သူများသည် ထိုကဲ့သို့ ဖြစ်ပေါ်လာခဲ့ပါက ငုံ့ခံနေမည့်သူများ မဟုတ်ပေ။

အကြမ်းမဖက်သည့်နည်းလမ်းများကို ကျွမ်းဝင်ထားသည့်အတွက် လွတ်လပ်မှုရလာသည့် နောက်ပိုင်း

---

၂။ See Gene Sharp, *Civilian-Based Defense: A Post-Military Weapons System* (Princeton, New Jersey, Princeton University Press, 1990).

တွင် ဒီမိုကရေစီလူမှုလွတ်လပ်ခွင့်များ၊ လူနည်းစုလွတ်လပ်ခွင့်များ၊ ဒေသ၊ ပြည်နယ်၊ မြို့ရွာအစိုးရများ၏ အထူးအခွင့်အရေးများနှင့် အစိုးရမဟုတ်သည့် အသင်းအဖွဲ့များ၏လုပ်ပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်သည့် နည်းလမ်းများ ပေါ်ထွန်းလာစေနိုင်သည်။ တခါတရံ အလွန်အရေးကြီးသည့်ပြဿနာများလည်း ပေါ်လာနိုင်သည်။ ထိုအခါ ဆန္ဒပြ၍ကန့်ကွက်ရတော့မည်။ တခါတရံ အတိုက်အခံများဘက်က အကြမ်းဖက်၊ ပြောက်ကျားစစ်များတိုက်၍ အနှောင့်အယှက်များပေးလာတတ်သည်။ ထိုအခါ ဒီမိုကရေစီအင်အားစုများက အကြမ်းမဖက်သည့်နည်းများကိုသုံးပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း အေးချမ်းစွာပြသနိုင်သည်။

**အကျိုးသက်ရောက်စေမည့် တာဝန်ဝတ္တရားများ၊**

ဤစာအုပ်တွင်တင်ပြဆွေးနွေးခဲ့သည့် နိုင်ငံရေးအန်တုမှုများ၊ အကြမ်းမဖက်သည့် တိုက်နည်းများသည် လူများကို နှိပ်စက်ညှဉ်းပမ်းနေသည့် အာဏာရှင်အစိုးရကို ဖြုတ်ချရန်ကြိုးပမ်းသူများ၊ အဖွဲ့အစည်းများအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။ လူ့အခွင့်အရေးများနှင့် လူ့ဘောင်ဘဝ တိုးတက်ကောင်းမွန်လာရေးကို လေးစားသည့် ဒီမိုကရေစီစနစ် အခွန့်ရှည်စွာထူထောင်နိုင်ရန်အတွက် ရည်ရွယ်ရေးသားထားခြင်းလည်း ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် အောက်ပါအချက်သုံးချက်ကို တင်ပြလိုပါသည်။

- ■ အာဏာရှင်စနစ်လက်အောက်မှ လွတ်မြောက်နိုင်သည်။
- ■ လွတ်မြောက်ချင်လျှင် တိုက်ပွဲအစီအစဉ်များကို သေချာစွာစဉ်းစားပြီး ပြင်ဆင်ထားကြဖို့ လိုအပ်သည်။
- ■ နိုးကြားမှုရှိရမည်။ အပင်ပန်းခံနိုင်ရမည်။ စည်းကမ်းသေဝပ်ရမည်။ တခါတရံ ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။

လူအများပြောလေ့ရှိသော **"လွတ်လပ်မှုကို အလကားအခမဲ့ မရနိုင်"** ဆိုသည့်စကားသည် အမှန်ပင်ဖြစ်သည်၊ မငြင်းနိုင်ပေ။ ဖိနှိပ်ချုပ်ချယ်ခံနေရသည့်သူများ အလွန်အမင်းတောင့်တနေသည့် လွတ်လပ်မှုကို ရအောင် ပြင်ပက လာတိုက်ပေးလိမ့်မည်မဟုတ်။ လွတ်လပ်မှုကိုရအောင် မိမိတို့ဘာသာမိမိတို့ တိုက်ယူတတ်အောင် ကြိုးစာကြရမည်။ လွယ်ကူမည်တော့ မဟုတ်ပါ။

မည်သူမဆို ကိုယ်ပိုင်လွတ်လပ်မှုကိုရယူလိုချင်လျှင် မည်သို့ဆောင်ရွက်ရန် လိုအပ်ကြောင်းကို ကောင်းစွာသိထားပါက ဘာတွေလုပ်ရမည်ကို စီစဉ်ထားနိုင်သည်။ စီစဉ်ထားပြီးမှ အပင်ပန်းခံ၊ ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ပြီးမှ နောက်ဆုံးတွင် လွတ်လပ်လာကြလိမ့်မည်။ ထို့နောက် သတိဝိရိယနှင့် ဒီမိုကရေစီစနစ်ကို ထူထောင်ကြပြီး ဒီမိုကရေစီစနစ်အားကာကွယ်ရေးအတွက် ပြင်ဆင်ကြရမည်။ ညွှန်ကြားခဲ့သည့်နည်းများကိုသုံးပြီး တိုက်ပွဲဝင်ခဲ့၍ ရရှိခဲ့သော လွတ်လပ်မှုသည် ရေရှည်ခံနိုင်ပေလိမ့်မည်။ ဤကဲ့သို့ရလာသည့်လွတ်လပ်မှုကို ထိမ်းသိမ်းကာ ကောင်းသည်ထက်ကောင်းအောင် လုပ်ချင်ကြသူများက မြဲမြံစွာဆုပ်ကိုင်ထားပြီး အစဉ်အဆက် စောင့်ရှောက်ကာကွယ်သွားကြရလိမ့်မည်ဖြစ်သည်။

❖ ❖ ❖ ❖ ❖

# နောက်ဆက်တွဲ
# အကြမ်းမဲ့တိုက်နည်းများ

**အကြမ်းမဲ့ကန့်ကွက်ဆန္ဒပြခြင်းနှင့် မိမိဘက်ပါအောင် ဆွဲဆောင်သောနည်းလမ်းများ၊**
စည်းကမ်းတကျ ကြေငြာထုတ်ပြန်ချက်များ၊
(၁) လူထုဟောပြောပွဲများ၊
(၂) ကန့်ကွက်စာများ၊ ထောက်ခံစာများ၊
(၃) အသင်းအဖွဲ့များ၏ ထုတ်ပြန်ကြေငြာချက်များ၊
(၄) ပြည်သူလူထုက လက်မှတ်ရေးထိုးထားသော စာတမ်းများ၊
(၅) အရေးယူမည်၊ တရားစွဲမည်ဟု ကြေငြာချက်များ၊
(၆) လူစုလူအုပ်နှင့်ချီပြီး တင်သွင်းသောအသနားခံစာ၊ ပန်ကြားလွှာများ၊

လူအများကြားရောက်အောင် ဆက်သွယ်ရေးများ ပြုလုပ်ခြင်း၊
(၇) သံချပ်၊ ရုပ်ပြောင်နှင့် သင်္ကေတအမှတ်အသားများ၊
(၈) အလံများ၊ ပိုစတာများနှင့် လူအများမြင်လောက်အောင် စာတမ်းများပြသထားခြင်း၊
(၉) စာရွက်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ စာရွက်များ၊
(၁၀) စာနယ်ဇင်း၊ သတင်းစာများ၊
(၁၁) ဓာတ်ပြားများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား၊
(၁၂) ကောင်းကင်တွင် စာတမ်းများရေးသော မိုးပျံကြော်ငြာနှင့် မြေပြင်ကြော်ငြာများ၊

အဖွဲ့အစည်းများအလိုက် ကိုယ်စားပြုခြင်း၊
(၁၃) ကိုယ်စားလှယ်လွှတ်ခြင်း၊
(၁၄) ပျက်ရယ်ပြု ဆုပေးပွဲများ၊
(၁၅) အဖွဲ့နှင့် မဲဆွယ်ခြင်း၊
(၁၆) သပိတ်တားခြင်း၊
(၁၇) ပျက်ရယ်ပြုရွေးကောက်ပွဲများ၊

လူထုအကြား ဟန်အမူအရာများနှင့် သရုပ်ဖော်ခြင်းများ၊
(၁၈) အလံများထူခြင်း၊ အရောင်အသွေးများနှင့် ပြသခြင်း၊
(၁၉) အဝတ်အစားနှင့် လက္ခဏာများ ပြသခြင်း၊
(၂၀) ဆုတောင်းဝတ်ပြုမှုများ၊
(၂၁) သင်္ကေတအမှတ်အသားများပါသည့် ပစ္စည်းများကို ဖြန့်ဝေခြင်း၊
(၂၂) သက်န်းချွတ် ဆန္ဒပြပွဲများ၊
(၂၃) ကိုယ်ပိုင်ပစ္စည်းများဖျက်ဆီးခြင်း၊
(၂၄) မီးထွန်း၍ အထိမ်းအမှတ်ပြသခြင်း၊

(၂၅) ရုပ်ပုံကားချပ်များ ခင်းကျင်းပြသခြင်း၊
(၂၆) ဆေးသုတ်ပြီး ကန့်ကွက်ဆန္ဒပြခြင်း၊
(၂၇) အမှတ်အသားသစ်များ၊ နာမည်သစ်များထုတ်ပြန်ခြင်း၊
(၂၈) သင်္ကေတပါသည့်အသံများ လုပ်ခြင်း၊
(၂၉) ပြန်လည်သိမ်းပိုက်မှုပြသည့်လက္ခဏာများ၊
(၃၀) ရိုင်းပျသည့် ခြေဟန်လက်ဟန်များ၊

လူပုဂ္ဂိုလ်အလိုက် အနှောင့်အယှက်ပေးခြင်း၊
(၃၁) အစိုးရအရာရှိများကို စိတ်ခြောက်ခြားလာအောင်လုပ်ခြင်း၊
(၃၂) အစိုးရအရာရှိများကို မခံချိမခံသာဖြစ်အောင်လုပ်ခြင်း၊
(၃၃) ရင်းနှီးစွာအပေါင်းအသင်းလုပ်ခြင်း၊
(၃၄) နိုးကြားစွာ နေထိုင်ခြင်း၊

ပြဇာတ်နှင့် အဆိုအတီး၊
(၃၅) ဟာသပြဇာတ်နှင့် အပြောင်အပျက်ပွဲများ၊
(၃၆) ပြဇာတ်နှင့် တီးလုံးများ၊
(၃၇) သီချင်းသီဆိုမှုများ၊

စီတန်းလှည့်လည်မှုများ၊
(၃၈) ချီတက်လမ်းလျှောက်ပွဲများ၊
(၃၉) စီတန်းလှည့်လည်ပွဲများ၊
(၄၀) ဘာသာရေး စီတန်းလှည့်လည်ပွဲများ၊
(၄၁) ဘုရားဖူးသွားခြင်း၊
(၄၂) မော်တော်ကားများနှင့် စီတန်းလှည့်လည်မောင်းနှင်ခြင်း၊

ကွယ်လွန်သူများအား ဂုဏ်ပြုခြင်း၊
(၄၃) နိုင်ငံရေး ဝမ်းနည်းကြေကွဲမှုပြသခြင်း၊
(၄၄) ပျက်ရယ်ပြု အသုဘများ၊
(၄၅) ဆန္ဒပြသည့် အသုဘများ၊
(၄၆) သုသာန်သို့သွားရောက်၍ အလေးပြုခြင်း၊

လူမြင်ကွင်းများတွင် စုရုံးကြခြင်း၊
(၄၇) ကန့်ကွက်မှုအတွက် သို့မဟုတ် ထောက်ခံမှုအတွက် စုဝေးခြင်း၊
(၄၈) ကန့်ကွက်ရေးစည်းဝေးပွဲများ၊
(၄၉) ရုပ်ဖျက်၍ ဆန့်ကျင်ဆန္ဒပြစည်းဝေးပွဲများ၊
(၅၀) သင်တန်းများပေးခြင်း၊

နောက်ဆုတ်ခြင်းနှင့် စွန့်လွှတ်ခြင်းများ၊
(၅၁) ထွက်ခွာဆန္ဒပြခြင်းများ၊
(၅၂) တုံဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းများ၊
(၅၃) ဂုဏ်ထူးဘွဲ့တံဆိပ်များ ပြန်လည်အပ်နှံခြင်း၊ စွန့်လွှတ်ခြင်း၊
(၅၄) နောက်ကျောခိုင်းထားခြင်း၊

**လူမှုရေးအရ ကူညီယိုင်းပင်းမှုမလုပ်ဘဲ ထားနိုင်သည့်နည်းများ၊**
မလိုလားမနှစ်သက်သူများကို ဝိုင်းပယ်ခြင်း၊
(၅၅) သာရေးနာရေးသပိတ်၊
(၅၆) ကွက်ကျား လူမှုရေးသပိတ်၊
(၅၇) အဖျက်သမားများကို လက်ပိုက်ကြည့်နေခြင်း၊
(၅၈) အဆက်အသွယ်ဖြတ်တောက်ခြင်း၊
(၅၉) ဘာသာရေးကိစ္စများကို ကျောခိုင်းခြင်း၊

ရပ်ရွာကိစ္စ၊ လူမှုရေးကိစ္စ၊ ဘုရားပွဲ၊ တရားပွဲ၊ ဓလေ့ထုံးစံနှင့် အဖွဲ့အစည်းစသည်တို့ကို အကူအညီမပေးဘဲ ထားလိုက်ခြင်းနည်းများ၊
(၆၀) ရပ်ရွာတွင်း ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပွဲများကို ရပ်ဆိုင်းထားလိုက်ခြင်း၊
(၆၁) ရပ်ရွာကိစ္စများကို သပိတ်မှောက်ထားခြင်း၊
(၆၂) ကျောင်းသားသပိတ်၊
(၆၃) လူမှုရေးရာနှင့်ပတ်သက်သည့်စည်းကမ်းများကို ချိုးဖောက်ခြင်း၊
(၆၄) အပျော်တမ်းအဖွဲ့အစည်းများမှ နှုတ်ထွက်ခြင်း၊

လူမှုရေးပုံစံမှ ထွက်ခြင်း၊
(၆၅) ကိုယ်အိမ်ထည်းမှာ ကိုယ်နေခြင်း၊
(၆၆) ကိုယ်ထိလက်ရောက် ဘာမျှအကူအညီပေးမှု မပြုခြင်း၊
(၆၇) အလုပ်သမားများ အုပ်စုလိုက် အလုပ်မှထွက်ခွာခြင်း၊
(၆၈) ဘေးမဲ့ခိုလှုံခြင်း၊
(၆၉) အစုလိုက်အပြုံလိုက် ကိုယ်ယောင်ဖျောက်ခြင်း၊
(၇၀) ဆန္ဒပြ၍ ပြည်ပြေးလုပ်လိုက်ခြင်း၊ (Hijrat)

**စီးပွားရေးအရ ကူညီယိုင်းပင်းမှုမပြုသည့်နည်းလမ်းများ၊**
**(၁) စီးပွားရေးသပိတ်၊**
စားသုံးသူများက လုပ်ဆောင်နိုင်သောအရာများ၊
(၇၁) စားသုံးသူသပိတ်၊
(၇၂) သပိတ်မှောက်ထားသည့်ပစ္စည်းများကို မသုံးဘဲနေခြင်း၊
(၇၃) ချိုးခြိုးချွေတာခြင်း၊
(၇၄) အိမ်လခ မပေးဘဲထားခြင်း၊

(၇၅) အိမ်မငှားဘဲနေခြင်း၊
(၇၆) တိုင်းပြည်တဝှမ်းလုံး စားသုံးသူသပိတ်၊
(၇၇) နိုင်ငံတကာ စားသုံးသူများသပိတ်၊

အလုပ်သမားနှင့် ကုန်ထုတ်လုပ်သူများ၏ လှုပ်ရှားမှု၊
(၇၈) အလုပ်သမားသပိတ်၊
(၇၉) ကုန်ထုတ်လုပ်သူများသပိတ်၊

ပွဲစားများ၏ လှုပ်ရှားမှု၊
(၈၀) ကုန်ပေးသွင်းသူများနှင့် ကုန်တင်ကုန်ချလုပ်သူများ၏သပိတ်၊

ပိုင်ရှင်များနှင့် အုပ်ချုပ်မှုတို့၏ လှုပ်ရှားမှု၊
(၈၁) ကုန်သည်သပိတ်၊
(၈၂) ဈေးမရောင်းဘဲထားခြင်း၊ ပစ္စည်းများအိမ်များ မရောင်းခြင်း၊
(၈၃) ဆိုင်သော့ပိတ်ထားခြင်း၊
(၈၄) စက်မှုလက်မှု အကူအညီများမပေးခြင်း၊
(၈၅) ဈေးသည်များ၏ အထွေထွေသပိတ်၊

ဘဏ္ဍာငွေ အရင်းအနှီးထောက်ပံ့သူများ၏ လှုပ်ရှားမှု၊
(၈၆) ဘဏ်၌သွင်းထားသော ငွေများကို ထုတ်ယူခြင်း၊
(၈၇) အဖိုးအခများ၊ အကြွေးများ၊ တန်ရာတန်ဖိုးများ မပေးဘဲထားခြင်း၊
(၈၈) အကြွေးမဆပ်ဘဲနေ၊ အတိုးမပေးဘဲနေခြင်း၊
(၈၉) ထောက်ပံ့ကြေးများရပ်စဲ၊ အကြွေးမပေးဘဲနေခြင်း၊
(၉၀) အခွန်အကောက်ပေးရန် ငြင်းဆန်ခြင်း၊
(၉၁) အစိုးရငွေများကို လက်မခံခြင်း၊

အစိုးရများ၏ လှုပ်ရှားမှု၊
(၉၂) ပြည်တွင်းကုန်သွယ်ရေးရပ်စဲခြင်း၊
(၉၃) ကုန်သည်များအား နာမည်ပျက်စာရင်းသွင်းခြင်း၊
(၉၄) နိုင်ငံတကာမှ ရောင်းချသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း၊
(၉၅) နိုင်ငံတကာမှ ဝယ်ယူသူများက အရောင်းအဝယ်ရပ်ဆိုင်းခြင်း၊
(၉၆) နိုင်ငံတကာမှ ကုန်သွယ်မှု ရပ်ဆိုင်းခြင်း၊

**(၂) သပိတ်**

အထိမ်းအမှတ်သပိတ်များ၊
(၉၇) ကန့်ကွက်ဆန္ဒပြပွဲများ၊
(၉၈) တမဟုတ်ချင်းဆန္ဒပြ အလုပ်ခွင်မှထွက်သွားခြင်း၊

လယ်ယာစိုက်ပျိုးရေးသပိတ်များ၊

(၉၉) လယ်သမားသပိတ်၊ ရွာသူရွာသားများသပိတ်၊

(၁၀၀) လယ်ယာစိုက်ပျိုးသူများသပိတ်၊

သီးသန့်အုပ်စုများ၏ သပိတ်၊

(၁၀၁) အလုပ်ကျွမ်းကျင်သူများ၏သပိတ်၊

(၁၀၂) အကျဉ်းသားသပိတ်၊

(၁၀၃) လက်မှုပညာရှင်များသပိတ်၊

(၁၀၄) ပညာရှိလုပ်သားများသပိတ်၊

သာမန်စက်မှုလက်မှုလုပ်ငန်းများသပိတ်၊

(၁၀၅) အလုပ်ရှင်သပိတ်၊

(၁၀၆) စက်မှုလက်မှုသပိတ်၊

(၁၀၇) ဆန္ဒပြမှုအား စာနာထောက်ခံအားပေးသည့်အနေဖြင့် သပိတ်မှောက်ခြင်း၊

အကန့်အသတ်ထားပြီး မှောက်သည့်သပိတ်များ၊

(၁၀၈) တိတိကျကျမှောက်သောသပိတ်၊ အသေးစိတ်စဉ်းစားပြီးမှောက်သောသပိတ်၊

(၁၀၉) အနှောင့်အယှက်ဖြစ်ရုံ မှောက်သောသပိတ်၊

(၁၁၀) အလုပ်နှောင့်နှေးအောင်မှောက်သောသပိတ်၊

(၁၁၁) ပြောရေးဆိုခွင့်ရအောင်သာ အလုပ်ဝင်နေကြောင်းပြသခြင်း၊

(၁၁၂) နေမကောင်း၍ အလုပ်မလာဟုပြောဆိုခြင်း၊

(၁၁၃) အလုပ်ထွက်စာတင်ခြင်း၊

(၁၁၄) အကန့်အသတ်ထားပြီး သပိတ်မှောက်ခြင်း၊

(၁၁၅) ကိုယ့်စိတ်ကြိုက်အလိုက်ကြည့်ပြီး မှောက်သည့်သပိတ်၊

အထွေထွေစက်မှုလက်မှုလုပ်ငန်းသပိတ်များ၊

(၁၁၆) ခြွင်းချက်ထားပြီးမှောက်ခြင်း၊

(၁၁၇) ပြည်လုံးကျွတ် အထွေထွေသပိတ်၊

သပိတ်မှောက်ခြင်းနှင့် စီးပွားရေးတံခါးပိတ်ခြင်းနှစ်ခုပေါင်းလှုပ်ရှားခြင်း၊

(၁၁၈) အလုပ်ရပ်စဲခြင်း၊

(၁၁၉) စီးပွားရေးကားလိပ်ချခြင်း၊

**နိုင်ငံရေးအရ အကူအညီမပေးဘဲထားခြင်းနည်းများ၊**

သြဇာအာဏာ ၁ကို ငြင်းပယ်လိုက်ခြင်း၊

(၁၂၀) သစ္စာခံမလုပ်ဘဲနေခြင်း၊ သစ္စာခံအဖြစ်မှနုတ်ထွက်ခြင်း၊

(၁၂၁) လူထုထောက်ခံမှုကို ငြင်းပယ်ထားခြင်း၊

(၁၂၂) အတိုက်အခံဖက်ကို ရှေ့နေလိုက်သည့် စာရွက်စာတမ်းများ၊ ဟောပြောပွဲများ၊

ပြည်သူတို့က အစိုးရကို အကူအညီမပေးဘဲနေခြင်း၊

(၁၂၃) ဥပဒေပြုအဖွဲ့ကို သပိတ်မှောက်ခြင်း၊

(၁၂၄) ရွေးကောက်ပွဲများကို သပိတ်မှောက်ခြင်း၊

(၁၂၅) အစိုးရအလုပ်၊ အစိုးရရာထူးများကို သပိတ်မှောက်ခြင်း၊

(၁၂၆) အစိုးရဌာနများ၊ ဌာနခွဲများ၊ အဖွဲ့အစည်းများကို သပိတ်မှောက်ခြင်း၊

(၁၂၇) အစိုးရပညာရေး၊ ကျောင်းများ၊ အဖွဲ့အစည်းများမှ နုတ်ထွက်ခြင်း၊

(၁၂၈) အစိုးရအထောက်အပံ့ခံ အသင်းအဖွဲ့များကို သပိတ်မှောက်ခြင်း၊

(၁၂၉) ဥပဒေကို ခိုင်လုံတင်းကျပ်အောင်လုပ်နေသည့် ရုံးများကို အကူအညီမပေးဘဲထားခြင်း၊

(၁၃၀) ကိုယ့်ရာထူးအမှတ်အသား၊ နေရာအမှတ်အသားများကို ပယ်ဖျက်ပစ်ခြင်း၊

(၁၃၁) ခန့်ထားလိုက်သည့် အရာရှိများကို လက်မခံဟု ငြင်းဆန်ခြင်း၊

(၁၃၂) လက်ရှိဌာန အသင်းအဖွဲ့စသည်တို့ကို ရုတ်သိမ်းခိုင်းလျှင် ငြင်းဆန်ခြင်း၊

ပြည်သူတို့က တမျိုးအမည် အမိန့်ကို ဖီဆန်ခြင်း၊

(၁၃၃) အလုပ်ကို မလုပ်ချင်လုပ်ချင် လုပ်ခြင်း၊ ဖြေးဖြေးလုပ်ခြင်း၊

(၁၃၄) တိုက်ရိုက်ကြီးကြပ်မည့်သူ မရှိသောအခါ အမိန့်ကို မနာခံဘဲနေခြင်း၊

(၁၃၅) အများနှင့်ရောပြီး အမိန့်ကိုဆန့်ကျင်ခြင်း၊

(၁၃၆) စကားနားမထောင်ချင်ဟန်ဆောင်ခြင်း၊

(၁၃၇) စုရုံးစည်းဝေးပွဲများကို လူစုခွဲခိုင်းလျှင် နားမထောင်ဘဲနေခြင်း၊

(၁၃၈) ထိုင်သပိတ်မှောက်ခြင်း၊

(၁၃၉) ချွေးတပ်ဆွဲလျှင် မလိုက်ခြင်း၊ ပြည်နှင်ဒဏ်ပေးလျှင် အရေးမစိုက်ခြင်း၊

(၁၄၀) ပုန်းအောင်းနေခြင်း၊ ထွက်ပြေးခြင်း၊ နာမည်ပြောင်း၊ လိပ်စာပြောင်း၊ အမှန်များ မပေးဘဲနေခြင်း၊

(၁၄၁) တရားမဝင်သည့် ဥပဒေများကို ဖီဆန်ခြင်း၊

အစိုးရအလုပ်သမားများ၏ လှုပ်ရှားမှုများ၊

(၁၄၂) အစိုးရကပေးသည့် ထောက်ပံ့ချက်အချို့ကို ငြင်းပယ်ခြင်း၊

(၁၄၃) အထက်ကချမှတ်သည့် အမိန့်၊ သတင်းစသည်တို့ကို ပိတ်ဆို့ထားခြင်း၊

(၁၄၄) အလုပ်များတန့်ထားခြင်း၊ နှောင့်နှေးအောင်လုပ်ထားခြင်း၊

(၁၄၅) အထွေထွေအုပ်ချုပ်ရေးကိုလည်း ဝင်ရောက်မကူညီခြင်း၊

(၁၄၆) အလုပ်ကြီးကြပ်သူများက တမင်သက်သက်အလုပ်မလုပ်တတ်သည့် ဟန်ဆောင်နေခြင်း၊ အကူအညီ မပေးဘဲ နေသင့်သည့်ကိစ္စများကို မျက်နှာလွှဲခြင်း၊

(၁၄၇) ပုန်ကန်ခြင်း၊

ပြည်တွင်းအစိုးရလှုပ်ရှားမှု၊

(၁၄၈) အာပတ်လွတ်သည့်နည်းဖြင့် အလုပ်ကိုရှောင်ခြင်း၊ အလုပ်အချိန်ဆွဲထားခြင်း၊

(၁၄၉) အစိုးရဌာနခွဲများက အကူအညီရပ်စဲခြင်း၊

နိုင်ငံတကာအစိုးရ၏လှုပ်ရှားမှုများ၊

(၁၅၀) သံတမန်၊ ကိုယ်စားလှယ်စသည်တို့ကို ပြောင်းလဲခြင်း၊

(၁၅၁) သံတမန်အခမ်းအနားများကို ဆိုင်းထားခြင်း၊ ဖျက်ပစ်လိုက်ခြင်း၊

(၁၅၂) သံတမန်အသိအမှတ် မပြုခြင်း၊

(၁၅၃) သံတမန်ဆက်သွယ်ရေးဖြတ်ခြင်း၊

(၁၅၄) နိုင်ငံတကာအဖွဲ့အစည်းများမှ ထွက်ခြင်း၊

(၁၅၅) နိုင်ငံတကာအဖွဲ့အစည်းများသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်း၊

(၁၅၆) နိုင်ငံတကာအဖွဲ့အစည်းများမှ ထုတ်ပယ်ပစ်ခြင်း၊

**အကြမ်းမဲ့ဝင်ရောက်စွက်ဖက်နိုင်သည့်နည်းများ၊**

စိတ်ဓာတ်အားဖြင့် အနှောင့်အယှက်ပေးပြီးစွက်ဖက်ခြင်း၊

(၁၅၇) နေပူထည်းရပ်၊ မိုးရွာထည်းနေ၊ အအေးခံဆန္ဒပြခြင်း၊

(၁၅၈) သီလဆောက်တည်ခြင်း

(က) စိတ်အလိုကို မလိုက်ဘဲနေခြင်း၊

(ခ) အစာအငတ်ခံဆန္ဒပြခြင်း၊

(ဂ) အမှန်တရားလက်ကိုင်ထားပြီး သီလဆောက်တည်ခြင်း၊

(၁၅၉) ပြောင်းပြန် စစ်ဆေးစမ်းသပ်ခြင်း၊

(၁၆၀) အကြမ်းမဲ့ အနှောင့်အယှက်ပေးခြင်း၊

ကိုယ်ထိလက်ရောက်စွက်ဖက်ခြင်း၊

(၁၆၁) ထိုင်သပိတ်၊

(၁၆၂) ရပ်သပိတ်၊

(၁၆၃) အတင်း ကားဝင်စီးခြင်း၊

(၁၆၄) တိုးပြီး ဝင်ရောက်ခြင်း၊

(၁၆၅) အပေါင်းအဖော်တစုနှင့် အတင်းဝင်ရောက်ခြင်း၊

(၁၆၆) ဝင်ရောက်ဆုတောင်းခြင်း၊

(၁၆၇) အကြမ်းမဖက်ဘဲ ဝင်ရောက်စီးနင်းခြင်း၊

(၁၆၈) အကြမ်းမဖက်ဘဲ လေယာဉ်ပျံနှင့် ဝင်ရောက်ခြိမ်းခြောက်ခြင်း၊

(၁၆၉) အကြမ်းမဖက်ဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(၁၇၀) အကြမ်းမဖက်ဘဲ အော်ဟစ်ခြင်း၊

(၁၇၁) အကြမ်းမဖက်ဘဲ ပိတ်ပင်ထားမြစ်ခြင်း၊

(၁၇၂) အကြမ်းမဖက်ဘဲ သိမ်းပိုက်အပိုင်စီးထားခြင်း၊

လူမှုရေးရာ ဝင်ရောက်စွက်ဖက်မှုများ၊

(၁၇၃) ပေါင်းသင်းဆက်ဆံရေး ပုံစံသစ်ကို တည်ထောင်ခြင်း၊

(၁၇၄) ရေမီးစသည့်အများသုံးပစ္စည်းများကို အဆမတန်သုံးခြင်း၊

(၁၇၅) အတင်းဝင်ရောက်ပိတ်ဆို့ခြင်း၊

(၁၇၆) အတင်းစကားဝင်ပြောခြင်း၊

(၁၇၇) ပြောက်ကျားဇာတ်ပွဲ ကျင်းပခြင်း၊

(၁၇၈) အဖွဲ့အစည်းသစ်တမျိုး ထူထောင်ခြင်း၊

(၁၇၉) ဆက်သွယ်ရေးစနစ်တမျိုးထွင်ခြင်း၊

စီးပွားရေးရာအရ ဝင်ရောက်စွက်ဖက်ခြင်း၊

(၁၈၀) တန်ပြန်သပိတ်၊

(၁၈၁) အလုပ်ခွင်တွင်း ထိုင်သပိတ်၊

(၁၈၂) အကြမ်းမဖက်သည့် မြေယာသိမ်းယူခြင်း၊

(၁၈၃) ပိတ်ဆို့ထားသည်တို့ကို ဖယ်ပစ်ခြင်း၊

(၁၈၄) နိုင်ငံရေးအရလုပ်ဆောင်ရသည်များကို အတုအယောင်ပြုလုပ်ခြင်း၊

(၁၈၅) ပစ္စည်းများကို ကြိုတင်ဝယ်ယူသိုလှောင်ထားခြင်း၊

(၁၈၆) ရပိုင်ခွင့်ပစ္စည်းများကို သိမ်းဆည်းခြင်း၊

(၁၈၇) လှွင့်ပစ်ခြင်း၊

(၁၈၈) အပိုင်စီးသင့်သည်တို့ကို အပိုင်စီးခြင်း၊

(၁၈၉) ဈေးကွက်တမျိုးထွင်ခြင်း၊

(၁၉၀) သယ်ယူပို့ဆောင်ရေးစနစ်တမျိုး တည်ထောင်ခြင်း၊

(၁၉၁) စီးပွားရေးအဖွဲ့အစည်းတမျိုး ပြောင်းပြီးထားခြင်း၊

နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှု၊

(၁၉၂) အုပ်ချုပ်ရေး စီမံခန့်ခွဲမှုစနစ်ကို မနိုင်မနင်းဖြစ်လာအောင်လုပ်ပေးခြင်း၊

(၁၉၃) လို့ဝှက်ထောက်လှမ်းရေး အေးဂျင့်များ မည်သူမည်ဝါများဖြစ်ကြောင်း ဖော်ထုတ်ပြသခြင်း၊

(၁၉၄) ထောင်ကျခံခြင်း၊

(၁၉၅) ဘက်မလိုက်သည့် ဥပဒေများကို ဖီဆန်ခြင်း၊

(၁၉၆) လုပ်ခိုင်းသည်များကို မလုပ်ဘဲ ကိုယ်လုပ်ချင်ရာများကိုသာ ဆက်လုပ်ခြင်း၊

(၁၉၇) စင်ပြိုင်အစိုးရထောင်ခြင်း၊ စင်ပြိုင်ဘုရင်အား နန်းထိုင်စေခြင်း၊

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖